www.burmeseclassic.com

# ရွှေဥဒေါင်း

# စွန့်ဝံ့သူ

BURMESE CLASSIC .com



www.burmeseclassic.com

တတိယအကြိမ်

www.burmeseclassic.com

BURMESE CLASSIC .com

'မိမိမှာ အင်္ဂလိပ် ဝါသနာပါသူဖြစ်၍ အသက်တစ်ထောင်ကျော် နေနိုင်သည့် အာယုဝဍ္ဍနလမ်းကို စုံစမ်း၍ လိုက်နေသဖြင့် ဂမုန်းမျိုးပေါင်း ၉၉ တို့ကို ရှာဖွေစုဆောင်း လာခဲ့ကြောင်း၊ ၉၈ မျိုးကို ရရှိပြီးနောက် ဂမုန်းထိပ်တင် ခေါ် ဂမုန်းတစ်မျိုး ကျန်လျက်ရှိရာ လွန်ခဲ့သော ၅ နှစ်ခန့်လောက်က မိမိနှင့် ကြံဖော်စည်ဖက်ဖြစ်သော အင်္ဂလိပ်ဆရာကြီး တစ်ဦးသည် ဗန်းမော်မြို့မှ အရှေ့ မိုင် ၅၀ ခန့်ဝေးသော အရပ်ရှိ အသားမြတ် ပုံသဏ္ဍာန်ရှိသော တောင်ကြီး၏ထိပ်၌ လူ၏ ဦးခွံတစ်ခုအတွင်း မိုးကြိုးပြားကို အင်းချ၍ ထည့်သွင်းပြီးလျှင် ဂမုန်းထိပ်ထား ဆိုသော အပင်ကို ပျိုးထားခဲ့ဖူးကြောင်း၊ ၎င်းအပင်မှာ ၅ နှစ်ကြာသောအခါမှ ဥကျလာသည်ဟု သိရှိရလေရာ....'

[ အခန်း ၁၂ .... မှ ]

John Buchan (1875-1940) ၏ Thirty-nine Steps (1915) ကို မှီငြမ်းပြုသည်။

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုး[illegible]
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတ[illegible] နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး က[illegible]ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်[illegible]ီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ရွှေဥဒေါင်း (၁၈၈၉-၁၉၇၃)

မန္တလေးမြို့ ဝါးတန်းရပ်ကွက်တွင် အဖ ဦးဖရာ၊ အမိ ဒေါ်ရွှေတို့မှ ၁၈၈၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက် ကြာသပတေးနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးဖေသိန်း ဖြစ်သည်။

လေးနှစ်သားအရွယ်တွင် မန္တလေးမြို့ ဗုဒ္ဓဘာသာ သီလရှင်ကျောင်း၌ ပညာသင်ကြားသည်။ ထို့နောက် လူကျောင်း၊ ဘုန်းကြီးကျောင်း၊ အေဘီအမ် ကျောင်းတို့သို့ အဆင့်ဆင့် ပြောင်းရွှေ့ ပညာသင်သည်။ ၁၉၀၈ ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ် အသိအမှတ်ပြု အင်းထရင့်စာမေးပွဲကို အောင်မြင်သည်။

မန္တလေး ဗုဒ္ဓဘာသာကျောင်း၊ အေဘီအမ်ကျောင်းနှင့် ကန္နီရွာ အင်္ဂလိပ်ကျောင်းတို့တွင် ကျောင်းဆရာ၊ ရွှေဘိုအရေးပိုင်ရုံး သစ်တောစာရေး၊ မန္တလေး လယ်ယာစိုက်ပျိုးခြင်းနှင့် သမဝါယမ မင်းကြီးရုံး၌ တောလိုက်စာရေး၊ 'သူရိယမဂ္ဂဇင်း' အယ်ဒီတာ၊ 'မြန်မာ့ချူဟာဂျာနယ်' တွဲဖက် ထုတ်ဝေသူ၊ 'နယူးဘားမား သတင်းစာ' တိုက် စတ္တုရိတေရီ (၁၉၂၆)၊ ပဲခူးမြို့ ခရစ်ယာန်စာပေအသင်း ဘာသာပြန်ဆရာ (၁၉၃၀)၊ 'သူရိယ သတင်းစာ' အယ်ဒီတာ (၁၉၃၆)၊ 'လူထု သတင်းစာ' အယ်ဒီတာချုပ်၊ 'လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ' အယ်ဒီတာချုပ် (၁၉၆၄-၆၈) စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) ကိုယ်စားလှယ်အဖြစ် တရုတ်နိုင်ငံ၊ ဆိုဗီယက်နိုင်ငံများသို့ ရောက်ရှိခဲ့သည်။

၁၉၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့ညတွင် ရန်ကြီးအောင် ဝတ္ထုကို ပထမဆုံး ရေးသည်။ ဝတ္ထုရှည် (၅၀)ကျော်၊ ဝတ္ထုတို(၃၀၀)ကျော်ကို ဆိုလျှော်အောင် မှီငြမ်းပြု၍ လည်းကောင်း၊ တိုက်ရိုက်မြန်မာပြန်၍ လည်းကောင်း ရေးသားခဲ့သည်။ **ခုံထောက်မောင်စံရှား၊ ဂျမဒါ ကိုကိုကြီး၊ ရုပ်နန္ဒီ၊ ရုပကလျာဏီ၊ ပထမ ဆရာသိန်း၊ ဇော်ဟိတ်၊ သူတော်စိန်** စသည်တို့မှာ ထင်ရှားသော အမှီးဝတ္ထုများ ဖြစ်သည်။ **ရတနာ့သိုက်၊ မျှော်တလင့်လင့်၊ သူရဲကောင်းသုံးယောက်၊ သွေးစုပ်မြေ** စသည်တို့မှာ တိုက်ရိုက် ဘာသာပြန်ဝတ္ထုများ ဖြစ်သည်။ ပင်ကိုရေး ဝတ္ထုရှည်များတွင် **ရန်ကြီးအောင်**မှာ ထင်ရှား၏။ ဘာသာရေး၊ အထွေထွေ ဗဟုသုတ၊ ခရီးသွားမှတ်တမ်း၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ ကျန်းမာရေးနှင့် ကြီးပွားရေး စာအုပ်များကိုလည်း ပြုစုခဲ့သည်။ **မျှော်တလင့်လင့်** ဖြင့် ၁၉၅၂ ခု စာပေဗိမာန် ဘာသာပြန်ဆု၊ **သွေးစုပ်မြေ**ဖြင့် ၁၉၅၅ ခု စာပေဗိမာန် ဘာသာပြန်ဆု၊ **တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ**ဖြင့် ၁၉၆၁ ခုနှစ် စာပေဗိမာန် သုတပဒေသာဆု ရရှိခဲ့သည်။

၁၀ ဩဂုတ် ၁၉၇၃ တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com

**၂၀၀၂ ထုတ် ရာပြည့်စာအုပ်များ**

၁၅၉။ သခင်ဘသောင်း၏ တစ်ထောင့်တစ်ည ပုံပြင်များ
၁၆၀။ ရဲမြလွင်၏ ကြိုးကြာတစ်ထောင်
၁၆၁။ လင်းယုန်မောင်မောင်၏ ထောင်ပြေးစပိုင်
၁၆၂။ မောင်ခင်မင် (ဓနုဖြူ) ၏ နှစ်လေးဆယ် ဘဝမှတ်တိုင်များ
၁၆၃။ ဂျာနယ်ကျော်မမလေး၏ ဘဝပုံရိပ်များ
၁၆၄။ ဂါဘရီယယ် ဂါစီယာ မားကွက်စ်၏ လက်ရွေးစင်ဝတ္ထုတိုများ
၁၆၅။ ရွှေဥဒေါင်း၏ သုံးပေါက်ချွန်းနှင့် အခြားဝတ္ထုတိုများ
၁၆၆။ တက်တိုး၏ ကျွန်တော့်အတွေးအခေါ် မှတ်စုများ
၁၆၇။ ကိုကို၏ ခေါင်းလောင်းသံ (For Whom The Bell Tolls by Hemingway)
၁၆၈။ ဇော်ဂျီ၊ မင်းသုဝဏ်၏ ခရီးသည်
၁၆၉။ နိုးမြိုင်၏ မရဏတောင်ကြား (The Valley of Fear
by Sir Arthur ConanDoyle
၁၇၀။ ကျော်လှိုင်ဦး၏ ရေပေါ်က လ နှင့် နိဗ္ဗာန်ဆုရ ဝတ္ထုတိုများ
၁၇၁။ မင်းသုဝဏ်၏ ဝတ္ထုတိုများ
၁၇၂။ ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ)၏ သိပေါမင်းနှင့် အင်းဝမြို့စား ဒပ်ဖရင်
၁၇၃။ ပါရဂူ၏ ဓမ္မစကား
၁၇၄။ မောင်ရဲနိုင်၏ မဟာ ပရပ်ဒီတလူသား အဲလ်ဘတ်အိုင်းစတိုင်း
၁၇၅။ မောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိ (မောင်ခင်မင်-တည်းဖြတ်)
၁၇၆။ ဦးရွှေအောင်၏ စာဖတ်သူများ
၁၇၇။ ဒဂုန်တာရာ၏ မှုးယစ်ဝေသော နွေဦးညများ
၁၇၈။ နန္ဒ၏ သံနှင့် သွေး
၁၇၉။ မောင်ပေါ်ထွန်း၏ ငါ့ဘဝ ငါ့သာသနာ ငါ့သာဘာ၀ရှင်
၁၈၀။ ဦးရွှေအောင်၏ ဓမ္မပဒ
၁၈၁။ မောင်ထွန်းသူ၏ လူမည်း ပညာရေးသုခမိန် ဒေါက်တာ [illegible] တီ ဝါရှင်တန်
၁၈၂။ မောင်မိုးသူ၏ စိတ္တဇ
၁၈၃။ ပါရဂူ၏ ဒီဇျာ

**၂၀၀၃ ခုနှစ် ဇန်နဝါရီနှင့် မတ်တွင် ထုတ်ဝေမည့် စာအုပ်များ**

၁၈၆။ မောင်ဆုရှင်၏ တီထွင်မှုများသမိုင်း
၁၈၇။ မောင်မိုးသူ၏ အိပ်မိုးဒပ် (နိုင်ငံတစ်ခု မွေးဖွားခြင်း)
၁၈၈။ ဦးရွှေအောင်၏ ရသစာပေ၏ ရသ
၁၈၉။ တင့်တယ်၏ အိုဘယ့် ဏံ

ရာပြည့်စာအုပ် ၁၈၄

ရွှေဥဒေါင်း

# စွန့်ဝံ့သူ

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁(အိမ်)၊ ၂၅၂၇၉၈(ဆိုင်)
[ ၁၊ ဇန်နဝါရီ၊ ၂၀၀၃ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၁၁၀၇/၂၀၀၂(၁၂) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၁၇/၂၀၀၃ (၁) ]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ် -(၁၉၄၅) ကြီးပွားရေး၊ မန္တလေး
ဒုတိယအကြိမ် -(၁၉၆၂) မြန်မာပြည်စာအုပ်တိုက်
တတိယအကြိမ်-(၂၀၀၃) ရာပြည့်စာအုပ်တိုက်
(၁၊ ဇန်နဝါရီ၊ ၂၀၀၃)
အုပ်ရေ [၁၀၀၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်

❑

ထုတ်ဝေသူ
ဦးကျော်ဆန်း[၀၉၃၂]၊ ရဲအောင်စာပေတိုက်
အမှတ် ၂၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်
အေဇက်

❑

စာအုပ်ချုပ်
ကိုမြင့်နှင့် ညီဝင်းမြင့်

❑

မျက်နှာဖုံး ပန်းချီ
Barn Blind by Michael Bennallack ကို
Graphic Mg Thein Win and Ocean Group
ဒီဇိုင်းဖွဲ့စည်းသည်။

❑

တန်ဖိုး
၈၀၀ ကျပ်

BURMESE CLASSIC .com

## နိဒါန်း

ကျွန်တော်သည် စပ်ကူးမပ်ကူးကာလ အတောအတွင်း၌ များစွာသော "အခြားကလောင်သမား"များ နည်းတူ ကုန်သည်ယောင်ယောင်၊ ပွဲစား ယောင်ယောင်၊ ဈေးသည် ယောင်ယောင်၊ "ယောင်သုံးဆယ်" အဖြစ်နှင့် ဖခင်၏ ဇာတိဖြစ်သော မန်ကျည်းတုံရွာတွင် နှစ်နှစ်ကျော် သုံးနှစ်ခန့်မျှ နေထိုင်လျက် ရှိစဉ် နံနက်ခင်း အချိန်များတွင် ခြေကျင်ဖြစ်စေ၊ မြင်းတစ်စီးနှင့် ဖြစ်စေ ရွာနီးချုပ်စပ် အရပ်ဒေသများသို့ လှည့်လည် သွားရောက် မွေ့နှောက် ကြည့်ရှုခဲ့ပါသည်။ ယင်းသို့ရှိစဉ် ရွာ၏မြောက်ဘက် ၅ မိုင်ထက် မလှမ်းသော အရပ်ရှိ ကုန်းမြင့်ကလေး တစ်ခုပေါ်တွင် သစ်သားဝင်းထရံဖြင့် သပ်ရပ်စွာ ကာရံလျက် ပျဉ်အုတ်ကြွပ် မိုး၍ သစ်သားဖြင့် ထရံကာပြီးလျှင် ဆင်ဝင်၊ ခါးပန်းဖြူ၊ ပန်းဆွဲဖြူ စသည်တို့ဖြင့် သေသပ်စွာ ဆောက်လုပ်ထားသော ဘိုအိမ်ကြီးတစ်ဆောင်ကို လမ်းနှင့် တစ်ခေါ်လောက် အကွာတွင် တွေ့မြင်ရပါသည်။

ပထမ၌ ကျွန်တော်မှာ ထိုအဆောက်အအုံကို ဘုန်းကြီးကျောင်း မှတ်ထင်ခဲ့မိရာ တစ်နေ့သော နံနက်တွင် မီးခြစ်ကို မေ့ထားခဲ့၍ ဆေးတံသောက်ချင်လှသည်နှင့် မီး ဝင်၍ တောင်းသည်တွင်မှ ဘုန်းကြီးကျောင်း မဟုတ်၊ လူနေသောအိမ်ကြီး ဖြစ်ကြောင်း သိရှိရပါသည်။ ကျွန်တော်သည် မြင်းပေါ်မှဆင်း၍ မြင်းကို ခင်းတံခါး



www.burmeseclassic.com

www.burmeseclassic.com



၌ ချိတ်ထားပြီးလျှင် ပန်းပင်ကလေးများကို ကတ်ကြေးတစ်ချောင်းဖြင့် ညှပ်ကာ ပြုပြင်ပေးနေသည့် အဘိုးကြီးတစ်ယောက်ကို မြင်သည်နှင့် မီးခြစ်တောင်းမိရာ အဘိုးကြီးသည် သူငယ်တစ်ယောက်ကို လှမ်းခေါ်၍ မီးခြစ်ယူခဲ့ရန် ပြောပြီးနောက် ကျွန်တော်၏ လှုပုံပန်းကို အကဲခတ်ဟန်နှင့် ကြည့်၍–

'လက်ဖက်ရည် တစ်ပန်းကန်လောက် သောက်သွားပါဦး'

ဟု ဆိုကာ နေရာထိုင်ခင်း ပေးလေ၏။

ကျွန်တော်သည် ဆေးတံကို ဆေးထည့်၍ မီးညှိကာသောက်ရင်း ကြိမ်ချုပ်ကရားမှ ငှဲ့ထည့်ပေးသော လက်ဖက်ရည်ကြမ်းတစ်ပန်းကန်ကို သောက်လျက်ရှိစဉ် အဘိုးကြီး၏ ရုပ်လက္ခဏာကို အကဲခတ်မိရာ ထိုလူကြီးမှာ လူပင် အိုသော်လည်း ပျိုနုသောစိတ်နှင့် ဖျတ်လတ်သောအမူအရာ ရှိသေးကြောင်း အကဲခတ်မိလေ၏။ ၎င်းနောက် ကျွန်တော်၏ အလုပ်အကိုင်အကြောင်းကို မေးသည်နှင့် ကလောင်တံဖြင့် အသက်မွေးခဲ့သူတစ်ဦး ဖြစ်ကြောင်း၊ ယခုမှာ စပ်ကူးမပ်ကူးကာလ ဖြစ်သည်နှင့် ကုန်ရောင်းကုန်ဝယ် အလုပ်ဖြင့် ကြံဖန်၍ အသက်မွေးနေရကြောင်းများနှင့် ပြောပြသည်တွင်–

'မောင်တို့က အရောင်းအဝယ်နဲ့ စီးပွားရှာရတဲ့ ကုန်သည်အလုပ်ကို အနုပ်စုတ် ကုပ်စုတ် အောက်မေ့ပြီး မင်းမှုထမ်း လခစားအလုပ်ကိုမှ အမှန်ထင်ကြဟန်တူတယ်'

'ထင်ကြတဲ့ လူများက ထင်ကြပါစေ ဦးရယ်၊ သို့သော် ဒီလိုထင်တဲ့အထဲမှာ ကျွန်တော် မပါပါဘူး။ ဝါသနာအလျောက် ကလောင်တံနဲ့ အသက်မွေးခဲ့သော်လည်း စီးပွားရှာတဲ့ နေရာမှာ ကုန်သည်များမှ တကယ် ကြီးပွားနိုင်ကြောင်းကို ကျွန်တော်ကိုယ်တိုင် အကြိမ်ကြိမ် ထောက်ခံပြီး ရေးခဲ့ သားခဲ့ဖူးပါတယ် ဦး ခင်ဗျာ'

အဘိုးကြီးသည် ကျွန်တော်၏ စကားကို ကျေနပ်ဟန်လက္ခဏာ ရှိသည်နှင့် ကျွန်တော်၏ မျိုးရိုးဇာတိနှင့်တကွ လွန်ခဲ့သော အဖြစ်အပျက်များကို မေးမြန်းရာ ကျွန်တော်၏ အဖြေစကားများကို ပိုမို၍ ကျေနပ် သဘောကျဟန် လက္ခဏာနှင့်





ဤဒေသတွင် ကျွန်တော် နေထိုင်လျက်ရှိသည့် အတောအတွင်း ၎င်း၏နေအိမ်သို့ ရံဖန်ရံခါ ဝင်ရောက်ခဲ့ပါလျှင် ၎င်းထံမှ မှတ်လောက် သားလောက်၊ နည်းယူလောက်သော အဖြစ်အပျက် အခြင်းအရာများကို ကြားနာရမည် ဖြစ်ကြောင်းများနှင့် ပြောဆိုကာ ဖိတ်မန္တက ပြုလေ၏။

ကျွန်တော်လည်း ၎င်း၏ဖိတ်ကြားခြင်းကို ဝမ်းမြောက်ဝမ်းသာ လက်ခံပြီးလျှင် ထိုနေ့မှစ၍ နံနက်တိုင်း အခြားနေရာသို့ မသွားတော့ဘဲ အဘိုးကြီး၏ နေအိမ်သို့ မှန်မှန်ကြီး သွားရောက် ဝင်ထွက်ခဲ့လေ၏။

နောက်ရက်များ၌ ကျွန်တော်သည် အဘိုးကြီး ပြောပြသည့် အဖြစ်အပျက်အခြင်းအရာများတွင် အမျိုးသားတို့အတွက် အသက်ကိုစွန့်ကာ ဆောင်ရွက်ခဲ့ပုံ၊ မဆုတ်မနစ်သော လုံ့လ၊ မလျှော့သော ဇွဲ၊ ထက်မြက်သော စိတ်ကူးဉာဏ်တို့ဖြင့် စီးပွားရှာခဲ့ပုံ၊ မိမိနှင့် အဆင့်အတန်းချင်း အလွန်ကွာခြားလှသော မိန်းမတစ်ယောက်ကို မိမိထက် နေရာတကာတွင် ထူးကဲသာလွန်သော ယောကျ်ားများနှင့် ယှဉ်ပြိုင်၍ လှုပ်ရှားလှည့်ခဲ့ရပုံ စသည်တို့ကို ကြားသိရသောအခါ စိတ်ကူးဉာဏ်အရာ၌ ဦးစံရှားကိုလည်းကောင်း၊ သတ္တိအရာ၌ ကိုဇော်ဝိတ်ကိုလည်းကောင်း ထိပ်တန်းထားမိခဲ့သည့်နည်းတူ လူနှင့်လူချင်း ဆက်ဆံခြင်းနှင့် ဖွဲ့သတ္တိကောင်းခြင်း အရာဌာနတွင် ဤလူကြီးကို ထိပ်ဆုံးတန်းမှ ထားခဲ့မိပါသည်။

ဤလူကြီးမှာ အသက် ၉၀ ခန့် ရှိသော်လည်း ၇၀ ကျော် အရွယ်ခန့်လောက်မျှသာ မှတ်ထင်ရပေရာ မင်းတုန်းမင်း၊ သီပေါမင်းနှင့် အင်္ဂလိပ်ခေတ်သို့တိုင်အောင် ခေတ်သုံးဆက်မျှ စီးပွားရှာခဲ့၍ ကြီးပွား တွန်းကားခဲ့သည် အလျောက်ပေါက်ဖွားခဲ့သော သားမြေးများအနက်– မြေးတစ်ယောက်မှာ အိုင် စီ အက်ဘွဲ့ခံ အစိုးရအမှုထမ်း၍ လည်းကောင်း၊ သားတစ်ယောက်မှာ အရေးပိုင်၊ တစ်ယောက်မှာ နယ်ပိုင်ဝန်ထောက်၊ တစ်ယောက်မှာ လယ်ဝန်၊ တစ်ယောက်မှာ ကုန်သည်ကြီး၊ တစ်ယောက်မှာ မြေပိုင်ရှင် လည်းကောင်း၊ မြေးတစ်ယောက်မှာ ဆရာဝန်၊ တစ်ယောက်မှာ မင်းတိုင်ပင် အမတ်၊ တစ်ယောက်မှာ ရာဇဝတ်ဝန်ကလေး လည်းကောင်း၊ ထို့ပြင် မြေးမိန်းမတို့မှာ မင်းကတော်၊ ဝန်ကတော်၊



www.burmeseclassic.com

www.burmeseclassic.com



သူကြီးကတော် စသည်တို့သာလျှင် ဖြစ်နေကြရကား ဤလူကြီးသည် မိမိကိုယ်တိုင် ကြီးပွား ထွန်းကားစေတတ်ရုံမျှ မက မိမိ၏ သွေးသားများကိုလည်း ကြီးပွား ထွန်းကားစေရအောင် သွန်သင် ဆုံးမ ဩဝါဒ ပေးနိုင်ပါသည် တကားဟု များစွာ ချီးမွမ်းမိပါလေ၏။

ယင်းသို့ ဖြစ်ရကား ထိုလူကြီး၏ ကြံပုံ၊ စည်ပုံနှင့်တကွ စိတ်နေသဘောထားတို့မှာ အမှန်စင်စစ် အတုနိုး နည်းယူလောက်သူ ဖြစ်ပေသောကြောင့် ကျွန်တော်မှာ ၎င်း၏ အဖြစ်အပျက် အခြင်းအရာတို့ကို ကျွန်တော်၏ စကားဖြင့် မဟုတ်ဘဲ ၎င်းကိုယ်တိုင် ရေးသားထားသည့် အလားကဲ့သို့ ခရေစေ့တွင်းကျဂန သေချာစွာ ရေးသား ဖော်ပြလိုက်ရပေအံ့သတည်း။

## အခန်း [ ၁ ]

ကျွန်ုပ်မှာ ၁၂၂၀ ပြည့်နှစ်တွင် မင်းလက်ဝဲသုန္ဒရကို အစွဲပြု၍ နာမည်ကြီးခဲ့သည့် မန်ကျည်းတဲ့ရွာ၌ မွေးဖွား၍ ငါးနှစ်သားအရွယ်ခန့်တွင် အရှုးမကြီးတစ်ယောက်သည် ကျွန်ုပ်၏လက္ခဏာကို ကြည့်ပြီးလျှင် ကြီးပြင်းသောအခါတွင် ကျွန်ုပ်သည် စီးပွားဥစ္စာကို ဖြစ်စေ၊ ချစ်ကြိုက်သောမိန်းမကို ဖြစ်စေ သက်သာစွာနှင့် မရဘဲ အခက်အခဲ အမျိုးမျိုးနှင့် ပင်ပန်းကြီးစွာ ကြိုးစားအားထုတ်ပြီးမှ ရနိုင်လိမ့်မည် အကြောင်းနှင့် ဟောပြောခဲ့ဖူး၏။ မိခင်ဖြစ်သူက အရူးမကြီးအား ထပ်လောင်း၍ မေးခွန်းထုတ်သောအခါ အရူးမကြီးသည် ဖြေဆိုခြင်း မပြုတော့ဘဲ 'ဂျိုးပေဂျိုး၊ ပေထီး၊ ဂျိုးပေဂျိုး ပေထီး' ဟု ပါးစပ်ဆိုင်းတီးကာ ထွက်သွားလေရာ သူရင်းငှားများက ခွေးနှင့် ရှူးတိုက်၍ လွှတ်လိုက်ကြ၏။ ကြီးပြင်းလာသည့်နောက် ကျွန်ုပ်၏ အဖြစ်အပျက်များကို ပြန်ပြောင်းဆင်ခြင်လိုက်သည့်အခါ ကလေးစကား၊ အရူးစကား၊ သဘင်သည် စကားတို့ မှန်ကန်တတ်သည် ဆိုခြင်းမှာ ဟုတ်တုတ်တုတ် ရှိပေသည်ဟု စဉ်းစားမိ၏။

ကျွန်ုပ်၏ဖခင်မှာ "မြင်းနယ်သား" ဖြစ်သည့်အလျောက် မင်းတုန်းဘုရင် လက်ထက်တွင် မြင်းတပ်ဆိုင်ရာ အရာရှိတစ်ယောက် အဖြစ်နှင့် အမှုထမ်းခဲ့ဖူးရာ မဟုတ်လျှင် မခံချင်တတ်သော ဝါသနာရှိသူတစ်ယောက် ဖြစ်၍ အထက်အရာရှိကြီးများနှင့် မသင့်မတင့် ရှိရာတွင် ကြာရှည်စွာ အမှုထမ်းပါက အသက်ဆုံးရှုံးဖွယ် ရှိသည့်အရေးကို သိမြင်သည်နှင့် ဥပါယ်တံမျဉ်ဖြင့် ရာထူးမှ နုတ်ထွက်၍ မွေးဖွားရာ ဇာတိဖြစ်သော မန်ကျည်းတဲ့ရွာသို့ ပြန်လာခဲ့လေသည်။ ထိုနောက်မှ ဆွေကြီး မျိုးကြီးဖြစ်သူ ကျွန်ုပ်၏မိခင်နှင့် ထိမ်းမြား၍ တောင်သူဘာဝ လုပ်ကိုင် စားသောက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်မှာ ပညာလိုလားသူတစ်ယောက် ဖြစ်သည်နှင့် ကျွန်ုပ်အား ရွာကျောင်းတွင် မထားဘဲ ကိုးကြောင်းတွက်နည်းတွင် နာမည်ကြီးခဲ့သည့် ရွှေဘိုမြို့ရှိ ဘုန်းကြီး ဦးကေသရ၏ ကျောင်းတွင် အပ်နှံထားခဲ့ရာ သီတင်းကျွတ်လ အခါတွင် နေ့ကြီးရက်ကြီး ဖြစ်သည့်အလျောက် မန်ကျည်းတုံရွာသို့ လေး ငါးရက်ခန့်မျှ အလည်အပတ် ပြန်လာခဲ့ရ၏။ ဦးကေသရ၏ ကျောင်း၌ သုံးလေးနှစ်မျှ ပညာသင်ကြားရသောအခါ ကျွန်ုပ်မှာ သဒ္ဒါ၊ သင်္ဂြိုဟ် စသော ဘာသာရေးဆိုင်ရာ စာများအပြင် ရွှေချိန်တွက်နည်း၊ သစ်တွက်နည်း၊ တင်းရေနှင့် စပါးနှံ တွက်နည်း စသည်တို့ကို ကောင်းမွန်စွာ တွက်ချက်နိုင်ပေ၏။ ထိုစဉ်အခါက ဤမျှလောက် တွက်ချက်နိုင်လျှင် လူတော်တစ်ယောက်ဟူ၍ အသိအမှတ်ပြုခြင်း ခံရ၍ အရေးရှိလျှင် လာရောက် မေးမြန်းတတ်ကြ၏။

၁၂၃၈ ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၅ ရက်နေ့၌ ကျွန်ုပ်သည် မန်ကျည်းတုံရွာမှ ရွှေဘိုမြို့ ဦးကေသရကျောင်းသို့ ပြန်မည်ဟု လွယ်အိတ်တစ်လုံးနှင့် ထွက်လာခဲ့ရာ ဖွတ်လှိုင်းရွာတွင် ညဉ့်အိပ်မည်ဟု အကြံရှိသောကြောင့် အတော်ကြီး နေစောင်းမှ ခပ်သုတ်သုတ် လျှောက်လာခဲ့၏။ ရွာမှ ထွက်လာ၍ တစ်မိုင်ခန့်မျှ မရောက်သေးမီ မိုးကြီးသည် မဆင်မပြင်ဘဲ သည်းထန်စွာ ရွာသွန်းချလိုက်လေရာ ဦးခေါင်းပေါ်၌ ဆောင်းထားသော ခမောက်မျှလောက်သည် အကွယ်အကာ မရနိုင်ဘဲ တစ်ကိုယ်လုံးမှာ ရေများတွင် နစ်လိုက်ဘိသကဲ့သို့ ရွှဲရွဲစိုလျက် ဖြစ်သွားလေတော့၏။

တည်းခိုရမည်ဖြစ်သော ဖွတ်လှိုင်းရွာမှာ ခုနစ်မိုင်ခန့် ဝေးသေး၍ မန်ကျည်းတုံရွာမှာ တစ်မိုင်ခန့်သာ ကွာသေးရကား များစွာသော ကျောင်းသားတို့မှာ ဤအခြေအနေမျိုး၌ နေအိမ်သို့လှည့်၍ ပြန်ကောင်း ပြန်ကြပေမည်။ ကျွန်ုပ်မူကား ထိုကဲ့သို့ မဟုတ်၊ သွားရမည်ဆိုလျှင် သွားရမှ စိတ်ကျေနပ်တတ်သောကြောင့် မိုးကြီးထဲတွင် အားခဲ၍ လျှောက်လာခဲ့လေ၏။ ထိုသို့ ပြုခဲ့ခြင်းမှာ ပညာကို လိုလားလှသောကြောင့် မဟုတ်၊ မလျှော့ချင်သော ဝါသနာအလျောက်မျှသာ ဖြစ်ချေ၏။





မန်ကျည်းတုံမှ ရွှေဘိုသို့ သွားရသောလမ်းမှာ ယခုအခါကဲ့သို့ မှူးရိုးတစ်လျှောက်၊ ရထားလမ်း တစ်လျှောက် မဟုတ်ဘဲ မထင်ရှားသော လှည်းလမ်းကြောင်းမျှကို ခန့်မှန်း၍ လိုက်ရခြင်းဖြစ်လေရာ လှည်းလမ်းကြောင်းတို့မှာလည်း ဤနေရာ၊ ထိုနေရာ စသည်တို့တွင် အစိတ်စိတ်အမြွှာမြွှာ ရှိနေသောကြောင့် လမ်းမှားနိုင်ရန် လွယ်ကူလှပေ၏။

မိုးတွင်းမှ မက လေပြင်းမုန်တိုင်းသည်လည်း တိုက်ခတ်ပြန်ပေရကား ကျွန်ုပ်သည် ခမောက်ကလေးကို မကျွတ်မလွင့်စေရန် လက်တစ်ဖက်ဖြင့် ဖိနှိပ်ထား၍ လက်တစ်ဖက်ဖြင့် ဝါးရင်းတုတ်တစ်ချောင်းကို ကိုင်ကာ တဖြောင်းဖြောင်း သွန်၍ချနေသော မိုးကြီးထဲတွင် ခါးတောင်းတလျှားလျှားနှင့် ကုပ်၍ လျှောက်လာ၏။ လှည်းလမ်းကြောင်းတို့မှာ တစ်ခဏချင်းတွင် ရေဖြင့် ဖွေးလျက်ရှိရာ လမ်း၏အစွန်းကို နင်းမိသဖြင့် မကြာခဏ ခြေချော်၍ တဖိုင်းဖိုင်း လဲရသေး၏။

တစ်နာရီကျော်ကျော်မျှ လျှောက်မိလေလျှင် လှည်းလမ်းသည် မြောက်ဘက်သို့ သွားရမည့်အစား အနောက်ဘက်သို့ လှည့်နေသည်ကို တွေ့ရလေရကား ကျွန်ုပ်မှာ လမ်းမှားလာခဲ့ချေပြီဟု သိရှိရ၏။ မည်သည့်နေရာမှ စ၍ မှားလာခဲ့ချေသည် ဟူ၍ မပြောနိုင်ချေ။ ယင်းသို့ရှိစဉ် ကျွန်ုပ်သည် လမ်းကြောင်းနှင့် တစ်ခေါ်လောက် အကွာတွင် အိမ်ကြီးတစ်ဆောင်ကို မြင်သည်နှင့် လမ်းကို မေးအံ့ဟု ချိုးလာခဲ့ပြီးနောက် ဝင်းပေါက်မှ ရပ်ကာ အခြေအနေကို ကြည့်ရာ လူတစ်ယောက်မျှ မမြင်သည်နှင့် အကြံအိုက်လျက် ရှိနေ၏။ အတန်ငယ် ကြာလတ်သော် သူငယ်မတစ်ယောက်သည် ရှမ်းခမောက်ကလေးကို ဆောင်းလျက် ပြတင်းပေါက်မှ ရပ်ကာ မီးဖိုဆောင်ဘက်သို့ ကြည့်ရင်း–

'သက်လယ်လေ သက်လယ်ရွှေသွေးရယ်..... မကြင်နာ စိမ်းသော်လည်း စိမ်းရက်တယ်.....'

ဟူသော တေးချင်းကို ကြည်လင် ချိုသာလှစွာသော အသံဖြင့် ခပ်အေးအေး သီဆိုရာမှ ကျွန်ုပ်ကို မြင်သည်နှင့်–

www.burmeseclassic.com



'အလို ..... ဟော့ သူငယ်၊ ဘာ အလိုရှိလဲ'

ဟု ခပ်ဆတ်ဆတ်မေးလိုက်၏။

ကျွန်ုပ်အား သူငယ်ဟူ၍ ခေါ်လိုက်သူမှာ ၁၆ နှစ်ထက် မကြီးသေးသူဖြစ်၍ ကျွန်ုပ်ထက် အနည်းဆုံး နှစ်နှစ်ခန့်လောက် ငယ်ရချေမည်။

ကျွန်ုပ်မှာ မိန်းကလေးများ ရှေ့တွင် ရှက်ကြောက်တတ်လှသူတစ်ယောက်ဖြစ်လေရာ၊ ထိုကဲ့သို့ အထက်သံနှင့် မေးခြင်း ခံရသည့်အတိုင်းတိုး၍ပင် ရှက်ကြောက်မိသေး၏။ သို့ဖြစ်၍ တုန်ယင်သော အသံဖြင့်–

'တစ်ဆိတ်ကလေး ခင်ဗျား၊ ရွှေဘိုကို သွားမလို့ပါ။ လမ်းများ မှန်ပါလေသလားလို့ မေးပါရစေ ခင်ဗျာ'

'ဒီဟာ ရွှေဘိုသွားတဲ့ လမ်းမှ မဟုတ်ဘဲ'

'မှားခဲ့လို့ရှိရင် တစ်ဆိတ်လောက် ညွှန်ပါလား ခင်ဗျာ'

ထိုအခါ သူငယ်မသည် ဆောင်းထားသော ခမောက်ကို နောက်သို့ တွန်းလှန်လျက် သမင်မျက်စိကဲ့သို့ ရယ်လျက်ရှိသော မျက်လုံးဖြင့် ကျွန်ုပ်အား ရှုးစိုက်ကာ လှမ်းကြည့်လိုက်စဉ် ချီလျက်ရှိသော မျက်ခုံးတို့သည် စိမ်းလဲ့လဲ့ရှိ၍ အဖျားတစ်ဖက်တစ်ချက်တို့မှာ ဖြောင့်တန်းလျက်ရှိကြောင်း တွေ့မြင်မိလေ၏။

'လမ်းညွှန်တဲ့ နေရာမှာ ဒီက ဝိတ်ပဲ၊ ဒီကနေ့ည ဘယ်ရောက်အောင် သွားချင်တာလဲ .... ပြောစမ်း'

'ဖွတ်လှိုင်းမှာ အိပ်ဖို့ ကြံပါတယ်'

'ဒါဖြင့် နောက်ပြန်၊ တစ်ခေါ်လောက်မှာ ပြောင်းခင်းတွေ့လိမ့်မယ်၊ လက်ဝဲဘက်ကို ချိုး၊ ငါးရတွင်းလောက် လျှောက်၊ ကုန်းကလေး တွေ့၊ နေကို ဘယ်ဘက်မှာ ထား၊ တည့်တည့်ကြီး လျှောက်၊ ချောင်းကလေးရောက်၊ ထန်းပင်ညီနောင် တွေ့၊ လက်ယာဘက် ချိုး၊ လမ်းအတိုင်း လိုက်၊ လက်ဦးတွေ့တာ ဖွတ်လှိုင်းရွာပဲ'

ကျွန်ုပ်သည် ကျေးဇူးတင်ပါကြောင်း ပြော၍ အညွှန်းအတိုင်း လှည့်၍





ပြန်ကာ လျှောက်လာခဲ့ရာ ဝင်းထောင့်အရောက်တွင် သူငယ်မကို လှည့်၍ ကြည့်လိုက်ပါသော်လည်း သူငယ်မသည် ကျွန်ုပ်ကဲ့သို့သော သတ္တဝါတစ်ယောက်ကို ရှိလေသည် ဟူ၍မျှ အမှတ်ရဟန် မတူဘဲ–

'ချစ်တဲ့သူ ကြိုက်တဲ့သူရယ်၊ သခင် မြင်လာဦးကွယ် ..... ဘုန်းကြွယ်ကြွယ် .....'

ဟူသော တေးချင်းကို ဆက်လက် သီဆိုလျက် ရှိလေ၏။

ထိုအချိန်၌ မိုးသည် ဆက်လက် ရွာသွန်းလျက်ပင် ရှိသေးသောကြောင့် ကျွန်ုပ်တစ်ကိုယ်လုံးမှာ အရိုးသို့ နိုက်အောင် ချမ်းစိမ့်လျက် ရှိသော်လည်း သူငယ်မ၏ လတ်ဆတ် ကြည်ရွှင်သော တေးချင်းသံကို ကြားရခြင်းမှာ တဟုန်းဟုန်း တောက်လောင်နေသော မီးဖိုကြီးကို မြင်လိုက်ရဘိသကဲ့သို့ ချမ်းအေးခြင်းမှ သက်သာရာ ရ၍ အင်အား တောင့်တင်းခြင်းကို ဖြစ်စေနိုင်လေ၏။

ငင်းနောက် ကျွန်ုပ်သည် လမ်းညွှန်လိုက်သည့်အတိုင်း လိုက်ခဲ့၍ ပြောင်းခင်းကို လည်းကောင်း၊ ကုန်းကလေးကို လည်းကောင်း၊ ချောင်းကလေးကို လည်းကောင်း တွေ့ရပြီးနောက် ဆက်လက် လျှောက်သွားခဲ့ရာ ထန်းပင်ညီနောင်တို့ကို မတွေ့ရမိ နေလုံးကွယ်ပျောက်ရုံမျှ မက အမှောင်သို့ ရောက်ခဲ့လေ၏။

ထိုနေ့မှာ လပြည့်ကျော် ၅ ရက်နေ့ ဖြစ်သောကြောင့် လထွက်ရန် အချိန်မှာ အတော်ပင် လိုပေသေးရာ ကျွန်ုပ်သည် မှောင်ထဲတွင် လမ်းကို စမ်းမှန်းကာ လျှောက်လာစဉ် လမ်း၏လက်ဝဲဘက် တစ်ခေါ်လောက်တွင် မီးရောင်ကလေး တလက်လက် မြင်ရသည်နှင့် တဲကလေးများ တွေ့ရချေမည်လောဟု နားနေရန် လမ်းမှ ချိုး၍ လိုက်လာခဲ့လေ၏။ အနီးသို့ ရောက်သောအခါ နွားတင်းကုပ်ဟောင်း တစ်ခုအောက်တွင် လူတစ်ယောက်သည် မီးပုံတစ်ခုအနီး၌ တင်ပျဉ်ခွေလျက် ဟောပြောသောအနေဖြင့် ဩဝါဒ ပေးလျက် ရှိသည်ကို မိန်းမတစ်စုတို့က ပြားပြားဝပ် ကြားနာလျက် ရှိသည်ကို တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



ရလေ၏။ ကျွန်ုပ်သည် မည်သို့သော စကားမျိုး ဖြစ်လေသည်ဟု မှောင်ရိပ်မှ တန့်ရပ်ကာ နားထောင်လျက်ရှိစဉ် ထိုလူကြီးက အလွန်စိတ်အားထက်သန်သော အမူအရာဖြင့် အောက်ပါအတိုင်း ပြောဟောလျက် ရှိလေ၏။

'လောကမှာ ဘာအရေးကြီးသလဲ၊ ဥစ္စာပစ္စည်း အရေးကြီးသလား'

'မကြီးပါဘူး ဆရာကြီး'

'လင်သား အရေးကြီးသလား'

'မကြီးပါဘူး ဆရာကြီး'

'သားသမီး အရေးကြီးသလား'

'မကြီးပါဘူး ဆရာကြီး'

'ဒါဖြင့် ဘာအရေးကြီးသလဲ'

'ဆရာကြီးနဲ့ တွေ့ဆုံ ကြုံကြိုက်ဖို့ အရေးကြီးပါတယ်'

'တွေ့ဆုံ ကြုံကြိုက်တော့ ဘာဖြစ်သလဲ'

'နတ်ပြည်ရောက်တာနဲ့ အတူတူပါပဲ ဆရာကြီး'

'နတ်ပြည်ကို အရှင်လတ်လတ် ရောက်ရခြင်းနဲ့ တူတယ် ဟုတ်စ'

'မှန်ပါတယ် ဆရာကြီး'

'လူတိုင်း လူတိုင်း တွေ့ဆုံ ကြုံကြိုက်နိုင်သလား'

'မတွေ့ဆုံ၊ မကြုံကြိုက်နိုင်ပါဘူး ဆရာကြီး'

'ဘယ်လိုလူမှ တွေ့ဆုံ ကြုံကြိုက်နိုင်သလဲ'

'ကျုပ်တို့လို ပါရမီရင့်တဲ့ မိန်းမများမှ တွေ့ဆုံ ကြုံကြိုက်နိုင်ပါတယ်'

ထိုအခါ ကျွန်ုပ်သည် အောက်လမ်းဂိုဏ်း အကြောင်းကို ကြားရဖူးသည်နှင့် ထိုမိန်းမများ၏ မိုက်မဲခြင်းကို စဉ်းစားမိသဖြင့် ရယ်ချင်လှသည်နှင့် ခိခနဲ ရယ်လိုက်မိရာ၊ မိန်းမ ပရိသတ်သည် ကျွန်ုပ်၏ရယ်သံကို ကြားသဖြင့် လှည့်၍ ကြည့်လိုက်ကြသည်တွင် ကျွန်ုပ်ကို တွေ့မြင်သွားကြလေ၏။

'ဟောဟိုမှာ လူတစ်ယောက် ဆရာကြီး'

'ဟော့....မင်း ဘယ်သူလဲ၊ ဘာလာပြီး နှောင့်ယှက်တာလဲ'





'ကျွန်တော် ခရီးသွားတစ်ယောက်ပါ၊ နှောင့်ယှက်တာ မဟုတ်ရပါ'

'သူလျှိုထင်တယ် ဆရာကြီး'

ထိုအခါ ကျွန်ုပ်သည် အကြားအမြင် နည်းပါး၍ စဉ်းစားဉာဏ်ခေါင်းပါးသော မိန်းမမိုက်များကို လှည့်ဖြား သွေးဆောင်တတ်သော အောက်လမ်း ဂိုဏ်းဆရာကြီး ဦးသာဂိ အကြောင်းများကို အတန်ငယ် ကြားရဖူးသည်နှင့် စက်ဆုပ်ရွံရှာခြင်း ဖြစ်မိသော်လည်း ကျွန်ုပ်၏ စိတ်သဘောကို ထုတ်ဖော်၍ မပြဘဲ ပူဇွေးသော မီးပုံတွင် လှုံချင်သောဆန္ဒဖြင့် သူလျှိုမဟုတ်ပါကြောင်း ပြောပြလေ၏။

ထိုအခါ ဦးသာဂိသည် ကျွန်ုပ်ကို ခေါ်ငင်၍ မီးပုံရှေ့တွင် ထိုင်စေပြီးမှ ကျွန်ုပ်ကို အကဲခတ်နေလေရာ ကျွန်ုပ်လည်း ထိုလူကြီး၏ ရုပ်လက္ခဏာကို အကဲဖြတ်လျက် ရှိလေ၏။

ဦးသာဂိမှာ အသက် ၃၀ ကျော် အရွယ်ခန့်ရှိ၍ အလွန်ထွားကျိုင်းလှသော ကိုယ်လုံးကိုယ်ပေါက် ရှိလေရာ မျက်နှာမှာ မိန်းမတို့ နှစ်သက်စေလောက်သည့် ချောမော လှပခြင်းမျိုးနှင့် မပြည့်စုံသော်လည်း အလွန်ဩဇာရှိဟန် တူသော မျက်လုံးများရှိသည့်ပြင် တည်ငြိမ်သော ဣန္ဒြေနှင့် ဟန်ကြီးသော အမူအရာလည်း ရှိဘိ၏။ ထိုသူသည် မိန်းမများကို ချော့မော့ မြူမြိုက်သောနည်းဖြင့် ဖြားယောင်းသွေးဆောင်ဟန် မတူဘဲ မီးရောင်ကြားကို တိုးသော ပိုးဖလံများနှင့် ပမာ ဆောင်လောက်ပေ၏။ ဦးသာဂိသည် မိန်းမများကို လှည့်လည်၍ မရှာရဘဲ မိန်းမအချင်းချင်း သွေးဆောင်ခြင်းအားဖြင့် ဦးသာဂိထံသို့ ရောက်လာကြဟန် တူ၏။ စင်စစ်မှာ မီးတိုင်သည် ပိုးဖလံမျိုးများကို ဂရုမစိုက်၊ အရေးမထားသည့်နည်းတူ ဦးသာဂိကလည်း မိန်းမများကို အရေးထားဟန် မတူချေ။

အချို့သော သူတို့က ဦးသာဂိကို လူယုတ်မာကြီးတစ်ဦးသဖွယ် ဖွပ်စွဲ ကဲ့ရဲ့ကြမည် ဖြစ်သော်လည်း ဦးသာဂိကမူ မိမိအကျိုးထက် မိန်းမများ၏ အကျိုးကို သည်းပိုး ရွက်ဆောင်နေဘိသည်ဟု သဘောရိုးနှင့် ယုံမှတ်ထင်နေဟန် လက္ခဏာ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဦးသာဂိကို အကဲခတ်ရာမှ မိန်းမတစ်စုကို လှမ်းကြည့်လိုက်ရာ အရွယ်ကောင်း မိန်းမ သုံးလေးယောက်၊ ၁၈ နှစ်အရွယ် မိန်းကလေး တစ်ယောက်အပြင် ၄၀ ကျော် ၅၀ တွင်း အရွယ်ရှိ မိန်းမကြီး ငါးယောက်ခန့် လောက် ရှိကြပေ၏။ အားလုံးသော မိန်းမများမှာ သနားကမား မရှိ၊ "ရွက်ကြမ်း ရေကျို" မျှလောက်သာ ရှိသော ရုပ်အဆင်းမျိုး ရှိကြလေ၏။

ဦးသာဂိသည် ကျွန်ုပ်အား စိုက်ကြည့်ပြီးနောက်–

'မောင် ဘာလာလုပ်သလဲ'

'ကျွန်တော် ရွှေဘို သွားမယ့် ခရီးသည်ပါ'

'ဒီဟာ လမ်း မဟုတ်ပါကလား'

'ချမ်းလွန်းလို့ပါ၊ မီးရောင်မြင်လို့ ဝင်လာပါတယ်'

'ဒီမှာ အိပ်ချင်သလား'

'ဖွတ်လှိုင်းရောက်အောင် မသွားနိုင်လို့ အိပ်ချင်ပါတယ်'

'အိပ်ချင်လျှင် သစ္စာပြုရမယ်'

'ဘယ်လို သစ္စာပြုရမလဲ'

'ငါတို့ကို ဒီမှာတွေ့ကြောင်း ဘယ်သူ့မှ မပြောရဘူး'

'ကောင်းပါပြီ၊ မပြောပါဘူး'

'ကောင်းပြီ၊ ထမင်းစားခဲ့ပြီလား'

'မစားရသေးပါ'

'မယ်တုတ်ရေ၊ မုန့်ဖက်ထုပ် ပေးလိုက်ပါကွယ်'

ထိုအခါ ၁၈ နှစ်အရွယ် မိန်းကလေးသည် အဝတ်ထုပ်ကို ဖြေ၍ မုန့်ဖက်ထုပ် သုံး လေးထုပ်ကို ကျွန်ုပ်အား ပေးလေရာ၊ ကျွန်ုပ်သည် လက်ဖက်ရည်ကြမ်းနှင့် မုန့်ဖက်ထုပ်တို့ဖြင့် ညစာကိစ္စ ပြီးရလေတော့၏။

၎င်းနောက် ကျွန်ုပ်သည် မီးပုံအနီးတွင် လွယ်အိတ်ကို ခေါင်းအုံးကာ အိပ်ရင်း ဦးသာဂိ ပြောဟောသည့် အောက်လမ်းစကားထူးများကို ကြားနာရင်း အိပ်ပျော်ခြင်းသို့ ရောက်လေတော့၏။



## အခန်း [၂]

ကျွန်ုပ်သည် အိပ်ရာမှ နိုးလာသောအခါ မိန်းမကြီးများသည် ထမင်းချက်ပြုတ်နေကြ၍၊ မိန်းမလတ်များမှာမူ စခန်းပြောင်းရွှေ့မည့် လက္ခဏာနှင့် ဝန်စည်စလယ် အထုပ်အပိုးများ ပြင်ဆင်လျက် ရှိကြသည်ကို တွေ့ရလေ၏။ မတုတ်ဆိုသော မိန်းမငယ်နှင့် ဦးသာဂိတို့မူကား ဖျာများဖြင့် ကာရံထားသော တဲကလေးမှ ထွက်လာကြ၍ မျက်နှာသစ်ကာ ရှိကြလေရာ မိန်းမများသည် ဆား၊ မီးသွေး၊ တံပူ စသည်တို့ကို ဆောင်ယူပေးကာ ဦးသာဂိအား ဝတ်ပြုနေကြလေ၏။

ကျွန်ုပ်မှာ မျက်နှာသစ်ပြီးသည်နှင့် တစ်ပြိုင်နက် ထိုသူတို့နှင့် ကြာရှည်စွာ မနေလိုသည်ဖြစ်၍ လွယ်အိတ်ကို လွယ်ကာ ထွက်လာတော့မည် အပြုတွင် မြင်းခွာသံများ ရုတ်တရက် ကြားရပြီးလျှင် ရှမ်းခမောက်၊ ရှမ်းဘောင်းဘီတို့ကို ဝတ်လျက် သျှောင်ဆံမြိတ်ကွင်းထုံး မြင်းဖြူကြီးတစ်စီးကို စီးလာသည့် ယမန်နေ့ညက မိန်းကလေးကို မြင်ရသဖြင့် အံ့အားသင့်ကာ ရပ်ကြည့်နေမိလေ၏။ မိန်းကလေးသည် မထိတရှိရှိသော အမူအရာနှင့် မြင်းကြိမ်လုံးကလေးကို ဝင့်ကာ နွားတဲရှေ့၌ ရပ်ပြီးနောက်–

မိန်း။ ။ 'မတုတ် ဘယ်မှာလဲ၊ ဟော့ .... ရှင်ငတုတ်'

ဂိ။ ။ 'မတုတ်ကို ဘာလုပ်မလို့လဲ၊ မဆိုင်သူ လာမရှုပ်နဲ့၊ သွား'

မိန်း။ ။ 'မဆိုင်သူ မဟုတ်ဘူး၊ မတုတ်ကို သူ့အမေက ခေါ်ခိုင်းလိုက်လို့ လာပြီး ခေါ်ရတယ်။ ဟော့.... လာခဲ့ မတုတ်၊ ညည်း တယ်မိုက်ပါကလား၊ မအေကြီး ပစ်ပြီး ဘယ်က အရူးတွေနောက် လိုက်သွားရတာလဲ'

တုတ်။ ။ 'မဟုတ်ပါဘူး..... ခင်ခင်၊ အရှင်သခင် အမိန့်အတိုင်း ဦးသာဂိ ဆိုတဲ့ ဆရာကြီးရဲ့ နှုတ်ထွက်စကားကို လိုက်နာရခြင်း ဖြစ်ပါတယ်'

မိန်း။ ။ 'မဖြစ်ဘူး.... မတုတ်၊ ညည်းအမေရဲ့ အမိန့်အတိုင်း ခင်ခင်ထား ဆိုတဲ့ ငါ့ရဲ့ နှုတ်ထွက်စကားကို လိုက်နာရမယ်။ ဟော..... ငါ့နောက်က ထိုင်လှည့်၊ မမိုက်ပါနဲ့အေ၊ ညည်း လာခဲ့ပါ'



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် ချော့မော့သော မျက်နှာထားနှင့် ခေါင်ငင်လိုက်သဖြင့် မတုတ်သည် လိုက်တော့မည်ဟု ဟန်ပြင်လေလျှင် ဦးသာဂိသည် ရှေ့မှ ရုတ်တရက် ဆီးကာလျက်–

ဂိ။ ။ 'သူ့အမေ ခေါချင် အမေကိုယ်တိုင် လာခေါ်ပါစေ..... မဆိုင်သူ ဝင်မရှုပ်ပါနဲ့၊ တွေ့ဆုံကြုံကြိုက်တဲ့ အကျိုးကို နားမလည်တော့တယ် ခက်တယ်'

ဟု ပြောသော်လည်း ခင်ခင်ထားသည် ဦးသာဂိကို အလျှင်းဂရုမစိုက်ဘဲ မှုက်နှာထား ချိုချိုနှင့် မတုတ်ကိုသာ လှမ်းကြည့်လျက်–

ထား။ ။ 'လာပါ မတုတ်ရယ်..... အမေကို ပစ်ပြီး အရူးကြီးနောက်ကို လိုက်နေရတာ ညည်း မရှက်ဘူးလား။ တက်ပါ၊ မြင်းပေါ်ကို....'

ထိုအခါ ဦးသာဂိသည် မိမိအား အရူးဟူ၍ ခေါ်ခြင်းကို အမျက်ထွက်ဟန် လက္ခဏာနှင့် မြင်းဇက်ကို ကိုင်ဆွဲကာ လှည့်လိုက်လေရာ ခင်ခင်ထားသည် ဦးသာဂိ၏ မာန်နှင့် ပြူးပြဲကာ ကြည့်နေသောမျက်နှာကို အလျှင်းကြောက်ရွံ့ဟန် မရှိဘဲ တည်ငြိမ်သော မျက်နှာထားနှင့် စူးစိုက်ကာ ပြန်ကြည့်လိုက်ပြီးနောက် ကြိမ်လုံးကို မြှောက်ကာ မျက်နှာကို တည့်တည့် ရွှမ်းခနဲ ရိုက်လိုက်လေ၏။

ဦးသာဂိလည်း နာကျင်လှဟန်နှင့် နောက်သို့ ခြေတစ်လှမ်းဆုတ်ပြီးလျှင် ခါးတွင် ထိုးထားသော ဓားမြှောင်ကို ရုတ်တရက် ထုတ်နုတ်၍ တအားထိုးစိုက်လိုက်တော့မည်ဟု ခုန်လိုက်မည် အပြုတွင်၊ ကျွန်ုပ်သည် အိမ်မှဆောင်လာခဲ့သော ဝါးရင်းတုတ်နှင့် လက်ကောက်ဝတ်ကို တစ်ချက် နှက်လိုက်လေရကား ဓားမြှောင်သည် လက်မှ လွင့်စဉ် ကျသွားလေ၏။

နောက် တစ်ခဏ၌ ဦးသာဂိသည် ကျားဟိန်းသော အသံမျိုးဖြင့် အော်မြည်လျက် လွင့်ကျသောဓားကို လက်ဝဲဘက် လက်ဖြင့် ကောက်ယူပြီးလျှင် ကျွန်ုပ်ထံသို့ အတင်း ပြေးဝင်လာလေရာ ကျွန်ုပ်သည် ရှေ့သို့ ရုတ်တရက် ခြေတစ်လှမ်းတိုး၍ ၎င်း၏ဝမ်းဗိုက်ကို ဝါးရင်းတုတ် အဖျားဖြင့်





တည့်တည့်ကြီး ထိုးလိုက်လေရကား၊ ထိုးလိုက်သော ဓားချက်သည် ကျွန်ုပ်၏ ပခုံးပေါ်သို့ ကျော်လွန်သွားပြီးလျှင် ဦးသာဂိမှာ အစ်ခနဲ မြည်ကာ ပက်လက်လန်၍ လဲကျသွားလေ၏။

နောက် တစ်ခဏ၌ ဦးသာဂိ၏ တပည့်များဖြစ်သော မိန်းမကြီးများနှင့် မိန်းမလတ်များသည် မိမိတို့၏ ဆရာအား ဓော်ကားရချေမည်လောဟု ဒေါသအမျက် ခြောင်းခြောင်းထွက်ကြ၍ ကျွန်ုပ်တစ်ကိုယ်လုံးကို ဝိုင်းဝန်းခြစ်ကုတ် ကိုက်ဖွဲ့မည်ပြုကြလေရာ၊ ကျွန်ုပ်မှာ မျက်လုံးများကို နှိုက်မိကြမည်စိုးသောကြောင့် ခက်ခဲစွာ ရှောင်တိမ်း ဖယ်ရှားနေရလေ၏။

ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ ခင်ခင်ထားသည် မိမိအားကူညီသော သူတစ်ယောက် ဟူ၍ ကျွန်ုပ်အပေါ် အလျှင်း ဂရုရှိဟန် မတူဘဲ မြင်းပေါ်၌ ခပ်အေးအေးထိုင်ကာ ပျော်ရွှင်စွာ ရယ်မောလျက် ရှိလေ၏။ ယင်းသို့ ရယ်မောစဉ် ကျွန်ုပ်ကို မှတ်မိဟန် လက္ခဏာနှင့်–

'ရွှေဘို သွားမယ်ဆိုတဲ့ လူ၊ ဘယ့်နှယ် ဒီရောက်နေသလဲ.....'

ဟု မေးလိုက်ချေသေး၏။

ထိုခဏ၌ မြေကြီးပေါ်မှ လူးလဲကာ ထမည် ပြုနေသော ဦးသာဂိကို မြင်သဖြင့် ကျွန်ုပ်သည် ခင်ခင်ထား အတွက် စိုးရိမ်မိသည်နှင့် မြင်းဇက်ကို ဆွဲလှည့်ပြီးလျှင် ထွက်သွားဖို့ တိုက်တွန်းလေရာ ခင်ခင်ထားက 'မတုတ် မပါဘဲ မပြန်နိုင်ဘူး' ဟု ပြောနေသည်နှင့် ဤမိန်းမကလေးကား ရူးလျှင်လည်း ရူးရမည်၊ သို့တည်းမဟုတ် အလွန့်အလွန် သတ္တိကောင်းသူ တစ်ယောက်သော်လည်း ဖြစ်ရမည်ဟု အောက်မေ့မိ၏။

ယင်းသို့ရှိစဉ် ဦးသာဂိနှင့်တကွ မိန်းမများသည် ခင်ခင်ထားထံသို့ အတင်းပြေးဝင်ကြ၍ ခင်ခင်ထားကို မြင်းပေါ်မှ ဆွဲချမည် ပြုကြလေရာ ခင်ခင်ထားသည် မြင်းပေါ်တွင် စန့်စန့်ထိုင်ကာ ကြိမ်လုံးကလေးကို မြှောက်လျက်–

'ငါ့ကို မထိနဲ့၊ နင်တို့အားလုံး သေကုန်ကြမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟု ကြုံးဝါးနေလိုက်ချေသေး၏။ ကျွန်ုပ်မှာမူ ခက်ကုန်ကြချေတော့မည်ဟု အောက်မေ့နေဆဲတွင် မြင်းစီးသူရဲ လေးယောက်တို့ ရုတ်တရက် ဆိုက်ရောက်လာကြ လေတော့၏။

မြင်းစီးသူရဲများသည် မိန်းမများနှင့်တကွ ကျွန်ုပ်တို့အားလုံးကို မြင်းများနှင့် အတင်းတိုက်ကြလေရာ ထိုမှ ဤမှ ကစဉ့်ကရဲ ပြေးလွှားကြရသဖြင့် လဲသူလဲ၊ ကွဲသူကွဲ၊ ပြဲသူပြဲဖြင့် နေကြလေကုန်၏။ တစ်ယောက်သောသူကမူ ဦးသာဂိကို လက်ရဖမ်းမိသဖြင့် လက်ပြန်ကြိုး ချည်နှောင်လျက်ရှိရာ၊ အခြားတစ်ယောက်ကလည်း ခင်ခင်ထားအား မေးခွန်းများထုတ်လျက် ရှိနေလေ၏။ ကျွန်ုပ်မှာမူ မြင်းများ နင်းမိမည် စိုးသောကြောင့် ချုံတစ်ခုတွင် ကပ်လျက် ဝပ်နေလေရာ၊ တစ်ယောက်သော ရဲမက်သည် မြင်းပေါ်မှ ခုန်ဆင်း၍ ခင်ခင်ထားထံသို့ ပြေးသွားလျက်ရှိသော မတုတ်ကို ဆံပင်မှ ကိုင်လျက် ဆောင့်ဆွဲလိုက်ရကား မတုတ်မှာ မြေပေါ်သို့ ပက်လက်လန် လဲကျသွားလေ၏။ ခင်ခင်ထားမှာမူ ရဲမက်တစ်ယောက်က ကွယ်လျက်ရှိသောကြောင့် ထိုအခြင်းအရာကို မြင်လိုက်ဟန် လက္ခဏာ မရှိချေ။

၎င်းနောက် ယခင်က ရဲမက်သည် မတုတ်ကို ဆံပင်မှ ဆွဲထူ၍ တရွတ်တိုက်ပါအောင် ဆွဲခေါ်သွားလေရာ၊ ကျွန်ုပ်မှာ မိန်းကလေး တစ်ယောက်အား ညှဉ်းပန်းနှိပ်စက်ခြင်းကို မြင်ရသဖြင့် သွေးဆူလာသည်နှင့် ချုံအနီးမှ ထ လာ၍–

'ဟေ့လူ..... လွှတ်လိုက်ပါကွ'

ဟု ငေါက်ငမ်း၍ ပြောလိုက်၏။ ထိုအခါ ရဲမက်သည် ကျွန်ုပ်ဘက်သို့ ရုတ်တရက် လှည့်၍–

'မင်းကလားကွ..... ဝင်ရှုပ်တာ၊ မှတ်ကရော့ဟာ'

ဟု ဆိုကာ ဦးခေါင်းကို ဓားအိမ်နှင့် ခွပ်ခနဲမြည်အောင် ရိုက်နှက်လေ၏။

ခင်ခင်ထားကမူ ထိုအခြင်းအရာကို မြင်လိုက်လေရကား ကျွန်ုပ်မှာ





ရှက်လည်း ရှက်၊ စိတ်လည်း ဆိုးလှသည်နှင့် ဖြစ်လိုရာဖြစ်စေဟု အောက်မေ့ပြီးလျှင် ရဲမက်၏ ရင်ဝကို ဦးခေါင်းဖြင့် ဆောင့်လိုက်ရာ ရဲမက်လည်း ပက်လက်လန်၍ လဲသွားလေ၏။

သို့ရာတွင် ကျွန်ုပ်၏ အောင်မြင်ခြင်းမှာ အချိန်ကာလ မကြာလှချေ။ အဘယ်ကြောင့်ဆိုသော် ရဲမက်သည် ၎င်းအပေါ်မှ ဖိ၍စီးထားသော ကျွန်ုပ်၏ ကိုယ်ကလေးကို ဖက်ရှက်ကဲ့သို့ လွယ်ကူစွာ ဖယ်ရှားလိုက်ပြီးလျှင် ဦးခေါင်းနှင့် ကိုယ်ကို ဓားဖြင့် အပြားလိုက် အချက်ပေါင်းများစွာ ရိုက်နှက်လေ၏။ အားရလတ်သော် ထိုသူသည် ကျွန်ုပ်၏လက်များကို ကြိုးတစ်ချောင်းနှင့် ချည်တုပ်ပြီးမှ ကြိုးတစ်စကို မြင်းကုန်း၌ချည်ကာ ခပ်သုတ်သုတ် စီးသွားလေရကား၊ ကျွန်ုပ်မှာ မြင်းနောက်မှ အပြေးအလွှား လိုက်ပါသွားရလေတော့၏။ ထိုအခြင်းအရာကို ခင်ခင်ထား မြင်ရသောအခါ ဟက်ဟက်ပက်ပက် ရယ်မောလျက် ကျန်နေရစ်ရကား၊ ကျွန်ုပ်မှာ နာကျင်ခြင်းထက် ရှက်ခြင်းက အဆပေါင်းများစွာ ပိုမို မိလေတော့သတည်း။

## အခန်း [၃]

ကျွန်ုပ်သည် ဦးသာဂိတို့ လူစုနှင့်အတူ ရဲမက်များနောက်မှ လိုက်ပါလာရစဉ် လမ်းတစ်လျှောက်ရှိ ရွာသူရွာသားများက ကျွန်ုပ်အား အောက်လမ်းဂိုဏ်းသား တစ်ယောက် ဟူ၍ အထင်ခံရခြင်းက တစ်ချက်၊ ရဲမက်တစ်ယောက်၏ လက်တွင်း အလွယ်ကလေးနှင့် အနိုင်ခံရခြင်းက တစ်ချက်၊ မာနကြီးလှဟန် တူသော ခင်ခင်ထား၏ မျက်မှောက်တွင် လူနုံတစ်ယောက် ဖြစ်ရခြင်းက တစ်ချက်။ ထိုထိုသော အချက်တို့ကို စဉ်းစားမိသည်နှင့် မျက်ရည်များ ကျမတတ် ဝမ်းနည်းမိ၏။ ကျွန်ုပ်ကမူ လူစွမ်းကောင်းတစ်ယောက် အနေနှင့် ခင်ခင်ထားအား ကူညီမိခဲ့ရာ မိန်းကလေး၏ ပြောင်လှောင် ရယ်မောပုံကို



www.burmeseclassic.com

www.burmeseclassic.com



ထောက်သဖြင့် လူစွမ်းကောင်း (ဟီးရိုး)တစ်ယောက် မဟုတ်ခဲ့၊ လူနုံ လူညံ့ (ဗီလိန်)တစ်ယောက်သဖွယ် ဖြစ်၍ နေခဲ့ချေပြီ တကားဟု စဉ်းစားမိတိုင်း အံ့ကြိတ်မိလေတော့၏။

ကျွန်ုပ်တို့လူစုသည် ရဲမက်များ၏နောက်မှ လိုက်ပါလာကြရာ ခင်ခင်ထားနှင့် မတုတ်တို့ကမူကား ကျွန်ုပ်တို့နှင့်အတူ မပါလာကြချေ။ ခင်ခင်ထား၏ ရှင်းလင်း ပြောပြချက်ကြောင့် ၎င်းတို့နှစ်ယောက်ကို လွှတ်ပစ်ခဲ့ဟန် လက္ခဏာ ရှိချေ၏။ ကျွန်ုပ်သည် ခင်ခင်ထားဘက်မှ ခုခံ၍ ဦးသာဂိနှင့် သတ်ပုတ်ခဲ့ခြင်းကို ခင်ခင်ထားကိုယ်တိုင် တွေ့မြင်ရသဖြင့် ကျွန်ုပ်အား ၎င်းဂိုဏ်းသားတစ်ယောက် မဟုတ်ကြောင်းကို သိသင့်ပါလျက် ရဲမက်များက ဖမ်းဆီးသောအခါ၌ ကျွန်ုပ်အတွက် ထောက်ခံပြောဆိုပေးခြင်း မပြုခဲ့သည်မှာ မိန်းမတို့၏ မရေရာသော သဘောကြောင့်ပင် ဖြစ်ချေသည်ဟု အောက်မေ့ကာ မိန်းမအားလုံးတို့ အပေါ်တွင် ယုံကြည်သောစိတ် ကင်းမဲ့မိလေ၏။ စင်စစ်မှာ ကျွန်ုပ်သည် မိန်းမများအပေါ်တွင် နဂိုကတည်းက ယုံကြည်ခြင်း နည်းပါးလှ၍ ၎င်းတို့နှင့် အကျွမ်းတဝင် နေထိုင်လေ့ မရှိခဲ့ရာ ရှေ့အဖို့မှာ ပို၍ ဆိုးချေတော့မည်တကား ဟူ၍လည်း စဉ်းစားမိသေး၏။

ရဲမက်များသည် ကျွန်ုပ်တို့လူစုကို ရွှေဘိုမြို့သို့ ခေါ်ဆောင်သွား၍ အကြီးအမှူးဖြစ်သော ရဲမက်ကြီးသည် ကျွန်ုပ်တို့ကို အရာရှိတစ်ယောက်ထံ ခေါ်သွားလေရာ အရာရှိသည် ကျွန်ုပ်တို့ အားလုံးကို အချုပ်ထဲသို့ သွင်း၍ ချုပ်ထားလိုက်လေ၏။ ထမင်းစားချိန်တွင် ဦးသာဂိနှင့် ၎င်းတို့၏ တပည့်မများသည် ညံ့ဖျင်းလှသော အချုပ်ထမင်း၊ အချုပ်ဟင်းကို စားနိုင်ကြလေရာ ကျွန်ုပ်မှာမူ အရာရာကို မကျေနပ်လျက် ရှိနေသောကြောင့် ထမင်းတစ်ထပ်မျှ မစားဘဲ ရေမျှလောက်ကိုသာ သောက်၍ နေခဲ့လေ၏။

အချုပ်ထောင်ထဲတွင် ကျွန်ုပ်တို့လူစုအပြင် ယခင်က ရှိနေနှင့်သော အချုပ်သမား သုံး လေးယောက်တို့လည်း ရှိကြလေရာ ၎င်းအနက်တွင် ရုပ်လက္ခဏာ မွန်ရည်လှ၍ အသက် ၄၀ ကျော် အရွယ်ခန့်ရှိသော လူကြီး





တစ်ယောက်လည်း ပါရှိလေ၏။ ထိုလူကြီးမှာ ကြွေးမှုနှင့် အချုပ်ခံနေရသူ တစ်ယောက် ဖြစ်လေရာ ကျွန်ုပ်၏ အဖြစ်အပျက်ကို မေးမြန်းပြီးနောက် ကျွန်ုပ်၏ ဖခင်ကိုလည်း သိကျွမ်းခဲ့ဟန် လက္ခဏာ ရှိပေ၏။ ကျွန်ုပ်သည် ထိုလူကြီးနှင့် စကားလက်ဆုံဝင်ခဲ့၍ ဒေသန္တရ ဗဟုသုတနှင့် ပတ်သက်၍ ထိုလူကြီးထံမှ များစွာ ကြားနာ မှတ်သားရပေ၏။ ရန်ကုန်မြို့သို့ လည်းကောင်း၊ ဗန်းမော်၊ မြစ်ကြီးနား၊ မော်လမြိုင် စသော မြို့များသို့ လည်းကောင်း ရောက်ခဲ့ဖူးသော လူကြီးတစ်ယောက် ဖြစ်ပေရာ ထိုခေတ်အခါက ဤမျှလောက် ရောက်ပေါက်ဖူးခဲ့လျှင်ပင် ဗဟုသုတ စုံလင်လှပြီဟု မှတ်ထင်လောက်ပါပေပြီ။

ထိုညဉ့်၌ ကျွန်ုပ်သည် ၎င်းလူကြီးနှင့်ယှဉ်လျက် အိပ်ရင်း စကားပြောနေကြစဉ် ဦးသာဂိသည် ၎င်း၏တပည့်မများအား ကိုယ်တွေ့ အောက်လမ်းစကားထူးများ ဟောပြောရုံမျှမက ၎င်းတို့အား ဖမ်းဆီး ချုပ်နှောင်ထားသော အရာရှိအားလုံးတို့ကို မည်ကဲ့သို့ ပြုလိုက်မည်၊ မည်ကဲ့သို့ ဖြစ်စေမည် စသည်ဖြင့် ကျယ်လောင်စွာ ကြုံးဝါး ကျိန်ဆဲ ရေရွတ်နေလေရကား၊ ကျွန်ုပ်တို့မှာ မအိပ်နိုင်အောင် ရှိနေကြလေတော့၏။ ၎င်း၏ဂိုဏ်းသား မဟုတ်သူ အခြား အချုပ်သမားများက တောင်းပန်ကြသော်လည်း မရချေ။ အချုပ်တွင်း၌ကား ရေနံချေး မီးခွက်ကလေး တစ်ခွက်သည် မှိတ်တုတ် မှိတ်တုတ်ဖြင့် တောက်လောင်လျက် ရှိလေ၏။

အတန် ညဉ့်နက်လတ်သော် ကျွန်ုပ်၏မိတ်ဆွေ လူကြီးသည် အိပ်ချင်လှပြီဖြစ်၍ စကားစကို ဖြတ်ပြီးလျှင် အိပ်ရန်ပြင်သော်လည်း ဦးသာဂိ၏ ဆူညံစွာ ကြုံးဝါး ကျိန်ဆဲမှုကြောင့် အိပ်မရဘဲ ရှိရာတွင် အိပ်ရာမှထ၍ ဦးသာဂိအား အရာရှိများကို ကြုံးဝါးလိုလျှင် အရာရှိများ လာသောအခါမှ ကြုံးဝါးသင့်ကြောင်း၊ ယခု ကြုံးဝါးနေသော်လည်း အရာရှိများ မကြားနိုင်သော ကြောင့် မိမိတို့သာလျှင် အိပ်ပျက်ကြရမည် ဖြစ်ကြောင်းနှင့် ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးသာဂိသည် မိမိ၏ချောင်မှ ထလာခဲ့၍ လူကြီးနှင့် ကျွန်ပ်တို့ အနီးသို့ ချဉ်းကပ်ပြီးလျှင်–

'အချုပ်ဆိုတာ ဆူတာ ညံတာပဲ၊ ဆူတာ မကြားချင် အချုပ်ထဲ မရောက်အောင် လုပ်ပါတော့လား'

ဟု ပြောလေ၏။ ထိုအခါ လူကြီးက–

'မောင်မင်းကြီးသား အဝေးက ဆူချေပါ၊ ဒီအနား လာမဆူပြန်ပါနဲ့'

ဟု ပြောလိုက်ရာတွင် ဦးသာဂိက–

'မင်းက ဘာကောင်လဲ ...'

ဟု ငေါက်ကာ ရင်ဘတ်ကို ခြေထောက်နှင့် ကန်ကျောက်လေ၏။

ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ ကျွန်ုပ်မှာ မခံမရပ်နိုင်အောင် ဒေါသဖြစ်လေရကား အိပ်ရာမှ ရုတ်တရက် ထ၍ ဦးသာဂိ ရင်ဘတ်ကို ဦးခေါင်းနှင့် တအားခွေ့လိုက်ရာ၊ ဦးသာဂိမှာ အစ်ခနဲမြည်ကာ နောက်သို့ ဆုတ်ခွာသွားရလေ၏။ နောက်တစ်ခဏ၌ ဦးသာဂိသည် ကိုယ်ကို အရှိန်သတ်ပြီးလျှင် လက်သီးများကိုဆုပ်ကာ ကျွန်ုပ်ထံသို့ ပြေးဝင်လာလေရာ ထိုသူမှာ အရပ်လည်း မြင့်ပြန်၊ ခြေဆံလက်ဆံလည်း ရှည်ပြန်၊ ကာယဗလလည်း ကြီးပြန် ရှိနေကြောင်းကို ကျွန်ုပ် သိမြင်ပြီး ဖြစ်သောကြောင့် ပူး၍ မသတ်ဘဲ ခွာ၍သတ်မှ ဖြစ်နိုင်မည်ဟု ရိပ်မိ၏။ ကျွန်ုပ်မှာ လက်တံတို၍၊ ဗလ မကြီးလှသော်လည်း လျှင်မြန် သွက်လက်သည့် အတွက်ကြောင့် ကျွန်ုပ်ထက် ခွန်အားဗလ ကြီးမားသူများနှင့် သတ်ပုတ်ရာတွင် အကြိမ်ကြိမ် နိုင်ခဲ့ဖူးလေပြီ။ သို့ဖြစ်၍ ဦးသာဂိသည် ဗလအားကိုးနှင့် ကျွန်ုပ်ကို အတင်းဝင်၍ ဖမ်းသောအခါတွင် ကျွန်ုပ်သည် ၎င်း၏ တံတောင်အောက်မှ ငုံ့လျှိုးကာ တိမ်းရှောင်လိုက်ရကား၊ ဦးသာဂိမှာ အားလွန်ပြီးလျှင် ဟပ်ထိုးဖြစ်သွား၍ တစ်ဖက်မှ နံရံကိုသာလျှင် ထိုးကြိတ်မိလေ၏။ ဤနည်းအားဖြင့် နှစ်ကြိမ်သုံးကြိမ်မျှ တိမ်းရှောင်နိုင်ခဲ့လတ်သော် ဦးသာဂိသည် ထင်ကြေးမပေါက်သည်နှင့် ဒေါသကြီးသည်ထက် ကြီးလာပြီးလျှင် နောက်သို့ ပြန်၍ လှည့်ကာ





လှည့်ကာ လက်သီးကြီးများဖြင့် ကျွန်ုပ်ကို အတင်းထိုးကြိတ်ဖို့ ကြိုးစားလေ၏။

၎င်း၏ လက်သီးများသည် ကျွန်ုပ်၏ ပခုံးပေါ်သို့ လည်းကောင်း၊ နားအနီးမှ လည်းကောင်း ပွတ်ကာ သပ်ကာ ဝှီခနဲ ဝှီခနဲ ချော်၍သွားလေ၏။ တတိယအကြိမ် တိမ်းရှောင်လိုက်ပြီးနောက် ကျွန်ုပ်သည် အကွက်ကောင်းကို စောင့်ကြည့်၍ အရှိန်ကြီးနှင့် အတင်းဝင်လာသော ဦးသာဂိ၏ ပါးချိတ်ကို တအားကော်၍ ကျုံးလိုက်ရာ အစ်ခနဲ မြည်သောအသံကို ကြားလိုက်ရပြီးနောက် ဒယီးဒယိုင်နှင့် ဆုတ်သွားသည်ကို မြင်လိုက်ရ၏။ ထိုအခါ၌ကား ကျွန်ုပ်သည် ရှေ့သို့ ရုတ်တရက် ပြေးသွား၍ လဲလုမတတ် ဖြစ်နေသော ဦးသာဂိ၏ ခြေထောက်ကို ခြေကလိမ်ချိတ်ကာ ရင်ဘတ်ကို တွန်းလှဲလိုက်ရာတွင် ဗိုင်းခနဲ လဲကျသွားလေတော့၏။ ၎င်းနောက် ကျွန်ုပ်သည် သတိမရတရ ရှိနေသော ဦးသာဂိ၏ ခြေထောက်နှင့် လက်များကို စောင်ဖြင့် ချည်တုပ်ပြီးလျှင် ပါးစပ်ကိုလည်း အဝတ်ဖြင့် ဆို့ထားလိုက်လေ၏။ ထိုအခါမှ အခြားသော အချုပ်သမားများသည် ကျွန်ုပ်ကို ဩဘာပေးကြလေရာ ဦးသာဂိသည် ထိုအချိန်မှစ၍ အနှောင့်အယှက် မပေးတော့ဘဲ ကြမ်းပေါ်တွင် ငြိမ်ဝပ်စွာ အိပ်နေလေတော့၏။

နံနက်လင်းသောအခါ ကျွန်ုပ်သည် အိပ်ရာမှ ထ၍ ဦးသာဂိကို အနှောင်အဖွဲ့မှ ဖြေပေးလိုက်လေရာ ဦးသာဂိသည် ကျွန်ုပ်အပေါ်တွင် ရန်ငြိုးဖွဲ့ဟန် လက္ခဏာမရှိဘဲ ကျွန်ုပ် ပြုသမျှကို သူငယ်လေးသဖွယ် ငြိမ်သက်စွာ ခံနေလေတော့၏။ တပည့်မတစ်ယောက်က ကျွန်ုပ်ကို အပြစ်တင်မည် ပြုခြင်းကိုပင် ဦးသာဂိက လက်ပြ၍ တားဆီးထားလိုက် ပေသေး၏။

ဆွမ်းခံဝင် အချိန်ခန့်တိုင်လတ်သော် ရဲမက်အရာရှိတစ်ယောက်သည် အချုပ်ခန်းထဲသို့ ဝင်လာ၍ အချုပ်သမားများ၏ မျက်နှာကို တစ်ယောက်စီ ကြည့်ပြီးလျှင် ကျွန်ုပ်ကို မြင်သောအခါတွင် လက်ယပ်ခေါ်ငင်သဖြင့် ကျွန်ုပ်လည်း လွယ်အိတ်ကလေးကို ကောက်ယူကာ လိုက်ပါသွားလေ၏။ အပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ အရာရှိသည် ကျွန်ပ်ကို အဆောက်အအုံတစ်ခု အတွင်းသို့ ခေါ်သွား၍ သင်ဖြူး၊ ကော်ဇောတို့ဖြင့် သပ်ရပ်စွာ ခင်းကျင်းထားသော အခန်းတစ်ခန်းသို့ သွင်းလိုက်လေရာ တစ်ခုသောထောင့်၌ ခေါင်းပေါင်းဖြူ ဖော့လုံး၊ ထိုင်မသိမ်း အင်္ကျီ စသည်တို့ဖြင့် သပ်ရပ်စွာ ဝတ်ဆင်ထားသည့် မွန်ရည်သော လူကြီးတစ်ယောက် ခုံတစ်ခုပေါ်တွင် ထိုင်လျက် ရှိလေ၏။ ၎င်းအနီး၌ကား ဇလာထဘီ၊ မိန်းမဝတ်အင်္ကျီ စသည်တို့ဖြင့် ယဉ်ကျေးစွာ ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက် ထိုင်လျက်ရှိရာ ၎င်းကို မြင်လိုက်ရသဖြင့် ကျွန်ပ်၏ မျက်နှာမှာ ရှိန်းခနဲ ဖြစ်သွားလေတော့၏။ ထိုသူငယ်မမှာ အခြားမဟုတ်၊ ယခင်က နှစ်ကြိမ် တွေ့ခဲ့ဖူးသည့် ခင်ခင်ထားပင် ဖြစ်ပေသောကြောင့်တည်း။

အရာရှိကြီးသည် ကျွန်ပ်အား ခပ်တင်းတင်း မျက်နှာထားမျိုးနှင့် လှမ်းကြည့်ပြီးနောက်–

'ဒီကောင် ဟုတ်ကဲ့လား.....လူပုံက ခပ်ဆိုးဆိုးပါကလား.....'

ထား။ ။(ကျွန်ပ်ကို သေချာစွာ ကြည့်ဟန်ပြုပြီးနောက်)
'မှန်ပါတယ် ဦးလေးမြတ်ရယ်.....ဒီလူပါပဲ'

မြတ်။ ။'ဒါဖြင့် ဟိုအရှုးတွေထဲမှာ သူ မပါဘူးပေါ့လေ၊ တူမကြီးကို သူက ကူညီဖို့ ကြိုးစားတယ်လား.....ဟုတ်စ'

ထား။ ။'ထားကို သူက သာမန် မိန်းကလေးစားမျိုး မှတ်လို့ ကူညီမယ် ကြံပါတယ်၊ ထားက ဒီအရှုးတွေ တစ်ပြုံတစ်ခေါင်းလောက် ဘာကြောက်လိမ့်မှာလဲ။ ဒါပေမဲ့ သဘောရိုးနဲ့ ကူညီဟန် တူပါတယ်'

မြတ်။ ။'နို့ပေမဲ့ သူက ရဲမက်တွေကိုတောင် ခုခံသေးဆိုပါကလား ထားရဲ့'

ထား။ ။'ရှုပ်ယှက်ခတ်နေတဲ့ အထဲမှာတော့ ရန်သူရယ်၊ မိတ်ဆွေရယ် မခွဲခြားနိုင်လို့ ထင်ပါရဲ့ ဦးလေးမြတ်ရယ်။ အစာကျွေးတဲ့လူ့ရဲ့ လက်ကို မှားပြီး ဟပ်မိတဲ့ ခွေးလိုပေါ့'





မြတ်။ ။'ငါ့တူမက ဥပမာပြ ကောင်းပါပေ့ကွယ်.....ရှေ့နေလုပ်ဖို့ ကောင်းတယ်။ ဒါဖြင့် တူမကြီးက ဒီလူကို လွှတ်စေချင်တယ်လား'

ထိုအခါ ခင်ခင်ထားက ဦးခေါင်းညိတ်၍ ပြလိုက်၏။

မြတ်။ ။(ကျွန်ပ်အား လှည့်ကြည့်လျက်) 'ဟေ့လူ.....ဒီသူငယ်မက တောင်းပန်တဲ့အတွက် ငါ လွှတ်လိုက်တယ်၊ တူမကြီးရဲ့ ကျေးဇူးဟာ မင့်အပေါ်မှာ အပုံပဲ ကြီးပေတယ်.....ဘာပြောချင်သလဲ'

ထိုအခါ ကျွန်ပ်မှာ ခွေးနှင့် အနှိုင်းခံရသည့်ပြင် ခွေးတစ်ကောင်ကို လွှတ်လိုက်ပုံကဲ့သို့ လုပ်လိုက်ခြင်းဖြစ်သောကြောင့် ကျေးဇူးမတင်နိုင်သည့်ပြင် ဒေါသမာန်ထလျက် ရှိနေလေ၏။ ခင်ခင်ထားမှာ ကျွန်ပ်အတွက်နှင့် ရွှေဘိုသို့ ဤအချိန် ရောက်စေရန် နံနက်စောစောကြီး ထ လာရခြင်း ဖြစ်ပေသည့် အကြောင်းကိုမူလည်း သတိမရနိုင်ချေ။ ကျွန်ပ်ကို လွှတ်စေရန် ကြိုးစားရာတွင်လည်း ခင်ခင်ထားသည် ဟုတ်မှန်သည့်အတိုင်း ဖြစ်စေမှုအတွက်သာ ဖြစ်ဟန်တူသည်။ ၎င်းအား ကူညီခုခံသည့်အတွက် ကျေးဇူးတင်လှသောကြောင့် ဖြစ်ဟန်မတူ ဟူ၍လည်း စဉ်းစားမိ၏။ ကျွန်ပ်အား အဖက်မတန်သော လူတစ်ယောက်အနေဖြင့် ယူဆဟန်ရှိသောကြောင့် ယဉ်ကျေးစွာ နှုတ်မဆက်သည့်ပြင် ခွေးနှင့်ပင် နှိုင်းလိုက်ချေသေး၏။ သို့ဖြစ်၍ ကျွန်ပ်၏ စိတ်ထဲ၌ လွှတ်လပ်ခြင်းပေးသည်ကို မယူလိုဘဲ အချုပ်မှ မခွာဘဲ နေဦးမည် ကြံမိသေး၏။ သို့သော် စိတ်ကို ချုပ်တည်း၍–

ကျွန်ပ်။ ။'ကျွန်တော့်ကို လွှတ်ဖို့အတွက် ဝန်မင်းကိုရော၊ မိန်းကလေးကိုပါ ကျေးဇူးတင်ပါတယ်။ ကျွန်တော် သွားရတော့မလား'

မြတ်။ ။'သွားနိုင်တယ်..... သွားနိုင်တယ်'

ထား။ ။(ပြုံးစိစိ မျက်နှာထားမျိုးနှင့်) 'မျက်နှာကြီးရှုအောင့်နေလို့ အောက်လမ်းကိုဏ်းသား မှတ်နေကြပါဦးမယ်၊ ပုဆိုးများ ပြဲစုတ်နေတာ ချုပ်ပါဦးတော့'

ဟု ပြောကာ ရှေးနည်းအတူ ရယ်မော၍ လွှတ်လိုက်လေ၏။

ကျွန်ပ်သည် အလွန်တရာ အခံရ ခက်လှစွာသော ရယ်မောသံကို



www.burmeseclassic.com

www.burmeseclassic.com



နားထဲတွင်စွဲလျက် မြို့ဝန်မင်း၏အခန်းမှ ထွက်လာခဲ့ပြီးလျှင် ဦးကေသရကျောင်းသို့ လျှောက်လာခဲ့လေ၏။

နောက်များမကြာမီအတွင်း အောက်လမ်းဂိုဏ်းသား မိန်းမများကို အချုပ်မှ လွှတ်လိုက်သော်လည်း ဦးသာဂိအားမူ အထက်မြစ်ညာ မဲဇာအရပ်သို့ ပို့လိုက်ကြောင်း ကြားသိရလေ၏။ ဦးသာဂိကို ပို့မည့်နေ့၌ ကျွန်ုပ်သည် မြစ်ဆိပ်သို့ လျှောက်သွား၍ ကရုဏာ သဘောနှင့် နှုတ်ခွန်းဆက်သပြီးလျှင် မှာထားရန်ရှိက မှာထားခဲ့နိုင်ကြောင်း ပြောသည်တွင်၊ ဦးသာဂိက တကောင်းပင် ရွာနေ မဖွားမှီဆိုသူ မိန်းမအား သူ၏အကြောင်းကို သွားရောက် ပြောပြရစ်ပါရန် မျက်ရည်ကလေးဝိုင်းကာ မှာထားခဲ့ရှာသေးသတည်း။

## အခန်း [ ၄ ]

အထက်ပါ အခြင်းအရာတို့ ဖြစ်ပျက်ပြီးသည့်နောက် တစ်လခန့်ကြာသောအခါ ကျွန်ုပ်၏ဖခင် မကျန်းမာကြောင်း ကြားသိရသည်နှင့် ကျွန်ုပ်သည် မန်ကျည်းတဲ့ရွာသို့ ပြန်သွားရလေရာ၊ ဖခင်မှာ ကျွန်ုပ်ရောက်ပြီးသည့်နောက် သုံး လေးရက်အတွင်း၌ပင် ကွယ်လွန်အနိစ္စ ရောက်ရှာလေ၏။ မိခင်သည် တစ်ဦးတည်းသော သားပင် ဖြစ်သော်လည်း ကျွန်ုပ်အား ၎င်းနှင့်အတူ နေထိုင်ခြင်းအားဖြင့် ကြီးပွားဖို့ လမ်းမရှိကြောင်း သိမြင်သည်နှင့် ဖခင်၏ ဈာပနကိစ္စ ပြီးစီးသည်နှင့် တစ်ပြိုင်နက် ကျောက်မြောင်းသို့ ကျွန်ုပ်အား သွားစေ၍ ၎င်း၏ မောင်အရင်းဖြစ်သူ ဦးသူတော်ထံတွင် ကုန်စည်ကူးသန်း ရောင်းဝယ်မှုအလုပ်ကို သင်ကြားစေရန် စေလွှတ်လိုက်လေ၏။

ဦးသူတော်မှာ မုဆိုးဖိုကြီးဖြစ်၍ သားသမီး မရှိသည့်ပြင် လောင်းလှေကြီး လေး ငါး ခြောက်စင်းဖြင့် မြစ်ကို စုန်ဆန်ကာ အထက်ကုန် အောက်ကုန်များကို သယ်ယူရောင်းချခြင်းအားဖြင့် ဓနဥစ္စာ အတော်ပင် ကြွယ်ဝသူတစ်ဦး ဖြစ်ချေ၏။ ကျွန်ုပ် ရောက်သွားပြီးနောက် ကျွန်ုပ်၏ လုပ်ပုံကိုင်ပုံ၊ ဖွဲ့သတ္တိ





ကောင်းပုံ၊ စွန့်စားလိုသော စိတ်သဘောထားရှိပုံ တို့ကို တွေ့ရှိရသောအခါ ဦးကြီးသည် ကျွန်ုပ်အား များစွာ နှစ်သက်အားရခြင်းဖြစ်၍ နေရာတကာ မျက်နှာလွှဲပြီးလျှင် သားအရင်းတမျှ ချစ်ခင် ကြင်နာခြင်း ရှိပေ၏။

ကျွန်ုပ်သည် ဦးကြီး၏နေအိမ်သို့ ရောက်၍ ခြောက်လခန့် အတူနေထိုင်မိလေလျှင် ဦးကြီးနှင့်အတူ စီးပွားရှာမှုတွင် တွဲဖက် လုပ်ကိုင်ခဲ့ရသည့်အတွက်ကြောင့် လူငယ်သဘော ပပျောက်ပြီးလျှင် ရောင်းမှုဝယ်မှု၊ ကြီးပွားမှုကိစ္စများနှင့် လူကြီးသဘောသို့ ရုတ်ခြည်းပင် ပြောင်းလဲခဲ့လေပြီ။ ထိုအချိန်ကာလ အတောအတွင်း၌ ကျွန်ုပ်သည် ခင်ခင်ထား၏ ပြောင်လှောင်ရယ်မောခြင်းနှင့် စစ်သည်ရဲမက်၏ ရိုက်နှက်ခြင်းခံရသည့် အဖြစ်အပျက် နှစ်ခုတို့မှာ စိတ်ထဲတွင် မမေ့နိုင်အောင် စွဲလျက် ရှိနေလေတော့၏။

ခပ်တုတ်တုတ်နှင့် တန်းလျက်ရှိသော မျက်ခုံးရှိသူ ခင်ခင်ထားကို ကျွန်ုပ်သည် မျက်စိထဲတွင် မြင်လျက်ရှိသော်လည်း စင်စစ်အားဖြင့် ၎င်းအား ချစ်ကြိုက်သည် မဟုတ်၊ မုန်းပင် မုန်းသေးသည်ဟု အောက်မေ့၏။ ကျွန်ုပ်အား အဖက်မတန်သော တောသားကလေး တစ်ယောက်သဖွယ် ပြုမူလိုက်သော ခင်ခင်ထားကို နှိမ်လိုလှသော စိတ်သာလျှင် အားကြီးလှ၍ ၎င်း၏မာနကို ချိုးလိုလှ၏။ သို့သော် ထိုကဲ့သို့ ဖြစ်နိုင်လောက်အောင် မည်ကဲ့သို့သော အခွင့်အရေးမျိုး ဖြစ်ပေါ်ပါမည်နည်း ဟူ၍လည်း လူငယ်ပီပီ အမျိုးမျိုး တွေးတော စိတ်ကူးလာခဲ့၏။

ထိုအချိန်အခါ၌ ကျွန်ုပ်မှာ အသက် ၂၀ သို့ ချဉ်းကပ်ခဲ့ပြီ ဖြစ်၍ လူပျိုကလေးတို့ဘာဝ အလျောက် လှပချင်သောဆန္ဒ အားကြီးလာသည်နှင့် ကျွန်ုပ်၏မျက်နှာကို မှန်ထဲတွင် မကြာခဏ ကြည့်မိလေရာ အားရလှအောင် မရှိလှချေ။ ဦးခေါင်း ခပ်ကြီးကြီး၊ ဝက်ခြံထူထူ၊ နှာခေါင်းပုတိုတိုရှိသော မျက်နှာမျိုး ရှိသည်ဖြစ်၍ ကျွန်ုပ်ကိုယ်ကိုပင် ကျွန်ုပ်သည် လူချော လူလှတို့၏ စာရင်းတွင် မသွင်းနိုင်ချေ။ သို့သော် ကောင်းသော အချက်များကို ရှာ၍ ကြည့်ပါမူကား ကျွန်ုပ်သည် အလွန် ကျန်းမာ ကြံ့ခိုင်သော ကိုယ်ကာယရှိ၍



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးတို့ထက် အပင်ပန်းခံနိုင်၏။ ခြေဆံ မရှည်လှသော်လည်း သူတစ်ပါးတို့ထက် လျင်မြန်စွာ လမ်းလျှောက်နိုင်၍ မည်မျှလျှောက်စေကာမူ ညောင်းညာ ပင်ပန်းခြင်း မရှိချေ။ မျက်လုံးများမှာ သူတစ်ပါးတို့ထက် ပို၍ မကြည်လင်သော်လည်း သူတစ်ပါးတို့ထက် အဝေးသို့ လှမ်း၍ မြင်နိုင်သော သတ္တိ ရှိ၏။ အတွင်းသဘောကို စစ်ဆေး ဆင်ခြင်ပြန်သောအခါ ကျွန်ုပ်မှာ ရဲလှပါသည်ဆိုသော လူတို့ထက် မလျော့သောသတ္တိ ရှိသည်ဟု ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက် ချမိပေ၏။

ကျွန်ုပ်သည် ဘကြီး၏လက်အောက်တွင် အလုပ်လုပ်၍ လအနည်းငယ် ကြာရှိလျှင်ပင် ငါသည် ဤတစ်သက်တွင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား စွမ်းဆောင် လုပ်ကိုင်ရမည့် လူတစ်ယောက် ဖြစ်လိမ့်မည်ဟု မိမိကိုယ်ကို မိမိ ထင်မြင်မိသည်ဖြစ်၍ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခုခံမှုဆိုင်ရာ ပညာတို့ကို လေ့လာဆည်းပူးခဲ့၏။ သို့ဖြစ်၍ လက်ဝှေ့ထိုးခြင်း၊ နပန်းကိုင်ခြင်းတို့အပြင် ဓားသိုင်း၊ လှံသိုင်း တို့ကိုလည်း ရှမ်းဆရာကြီးများထံသို့ ချဉ်းကပ် သင်ကြားခဲ့ဖူး၏။ ထို့ပြင် လေးမြား ပစ်ခတ်ခြင်း အတတ်ကိုလည်း လေ့ကျင့်သင်ကြားခဲ့သေးရာ အတော်အတန် လူတို့ အံ့ဩလောက်အောင် လက်ဖြောင့်ခြင်း အစွမ်းကို ပြနိုင်ခဲ့ပေ၏။ လေးမြားအတတ်၌မူ ကျွန်ုပ်သည် အထူးပင် အထုံဝါသနာ ပါခဲ့သည်ဖြစ်၍ လေးတစ်စင်းကို အသပြာ ၁၀၀ မျှ အကုန်ခံ၍ အထူးသစ်သားဖြင့် ကိုယ်တိုင် ခုတ်လုပ်ပြုပြင်ထားရာ၊ မြားတံများကိုလည်း ထိုနည်းအတူ အထူးတလည် ပြင်ဆင်ထားခဲ့၏။ ကျွန်ုပ်သည် ကိုယ်တိုင် ခုတ်လုပ် ပြုပြင်ထားသော ထိုလေးကို “ခင်ခင်ထား” ဟူသော အမည်ဖြင့် တိတ်တဆိတ် မှည့်ခေါ်ထားလေ၏။

၁၂၄၀ ပြည့်နှစ်တွင် မင်းတုန်းမင်းဘုရင် နတ်ရွာစံလွန်တော်မူခဲ့၍ သီပေါဘုရင် နန်းတက်ခဲ့သည်တွင် ကျွန်ုပ်နှင့် ဦးကြီးတို့သည် ဗန်းမော်မြို့တွင် ကျွန်ုပ်အား ကိုယ်စားလှယ်အဖြစ် ထား၍ တရုတ်ကုန်စည်များကို ဝယ်ခြမ်းခြင်း၊ အောက်ကုန်များကို ရောင်းချခြင်း စသော အလုပ်ကို ဦးစီးလုပ်ကိုင်စေ





ရန် အကြံအစည် ပြုခဲ့ကြ၏။ သို့ရာတွင် တိုင်းပြည်ငြိမ်သက်ခြင်း မရှိမည်ကို စိုးရိမ်ရသေးသည့် အတွက်ကြောင့် ၎င်းစိတ်ကူးအတိုင်း ရုတ်တရက် ဆောင်ရွက်ရန် မတတ်နိုင်သေးဘဲ ရှိနေခဲ့ကြလေသည်။

(ကျွန်ုပ်က) ‘သူတစ်ပါးလို လုပ်ရိုးလုပ်စဉ် မလုပ်ကြဘဲ တစ်ဆိတ်လောက် ထွင်ပြီး လုပ်ကြရလျှင် မြန်မြန်ကြီး ကြီးပွားပါလိမ့်မယ် ဦးကြီးရယ်’ ဟု ပြောသော စကားကို ဦးကြီးသည် ကြိုက်နှစ်သက်ဟန် ရှိ၏။

‘တစ်နေ့တော့ စမ်းကြည့်ကြတာပေါ့ကွယ်’ ဟူ၍ ဦးကြီးက ပြောရှာလေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် လူရှင်းသော ကမ်းနားတစ်လျှောက်တွင် ကျွန်ုပ်၏ ဝါသနာအတိုင်း လေးမြား ပစ်ခတ်လေ့ကျင့်ခြင်း အလုပ်ကို ပြင်ဆင်လျက် ရှိစဉ် ရှမ်းလူမျိုး လေး ငါးယောက်တို့ လျှောက်လာကြ၍ တစ်ယောက်က–

‘မင့်လို ဝါသနာအိုးတစ်ယောက် တွေ့နေပြီကော’ ဟု အဖော်တစ်ယောက်အား ပြောလိုက်၏။ ထိုအခါ ထိုသူက–

‘မင်းလူနဲ့ ငါနဲ့ ပြိုင်ပါတယ်၊ ၅ ကျပ်နဲ့ ၁၀ ကျပ်နဲ့ အကျော့ပေးပြီး လောင်းလိုက်ပါဦးမယ်’ ဟု ခပ်ကြွားကြွား ပြန်ပြောလိုက်၏။ နောက်ဆုံး၌ စပ်ကြားလူတို့က စေ့စပ်ပေးသည့်အလျောက် ရှမ်းလူငယ် တစ်ယောက်နှင့် ကျွန်ုပ်တို့သည် လေးပစ်ပြိုင်ရန် သဘောတူညီကြလေရာ လောင်းကြေးမှာ ငွေ ၁၀ ကျပ်ဖြစ်၏။ ထိုသူမှာ လေးမြား အသင့်မပါသောကြောင့် ကျွန်ုပ်၏ လေးနှင့်ပင် ပစ်ရန် သဘောတူလေရာ ထိုသူသည် ကျွန်ုပ်၏လေးနှင့် မြားတံများကို ကိုင်တွယ် စမ်းသပ် ကြည့်ရှုလိုက်လျှင်ပင် ကျွန်ုပ်အား သာမန်လူတစ်ယောက် မဟုတ်ကြောင်း ရိပ်မိဟန် ရှိ၏။

ကျွန်ုပ်သည် ခြေလှမ်း ၃၀ မျှ ဝေးသော သစ်ပင်တစ်ပင်တွင် တစ်မိုက်ခန့် အဝန်းရှိသော စက်ဝိုင်းတစ်ခုကို ကပ်ထား၍ တစ်ယောက် တစ်လှည့်စီ ပစ်ကြလေရာ ရှမ်းကလေး ပစ်သော ပထမမြားတံသည် စက်ဝိုင်း၏နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် တစ်လက်မခန့် အကွာတွင် စူးစိုက်နေလေ၏။ ဒုတိယမြားတံမှုကား ထိုထက် အတွင်းကျလျက် စူးစိုက်နေလေရာ၊ တတိယမြားတံသည် သာလျှင် ဗဟိုချက်တွင် စူးဝင်နေလေ၏။ ကျွန်ုပ်၏အလှည့်သို့ ရောက်၍ ပစ်လိုက်ရာ ပထမမြားတံသည် ဗဟိုချက်နားတွင် ကပ်လျက် စိုက်နေ၍၊ ဒုတိယမြားတံသည် ရှမ်းကလေး၏ ဗဟိုကျနေသော တတိယမြားတံကို ဖောက်ခွဲလိုက်လေရကား ရှမ်းအဖော်များက သြဘာပေးကြလေ၏။ ၎င်းနောက် ကျွန်ုပ်က–

'အသေ ပစ်ရတာထက် အရှင် ပစ်ရတာက သာပြီး ကောင်းတယ်'

ဟု ပြော၍ ရှမ်းတစ်ယောက်အား ဒင်္ဂါးတစ်ပြားကို ကောင်းကင်သို့ ပစ်မြှောက်စေပြီးလျှင် ကျွန်ုပ်သည် မြားဖြင့် ချိန်မှန်းကာ ပစ်လိုက်ရာ ဒင်္ဂါးသည် လေထဲတွင် လွင့်စဉ် ပါသွားလေတော့၏။ ရှမ်းကလေးလည်း ထိုနည်းအတူ စမ်းသပ် ပစ်ခတ်လေရာ သုံးကြိမ်ပစ်သော်လည်း ပွတ်ကာသီကာမျှ ရှိ၍ တည့်တည့်ကြီး မထိမှန်ချေ။ ထိုအခါမှ ရှမ်းကလေးသည် ကျွန်ုပ်၏အစွမ်းကို ချီးမွမ်းပြောဆိုပြီးလျှင် လောင်းကြေးငွေဖြစ်သော ငွေ ၁၀ ကျပ်ကို သွက်သွက်လက်လက်ပင် ထုတ်ပေးလေ၏။

၎င်းနောက် ရှမ်းကလေးသည် ကျွန်ုပ်၏ လေးနှင့် မြားတံများကို သေချာစွာ ကြည့်ရှု၍ ရောင်းလိုခဲ့လျှင် ရှမ်းမြင်းနှစ်စီးနှင့် လဲလှယ်ရန် ပြောသေးရာ၊ ကျွန်ုပ်က မြင်းငါးစီး ပေးသော်လည်း မလဲနိုင်ကြောင်းနှင့် ပြန်ပြောလိုက်လေ၏။

၎င်းတို့ ထွက်သွားကြပြီးနောက် ရှမ်းဘောင်းဘီနှင့် ရှမ်းခမောက်ဆောင်းလျက် မနီးမဝေးမှ ရပ်ကြည့်နေသည့် အရပ်မြင့်မြင့် လူတစ်ယောက်သည် ကျွန်ုပ်အနီးသို့ ချဉ်းကပ်ပြီးလျှင် ကျွန်ုပ်၏ အမည်ကို မေးမြန်းလေရာ ကျွန်ုပ်က–

'ကျုပ်နာမည်ကို လူတိုင်းက မေးလို့ ပြောရမှာလား'

'တယ် ထန်တဲ့ လူပါလား..... လေးမြားပစ်ကြတာ မြင်ဖူးလှပါပြီ၊





မောင်လောက် တော်တဲ့လူ မတွေ့ဖူးသေးလို့ နာမည်ကို မှတ်ထားချင်လို့ မေးရခြင်း ဖြစ်ပါတယ် မောင်ရယ်'

ဟု ပြောသော်လည်း ကျွန်ုပ်မှာ မိမိ၏အစွမ်းကြောင့် မာန်တက်လျက်ရှိသည်ဖြစ်၍ ကိုယ်နှင့်မဆိုင်သော မေးခွန်းမျိုးကို မမေးရန် ပြောပြီးလျှင် ထိုသူကို အဖက်မလုပ်ဘဲ ထွက်လာခဲ့လေ၏။ ထိုသူကမူ ကျွန်ုပ်၏ အပြုအမူအတွက် စိတ်ဆိုးဟန် လက္ခဏာမရှိဘဲ ပြုံးရွှင်သော မျက်နှာထားနှင့်–

'မြားပစ် ကောင်းသလောက် မာနကြီးတဲ့ သူငယ်တစ်ယောက်ပါပေပဲ' ဟု ပြောကာ ငေးကြည့်နေရစ်လေ၏။

ထိုညဉ့်၌ ကျွန်ုပ်သည် ဘကြီး၏ ကုန်တိုက်မှ နေအိမ်သို့ အပြန်လမ်းခရီးတွင် အတော်အတန် လူပြတ်သော ရပ်ကွက်တစ်ခုကို ဖြတ်သန်း၍ သွားရလေ၏။ ၎င်းရပ်ကွက်မှာ လူရှုပ်လူပွေ တလေကြမ်းပိုးများ ကျက်စားသော အရပ် ဖြစ်သောကြောင့် ညဉ့်အချိန်တွင် လူကောင်းများ ရှောင်ကွင်းတတ်ကြသော်လည်း ကျွန်ုပ်မှာမူ ဓားနှစ်တုတ် တစ်ချောင်းကို ကိုင်ကာ မည်သူ့ကိုမျှ ပမာဏမပြုဘဲ တစ်ယောက်တည်း လျှောက်လာခဲ့လေ၏။

ထိုညဉ့်၌ လဆန်း ၇ ရက်နေ့ ဖြစ်သောကြောင့် ဝိုးဝါးမျှလင်းသော လကလေးသည် အနောက်ဘက် ကောင်းကင်မှ ထွက်ပေါ်လျက်ရှိရာ အိမ်အိုကြီး တစ်ဆောင်ရှေ့သို့ ရောက်သောအခါ လူတစ်ယောက်သည် ကျွန်ုပ်နှင့် ရင်ဆိုင်လျှောက်လာရာမှာ အိမ်အိုကြီးပေါ်သို့ ရုတ်တရက် ချိုးဝင် တက်သွားလေ၏။

ထိုသူမှာ နေ့ခင်းအချိန်က ကျွန်ုပ်၏နာမည် မေးသောသူပင် ဖြစ်ကြောင်းကို လ ရောင်တွင် မြင်လိုက်ရသော်လည်း ထိုသူကမူ ကျွန်ုပ်ကို မှတ်မိဟန် မရှိ၊ ဂရုလည်း မစိုက်ခဲ့ချေ။

ဤလူကြီး ဒီအိမ်မှာ နေလေရော့သလားဟု စိတ်ထဲ၌ အောက်မေ့ကာ ဆက်လက်လျှောက်လာမည် အပြုတွင် လူသုံးယောက်တို့သည် ကပ်ချောင်းချောင်းနှင့် နောက်မှ လိုက်လာ၍ ထိုလူကြီး တက်သွားသော အိမ်အိုကြီးပေါ်သို့ တက်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ လူသုံးယောက်တို့၏ အမူအရာကို မသင်္ကာလှသည်နှင့် ပထမ တက်သွားခဲ့သော လူကြီးကို ခင်မင်လှသည် မဟုတ်သော်လည်း အတန်ငယ် စိုးရိမ်မကင်း ရှိသည်နှင့် တုတ်ကို ကိုင်ကာ အမှတ်မဲ့ ဝင်လိုက်သွားလေ၏။

လှေကားမှာ အတော်အတန် မြင့်လှပေရာ ကျွန်ုပ်သည် တစ်ခုသော အခန်းမှ မီးရောင်ကလေး တလက်လက် ထွက်နေသည်ကို မြင်ရပြီးနောက် ဒိုးဒိုးဒေါက်ဒေါက် အသံများ ကြားရ၍ ဒရောသောပါး ဆင်းပြေးလာသော လူတစ်ယောက်ကို မြင်လိုက်ရသဖြင့် မတိုက်ခိုက်မိစေရန် ရှောင်ဖယ်ပေးလိုက်ရလေ၏။ ဆင်းပြေးလာသော လူသည် ရင်ဆိုင်ခြင်း မပြုဘဲ လှေကားရင်းမှ လမ်းပေါ်သို့ တောက်လျှောက် ထွက်ပြေးသွားလေ၏။

နောက် တစ်ခဏ၌ ရှေးနည်းအတူ ဂိုးဂိုးဂွပ်ဂွပ် အသံများ ကြားရပြန်၍၊ ဒုတိယ လူတစ်ယောက်သည် လှေကားကို သုံးထစ်ကျော် ခုန်ဆင်းပြေးလာ၍ ပထမလူနည်းတူ လမ်းဘက်သို့ ထွက်ပြေး သွားပြန်လေ၏။

ကျွန်ုပ်မှာ အံ့သြစွာနှင့် ငေးကြည့်နေစဉ် တတိယ လူတစ်ယောက်သည် လှေကားတစ်ဖက်သို့ ယိမ်းထိုးကာ ပြေးဆင်းလာပြီးလျှင် ကျွန်ုပ်အနီး လှေကားရင်းတွင် ဒူးထောက်လျက် လဲလိုက်သေး၏။ သို့ရာတွင် နှာကျင်မှုထက် လှေကားထက်မှ ရန်သူကို ပိုမို ရွံ့ကြောက်ဟန် လက္ခဏာနှင့် လက်ထောက်ကာ ထ ပြီးလျှင် ရှေ့လူနှစ်ယောက်တို့၏ လမ်းအတိုင်း လိုက်ပြေးလေတော့၏။

ထိုအခါမှ လှေကားထိပ်မှ အသံက–

'လာခဲ့ဦးလေ၊ ဘယ်သူ ကျန်သေးသလဲ' ဟု မေးလိုက်ရာ၊ ကျွန်ုပ်သည် ထိုလူကြီး၏ အသံကို မှတ်မိသည်နှင့်–

'ရန်သူ မဟုတ်ပါဘူး၊ ကျွန်တော်ပါ' ဟု ပြန်ပြောလိုက်၏။ ထိုအခါ လူကြီးသည် မီးတစ်ခွက်ကို ယူကာ မြှောက်ကြည့်လျက်–





'ဟာ.....သူများ မှတ်တယ်၊ နေ့လယ်က လေးသမားကလေး ပါကလား၊ ဘာလုပ်လာသလဲ'

'လူသုံးယောက်က ခင်ဗျားနောက်က လိုက်သွားတာ မြင်လေတော့ မသင်္ကာလို့ ဝင်လိုက်လာခဲ့ပါတယ်'

'မောင်က ကျုပ်ကို ကူညီမယ်လို့လား.....ဟား.....ဟား.....ဟား..... ဒီအကောင်တွေမျိုး သုံးယောက် မဟုတ်သေးဘူး၊ ဆယ်ယောက်ကိုလည်း ကျုပ် မကြောက်ဘူး။ ဒင်းတို့ ဘယ်ရောက်ကုန်ကြပြီလဲ'

'အားလုံး ပြေးကုန်ကြပါပြီ'

'ကိုင်း..... ဒါဖြင့် ရောက်တဲ့အခါ ကျုပ်အိမ်ပေါ် တက်ခဲ့ပါဦး'

ကျွန်ုပ်သည် ဖိတ်ခေါ်သည့်အတိုင်း အိမ်ပေါ်သို့ တက်သွားသောအခါ လူကြီးသည် လှေကားထိပ်တွင် ကပ်လျက်ရှိသော အခန်းတစ်ခန်း အတွင်းသို့ ခေါ်သွား၍ တရုတ်ကော်ဇော တစ်ချပ်ပေါ်တွင် နေရာထိုင်ခင်း ပေးလေ၏။

ငင်းနောက် ကြိမ်ချုပ်ကရားတစ်လုံးနှင့် လက်ဖက်ရည် ပန်းကန်များကို ထုတ်၍ ပေါက်ပေါက်ဆုပ်၊ ကရေကရာ စသော မုန့်ချိုများဖြင့် ဧည့်ခံကျွေးမွေးလေ၏။ အခန်းတွင်း၌မူ ကွပ်ပျစ်တစ်ချပ်ပေါ်တွင် ခင်းကျင်းထားသော အိပ်ရာမှတစ်ပါး အခြား အိမ်ထောင်ပစ္စည်းများ မရှိသည်နှင့် ခေတ္တမျှ တည်းခိုသော နေအိမ်မျှသာ ဖြစ်သည်ဟု ကျွန်ုပ် တွေးတောမိလေ၏။

ကျွန်ုပ်။ ။ 'ဟိုလူသုံးယောက်က ဘယ်က လူတွေလဲ'

လူကြီး။ ။ 'ကျုပ်ရဲ့ သားချင်းတစ်စုပေါ့ .... မောင်ရယ်၊ သူတို့ အမွေကို ကျုပ်က လုလိမ့်မယ် ထင်ပြီး ကျုပ်ကို သေကြောင်းကြံစည်တဲ့ လူတစ်စုပေါ့'

ကျွန်ုပ်။ ။ 'ခင်ဗျားက ဘယ်သူလဲ၊ မေးပါရစေ'

လူကြီး။ ။ (ပြုံးလျက်) 'ကျုပ်ကိုမေးလျှင် မောင့်ကို ကျုပ်မေးတုန်းက ပြန်ဖြေသလို ပြန်ဖြေဖို့ ရှိတာပေါ့။ သို့သော် ကျုပ်က မောင့်လို ပန်ကြီးပန်ကြီး မလုပ်ပါဘူး၊ ကျုပ်တို့အမျိုးကတော့ တကယ့် ဆွေကြီးမျိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့။ သို့သော် ဆွေမျိုးတစ်စုနဲ့ ကျုပ်နဲ့ မတည့်လေတော့ အိမ်ခြေအတည်မနေဘဲ ခြေဦးတည့်ရာ လျှောက်သွားနေခဲ့တဲ့ လူတစ်ယောက်ပေါ့။ အလုပ်ကတော့ လေ့သူကြီးလည်း ဟုတ်ရဲ့၊ ကုန်သည်လည်း ဟုတ်ရဲ့၊ ဖောင်သူကြီးလည်း ဟုတ်ရဲ့၊ မြစ်ရိုးတစ်လျှောက်မှာ ကျုပ် မလုပ်ဖူးတဲ့ အလုပ်၊ မရောက်ဖူးတဲ့ အရပ်ရယ်လို့ တယ်မရှိပါဘူး၊ တစ်ပြည်ထောင်လုံးနဲ့နေခဲ့ပါပြီ'

ကျွန်ုပ်။ ။ 'ဆွေမျိုးများကတော့ ဘယ်မှာလဲ ခင်ဗျာ'

လူကြီး။ ။ 'များသောအားဖြင့်တော့ ရွှေမြို့တော်မှာပေါ့လေ၊ သိပေါဘုရင်ဟာတောင် ကျုပ်နဲ့ ဆွေမျိုးမကင်းသေးဘူး။ ထားပါတော့'

လူကြီးသည် ထိုစကားကို ခပ်ပြုံးပြုံး မျက်နှာထားနှင့် ခပ်ပေါ့ပေါ့ပြောလိုက်သော်လည်း ၎င်း၏မျက်နှာကို သေချာစွာ ကြည့်မိသောအခါ အလွန်တရာ လူရည်သန့်လှ၍ ရုပ်လက္ခဏာ ကောင်းလှသည့် အဖြစ်ကို တွေ့မြင်ရပေ၏။ အသက်မှာ သုံးဆယ်ကျော်၊ အသားမှာ ဖြူဝါဝါ၊ အရပ်မှာ ခပ်မြင့်မြင့်နှင့် ခံ့ညား တည်တံ့သော အင်္ဂါရုပ်ရှိသည့်ပြင် ပါးချောင် တစ်ဖက်တစ်ချက်၌ ဆေးနီဖြင့် ကြောင်ရုပ်ကလေး အဆင်း အတက် ထိုးနှံ့လျက် ရှိရကား၊ လူချော လူလုကြီးတစ်ယောက် မဟုတ်စေကာမူ အလွန် ကြည့်၍ ကောင်းသော လူတစ်ယောက် ဖြစ်သည်ဟု ကျွန်ုပ် မှတ်ထင်မိလေ၏။

ကျွန်ုပ်။ ။ 'နာမည်ကတော့ ဘယ်လို ခေါ်ပါသလဲ'

လူကြီး။ ။ 'ကျုပ်နာမည်ကတော့ တစ်ရပ်မှာ တစ်မျိုး ခေါ်ကြတာပဲ၊ သို့သော် အဖေ အမေများ ထားခဲ့တဲ့ နာမည်ရင်းကတော့ မျိုးခွန်ထူးတဲ့'

၎င်းနောက် ကျွန်ုပ်သည် သူ၏အကြောင်းကို မေးမိပြီဖြစ်၍ ကျွန်ုပ်အကြောင်းကိုလည်း သူ သိလိုသလောက် ပြောပြရန် ဝတ္တရားရှိသည့်အတိုင်း မိဘ အမျိုးအနွယ်နှင့်တကွ အလုပ်အကိုင်တို့ကို ပြောပြလေရာ၊ ပြောရင်း





ပြောရင်းနှင့် ထိုလူကြီးကို ခင်တွယ် အားကိုးလာခဲ့သည့်နည်းတူ လူကြီးကလည်း ကျွန်ုပ်အား နှစ်သက် တာတွယ်လာခဲ့ဟန် လက္ခဏာ ရှိပေ၏။

ထူး။ ။ (ကျွန်ုပ်ကို ခြေဆုံး ခေါင်းဆုံး ကြည့်ပြီးနောက်) 'မောင့်လို လူစလူနကလေးနဲ့ လူတစ်ယောက်ဟာ တောက်တီးတောက်တဲ့ ကုန်သည်အလုပ်လောက်ကလေးနဲ့ တစ်သက်လုံး အချိန်ဖြုန်းရမည်ဆိုလျှင် နှမြောစရာကြီးပေါ့ မောင်ရယ် ....'

ကျွန်ုပ်။ ။ 'ကျွန်တော်လည်း မြစ်ရိုးတစ်လျှောက် ခရီးသွားမည် စိတ်ကူးထားပါတယ်'

ထူး။ ။ 'ဘယ်ဆီ သွားမလို့ အောက်မေ့သလဲ'

ကျွန်ုပ်။ ။ 'ဗန်းမော်မြို့မှာ ဦးကြီးရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ ကုန်တိုက်တစ်ခု ဖွင့်မယ် အောက်မေ့တယ်'

ထူး။ ။ (ဝမ်းမြောက်ဟန် မျက်နှာထားနှင့်) 'ဗန်းမော်၊ ရွှေကူ တစ်လျှောက်ဆိုတာတော့ ကျုပ်တို့ နားရွက်ရာချင်း ထပ်နေတော့တာပေါ့.... မအိပ်ဖူး၊ မနေဖူးခဲ့တဲ့ နေရာရယ်လို့ မရှိပါဘူး'

ဟု ပြောပြီးလျှင် လူကြီးသည် ကျွန်ုပ်အား မြစ်ကြောင်းခရီးသွားခြင်းနှင့် ဆိုင်ရာ သိသင့်သိထိုက်သော အချက်အလက်များတို့ ပြန်ပြောင်းပြောပြသြဝါဒ ပေးလေ၏။ နောက်ဆုံး၌ လူကြီးသည် ကျွန်ုပ်အား နေအိမ်သို့ရောက်အောင် လိုက်ပို့လေရာ ဗန်းမော်သို့ရောက်၍ အရေးကိစ္စရှိခဲ့လျှင် ၎င်းအား တွေ့အောင်ရှာ၍ အကူအညီတောင်းပါက စောင်မ ကူညီနိုင်မည် ဖြစ်ကြောင်းများနှင့် ပြောပြလေ၏။

ကျွန်ုပ်။ ။ 'ဟိုရောက်တော့ ဘယ်လို မေးရမလဲ ခင်ဗျာ'

ထူး။ ။ 'မြစ်ဆိပ်နားမှာ ဦးတောက်ထိန်ဆိုတဲ့ လူကြီးရဲ့ ထမင်းဆိုင် ရှိလေရဲ့၊ အရေးအကြောင်းရှိလျှင် ဦးတောက်ထိန်ကို တစ်ယောက်ယောက်ပြင်း တွေ့အောင်ရှာပြီး "မြစ်တစ်ဖက် ဝက်လက်ကင်၊ မကျက်ခင် ဖဲ့လို့ စားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ စကားဝှက်ကို ရွတ်ပြလို့ရှိလျှင် ကျုပ်နှင့်တွေ့အောင် စီမံပေးလိမ့်မယ်။ မှတ်ထားနော် .... ကြားလား'

'မှတ်မိပါပြီ ခင်ဗျား'

ငင်းနောက် ကျွန်ုပ်သည် နေအိမ်သို့ ရောက်ပြီဖြစ်၍ လူကြီးနှင့် နှုတ်ဆက် ခွဲခွာခဲ့ကြလေရာ လူကြီးလည်း မည်သူ့ကိုမျှ ဂရုမစိုက်ဆိုသော ခြေလှမ်းမျိုးဖြင့် တေးချင်းကလေး တစ်ပုဒ်ကို ခပ်အေးအေး သီဆိုကာ ငင်း၏ အိမ်ဘက်သို့ ပြန်သွားသည်ကို ရပ်၍ ကြည့်နေမိလေသေး၏။

**အခန်း [ ၅ ]**

ကျွန်ုပ်၏ဦးကြီးသည် ကျွန်ုပ်အား ဗန်းမော်မြို့တွင် ငင်း၏ကိုယ်စားလှယ် အဖြစ်နှင့် နေထိုင်စေရန် အကြံအစည်ပြုခဲ့သည်မှာ အတော်ပင် ကြာခဲ့ပြီဖြစ်ရာ ၁၂၄၂ ခုနှစ်တွင်မှ အကြံအစည် အထမြောက်ခဲ့လေ၏။ ငင်းနှစ် ဝါခေါင်လတွင် ကျွန်ုပ်သည် အောက်အရပ်ဒေသမှ ဆိုက်ရောက်လာသော ကုန်စည်များကို လောင်းလှေကြီးလေးစင်းဖြင့် တင်ဆောင်ကာ တောင်လေကောင်းကောင်းနှင့် ဆန်တက်လာခဲ့ရာ ၁၀ ရက်ခန့် အတွင်းတွင် ဗန်းမော်မြို့သို့ ချောမောစွာ ဆိုက်ရောက်လာခဲ့လေ၏။

လှေကြီးများပေါ်၌ ပါလာသော ကုန်စည်များကို ယခင်က ကြိုတင်ငှားရမ်းထားပြီးဖြစ်သော အိမ်ကြီးတစ်ဆောင်သို့ သယ်ယူသိုလှောင်ကြပြီးနောက် နောက်တစ်နေ့ ညနေခင်းအချိန်တွင် ကျွန်ုပ်သည် မြို့၏အခြေအနေကို ကြည့်ရှုရင်း နေအိမ်မှ တစ်ယောက်တည်း လျှောက်လာခဲ့လေ၏။ လူငယ်တို့ မည်သည်မှာ မရောက်ဖူးသော ဒေသတစ်ခုသို့ ဆိုက်ရောက်လာသည့်အခါတွင် စိတ်ထဲတွင် အလိုလို ကြည့်ရှုင်လတ်ဆတ်ခြင်း ရှိတတ်မြဲအတိုင်း ကျွန်ုပ်သည် မြို့သူမြို့သားတို့ ဝတ်ပုံ၊ စားပုံ၊ နေပုံ စသည်တို့ကို ကြည့်၍





မငြီးငွေ့နိုင်လောက်အောင် ရှိနေသဖြင့် တစ်ရပ်မှ တစ်ရပ်သို့ ရောက်မှန်းမသိ ရောက်လာခဲ့လေ၍ ကျောက်မြောင်းနှင့် ရွှေဘိုမြို့မှ တစ်ပါး မည်သည့်ဒေသသို့မှ မရောက်ဖူးသေးသည့် ကျွန်ုပ်အဖို့မှာ အစစ အရာရာတို့သည် အသစ်ဖြစ်နေသဖြင့် ကြည့်ရှု၍ အားမရနိုင်လောက်အောင် ရှိနေပေ၏။

ကျွန်ုပ်သည် လူစည်ကားသော ရပ်ကွက်များကို ဖြတ်ကျော်၍ မြစ်ဆိပ်ကမ်းနား တစ်လျှောက် လျှောက်လာခဲ့စဉ် အလွန်တရာ အရပ်မြင့်၍ ပခုံးကျယ်လှသော လူတစ်ယောက်ကို ခဲတစ်ပစ်လောက်တွင် မြင်ရသည်နှင့် ထိုသူ၏ ဟန်ပန်လေသံကို မြင်ဖူးပါသည်ဟု မှတ်ထင်မိလေ၏။ ထိုသူသည် မြစ်နဖူးတွင် စိုက်ပျိုးထားသည့် မုန်လာခင်းကလေးတစ်ခု အတွင်းဖြတ်သန်းကာ လျှောက်လျက်ရှိရာ ထိုသူအား ကြည့်ရင်းကြည့်ရင်း ငင်း၏ ရုပ်လက္ခဏာသည် စိတ်ထဲတွင် ပေါ်၍လာလေ၏။ စင်စစ်သော်ကား ထိုသူသည် အခြားမဟုတ်၊ လွန်ခဲ့သော လေးနှစ်ခန့်လောက်က ကျွန်ုပ်နှင့်အတူ ချုပ်နှောင်ခြင်း ခံရဖူးသည့် ဆရာကြီး ဦးသာဂိပင် ဖြစ်ကြောင်း သတိရလာလေ၏။

နောက်ဆုံး တွေ့စဉ်က ကျွန်ုပ်နှင့် ဦးသာဂိတို့မှာ ရန်ပြေရုံမျှသာ ရှိ၍ မိတ်ဆွေ မဟုတ်ကြပြားသော်လည်း နေရင်းဌာနနှင့် တွေ့ဖူးသော လူတစ်ယောက်ကို တစ်ရပ်တစ်ကျေး အဝေးမြို့ရွာတို့၌ တွေ့ရသည့်အခါ ခေါ်ချင် ပြောချင်သောစိတ် ဖြစ်တတ်သည့်အတိုင်း ကျွန်ုပ်သည် ဦးသာဂိမှန်း သိသည်နှင့် တစ်ပြိုင်နက် လှမ်း၍ ဟစ်ခေါ်လိုက်ရာ၊ ဦးသာဂိသည် ရပ်တန့်ခြင်း မပြုသည့်ပြင် သာ၍ပင် လျင်မြန်အောင် လှမ်းသွားသေးသည်ဟု မှတ်ထင်မိလေ၏။ ငင်းနောက် ကျွန်ုပ်က ငင်းကို မီစေရန် ပြေး၍ လိုက်သောအခါ ထိုသူသည် ကျွန်ုပ်ကို တွေ့လိုဟန် လက္ခဏာမရှိဘဲ မြစ်ဘက်သို့ ဆင်း၍ ပြေးလေ၏။

ထိုအခါ ကျွန်ုပ်သည် ငင်းကို မတွေ့ရလျှင် မနေဟု ဆုံးဖြတ်လျက် မုန်လာခင်းကို ဖြတ်ကျော်ကာ မြစ်ဘက်သို့ ဆင်းလိုက်ပြေးလေရာ ဦးသာဂိ



www.burmeseclassic.com

www.burmeseclassic.com



သည် ကမ်းတွင် ချည်ထားသော ပိန်းကောမ တစ်စင်းကို ရုတ်တရက် ဖြုတ်၍ ခုန်တက်ပြီးလျှင် လှော်ခတ်စ ပြုလေ၏။ သို့ရာတွင် ကျွန်ုပ်သည် ထိုအချိန်တွင် မြစ်ကမ်းပါးသို့ ရောက်နေပြီဖြစ်၍ ထွက်ခွာစ ပြုနေသော ပိန်းကောမပေါ်သို့ အပြေးအလွှား ခုန်တက်လိုက်ပြီးနောက် လှုပ်နေသော လှေပေါ်မှ မကျစေရန် ကိုယ်ကို ဟန်နှင့်ချိန်လျက်ရှိစဉ် ဦးသာဂိသည် ကျွန်ုပ်၏ ဗိုက်ကို လှော်တက်ဖြင့် ထိုးချလိုက်လေရကား ကျွန်ုပ်မှာ ရေထဲသို့ ကျသွားလေ၏။ ရေမှာ ခါးလည်လောက်မျှသာ နက်သော်လည်း ကျွန်ုပ်သည် ပိန်းကောမကို မိအောင် မကိုင်ဖမ်းနိုင်ဘဲ ရှိနေရာ ဦးသာဂိသည် ကျွန်ုပ်ဘက်သို့မျှ လှည့်၍ မကြည့်တော့ဘဲ ရေကြောင်းမှ စုန်ချသွားလေတော့၏။

ကျွန်ုပ်သည် နွံနှစ်များကို ခြေထောက်မှ ဆေးကြော၍ ရေဆိပ်မှ တက်လာခဲ့ပြီးလျှင် မုန်လာခင်းရှင်နှင့် တူသော လူတစ်ယောက်ကို တဲကလေး တစ်တဲတွင် တွေ့၍ ယခင်က ပြေးသွားသော လူရှည်ကြီးကို သိပါသလောဟု မေးကြည့်ရာ ထိုသူက ၎င်းလူရှည်ကြီးသည် လူကောင်း တစ်ယောက် မဟုတ်နိုင်ကြောင်း၊ ရံဖန်ရံခါ မိမိ၏ မုန်လာခင်းသို့ လာ၍ ဟင်းသီးဟင်းရွက်များကို ဖြစ်စေ၊ ကြက်များကို ဖြစ်စေ၊ ဆီ ဆန်တို့ကို ဖြစ်စေ အလစ်သုတ်တတ်ကြောင်း၊ ယခုလည်း မိမိက တဲနောက်မှ ချောင်းပြီး ၎င်း၏ အရိပ်အကဲကို ကြည့်နေစဉ် ကျွန်ုပ်က လိုက်သဖြင့် ထွက်ပြေးသည်ကို မြင်လိုက်ရကြောင်းများနှင့် ပြန်ပြောလေ၏။ ထိုနောက် မုန်လာခင်းရှင်သည် ကျွန်ုပ်အကြောင်းကို မေးမြန်းသဖြင့် ကျွန်ုပ်က ဟုတ်မှန်သည့်အတိုင်း ပြန်ပြောရာတွင် ထိုသူက–

'ကိုယ့်အရပ် ကိုယ်နေတာ ကောင်းသားနဲ့၊ ဒုက္ခရှာတဲ့ သူငယ် တစ်ယောက်ကိုး၊ ဒီနယ်မှာ တောတွင်းသားတွေက ထ မလား၊ တောင်တန်း သားတွေက ထ မလား၊ ဟိုဘက်က လားတရုတ်တွေက ထ မလား၊ တစ်နေ့ နေ့တော့ ဗန်းမော်မြို့သူမြို့သားတွေ ဒုက္ခဖြစ်ကုန်ကြပါလိမ့်ဦးမယ်။ လူကလေးက ပါးရည်နပ်ရည် ရှိပါဘိနဲ့၊ ကျုပ်စကား နားထောင်လျှင် ကိုယ့်





အရပ်ဒေသကိုသာ ပြန်သွားပါ၊ ဓားခုတ်ရာမှာ ဝင်ပြီး လက်မလျှိုလာပါနဲ့၊ ကိုင်း.... ကိုင်း .... ကျုပ်လည်း နွားကျွေးစရာအလုပ် ရှိသေးတယ်၊ ပြန်ဦး တော့....'

ဟု ပြောသည်နှင့် ကျွန်ုပ်သည် ၎င်း၏ တဲကလေးမှ ထွက်ခွာလာခဲ့ ရလေ၏။

တဲအိမ်သို့ရောက်၍ အိပ်ရာသို့ ဝင်သောအခါ ကျွန်ုပ်သည် ဦးသာဂိ ၏ ထူးဆန်းသော အမူအရာအကြောင်းနှင့် မုန်လာခင်းရှင် ပြောသောစကား များကို စဉ်းစားလျက်ရှိရာ၊ ဦးသာဂိမှာ လူဆန်းတစ်ယောက် ဖြစ်သောကြောင့် ထူးဆန်းစွာ ပြုမူခြင်းကို အံ့ဩဖွယ်ရာ မရှိလှချေ။ သို့ရာတွင် အခင်းရှင် ပြောသောစကား၌ တောတွင်းသား သော်လည်းကောင်း၊ တောင်တန်းသား သော်လည်းကောင်း၊ လားတရုတ်များ သော်လည်းကောင်း ထကြွလိမ့်မည် ဆိုခြင်းမှာ အကယ်ပင် ဖြစ်လေသလော။ အကယ်၍ ထိုလူ ပြောသည်အတိုင်း မှန်ကန်ခဲ့ပါလျှင် ကျွန်ုပ်မှာ စွန့်စားခြင်းကို အလိုရှိသူတစ်ယောက် ဖြစ်သော ကြောင့် လာခဲ့မိသည့်အတွက် နောင်တ မရသည့်ပြင် တစ်သက်တစ်ခါ ကြုံတွေ့ရခဲလှသော အဖြစ်အပျက်မျိုးကို ကြုံတွေ့ရပေတော့မည်ဟု ဝမ်းမြောက်သလိုလိုပင် ရှိချေသေးတော့၏။

## အခန်း [၆]

ဗန်းမော်သို့ရောက်၍ ၆ လခန့် ကြာရှိလတ်သော် ကျွန်ုပ်မှာ တရုတ်ပြည်မှ ကျလာသော သားမွေးအကျီ၊ ပိုးရိုင်း စသော ကုန်စည်များနှင့် ၎င်းဒေသထွက် သစ်ကြားသီး၊ သစ်အယ်သီး၊ သစ်သော့သီး အသီးအနှံ အမျိုးမျိုးတို့ကို ဝယ်ခြမ်းရသော ကီစ္စဖြင့် လည်းကောင်း၊ အောက်ပြည် အောက်ရွာမှ ဖင်ပို့ လိုက်သော ကုန်စည်အမျိုးမျိုးတို့ကို သိုလှောင်ရောင်းချရသော လုပ်ငန်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း အချိန်ကုန်လွန်ခဲ့သည်ဖြစ်၍ တောတွင်းသား၊ တောင်တန်းသားတို့ ထကြွမည်ဆိုသော ကိစ္စကို သတိမရနိုင်အောင် ဖြစ်နေခဲ့လေတော့၏။ ကုန်စုံတိုက်ကိစ္စကို ဦးကြီး စိတ်တိုင်းကျအောင် ဆောင်ရွက်ပေးခဲ့၍ ကျွန်ုပ်၏အလုပ်သည် နေသားတကျ ရှိခဲ့လတ်သော် ကျွန်ုပ်သည် သစ်ဖောင်၊ ဝါးဖောင်၊ ကြိမ်ဖောင် စသော လုပ်ငန်းတို့ဘက်သို့ ခြေတစ်ဖက်လှမ်းကာ ချဲ့ထွင် လုပ်ကိုင်လိုပြန်သည်ဖြစ်၍ ဧရာဝတီမြစ်ရိုး တစ်လျှောက်သာမက ရွှေလီချောင်းဘက်သို့ ကိုယ်တိုင်ဆင်းသွား၍ သစ်ဝါးများကို ကုန်စည်ဖြင့် လဲထပ်ရန် စီမံခဲ့ပြန်လေ၏။ ထိုစဉ်အခါက နိုင်ငံခြား ကုန်သည်ကြီးများဖြစ်သည့် ဘုံဘေဘားမားကုမ္ပဏီ စသည်တို့သည် ကျွန်ုပ်ကဲ့သို့ ဖျတ်လတ်စွန့်စားသူ တစ်ဦးတစ်ယောက် ပေါ်ပေါက်လာခြင်းကို မရှုလိုကြသည်ဖြစ်၍ ကျွန်ုပ်၏အလုပ်ကို ခနတည်းဟူသော အင်အားဖြင့် ဖိနှိပ်ရန် စီမံကြလေ၏။ သစ်တောဘက်ဆိုင်ရာ အရာရှိများသည် မြန်မာလူမျိုးချည်း ဖြစ်ကြသော်လည်း မြန်မာလူမျိုး ကုန်သည်တစ်ယောက်ကို အားမပေးကြဘဲ နိုင်ငံခြားသား ကုမ္ပဏီများဘက်သို့ မျက်နှာလိုက်တတ်ကြ၏။ မြန်မာမင်းအစိုးရကိုယ်တိုင်ကပင် နိုင်ငံခြားသား (မျက်နှာဖြူ) ကုန်သည်ကြီးများကို ရွံ့ကြောက်နေကြဟန် လက္ခဏာရှိသည်ဖြစ်၍ အချို့သော ကိစ္စများတွင် ကျွန်ုပ်ထက် အခွင့်အရေး ပေးတတ်ကြ၏။

ကျွန်ုပ်ကမူ မတရားသဖြင့် ကျင့်သည်ဟု ယူဆလောက်သော ကိစ္စမျိုး ပေါ်ပေါက်သည့်အခါတိုင်း မြို့ဝန်ထံသို့ ဖြစ်စေ၊ သစ်ကြီတ်ဝန်ထံသို့ ဖြစ်စေ ကိုယ်တိုင် ဝင်ရောက်ကာ ရှင်းလင်း ပြောပြလေတတ်ရကား၊ အရာရှိကြီးငယ်တို့က ကျွန်ုပ်ကို "လူဆိုးကလေး" တစ်ယောက် ဟူ၍ အချင်းချင်း မေးငေါ့ ပြောဆိုတတ်ကြ၏။ ကျွန်ုပ် ပြောသောကိစ္စ ထမြောက် အောင်မြင်သည် ဖြစ်စေ၊ အထမမြောက်သည်ဖြစ်စေ ကျွန်ုပ်သည် ဘယ်အခါမှ လျှော့၍ မပေးဘဲ အကြီးဆုံးသော အရာရှိထံသို့ ရောက်သည်တိုင်အောင် လမ်းဆုံးလိုက်လေ့ရှိ၏။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်တိုင်အောင် မအောင်မြင်ဘဲ





ရှိခဲ့သော်လည်း စတုတ္ထအကြိမ် အလားတူ ကိစ္စမျိုး ပေါ်ပေါက်ခဲ့လျှင် ကျွန်ုပ်သည် တိုင်မြဲတိုင်း တိုင်တန်း၍ ဆူမြဲတိုင်း ဆူလေ့ရှိ၏။

နိုင်ငံခြား ကုမ္ပဏီကြီးများနှင့် စကားများရပုံ၊ အရာရှိငယ်များ၏ ညှဉ်းပန်းမှုကြောင့် ဆူပွက်ခဲ့ရပုံ၊ အရာရှိကြီးများသို့ ပေါက်ရောက်အောင် ဝင်ခဲ့ပုံ စသည်တို့ကို ဖော်ပြရမည်ဆိုပါလျှင် စာတစ်အုပ်မက ပြည့်လောက်ပေသည် ဖြစ်သော်လည်း ဤအတ္ထုပ္ပတ္တိမှာ ကုန်စည် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ရာဇဝင်စာအုပ် မဟုတ်သောကြောင့် စုံလင်စွာ ဖော်ပြရန် အလိုမရှိပေ။ လိုရင်းအချုပ်၌ ကျွန်ုပ် တောင်းဆိုသမျှသော အချက်တို့အနက် ၁ ကျပ်လျှင် တစ်ပဲခန့်မျှ ရခဲ့သည်သာ များပေရာ နောက်ဆုံး၌ ကျွန်ုပ်သည် နိုင်ငံခြားကုမ္ပဏီများ၏ မုန်းတီးခြင်းကို ခံရ၍ အရာရှိကြီးငယ်တို့၏ ရွံ့ရှာစက်ဆုပ်ခြင်းကိုလည်း ခံခဲ့ရ၏။ သို့ရာတွင် ထိုအတွက်ကြောင့် ကျွန်ုပ်ဝမ်းမနည်းလှချေ။ ဝမ်းနည်းဖွယ်ကောင်းသော အချက်မှာ အချို့သော အမျိုးသား ကုန်သည်များသည် ကျွန်ုပ်၏ ဆူပူမှုကြောင့် အကျိုးခံစားတန်သလောက် ခံစားကြရသော်လည်း ၎င်းအတွက် ကျွန်ုပ်ကို ကျေးဇူးမတင်ကြရုံမျှမက အချို့အရေးတွင် နိုင်ငံခြားသား ကုမ္ပဏီဘက်မှ လိုက်တတ်ကြသေး၏။ အချို့သော လူနံများသည် သူဌေးဟူ၍ ခေါ်သော နိုင်ငံခြားကုမ္ပဏီမှ ကိုယ်စားလှယ်များကို တွင်တွင်ကြီး ဆလံပေးလိုကြ၍ ၎င်းတို့၏ ပြုံးရယ်ခြင်း၊ အရောဝင်ခြင်း စသည်တို့ကို ရွှေလောက်တမျှ သွားရည်ကျတတ်ကြ၏။ သူဌေး ဆိုသူက ကျောကို ပွတ်သပ်လိုက်လျှင် ငွေတစ်သိန်း မြတ်စွန်းသလောက် ရွှင်မြူး ဝမ်းမြောက်ကြဟန် တူပေ၏။

အခြား ဝမ်းနည်းဖွယ်ကောင်းသော အချက်တစ်ခုမှာ ရွှေလီချောင်းသို့ ကျွန်ုပ် သွားရောက်သည့် အချိန်မှစ၍ ကြိမ်၊ ဝါး၊ မျော စသည်တို့ကို ခုတ်ရောင်းကြသော တောသားများသည် ရှေးယခင်ကထက် ၎င်းတို့၏ ပစ္စည်းအတွက် ဈေးနှုန်း ပိုမို၍ ရကြ၏။ လခကြီးတွေ ပေး၍ အလုပ်ခိုင်းရသော နိုင်ငံခြား ကုမ္ပဏီများထက် ကျွန်ုပ်က ကုန်ဈေးနှုန်းကို မြှင့်၍ ဝယ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



၏။ ကြိမ်၊ ဝါးများကို မခုတ်သေးမီကပင် ကျွန်ုပ်က လှော်ဒ်ပါသော ကုန်စည်များကို ကြိုတင်၍ ပေးထားနိုင်၏။ သို့ဖြစ်၍ ၎င်းတို့သည် နှုန်းမှာလည်း ပိုရ၍၊ ကျပ်တည်းသော အချိန်၌ ကုန်စည်လည်း ကြိုတင် သုံးနှင့်ကြရ၏။ သို့ပါလျက် ထိုသူတို့သည် ကျွန်ုပ်နှင့် မှန်ကန်စွာ မဆက်ဆံလိုကြသည့်ပြင် မျက်နှာဖြူများနှင့် ဆက်ဆံရမှ ဂုဏ်ကြီးသည်ဟု မှတ်ထင်တတ်ကြလေသည်။

သစ်ဝါးခုတ်ရန် စိတ်အကြံ မရှိသော သူတို့ကမူ ကျွန်ုပ်ထံမှ ကုန်စည်များကို အကြွေးယူလိုတတ်ကြပေရာ ကျွန်ုပ်က ဓာတ်သိဖြစ်သောကြောင့် အကြွေးမပေးသော အခါ၌ ကျွန်ုပ်ကို ရန်ငြိုးဖွဲ့တတ်ကြလေသည်။ သို့ဖြစ်၍ မြစ်ရိုးတစ်လျှောက်တွင် ကျွန်ုပ်ကို ကြည်ညို ခင်မင်သူများထက် မနာလို မုန်းတီးသူများက ပိုမို များပြားခဲ့လေ၏။

ဇန်းမော်မြို့ပေါ်ရှိ လူကုံထံများ အနက်မှလည်း ကုန်စည်ကူးသန်းမှုဖြင့် ကြီးပွား ထွန်းကားလျက်ရှိသော ကျွန်ုပ်ကို နောက်မှ ပေါ်လာသော "ရွှေကြာပင်" ဟု ခေါ်ဝေါ်ကာ လူဖက်မတန်သကဲ့သို့ ပြုလိုသူတို့လည်း ပေါများလှ၏။ အချို့မှာ မင်းမှိုစိုးကပ် အဖြစ်နှင့် အရာရှိများအိမ်သို့ ဝင်နိုင်ထွက်နိုင်ခဲ့လျှင်ပင် ကုန်သည်အလုပ်ကို အနုံညာတ ဟူ၍ အောက်မေ့ကြ၏။ ယင်းသို့ ဖြစ်ရကား ကျွန်ုပ်သည် ကိုယ်စွမ်းကို ကိုယ်အားမကိုးတတ်ဘဲ သူတစ်ပါး မျက်နှာသာမှသာ စိတ်ချမ်းသာတတ်သူ တစ်ယောက် ဖြစ်ခဲ့ပါမူ ထိုအလုပ်၌ ပျော်ပိုက်နိုင်ဖို့ မရှိချေ။

ယခုမှာမူကား ကျွန်ုပ်သည် မည်သူ၏ မျက်မှန်းကျိုးခြင်းကိုမျှ မကြောက်လန့်ဘဲ စီးပွားရှာခြင်း အလုပ်၌ စိတ်ပါဝင်စား၍ နှလုံးမွေ့လျော်နိုင်သူတစ်ယောက် ဖြစ်သောကြောင့် ဤလူ၊ ထိုလူတို့၏ မနာလို မရှုစိမ့်နိုင်ခြင်း တို့ကို မဖြုလှချေ။ ကိုယ့်လမ်းကို ကိုယ်သွား၍ ကိုယ့်အလုပ်ကိုသာ လုပ်လျက် ရှိနေခဲ့လေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ဘုန်းကြီးကျောင်းတွင် ဇန်းမော်ဆရာတော်





ကြီး တရားဟောမည် ဆိုသောကြောင့် ကြားနာရန် သွားရောက်လေရာ ကျွန်ုပ်နှင့် သိကျွမ်းလာခဲ့သူတို့သည် ကော်ဇောကြီးများ ခင်းကျင်းကာ ထိုင်နေကြသော်လည်း ကျွန်ုပ်အား မည်သူကမျှ နေရာထိုင်ခင်း မပေးချေ။ တရားပွဲပြီးသဖြင့် ကျွန်ုပ်သည် ဘုန်းကြီးကျောင်းမှ ထွက်လာသောအခါ ကာလသားတစ်စုသည် ကျောင်းဝင်းပေါက်၌ စုရုံးကာ "အနီ၊ အနှာ" စသည်တို့ဖြင့် ကျွန်ုပ်ကို ရွှေဘိုနယ် တောသူတောသားများ ပြောဆိုပုံကို ပြောင်လှောင်ကာ ရယ်မောပြောဆိုလျက် ရှိကြ၏။ ကျွန်ုပ်အား တိုက်ရိုက်စော်ကားခဲ့ပါက ၁၀ ယောက်နှင့် တစ်ယောက် ဖြစ်စေကာမူ တုံ့ပြန်ချေပမည် ဖြစ်သော်လည်း အထက်ပါ လှောင်ပြောင်ခြင်းမျိုးလောက်ကိုမူ ကလေးကလား အပြုအမူမျိုးဖြစ်သည်ဟု အောက်မေ့၍ မျက်နှာထား တင်းတင်းနှင့်သာ လျှောက်လာခဲ့လေ၏။

အခါတစ်ပါးတွင်လည်း ဦးကြီး တင်ပို့လိုက်သော ကုန်စည်များသည် လှေကြီးသုံးစင်းဖြင့် ဆိုက်ရောက်လာ၍ ကျွန်ုပ်သည် တပည့်များနှင့် စောင့်ကြပ်ကာ ကုန်စည်များကို လှေများမှ ချလျက်ရှိစဉ် အရက်မူး လေး ငါးယောက်တို့သည် သူတစ်ပါး၏ မြှောက်ပေးမှုအတွက်ကြောင့် ရေဆိပ်သို့ဆင်းလာ၍ ကျွန်ုပ်တို့၏အလုပ်ကို အနှောင့်အယှက် ပေးလေ၏။ သို့ရာတွင် ကျွန်ုပ်၏ လှေသမားများသည် ရွှေဘိုနယ်မှ သတ္တိကောင်းသော လူများဖြစ်ရကား နှုတ်လောက်သာ ဆူတတ်သော ထိုနယ်သားခံ လူမိုက်များအား အလွယ်တကူနှင့် တွန်းလှန်၍ လွှတ်လိုက်နိုင်ကြလေ၏။

အထက်ပါ အဖြစ်အပျက်များနှင့် အခြား အလားတူ အဖြစ်အပျက်များကို တောက်ချင့်လိုက်သော် ကျွန်ုပ်သည် ထိုနယ်တွင် ရန်သူများမည့်အရေးကို သိမြင်သည်ဖြစ်၍ ကျွန်ုပ်တို့နယ်မှ လူခပ်တောင့်တောင့်နှင့် သတ္တိကောင်းသူများကို ခေါ်ယူကာ လက်သပ်မွေး၍ ထားခဲ့လေ၏။ ထိုသူတို့သည် ကျွန်ုပ်၏ ရက်ရောစွာ ပေးကမ်း ကျွေးမွေးခြင်းကို တွေ့ရသည့်အခါ ကျွန်ုပ်အတွက် အသက်ကိုပင် စွန့်လွှတ်ရန် အသင့် ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညသ၌ လူမိုက်တစ်စုတို့သည် ကျွန်ုပ်၏ ကုန်တိုက်ကို မီးရှို့ရန် ကြိုးစားကြရာ ကျွန်ုပ်သည် ထိုအကြောင်းကို သတင်းရပြီး ဖြစ်သောကြောင့် ကျွန်ုပ်၏တပည့်များနှင့် စောင့်နေ၍ ဝင်းထဲသို့ ၎င်းတို့ ဝင်လာသည်နှင့် တစ်ပြိုင်နက် ဝါးရင်းတုတ်များနှင့် ခြိမ်းခြောက်ရိုက်နှက်ကာ လွှတ်လိုက်ကြ၏။

တစ်ယောက်သော သူမှာ အပြေးမသန်သည်ဖြစ်၍ လက်ရ ဖမ်းမိလေရာ ကျွန်ုပ်သည် ဂုဏ်ပြိုင်ဖြစ်သော ကုန်သည်များ၏ လက်ချက်ဖြစ်ကြောင်း သိသည်နှင့် ထိုလူ၏လည်ကုပ်ကို ဓားမြှောင်နှင့်တော့ကာ ကုန်သည်များ စုဝေးရာဖြစ်သော ပွဲရုံသို့ ကျွန်ုပ်ကိုယ်တိုင် ခေါ်ဆောင်သွားခဲ့၏။

ပွဲရုံသို့ ရောက်သောအခါ ကုန်သည်တစ်စုတို့သည် ဝိုင်းဖွဲ့ကာ လက်ဖက်ရည် သောက်ရင်း စကားဖျင်း ပြောလျက် ရှိကြလေရာ ကျွန်ုပ်သည် လူဆိုးကို ၎င်းတို့အလယ်သို့ ထိုးသွင်းလိုက်၍-

'ကိုင်း .... ငါ့လူ၊ မှန်တဲ့အတိုင်း ဖြောင့်ချက်ပေးလိုက်စမ်း'

ဟု အမိန့်ပေးလိုက်လေ၏။

လူဆိုးသည် ကျွန်ုပ်၏ ကုန်တိုက်ကို မီးရှို့ရန် ကြံစည်မိကြောင်း ဖွင့်ဟ ဝန်ခံကာ ထုတ်ဆောင်ပြောဆိုရင်း တစ်ချက်တစ်ချက် ရပ်တန့်နေလျှင် ကျွန်ုပ်က လည်ကုပ်ကို ဓားမြှောင်နှင့် ဖိနှိပ်ကာ တိုက်တွန်း၍ ပေးလေ၏။

ထိုလူ၏ စကားအဆုံးတွင် ကျွန်ုပ် အထူးသဖြင့် မျက်မှန်းကျိုးနေခဲ့သော ကုန်သည်တစ်ယောက်က-

'အလကား ထွင်လုံးတွေပါ၊ မယုံကြပါနဲ့ ....'

ဟု ပြောလိုက်လေရာ၊ ကျွန်ုပ်က-

'ထွင်လုံးမဟုတ်ဘူး ဆရာကြီးတို့ရေ့၊ အဟုတ်အမှန်ချည်း သူပြောနေတာပဲ။ သို့သော် ကျုပ်တစ်ခု ပြောလိုက်မယ်၊ ကျုပ်ကို မုန်းလို့ ပျက်စီး





အောင် ကြံစည်ချင်ကြလို့ရှိလျှင် လူမိုက်ငှားပြီး မခိုင်းကြပါနဲ့၊ သတ္တိရှိလျှင် ခင်ဗျားတို့ကိုယ်တိုင် စမ်းကြည့်ကြစမ်းပါ'

ဟု ပြောကာ ပွဲရုံမှ ထွက်လာခဲ့လေ၏။

ထိုနေ့မှစ၍ လူဆိုးများသည် ကျွန်ုပ်၏အလုပ်ကို အနှောင့်အယှက် ပြုခြင်းမှ ရပ်စဲနေကြသည် ဖြစ်၍ ကျွန်ုပ်မှာ အတော်အတန် သက်သာရာ ရခဲ့လေ၏။ သို့ရာတွင် ကျွန်ုပ်၏ ပြိုင်ဘက်များသည် အခြားသောနည်းဖြင့် နှောင့်ယှက်ရန် စီမံကြပြန်လေ၏။

ထိုစဉ်အခါက ကသာမြို့အထက် မြစ်ကြောင်းတစ်လျှောက်တွင် ရေကြောင်းဓားပြများ သောင်းကျန်း ထကြွလျက် ရှိကြလေရာ၊ တစ်ခါက ဓားပြများသည် ကုန်စည်အပြည့်နှင့် စုန်သွားသော ကျွန်ုပ်၏ လောင်းလှေကြီး သုံးစင်းအနက် သားမွေးအကျီများ တင်ဆောင်သွားသော လှေကြီးတစ်စင်းကို မီးရှို့၍ ဖျက်ဆီးပစ်လိုက်ကြ၏။ ကျန်သော လှေနှစ်စင်းတို့မှာ ရွာနှင့် နီးကပ်လာသောကြောင့် လွတ်မြောက် ချမ်းသာရာ ရသွားကြ၏။

နောက်တစ်ကြိမ်တွင်လည်း ကျွန်ုပ်၏ ဝါးဖောင်ကြီးကို တစ်စီးစီ ခုတ်ဖြတ်၍ မြစ်ကြောင်းတွင် မျှောလိုက်ကြ၏။ တတိယ တစ်ကြိမ်မှာ ကျွန်ုပ်၏ဦးကြီးက ကုန်ဝယ်ရန် ဈေးနှင့်ပို့လိုက်သော ငွေတစ်သောင်းထုပ်ကို လုယူလိုက်ကြ၏။ အခြားကုန်သည်များ၏ ပစ္စည်းများကို တိုက်ခိုက် လုယက်ခြင်း မခံရဘဲ ကျွန်ုပ်၏ ပစ္စည်းတစ်ခုတည်း ရွေးချယ် တိုက်ခိုက် လုယက်ခြင်း ခံရသည်မှာ စဉ်းစားဖွယ်ရာ အချက်ကြီးတစ်ခု ဖြစ်နေလေ၏။

အထူးသဖြင့် ငွေထုပ်ကို ပို့စဉ်က အခြားသူတို့၏ ပစ္စည်းများလည်း ပါရှိကြပါလျက် ကျွန်ုပ်၏ ငွေထုပ်ကိုမှ ကွက်၍ လုယူလိုက်ကြခြင်းမှာ အလွန်တရာ မသင်္ကာဖွယ် အကြောင်းကြီးတစ်ရပ် ဖြစ်ချေတော့၏။

ထိုနှစ်များ၌ "ဘိုမုတ်ဆိတ် အသင်း" အမည်ရှိ လူဆိုးအသင်းကြီးနှင့် "တို့ဗမာ" အမည်ရှိ အသင်းကြီးတို့သည် မြစ်ရိုးတစ်လျှောက်တွင် ကျက်စားနေကြရာ၊ တို့ဗမာ အမည်ခံ အသင်းကမူ နိုင်ငံခြား ကုန်သည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များ၏ ပစ္စည်းကိုသာ ရာခိုင်နှုန်းဖွဲ့ကာ အခွန်အတုတ် တောင်းခံ၍ မြန်မာကုန်သည်များ၏ ပစ္စည်းကိုမူ လက်ဖျားနှင့်မျှ မတို့ကြချေ။

ဘိုမှတ်ဆိတ် အသင်းကမူ နိုင်ငံခြားသားများ၏ သေနတ် လက်နက်များကို မတုဝ့်သည်ဖြစ်၍ အရချောင်သော မြန်မာကုန်သည်များကိုသာ လုယက်တိုက်ခိုက်လေ့ ရှိလေသည်။

ထိုအသင်း နှစ်သင်းတို့သည်လည်း တစ်သင်းနှင့်တစ်သင်း မတည့်ကြသဖြင့် ရံဖန်ရံခါ တိုက်ခိုက်တတ်ကြကြောင်းနှင့် သတင်းဖြစ်ပွားလျက်ရှိ၏။

ကျွန်ုပ်၏ ပစ္စည်းများကိုမှ ကွက်၍ လုယက်သော အသင်းမှာ ဘိုမှတ်ဆိတ်တို့ လူစုပေလော၊ တို့ဗမာ အသင်းပေလော ဟု ကျွန်ုပ်၏ စိတ်ထဲတွင် မဝေခွဲ မဆုံးဖြတ်နိုင်အောင် ဖြစ်နေလေ၏။

ကျွန်ုပ်သည် မြို့ဝန်မင်းထံသို့ သွား၍ ကျွန်ုပ်၏ ပစ္စည်းသက်သက်မျှကိုသာ ရွေးချယ် တိုက်ခိုက်ကြခြင်းမှာ မသင်္ကာဖွယ်ရာရှိကြောင်းနှင့် ပြောပြတိုင်တန်းသောအခါ၊ မြို့ဝန်မင်းက အစိုးမင်းတို့မည်သည်မှာ လူခပ်သိမ်းတို့ကို ကာကွယ်ရန် ဝတ္တရားရှိကြောင်း၊ ကျွန်ုပ်၏ ပစ္စည်းတစ်ခုတည်း ပျောက်ဆုံးခြင်းမှာ အစိုးရမင်းတို့အဖို့ ခြားနားခြင်း မရှိကြောင်း၊ ကျွန်ုပ်ကို အထူးတလည် ကာကွယ် စောင့်ရှောက်ပေးရန် မတတ်နိုင်ကြောင်းများနှင့် ပြန်ပြောလိုက်လေ၏။

ထိုစကားကို ကျွန်ုပ် မကျေနပ်သော်လည်း မည်သို့မျှ မတတ်နိုင်ခဲ့ချေ။

ထိုကိစ္စ အတွက်ကြောင့် ကျွန်ုပ်မှာ အကြံအိုက်ပြီးလျှင် မအိပ်နိုင်၊ မစားနိုင် ဖြစ်နေစဉ် တစ်ညသ၌ ကျွန်ုပ်သည် ကိုခွန်ထူး၏ စကားကို ရုတ်တရက် သတိရမိလာ၏။

အကြောင်းရှိလျှင် တွေ့အောင်ရှာ၍ လာခဲ့ရန် ကိုခွန်ထူးက မှာထားလိုက်ရာ ကျွန်ုပ်သည် နောက်တစ်နေ့ နံနက်တွင် ကမ်းနား၌ရှိသော ထမင်း





ဆိုင်ရှင် ဦးတောက်ထိန် ထံသို့ သွား၍ ကိုခွန်ထူးဆိုသူကို သိပါသလောဟု မေးမိ၏။ ထိုအခါ ဦးတောက်ထိန်က ကြားလည်း မကြား၊ တွေ့လည်း မတွေ့ဖူးကြောင်းနှင့် ပြန်ပြောလေသည်တွင်မှ ကျွန်ုပ်သည် ကိုခွန်ထူး၏ မှာထားချက် စကားကို သတိရ၍ "မြစ်တစ်ဖက် ဝက်လက်ကင်၊ မကျက်ခင် ဖဲ့လို့ စားလိုက်" ဟု ရွတ်၍ ပြလိုက်လေ၏။ ထိုအခါမှ ဦးတောက်ထိန်သည် ကျွန်ုပ်ကို အိမ်တွင်းသို့ ခေါ်သွား၍ တံခါးကို ပိတ်ကာ တိုင်ပင်လေ၏။

## အခန်း [ ၇ ]

ဦးတောက်ထိန်သည် ကျွန်ုပ်ကို နေရာထိုင်ခင်း ပေးပြီးနောက် ဒန်တိုကြီးကို မီးညှိကာသောက်ရင်း–

ထိန်။ ။ 'မောင်က ဗိုလ်ထိန်ဝင်းနဲ့ ဘာကိစ္စရှိလို့လဲ'

ကျွန်ုပ်။ ။ 'ဗိုလ်ထိန်ဝင်း မဟုတ်ပါဘူး၊ ကိုခွန်ထူးနဲ့ တွေ့ချင်လို့ပါ'

ထိန်။ ။ 'သူ့အမေက မှည့်တော့ ကိုခွန်ထူးတဲ့၊ တပည့်များက ခေါ်တော့ ဗိုလ်ထိန်ဝင်းလို့ ခေါ်ကြတယ်။ ဗိုလ်ထိန်ဝင်းအကြောင်းကို မကြားဖူးဘူးလား'

စင်စစ်မှာ ကျွန်ုပ်သည် တို့ဗမာ အသင်းသားများ အကြောင်းကို ကြားရသောအခါတိုင်း "ဗိုလ်ထိန်ဝင်း" အမည်သည် တွဲဖက်လျက် ပါလာလေရာ ဗန်းမော်မြို့သို့ ကျွန်ုပ် ရောက်လာကတည်းက အကြော်ဆိုင်တိုင်း၊ ထမင်းဆိုင်တိုင်း၊ လက်သုပ်ဆိုင်တိုင်းတို့တွင် ဗိုလ်ထိန်ဝင်း၏ အမည်ကို လူတိုင်း၏ ပါးစပ်တွင် ပြောနေကြသဖြင့် တစ်ဝင်းတည်း ဝင်းနေကြသည်ဟူ၍ပင် အောက်မေ့ခဲ့ဖူး၏။ သို့ရာတွင် ကျွန်ုပ်၏မိတ်ဆွေ ကိုခွန်ထူးမှာ လူပြောများလှသော ဗိုလ်ထိန်ဝင်း ဖြစ်ချေသည်ဟု အနည်းငယ်မျှ မသိမိဘဲ ယခုမှ သိရှိရသဖြင့် အံ့သြစွာ ငေးကြည့်နေမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိန်။ ။ (ကျွန်ုပ်၏ မျက်နှာထားကို မြင်သဖြင့် ပြုံးလျက်) ‘ဗိုလ်ဆိုပေမဲ့ မလန့်ပါနဲ့၊ သစ္စာရှိတဲ့ လူတစ်ယောက်ပါ၊ အရေးကြီးတဲ့ ကိစ္စရှိလို့ လာခဲ့လျှင် သူနဲ့တွေ့ရအောင် ကျုပ် စီမံပေးရတာပေါ့။ နက်ဖြန် နံနက်စောစော လာခဲ့။ လှေအတွက်ရော၊ ရိက္ခာအတွက်ရော ကျုပ်တာဝန်ထားလိုက်ပါတော့’

၎င်းနောက် ကျွန်ုပ်သည် ဦးတောက်ထိန်နှင့် စကားကြာရှည်စွာ ပြောမနေဘဲ နက်ဖြန် လာမည့်အကြောင်းကို ပြောပြီးလျှင် ထမင်းဆိုင်မှ ထွက်ခွာလာခဲ့လေ၏။

နောက်တစ်နေ့ ကြက်ဦးတွန်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ဦးတောက်ထိန်၏ အိမ်သို့ ဆင်းလာခဲ့ရာ ဦးတောက်ထိန်သည် ရှမ်းတရုတ် တစ်ယောက်နှင့်အတူ လောင်းလှေကလေးတစ်စင်းပေါ်သို့ စားနပ်ရိက္ခာများ တင်လျက်ရှိသည်ကို တွေ့ရလေ၏။ ရှမ်းတရုတ်သည် ကျွန်ုပ်ကို မြင်သောအခါ တွေ့ဖူးဟန် လက္ခဏာနှင့် နှုတ်ဆက်လေရာ ကျွန်ုပ်က သေချာစွာ ကြည့်သောအခါမှ မှတ်မိလေ၏။ လွန်ခဲ့သော တစ်နှစ်ခန့်လောက်က ကျွန်ုပ်သည် နေဝင်ရီတရော အချိန်တွင် မြင်းတစ်စီးနှင့် တောမှ ပြန်အလာ လူပြတ်သော မြို့အဝင်တွင် အရက်မူးသုံးယောက်တို့သည် ရှမ်းလိုလို၊ တရုတ်လိုလို ရှိသော လူတစ်ယောက်ကို ဝိုင်း၍ လုယက်နေကြရာ ကျွန်ုပ်သည် မြင်းနှင့် အတင်းဝင်၍ တစ်ယောက်ကို တိုက်လိုက်ပြီးနောက် တစ်ယောက်ကို ကြိမ်လုံးနှင့် ရိုက်နှက်လိုက်သည်တွင် ရှမ်းတရုတ်က တတိယ တစ်ယောက်၏ ဦးခေါင်းကို တုတ်နှင့် ရိုက်ခွဲလိုက်သဖြင့် ထွက်ပြေးကြလေ၏။

ကျွန်ုပ်မှာမူ ဒုတိယလူ၏ လက်ချက်ကြောင့် နားရွက်တစ်ဖက် စုတ်သွားရုံမှတစ်ပါး ဒဏ်ရာ အနာတရ မထိခိုက်ဘဲ လွတ်လာခဲ့ရာ ရှမ်းတရုတ်သည် ကျွန်ုပ်ကို ကျေးဇူးတင်ကြောင်း ပြောပြီးနောက် ခွဲခွာသွားကြလေ၏။ ဦးတောက်ထိန်နှင့်အတူ လှေကို ရေပက်လျက် ရှိသောလူမှာ ထိုသူပင် ဖြစ်လေ၏။ ဦးတောက်ထိန်က ထိုလူ၏ အမည်ကို “ရှီလန်”





ခေါ်ကြောင်း ပြောပြ၍ ဗိုလ်ထိန်ဝင်းထံသို့ လိုက်ပို့မည်ဖြစ်ကြောင်း သိရှိရလေ၏။

နေထွက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်နှင့် ရှီလန်တို့သည် လောင်းလှေကလေးနှင့် စုန်လာခဲ့ကြလေရာ ကျွန်ုပ်မှာ လှေဦးတွင် ထိုင်လျက်၊ ရှီလန်သည် လှေကို ပဲ့ကိုင်၍ လိုက်လေ၏။ လှေဝမ်းတွင် ပေါင်းမိုးကလေးနှင့် တကွ မီးဖိုကလေးလည်း ပါရှိ၍ ရေဆန်တွင် ရွက်တိုက်ရန်အတွက် ရွက်တစ်ခု ပါလာလေ၏။

နံနက်စာစားချိန်တွင် ကျွန်ုပ်တို့သည် ဦးတောက်ထိန် ပေးလိုက်သော ထမင်းနှင့် ငါးကြော်တို့ကို စားသောက်ကြ၍ မီးဖိုကလေးတွင် ကျွန်ုပ်တည်ထားသော လက်ဖက်ရည်ကြမ်းတစ်အိုးကို သောက်ကြ၏။ နေပူသောအချိန်တွင် ကျွန်ုပ်သည် ပေါင်းမိုးအောက်တွင် တစ်ရေးတစ်မော အိပ်၍ အိပ်ရာမှ နိုးသောအခါ ရှီလန်အား တစ်လှည့်နားစေရန် လှေကို ပဲ့ကိုင်မည်ပြုလေ၏။ သို့ရာတွင် ရှီလန်က ကိစ္စမရှိဆို၍ ပဲ့မြဲတိုင်း ပဲ့လိုက်လေရာ ကျွန်ုပ်က လျင်မြန်စွာ ရောက်စေခြင်းငှာ လှေဦးမှ တက်တစ်ချောင်းနှင့် လှော်၍ လိုက်လေ၏။

နေစောင်းသော အချိန်တွင် ကျွန်ုပ်တို့သည် မြစ်ကျဉ်းအရပ်သို့ ရောက်လာကြလေရာ ရေစီးသန်လှသည် ဖြစ်သောကြောင့် လှေကလေးသည် မြင်းပြေးသောအရှိန်ဖြင့် လျင်မြန်စွာ ထိုးဆင်းလေ၏။ ညနေ ၄ နာရီ အချိန်ခန့်တွင် ရှီလန်သည် ကျွန်ုပ်ကို လက်ပြ၍ လှေကို အရှေ့ဘက်ကမ်းသို့ ဆိုက်ကပ်လေရာ ထိုအရပ်၌ တောင်ကြီးတို့သည် မြစ်ကမ်း တစ်ဖက်တစ်ချက်တွင် မြင့်မောက်စွာ မိုးလျက် ရှိကြလေ၏။

ရှီလန်သည် လှေကလေးကို ချုံတစ်ချုံ၏ အောက်သို့ သွင်း၍ ချည်ကာ ဖုံးထားခဲ့ပြီးနောက် လှေပေါ်မှ ဆင်းပြီးလျှင် တောင်ကမ်းပါးယံကို တက်လေရာ ကျွန်ုပ်လည်း ရှီလန်၏နောက်မှ ကပ်၍ လိုက်လေ၏။ ရှီလန်သည် အလွန်ကျယ်လှသော ခြေလှမ်းဖြင့် ချိုင့်များ၊ ကမူများ၊ သစ်ငုတ်များ၊



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးများကို ကျော်လွှားကာ လျင်မြန်စွာ တက်သွားလေရာ ကျွန်ုပ်မှာ တောင်ဆင်း တောင်တက် ကျင်လည်သူတစ်ယောက် မဟုတ်သောကြောင့် ၎င်းကို မီအောင် အလဲလဲ အကွဲကွဲနှင့် လိုက်ရလေ၏။

တစ်နာရီလောက်ခန့်မျှ တက်မိကြလေလျှင် ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ် ခြေသန်လှသည်ဟု မှတ်ထင်ခဲ့သူတစ်ယောက် ဖြစ်သော်လည်း မတ်စောက်လှသော တောင်ကြီးကို မရပ်မနားဘဲ အပြေးအလွှား ဒရောသောပါး တက်ရခြင်းဖြစ်သောကြောင့် နံရိုးချင်း ထိမတတ် မောဟိုက်စွာ အသက်ရှူရပြီးလျှင် ခြေများသည် နဖူးမှ ခြေမသို့တိုင်အောင် ယိုစီး၍ ဆင်းလေတော့၏။ သို့ပါသော်လည်း လူနှင့်လူချင်းကို လျှော့ပါဟု မပြောလိုသော ဝါသနာအလျောက် ကျွန်ုပ်သည် ရှီလန်အား ဖြည်းဖြည်းတက်ရန် မတောင်းပန်ဘဲ မီအောင်ခဲ၍ လိုက်ခဲ့ရာ တောင်ထိပ်သို့ ရောက်သောအခါ၌ အသက်ထွက်ရမတတ် မောဟိုက် ပင်ပန်းလျက် ရှိခဲ့လေပြီ။

တောင်ထိပ်သို့ ရောက်သောအခါ ရှီလန်သည် တောင်တန်းကို အလျားလိုက် လျှောက်သွား၍ တစ်နာရီကျော်လောက် လိုက်မိကြသောအခါ တောင်ကမ်းပါးယံတွင် မီးရောင်များကို မြင်ရလေ၏။ ထိုအခါ ရှီလန်သည် ကျွန်ုပ်အား ခြေသံမကြားရအောင် လျှောက်ရန် သတိပေး၍ မီးရောင်များ တွေ့မြင်ရာသို့ လျှောဆင်းကြလေရာ ထိုအချိန်၌ကား နေဝင်ပြီးပြီဖြစ်၍ မှောင်စ ပြုလျက် ရှိနေလေပြီ။ ထိုနေရာ၌ ကျွန်ုပ်တို့သည် တောင်ထိပ်မှ စီးဆင်းလာသော စမ်းချောင်းကလေး တစ်ချောင်းကို တွေ့ကြလေရာ ကျွန်ုပ်တို့သည် ချောင်းကလေးအလိုက် လျှောက်သွား၍ အတန်ငယ် လိုက်မိကြသော အခါတွင် လူသံများ ကြားကြရလေ၏။ ကျွန်ုပ်တို့သည် သစ်ပင်ကို ကွယ်လျက် လူသံများကြားရာသို့ လှမ်းကြည့်လိုက်သောအခါ လူ လေးငါးယောက်တို့သည် မီးပုံကြီးအနီးတွင် အသားများကို သံစို့ကြီးများဖြင့် ထိုးကာ ကင်လျက်ရှိကြရာ ၎င်းမှ ထွက်လာသော အနံ့တို့သည် ဆာလောင်





မွတ်သိပ်လှပြီ ဖြစ်သော ကျွန်ုပ်တို့၏ နှာခေါင်းတွင် အလွန် မွှေးကြိုင်လှပေ၏။

ထိုလူစုနှင့် မလှမ်းမကမ်း၌ကား မီးရှူးများကို ပတ်ဝန်းကျင်တွင် ထွန်းညှိထားလျက် လူတစ်ကျိပ်ခန့်တို့သည် ဝိုင်းဖွဲ့ကာ ထိုင်နေကြလေရာ ၎င်းတို့၏ အလယ်၌ရှိသော ကျောက်တုံးကြီးတစ်တုံးပေါ်တွင်မူကား လူတစ်ယောက်သည် ခါးထောက်ကာ ထိုင်နေလျက် မိမိရှေ့တွင် ရပ်နေသော လူတစ်ယောက်အား ဒေါသကြီးစွာသော အမူအရာနှင့် ကြုံးဝါး ပြောဆိုကာ ရှိနေလေ၏။ ရှီလန်သည် ကျောက်တုံးပေါ်မှ လူကို လက်ညှိုးညွှန်ကာ–

'ဆရာကြီး.....'

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ကိုခွန်ထူး ခေါ် ဗိုလ်ထိန်ဝင်းပင် ဖြစ်ကြောင်း သိရှိရလေ၏။

ကျွန်ုပ်သည် ရပ်နေသော လူနှင့် ကျောက်တုံးပေါ်တွင် ထိုင်နေသော လူကို သေချာစွာ ကြည့်လိုက်သောအခါ ထိုင်လျက်ရှိသော ဗိုလ်ထိန်ဝင်းသည် လက်တစ်ဖက်ကို ခါးတွင်ထောက်လျက် တစ်ဖက်တွင် ဓားလွတ်တစ်ချောင်းကို ကိုင်ထားလေရာ၊ ရပ်နေသော လူမှုကား မုတ်ဆိတ်ကြီး တဖွားဖွားနှင့် မျက်မှောင်ကုတ်ကာ ရှိနေသောကြောင့် ဤမျှလောက် ဆိုးသွမ်းပုံ လက္ခဏာရှိသူ တစ်ယောက်ကို တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ရဖူးချေဟု အောက်မေ့မိလေ၏။ ဗိုလ်ထိန်ဝင်းသည် အရောင်တဖျတ်ဖျတ် လက်လျက်ရှိသော မျက်လုံးတို့ဖြင့် မျက်မှောင်ကြုတ်ကာ ရပ်နေသော လူကို ကြည့်လျက် ပြောသည်မှာ–

'အပြစ် ထင်ရှားနေပြီ..... ဘာ ပြောချင်သေးသလဲ'

မုတ်ဆိတ်ကြီးနှင့်လူက ဘာမျှမပြောဘဲ ဦးခေါင်းကို ယမ်းပြလေ၏။

ထိုအခါ ဗိုလ်ထိန်ဝင်းသည် ထိုင်နေသော လူတစ်ကျိပ်တို့ဘက်သို့ လှည့်၍–

'ကိုင်း..... တပည့်တို့၊ သူ့ကို ဘယ်လို စီရင်မလဲ.....'



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်။ ။ 'ဒင်္ဂါးတစ်ပြားကို ခေါင်းပန်းလှန်စေပြီး သုံးခါလုံး ခေါင်းကျအောင် လှန်နိုင်လျှင် ချမ်းသာပေးရုံ ရှိတာပေါ့.....'

ဝင်း။ ။ (မှတ်ဆိတ်နှင့်လူအား) 'ကြိုက်ရဲ့လား'

ဟု မေးသောအခါ ထိုလူသည် ဦးခေါင်းညိတ်၍ ပြလေ၏။

၎င်းနောက် လူတစ်ယောက်သည် ခေါင်းဒင်္ဂါးတစ်ပြား ထုတ်၍ လူတစ်ယောက်က အထက်သို့ ပစ်မြှောက်၍ မြေသို့ ကျလာသောအခါ ခေါင်းဘက်မှ လန်လျက် ကျနေလေ၏။

ဝင်း။ ။ 'တစ်ကြိမ် ရှိပြီ.....မြှောက်ဦး'

ထိုလူသည် ဒုတိယအကြိမ် မြှောက်ပြန်သောအခါ မြေပေါ်၌ လန်နေသော ဒင်္ဂါးကိုမြင်သည်နှင့် တစ်ပြိုင်နက် ခါးတွင်ဝှက်ထားသော ဓားမြှောင်ကို ထုတ်နတ်ကာ ဗိုလ်ထိန်ဝင်းအား ထိုးလိုက်လေ၏။ သို့ရာတွင် ဗိုလ်ထိန်ဝင်းသည် အလွန်တရာ မျက်စိလျင်သူတစ်ယောက် ဖြစ်သည့်ပြင် ထိုကဲ့သို့ ပြုလိမ့်မည်ဟု ကြိုတင်သိမြင်ထားဟန် လက္ခဏာ ရှိလေရကား၊ မြှောက်လိုက်သော လက်သည် မိမိထံသို့ မဆင်းလာမီပင် မိမိ၏ ဒူးပေါ်တွင် တင်ထားသော ဓားလွတ်ဖြင့် ထိုလူ၏ ရင်ဝကို ထိုးစိုက်လိုက်လေ၏။ ထိုလူမှာမူ ညည်းညူခြင်း မရှိဘဲ မြေကြီးပေါ်သို့ ထိုးလဲသွားလေရာ တပည့်များသည် လွတ်ရာသို့ ဆွဲထုတ်လိုက်ကြလေ၏။

နောက် တစ်ခဏ၌ ကျွန်ုပ်သည် ပုန်းအောင်းနေရာမှ ထွက်လာ၍–

'ကိုခွန်ထူး..... ခင်ဗျားနဲ့ တွေ့ချင်လို့ ကျွန်တော် လာခဲ့တယ်'

ဟု ရုတ်တရက်ပြောလိုက်ရာ ကိုခွန်ထူးသည် ကျွန်ုပ်ကို ကြည့်သော်လည်း မှတ်မိဟန်လက္ခဏာ မရှိချေ။ ထိုအခါ ထိုင်နေသော လူများသည်–

'သူလျှို..... သူလျှို.....'

ဟု ဟစ်အော်ကာ ထ လာကြလေရာ ဗိုလ်ထိန်ဝင်း၏ အမိန့်အရ လူများသည် ကျွန်ုပ်ကို လက်ပြန်ကြိုးချည်ကာ ဖမ်းပြီးလျှင် သစ်ခက်တဲ တစ်တဲသို့ ခေါ်သွားကြလေ၏။ ထိုအခါ၌ ကျွန်ုပ်မှာ ရေငတ်လှပြီဖြစ်၍





စောင့်ကြပ်နေသော လူတစ်ယောက်အား ရေတစ်ခွက် ရလိုကြောင်းနှင့် ပြောရာတွင် အစောင့်သည် ဖျော်ရည်တစ်ခွက်ကို ယူလာခဲ့လေ၏။ ကျွန်ုပ်သည် ဖျော်ရည်ကို သောက်ရသောအခါ ခါးသက်သက် ရှိပါသည်ဟု အောက်မေ့လိုက်ပြီးနောက် သတိလစ်၍ အိပ်ပျော်သွားလေတော့သတည်း။

## အခန်း [ ၈ ]

နံနက်လင်း၍ အိပ်ရာမှ နိုးလာသောအခါ ဗိုလ်ထိန်ဝင်းသည် ကျွန်ုပ်အနီးတွင် ထိုင်လျက် ရှိသည်ကို တွေ့ရလေ၏။

ဝင်း။ ။ 'ဘယ့်နှယ်လဲ မောင်ထွန်းချွန်..... နေကောင်းပြီလား'

ကျွန်ုပ်။ ။ 'ကိုခွန်ထူးလား..... နေလို့တော့ ကောင်းပါပြီဗျာ၊ ခင်ဗျားတို့ဖျော်ရည်က ဆေးခတ်ထား ထင်ပါရဲ့၊ ခေါင်းထဲမှာ နောက်ကျိကျိ ရှိလိုက်တာ'

ဝင်း။ ။ 'စကားရှည် မနေအောင်လို့ ဆေးခတ်ပြီး သိပ်လိုက်ရတာကိုး'

ကျွန်ုပ်။ ။ 'ခင်ဗျားတို့ လုပ်တာ တော်ရော့လားဗျာ'

ဝင်း။ ။ 'ဒါက မောင့်အပြစ်ပဲ၊ တကယ်ဆိုလျှင် ရှီလန်က အချက်ပေးအောင် ဆိုင်းနေဖို့ ကောင်းတယ်။ အခုတော့ မောင်က ကျုပ်တို့ အထဲ ဇွတ်ဝင်ပြီး လာလေတော့ ဟိုလူတွေ လက်ချက်မဦးရအောင် ကျုပ်က ကြိုတင်ပြီး အရေးယူလိုက်ရခြင်း ဖြစ်တယ်။ ကျုပ်လူစုက တောက်တီးတောက်တဲ့ လုပ်လို့ ရတဲ့လူတွေ မဟုတ်ဘူး မောင်ရဲ့'

ကျွန်ုပ်။ ။ 'တပည့်တွေက တကယ့်ဇော်တွေချည့်ပဲ။ ခင်ဗျားနယ်ဗျာ..... မင်းမျိုး ဆိုပြီးတော့ ဒီလိုလူတွေနဲ့ ပေါင်းသင်းပြီး နေမှ နေပါလေတယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုစကားကို ထွက်မိသည်နှင့် တစ်ပြိုင်နက် မှားမှန်းကို သိလေပြီ။ အဘယ်ကြောင့်ဆိုသော် ကိုခွန်ထူးသည် ယမန်ညဉ့်က မှတ်ဆိတ်ကြီးနှင့် လူအား ကြည့်ခဲ့ဖူးသော မျက်နှာထားမျိုးနှင့် ကျွန်ုပ်ကို ကြည့်လျက် တင်းမာသော အသံဖြင့်–

ဝင်း။ ။ 'ကျုပ်က အမျိုးကိုခိုက်ပြီး ပြောခဲ့လို့ရှိလျှင် သည်းခံတတ်တဲ့ လူတစ်ယောက် မဟုတ်ဘူး..... မောင်ရဲ့'

ကျွန်ုပ်၏ ဝါသနာတစ်ခုမှာ ပြောမိသော စကားတစ်ခွန်းအတွက် တစ်ဖက်သားက မျက်ကြောတင်းခဲ့လျှင် လျှော့ပေးချင်သောစိတ် မရှိဘဲ ဇွတ်နှစ်၍ ပြောတတ်သော အလေ့ရှိပေ၏။ သို့ဖြစ်၍ ကိုခွန်ထူး စိတ်ဆိုးမှန်း သိလျက်နှင့် လျှော့မပေးဘဲ–

ကျွန်ုပ်။ ။ 'ခင်ဗျား သည်းခံတာ မခံတာတော့ ကျွန်တော် နားမလည်ဘူး..... ပြောတဲ့ စကားကတော့ မှန်တဲ့စကားကို ကျွန်တော် ပြောလိုက်တာပဲ'

ထိုအခါ ကိုခွန်ထူးသည် ထိုင်ရာမှထ၍ မည်သို့ပြုရမည် မသိသည့် လက္ခဏာနှင့် စကြံလျှောက်ကာ အကြံယူလျက် ရှိလေ၏။ ထိုနောက်မှ–

ဝင်း။ ။ 'မောင်က တော်တော်ခေါင်းမာတဲ့ သူငယ်တစ်ယောက်ပဲ၊ ဒို့ပြင်လူဆိုလျှင် ဒို့တစ်ဝက် မပြောရဘူး၊ ကျုပ် ပိုင်းသတ်ပြီးပြီ။ မောင့်ကိုတော့ ဘယ်လို အရေးယူရမယ်လို့ ကျုပ် မပြောတတ်ဘူး'

ကျွန်ုပ်။ ။ 'ခင်ဗျား အရေးယူလို့ ရှိလျှင်လည်း ကျွန်တော်က အဆင်သင့်ပါပဲ'

ဟု ကြောက်ကြောက်နှင့် ပြန်ပြောလိုက်မိလေ၏။

ဝင်း။ ။ (စကြံလျှောက်နေရာမှ ရပ်တန့်လျက်) 'ဘယ်လို အဆင်သင့်တာလဲ၊ ဓားချင်း ယှဉ်နိုင်လို့လား။ မလုပ်နဲ့ မောင်..... ရေချို ရေငန် နှစ်နိုင်ငံမှာ ပြိုင်စံရှားတဲ့ ဓားမောင်ရေ့။ မောင်လို ဘုန်းကြီးကျောင်းသား အရွယ် မပြောနဲ့၊ ပွဲပေါင်းများစွာ တွေ့ခဲ့ဖူးတဲ့ လူတွေတောင် ကျုပ်ဓား





ကို မခံနိုင်ဘဲ။ လေးချင်း ဆိုင်ရအောင် ဟာကလည်း မောင့်မှာ လေးမြား မပါခဲ့ဘူး။ သို့သော် ကျုပ် ဒီလိုနဲ့ ချမ်းသာမပေးနိုင်ဘူး၊ ထ စမ်း.....'

ထိုအခါ ကျွန်ုပ်သည် စိတ်ထဲ၌ သေလုမတတ် ကြောက်သော်လည်း ရဲရဲကြီး ဟန်လုပ်၍ ထ လိုက်လေ၏။

ဝင်း။ ။ 'ကိုင်း.....မောင်နဲ့ ကျုပ်နဲ့ လက်ချင်းပဲ စမ်းကြစို့ရဲ့.....'

ဟု ပြောကာ အင်္ကျီကို ချွတ်လိုက်လေရာ ကျွန်ုပ်လည်း အင်္ကျီကို ချွတ်လေ၏။ ဗိုလ်ထိန်ဝင်း၏ တစ်ကိုယ်လုံးမှာ ဆေးနီ ဆေးနက်တို့ဖြင့် ပြည့်နှက်အောင် ထိုးနှံ့ထားလေရာ ကျွန်ုပ်မှာ ကြောက်မက်ဖွယ် ကောင်းလှချေသည်ဟု မှတ်ထင်မိလေ၏။ သို့ရာတွင် မျက်နှာထားမှာမူ တင်းတင်းကြီးထား၍ အံကြိတ်ကာ ရပ်နေလေ၏။

၎င်းနောက် ကျွန်ုပ်တို့နှစ်ယောက်သည် မျက်နှာချင်းဆိုင်ကာ ထိုးသတ်ကြလေရာ ကျွန်ုပ်မှာ ၎င်းထက် လက်တံတိုနေသူဖြစ်၍ ခွာ၍ မသတ်ဘဲ ပူး၍ သတ်မှသာ သက်သာရာ ရမည်ဟု သိရှိလေ၏။ ထိုကြောင့် ကျွန်ုပ်က ကျွန်ုပ်၏ ကျယ်ပြန့်သော ပခုံးအားနှင့် ခိုင်မာသော လည်ကုပ်အားတို့ကို အသုံးပြုမည်ဟု အတင်းဝင်၍ ပူးလုံးမည် ကြံတိုင်း၊ ကိုခွန်ထူးသည် ကြောင်ကလေးကဲ့သို့ ပေါ့ပါး လျင်မြန်စွာ ဆုတ်ခွာပြီးလျှင် ကျွန်ုပ်၏ ပတ်ဝန်းကျင် တစ်လျှောက်တွင် သွက်လက် လျင်မြန်စွာ လှည့်ပတ်ရင်း ကျွန်ုပ်၏ နဖူး၊ နှာခေါင်း၊ မေးရိုး စသည်တို့ကို တစ်ချက်ပြီးတစ်ချက် ဆက်ကာဆက်ကာ ထိုးလေရကား ကျွန်ုပ်၏ နှာခေါင်းမှ သွေးများ ယိုစီး၍ ထွက်လာလေ၏။

ကျွန်ုပ်က ထိုးလိုက်သော လက်သီးချက်တို့မှာမူ လေထဲသို့သာ ရောက်ကြလေကုန်၏။ ယင်းကဲ့သို့ ချက်ပေါင်းများစွာ ထိုးပါသော်လည်း ကိုခွန်ထူးသည် အားကုန်ထုတ်၍ မထိုးဘဲ ဆ၍ ဆ၍သာ ထိုးနေသောကြောင့် ကျွန်ုပ်မှာ မလဲနိုင်ဘဲ ချာလပတ်လည်ကာ ခံနေရလေတော့၏။

နောက်ဆုံး၌ ကျွန်ုပ်သည် နာကျင်ခြင်းထက် ရှက်ခြင်းက ပိုမိုကဲလှ၍ လာသည်ဖြစ်၍ ဖြစ်လိုရာ ဖြစ်စေတော့ဟု အောက်မေ့ပြီးလျှင် ဦးခေါင်းကို ငုံ့ကာ ကိုခွန်ထူး၏ ရင်ဝသို့ အတင်းပြေးဝင်၍ ဆောင့်လိုက်ရာ၊ ရည်ရွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ မရောက်မီ ဒိတ်ခနဲ အသံကို ကြားရ၍ မျက်လုံးမှ မီးများ ပွင့်ထွက်လျက် ပက်လက်လန်ကာ လဲကျသွားလေ၏။

ကျွန်ုပ်သည် ငယ်ရွယ်စဉ်က မြင်းသိုးတစ်ကောင်၏ အမြီးကို လက်စွပ်လုပ်ရန် နုတ်မိရာတွင် ပါးချိတ်ကို မြင်းကန်ခံရဖူးရာ ဗိုလ်ထိန်ဝင်း၏ လက်သီးချက်မှာလည်း ထိုမျှလောက်ပင် ပြင်းထန်ပါပေ၏။

သတိရလာသောအခါ ဗိုလ်ထန်ဝင်းသည် ကျွန်ုပ်၏ ပါးချိတ်ကို ပွတ်သပ်ကာ–

'လူကလေး မောင်ထွန်းချန်၊ သတိရပြီလား မောင်ရေ....'

ဟု ကြင်နာယုယသော အသံဖြင့် မေးလျက်ရှိသည်ကို တွေ့ရလေ၏။ ထိုအခါ ကျွန်ုပ်သည် ကျွန်ုပ် ပြောမိသည့်စကား များကြောင်းကို ဝန်ခံလေရာ ဗိုလ်ထိန်ဝင်းက–

'ကျုပ်ကလည်း ဒီလောက်နာအောင် ထိုးဖို့ မကြံစည်ဘဲ လက်လွန်သွားတာပါ မောင်ရယ်....တကယ်ဆိုတော့ မောင်က ပြေးဝင်လာတဲ့ အရှိန်ကို ကျုပ်က မချိန်ဆလိုက်မိတဲ့အတွက် ဒီလောက်ပြင်းပြင်းကြီး ထိသွားပါတယ်'

ဟု ပြောလေ၏။

(ကျွန်ုပ်က) 'ပြင်းထန်ပုံကို မပြောပါနှင့်၊ မြင်းကန်သလောက် ရှိပါပေတယ်'

ဟု ပြောသောအခါ ကိုခွန်ထူးသည် ကြည်ရွှင်အားရဟန် လက္ခဏာနှင့် ၎င်း၏ အလုပ်အကိုင် အကြောင်းကို ရှင်းလင်းပြောပြလေ၏။

ဝင်း။ ။ 'ဒီလူတွေနဲ့ ပေါင်းသင်းရမလားလို့ မောင်က ကျုပ်ကို စွပ်စွဲထားတာ ရှင်းပြောရဦးမယ်။ ကျုပ်ကို ဗိုလ်ရယ်လို့ ခေါ်ကြပေမဲ့ တကယ်ဆိုတော့ ဆရာရယ်၊ တပည့်ရယ်လို့ မရှိကြပါဘူး၊ အမျိုးဖျက်တဲ့ လူနောက်ကို အမျိုးညံ့တဲ့ လူများက လိုက်ကြရတဲ့ ဓမ္မတာအတိုင်း ကျုပ်စကားကို မပယ်ရှားဘဲ နာယူကြတာလောက်ပဲ ရှိပါတယ်။ ကျုပ်က မြစ်ကြောင်းတစ်လျှောက်မှာ ကျက်စားတယ်ဆိုပေမဲ့ ကျုပ်သတ်လိုက်တဲ့ ဘိုမုတ်ဆိတ်တို့လို လှေမြင်တိုင်း အရမ်းမလုပ်ခဲ့ပါဘူး။ တရုတ်များလို နိုင်ငံခြားသား ကုန်သည်ကြီး





တွေ၊ ကုမ္ပဏီသူဌေးကြီးတွေလောက်မှ ကျုပ်တို့က ငွေတောင်းယူခဲ့တာပါ။ ငွေ ဆိုလျှင်လည်း ငွေပဲ၊ လူကိုတော့ လက်ဖျားနဲ့မှ မတို့ခဲ့ဘူး။ တို့ဗမာ ဆင်းရဲသား လှေဆိုလျှင်လည်း ကျုပ်တို့က အဝေးကြီးက ရှောင်တယ်'

ကျွန်ုပ်။ ။ 'နေပါဦး၊ ခင်ဗျား ဒီအလုပ်နဲ့မှပဲ ထမင်းစားတတ်လို့ဟာလား....'

ဝင်း။ ။ (ပြုံးလျက်) 'ကျုပ်မှာ လယ်ဧက ၃၀၀ ထက်မနည်း ရှိပါတယ်။ ကျုပ်တို့အမျိုးက ငြိမ်ငြိမ်နေလျှင် အသက်ဆားအန္တရာယ်ကို စိုးရိမ်ရတာက တစ်ကြောင်း၊ ဒီဘက်ကို ဝါသနာ ပါတာကလည်း တစ်ကြောင်း၊ ဒါကြောင့် လုပ်ခဲ့ခြင်း ဖြစ်ပါတယ်'

ကျွန်ုပ်။ ။ 'ငြိမ်ငြိမ်နေလျှင် ဘာကြောင့် စိုးရိမ်ရတာလဲ ခင်ဗျား'

ဝင်း။ ။ 'မင်းမျိုးဆိုတာ မောင်တို့ ဆင်းရဲသားတွေလို မဟုတ်ဘူး၊ ဒါပဲ ပြောပါရစေတော့....'

ဟု ပြောလေလျှင် ကျွန်ုပ်သည် စကားကို ဖြတ်၍ လာရင်းကိစ္စကို ပြောလေ၏။

ကျွန်ုပ်။ ။ 'ယခု ကျွန်တော် လာရောက်ခဲ့ခြင်း ကိစ္စကလည်း ကျွန်တော့်ပစ္စည်းကိုမှ ကွက်ပြီး တိုက်ယူနေကြပုံ ပေါ်လို့ ခင်ဗျားကို လာပြီး တိုင်ချင်လို့ပါ'

ဟု ပြောပြီးလျှင် ကျွန်ုပ် ဆုံးရှုံး နစ်နာရပုံများကို ပြောပြလေ၏။ ဗိုလ်ထိန်ဝင်းသည် ဒန်တိုကို သောက်ရင်း နားထောင်နေပြီးနောက်–

ဝင်း။ ။ 'လှေတစ်စင်း မီးရှို့တာကတော့ ဘိုမုတ်ဆိတ်တို့ လက်ချက်ပဲ၊ ငွေထုပ်ကို ယူခြင်းနဲ့ ဝါးဖောင်ကို ဖျက်ဆီးလိုက်ခြင်းကတော့ ကျုပ်တို့လူစုပဲ။ ဒါကတော့ ဒီလိုပါ၊ ဥစ္စာရှင်ဟာက လူစွာတစ်ယောက် လုပ်ပြီး ကျုပ်တို့အကြောင်းကို ရွှေနားတော်ကြားအောင် မဟုတ် မတရား တိုင်လား တန်းလား လုပ်တယ်လို့ သတင်းရလို့ပါ'

ကျွန်ုပ်။ ။ 'မမှန်သတင်းပါ ခင်ဗျာ၊ ဥစ္စာရှင်က ကျွန်တော်ပါ'

ဝင်း။ ။ 'ကိုင်း....ဒီလိုဖြင့် ဝါးဖောင်အတွက်တော့ မတတ်နိုင်ဘူး၊

www.burmeseclassic.com



ငွေတစ်သောင်း အတွက်တော့ ဦးတောက်ထိန်ဆီကို ကျုပ် စာရေးပေးလိုက်မယ်။ သူက ရှင်းပြီး ပေးပါလိမ့်မယ်'

ကျွန်ုပ်။ ။ 'ခင်ဗျားတို့ အလုပ်လုပ်ပုံက တော်ပါပေ့ဗျာ၊ သတင်းကို မှန် မမှန် မစူးစမ်းဘဲနဲ့ အရမ်းလုပ်ရာ ကျမနေဘူးလား'

ဝင်း။ ။ 'ဒီတုန်းက ကျုပ်မရှိဘူး မောင်ရဲ့၊ လက်ထောက်ကို လွှဲထားခဲ့လို့ ဒီလို ဖြစ်ရတာပေါ့။ ကိုယ့်ပစ္စည်း ပြန်ရလျှင်လည်း တော်ရောပေါ့လေ....'

ကျွန်ုပ်။ ။ 'ငွေကို ပြန်ရပေမဲ့ ဝါးဖောင်ကတော့ ဆုံးတာပေါ့'

ဝင်း။ ။ 'လွန်ပြီးတော့ မတတ်နိုင်တော့ဘူးလေ၊ နောက်ကို မဖြစ်ရပါဘူး။ ကိုင်း ဒါထက် ဒီစကားကို ဖြတ်ပြီး အရေးကြီးတဲ့ ကိစ္စတစ်ခုကို ပြောကြဦးစို့။ မောင် လုပ်ပုံကိုင်ပုံ အကြောင်းတွေကို ကျုပ် ကြားရတာ တော်တော် အားရတယ်'

ကျွန်ုပ်။ ။ 'ကျွန်တော့်အကြောင်းကို ခင်ဗျား ကြားသလား'

ဝင်း။ ။ 'မောင် ရောက်ကတည်းက ကျုပ်သိတယ်၊ ကျုပ်လည်း မောင့်ကို စောင့်ကြည့်နေခဲ့တာပဲ'

ကျွန်ုပ်။ ။ 'ဟုတ်ရဲ့လား ခင်ဗျာ'

ဝင်း။ ။ 'ဟုတ်ပါတယ်၊ မောင့်သတ္တိကလေးကိုလည်း ကြိုက်တယ်၊ အမျိုးသားကိုထိလျှင် မခံချင်တတ်တဲ့ စိတ်ကလေး ရှိလိမ့်မယ်လို့လည်း ကျုပ် ရိပ်မိတယ်'

ကျွန်ုပ်။ ။ 'ကိုင်း ကိစ္စကို ပြောပါဦး ခင်ဗျာ'

ဝင်း။ ။ 'ဗန်းမော်ကို မောင် ရောက်ပြီးတဲ့နောက် မြစ်ဆိပ်မှာ မုန့်လာခင်းစိုက်နေတဲ့ လူတစ်ယောက်နဲ့ တွေ့ဖူးတယ်၊ ဟုတ်လား'

ကျွန်ုပ်။ ။ 'ခင်ဗျား ဘယ့်နှယ်သိသလဲ'

ဝင်း။ ။ 'ဘယ့်နှယ် သိသိလေ၊ ကျုပ်နည်းနဲ့ ကျုပ် သိတာပေါ့၊





ဒီလူက တစ်နေ့နေ့မှာ ရှမ်းတရုတ်တွေ ထကြွလိမ့်မယ်လို့ ပြောလိုက်ဖူးတယ် မဟုတ်လား'

ကျွန်ုပ်။ ။ 'ပြောလိုက်ဖူးပါတယ်'

ဝင်း။ ။ 'ဒီသတင်းဟာ အမှန် မောင်ရဲ့.... သူတို့ ထကြွလျှင် ဗန်းမော်မြို့ပေါ်က လူတွေအားလုံး သေကြဖို့ချည့်ပဲ'

ကျွန်ုပ်။ ။ 'ဒါဖြင့် ဘယ့်နှယ်လုပ်ပါ့မယ်'

ဝင်း။ ။ 'သူတို့လာလျှင် ခုခံဖို့ ကျုပ်တို့ စီမံမှာပေါ့'

ကျွန်ုပ်။ ။ 'ဒါက စစ်ဗိုလ်ကြီးများရဲ့ အလုပ်ကပဲ ခင်ဗျာ'

ဝင်း။ ။ 'စစ်ဗိုလ်ကိုချည့် အားကိုးနေလို့ မဖြစ်ဘူး၊ စစ်တပ်လာမှာက နောက်၊ မောင်တို့လူစုတွေက အလျင် သေကုန်ကြလိမ့်မယ်'

ကျွန်ုပ်။ ။ 'ဒါဖြင့် ဘယ်လို လုပ်ပါ့မယ်'

ဝင်း။ ။ 'မြို့ထဲမှာ မောင်လို သတ္တိကောင်းပြီး မျိုးချစ်စိတ်ရှိတဲ့ လူတွေ ရှိတယ်။ ဒီလူတွေကို ကျုပ်က သတင်းပေးလိုက်မယ်။ မောင်က အားလုံး သွေးစည်းထားပြီး အရေးရှိလျှင် တပ်ဖွဲ့ပြီး ခုခံဖို့ စီမံထားနှင့်ရမယ်'

ကျွန်ုပ်။ ။ 'ကျွန်တော်က လူမှန်းများနေတဲ့ လူတစ်ယောက် ဖြစ်နေတယ် ခင်ဗျာ၊ ကျွန်တော် စီမံလို့ ဖြစ်ပါ့မလား'

ဝင်း။ ။ 'ဒီလူတွေအားလုံး ကျုပ် တွက်ကြည့်ပြီးပြီ၊ ကျုပ် နိုင်းလိုက်တဲ့အတိုင်း လုပ်လျှင် ဖြစ်နိုင်တယ်'

ကျွန်ုပ်။ ။ 'ကောင်းပါပြီ .... နိုင်းပါတော့'

၎င်းနောက် ဗိုလ်ထိန်ဝင်းသည် ယုံကြည်စိတ်ချရသော လူကုံထံ ၂၀ ခန့်တို့၏ အမည်စာရင်းကို ပေးအပ်လိုက်ပြီးလျှင် ၎င်းထံမှ ရုံဖန်ရုံခါ ခဲယမ်းမီးကျောက်များနှင့် လက်နက်များ ပေးပို့မည့်အကြောင်း၊ ကျွန်ုပ်က ထိုလူများနှင့် တိုင်ပင်၍ သင့်လျော်သော နေရာတွင် သိုဝှက်ထားဖို့ အကြောင်းများကို မှာထား သွန်သင်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



၎င်းနောက် အရေးရှိသောအခါ အချိန်အချက်ပေး၍ လူစုရန်နည်းများ၊ ခုခံတိုက်ခိုက်ရန် နည်းများကိုလည်း အကျယ်တဝင့် ထုတ်ဖော် မှာကြားလိုက်သေး၏။

ကျွန်ုပ်မှာ ပစ္စည်းပျောက်ဆုံးသည့်အတွက် ပြန်ရဖို့ အကူအညီတောင်းခံရန် လာရောက်ခဲ့ရာတွင် အလွန်ကြီးလေးစွာသော မြို့နယ်၏တာဝန်ကို ထမ်းရွက်သည့်အလုပ် ရနေချေပြီတကား ဟု စဉ်းစားမိ၏။ သို့သော်လည်း ဗိုလ်ထိန်ဝင်း ကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးက ဤမျှလောက်လေးနက်ကြီးကျယ်သော အလုပ်ကိစ္စတစ်ခုတွင် ကျွန်ုပ်ကို လူရာသွင်း၍ စိမ်လျက် ရှိခြင်းမှာ စိတ်ကြီးဝင်ဖွယ်ရာ အချက်တစ်ခု ဖြစ်ပေသဖြင့် ကျွန်ုပ်သည် စွမ်းအားရှိသမျှ ဆောင်ရွက်ရန်ကိုလည်း သန္နိဋ္ဌာန် ချထားလိုက်လေ၏။

နံနက်စာ စားချိန်တွင် ဗိုလ်ထိန်ဝင်းသည် ယမန်နေ့က ညစာမစားခဲ့ရသော ကျွန်ုပ်အား တောဟင်း တောထမင်းတို့ သာမက နံ့သာပုငှက်ပျောသီး၊ သစ်သော့သီး၊ ထောပတ်၊ မလိုင် စသော စားကောင်းသောက်ဖွယ်တို့ကိုပါ တည်ခင်း ကျွေးမွေးလေရာ ကျွန်ုပ်မှာ ၎င်းနှင့်အတူ အလွန်မြိန်ရှက်စွာ စားသောက်ရလေ၏။ ရှီလန်မှာမူ ၎င်း၏ တပည့်များနှင့်အတူ နံနက်စာ စားသောက်လေသည်။

ကိစ္စ ပြီးစီးလတ်သော် ကျွန်ုပ်သည် ဗိုလ်ထိန်ဝင်းကို နှုတ်ဆက်၍ ရှီလန်နှင့်အတူ ပြန်လာခဲ့ကြလေရာ ဝှက်ထားသော လှေကလေးကို ချုံထဲတွင် တွေ့၍ လေကောင်းလှသည်နှင့် ရွက်ထူကာ ဆန်တက်လာခဲ့ကြလေ၏။

ကျွန်ုပ်မှာ လှေပေါ်တွင် ပက်လက်လှန်ရင်း ဗိုလ်ထိန်ဝင်းအကြောင်းကို စဉ်းစားစိတ်ကူးလာခဲ့ရာ တစ်ကြိမ် တွေ့သည်ထက် တစ်ကြိမ် တိုး၍ နှစ်သက် အားကိုးဖွယ်ကောင်းသော လူတစ်ယောက် ပါပေတကားဟု များစွာ ကျေနပ်အားရခြင်း ဖြစ်ခဲ့လေ၏။

## အခန်း [ ၉ ]

ကျွန်ုပ်တို့သည် အသွားခရီးတွင် ရေစုန်ဖြစ်သောကြောင့် နေ့ချင်းပေါက်ခဲ့လေသည်။ အပြန်ခရီး၌မူ တစ်ညအိပ်သော်လည်း ခရီးတစ်ဝက်မျှ မပေါက်ခဲ့သေးချေ။ ပထမည၌ ကျွန်ုပ်တို့သည် လှေကို သဲသောင်ပြင်တစ်ခုတွင် ဆိုက်ကပ်၍ ညစာ ချက်ပြုတ်စားသောက်ကာ အိပ်ကြလေ၏။

ဒုတိယနေ့၌ လေကောင်းစွာ မတိုက်သည်ဖြစ်၍ ရှီလန်က ထိုးဝါးဖြင့် ထိုးကာ ဆန်တက်ရလေရာ ကျွန်ုပ်က ပဲ့ကိုင်ရလေ၏။

နေပူချိန်လောက်သာ နားနေ၍ တစ်နေ့ပတ်လုံး ဆန်တက်ကြပါသော်လည်း နေဝင်လု အချိန်တွင် ကျွန်ုပ်တို့မှာ ဗန်းမော်နှင့် ၁၀ မိုင်ထက် မနည်း ကွာလှမ်းသေးရာ ရိက္ခာမှုကား ကုန်ခန်းခဲ့လေပြီ။

သို့ဖြစ်၍ ကျွန်ုပ်သည် လှေကို ရွာဆိပ်ကမ်းတစ်ခုတွင် ဆိုက်စေပြီးနောက် ရှီလန်အား ထမင်းအိုးတစ်လုံး ချက်ရန် မှာထားခဲ့ပြီးလျှင် ရွာထဲ၌ ဟင်းလျာများ ရှာဖွေဝယ်ယူရန် ထွက်လာခဲ့လေ၏။

လှေဆိပ်မှ မိုင်တစ်ဝက်ခန့် လျှောက်မိသောအခါ ကျွန်ုပ်သည် ခြံစည်းရိုးဖြင့် ဝိုင်းရံထားသည့် အိမ်ကြီးတစ်ဆောင်သို့ ဆိုက်ရောက်လာလေရာ အိမ်အပေါ်ထပ်ဆီမှ လူအများ စကားပြောသော အသံများကို ကြားရသည်နှင့် ဝင်းထဲသို့ စွတ်ခနဲ ဝင်လာခဲ့လေ၏။

အိမ်ရှေ့လှေကားသို့ ရောက်သောအခါ လူတစ်ယောက်နှင့် တွေ့သဖြင့် ကျွန်ုပ်က စားစရာကလေးများ ရှိပါလျှင် ခရီးသည်များဖြစ်သော ကျွန်ုပ်တို့အား ရောင်းလျှင် ရောင်း၊ ပေးလျှင် ပေးပါမည့် အကြောင်းနှင့် တောင်းပန်မည် ပြုသည်တွင် ထိုသူသည် ကျွန်ုပ်၏ စကားကို မစောင့်ဘဲ အိမ်ပေါ်သို့ တစ်ခါတည်း ခေါ်သွားသဖြင့် ကျွန်ုပ်လည်း လိုက်ပါသွားလေ၏။

အိမ်ပေါ်သို့ ရောက်သောအခါ လူ ၂၀ ခန့်တို့သည် ကော်ဇောကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ယေါတွင် ထိုင်လျက် ထမင်းအုပ်များဖြင့် ပြင်ဆင်ထားသော စားသောက်ဖွယ်တို့ကို စားသောက်လျက် ရှိကြလေရာ၊ ကျွန်ုပ်ကို ခေါ်ဆောင်လာခဲ့သော လူသည် အိမ်ရှင်နှင့်တူသော လူကြီးတစ်ယောက်ထံသို့ ချဉ်းကပ်၍ စကားတီးတိုး ပြောလိုက်သည်တွင် လူကြီးသည် ကျွန်ုပ်ထံသို့ ထ လာ၍-

'လာပါ မောင်.... လာပါ၊ ဒီမှာ ထိုင်ပါ'

ဟု ပြောကာ နေရာထိုင်ခင်း ပေးပြီးနောက် ထမင်းတစ်အုပ်ကို ပြင်ဆင် ယူဆောင်ခဲ့လေ၏။

ကျွန်ုပ်သည် ကော်ဇောကြီး၏ အစွန်းတွင် ထိုင်လျက် မြိန်ရှက်စွာ စားသောက်နေစဉ် ကောင်းမွန်စွာ ဝတ်စားဆင်ယင်ထားသည့် ဧည့်သည်တစ်စုတို့သည် ကျွန်ုပ်ကို ဂရုမစိုက်ဘဲ ၎င်းတို့အချင်းချင်း စကားပြောကာ စားသောက်စရာတို့ကို စားသောက်ရယ်မောလျက် ရှိကြလေ၏။

ကျွန်ုပ်သည် အိမ့်ရှင်လူကို မြင်ဖူးပါသည်ဟု အောက်မေ့၍ စဉ်းစားစိတ်ကူးလျက်ရှိစဉ် ထိုလူကြီးသည်ကား အခြားမဟုတ်၊ ဗိုလ်သူရ အမည်ရှိ စစ်ဗိုလ်ဟောင်းကြီးဖြစ်၍ မင်းတုန်းဘုရင် လက်ထက်တော်ကတည်းက မကျန်းမာသဖြင့် ရာထူးမှ နုတ်ထွက်ကာ ထိုနေရာသို့ သားသမီးတစ်စုတို့နှင့် ငြိမ်းချမ်းစွာ လာရောက်နေထိုင်ခဲ့သူ ဖြစ်ကြောင်း၊ ဗန်းမော်မြို့တွင်လည်း ၎င်းတို့ မိသား ဖသားတစ်စုကို ရံဖန်ရံခါ တွေ့မြင်ရဖူးကြောင်းများနှင့် သတိရ၍ လာလေ၏။

စားသောက်ခြင်းကိစ္စ ပြီးစီးလတ်သော် အိမ်ရှင် ဗိုလ်သူရက-

'ကဲ....ဝမ်းဗိုက်ကလေးများ ချောင်သွားအောင် တင်မောင်ညွန့်က စောင်းကောက်တီးပြီး တူမကြီးက တေးချင်းတစ်ပုဒ်လောက် ဆိုစမ်းပါဦး။ တူမကြီးအသံကို မကြားရတာ အတော်ကြာသွားပေပြီ။ တင်မောင်ညွန့်ကလည်း ဒေဝဏ္ဏမှာ တပည့်မို့ စောင်းကောက် အတီးကောင်းလှတယ် ပြောပါတယ်'





ဟု ပြောလိုက်သောအခါ ပရိသတ်တို့သည် ဝိုင်းဝန်း၍ ထောက်ခံစကား ပြောကြလေ၏။

၎င်းနောက် အစေခံတစ်ယောက်သည် မှန်စီရွှေချထားသော စောင်းကောက်တစ်ခုနှင့် စည်းနှင့် ဖြောက်တို့ကို ယူခဲ့၍ ပေးအပ်လိုက်လေ၏။

ကျွန်ုပ်မှာ ပရိသတ်အစွန်းမှ ကော်ဇောပေါ်တွင် ထိုင်လျက်ရှိသည် ဖြစ်၍ ဧည့်သည်များကို စေ့စေ့အောင် မမြင်ရဘဲ အနီးမှ လူအနည်းငယ်တို့ကိုသာ တွေ့မြင်ရလေ၏။

တေးချင်း ဆိုမည့်သူနှင့် စောင်းကောက် တီးမည့်သူတို့မှာ ကော်ဇောကြီးများ၏ ထိပ်ပိုင်းတွင် ရှိနေကြရကား ကျွန်ုပ်သည် ၎င်းတို့ကို အလျှင်းပင် မမြင်ရချေ။

စောင်းကောက်ကိုင်သူက အနည်းငယ် တေးသံပေးပြီးနောက် တေးဆိုမည့် မိန်းမသည် "တောမြိုင်စွန်းက လွမ်းအောင်ဖန်" ဟူသော တေးချင်းကို စတင်၍ ဆိုလိုက်ရာ ကျွန်ုပ်မှာ ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်၍ သွားလေ၏။

၎င်းနောက် "သက်လယ်လေ...သက်လယ် ရွှေသွေးရယ်" ဟူသော အပိုဒ်သို့ ရောက်သော အခါတွင်မူကား ကျွန်ုပ်၏ မျက်စိထဲတွင် မိုးတဖွဲဖွဲ ရွာသွန်းနေသည့်အတွင်း ပြတင်းပေါက်မှ သီဆိုလိုက်သော ခင်ခင်ထား၏ ပုံပန်းသဏ္ဌာန်သည် ထင်ရှားစွာ ထွက်ကာ ပေါ်ပေါက်လာသည့်ပြင် အသံမှာလည်း ထိုအသံနှင့် တူလှသည်ဟု အောက်မေ့မိသဖြင့် ပါးစပ်သို့ ခွံ့မည် ပြုနေသော ထမင်းလုတ်သည် လွတ်၍ကျမတတ် ဖြစ်သွားလေတော့၏။

၎င်းနောက် "ချစ်တဲ့သူ...ကြိုက်တဲ့သူရယ်" ဟူသော အပိုဒ်သို့ ရောက်ပြန်သော အခါတွင်မူကား တေးချင်းဆိုသော သူကို မြင်လိုလှသော စိတ်ဇောသည် အလွန်တရာ ပြင်းထန်၍လာလေရာ ဣန္ဒြေမရဟု၍ စွပ်စွဲကဲ့ရဲ့ခြင်း ခံခဲ့ရမည်ကို ကြောက်လှသောကြောင့်သာလျှင် ထိုင်မြဲတိုင်း ထိုင်၍ နေရပေ၏။

အကြောင်းမူကား ယခု သီဆိုသော အသံသည်သာမက လှည့်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ပတ်ပုံ၊ ဆွဲငင်ပုံများသည်ပင်လျှင် ခင်ခင်ထား၏ ဆိုပုံနှင့် တူလှသောကြောင့် ပေတည်း။

ထိုနောက် "ထုံးကေ့ရှင်....သုံးရွှေ့လင်ရယ်" ဟူသော အပိုဒ်သို့ ရောက်သော အခါတွင်မူကား ကျွန်ုပ်၏ စိတ်ထဲ၌ ယုံမှားသံသယ အလျှင်းပင် မရှိတော့ချေ။ ခင်ခင်ထား မဟုတ်ခဲ့လျှင် ခင်ခင်ထား ဝင်စားသောသူ ဖြစ်ရမည်ဟု တစ်ထစ်ချ ယုံကြည်မိလေ၏။

သို့ရာတွင် သီဆိုသူ၏ မျက်နှာကို မြင်ခွင့် မရနိုင်ခဲ့သေးချေ။ ထိုခဏ၌ ကော်ဇောထိပ်တွင် ထိုင်နေသည့် တစ်ယောက်တည်းသော သူသည် ညောင်းညာသည့်လက္ခဏာနှင့် နေရာပြင်၍ ထိုင်လိုက်ရာ တေးချင်းဆိုသူ၏ မျက်နှာသည် ကျွန်ုပ်၏ မျက်လုံးနှင့် တန်းခနဲ ဖြစ်သွားလေရကား ကမ္ဘာလောကကြီးသည် ကျွန်ုပ်၏ မျက်စိထဲတွင် ရုတ်တရက် ကွဲအက် ပြိုပျက်သွားဘိသကဲ့သို့ ချာခနဲလည်ကာ ပြောင်းလဲသွားလေ၏။

အကြောင်းကိုဆိုသော် ပြင်းထန်လှစွာသော မေတ္တာဓာတ်သည် ကျွန်ုပ်၏ စိတ်ကို မုန်တိုင်းဖြင့် ဖေ့လိုက်ဘိသကဲ့သို့ တရကြမ်း တိုက်ခတ်တိုးဖေ့လိုက်လေရကား ကြီးပွားမှု၊ ချမ်းသာမှု၊ တိုးတက်မှု၊ ကျော်စောမှုစသည်တို့သည် ကျွန်ုပ်၏စိတ်တွင် ရေသဖွယ် ရှုတ်ချော်ချော် ဖြစ်သွားပြီးလျှင် ခင်ခင်ထားက ကျွန်ုပ်အား "ချစ်တဲ့သူ....ကြိုက်တဲ့သူရယ်" ဟူ၍ တတွတ်တွတ် ခေါ်ငင်ခြင်းကို ကြားလိုသော စိတ်ဆန္ဒသည်သာလျှင် ပြင်းထန်စွာ ဖြစ်ပေါ်လျက် ရှိလေ၏။

နောက် တစ်ခဏ၌မူကား အညတြ အနံ့ညာတ ကုန်သည်ကလေး တစ်ဦးဖြစ်သော ကျွန်ုပ်သည် အလွန်တရာ မာနကြီးဟန် လက္ခဏာရှိသော ခင်ခင်ထားနှင့် မိုးနှင့်မြေကြီးလောက်မက ကွာလှမ်းသည့်အဖြစ်ကို စဉ်းစားမိသည်ဖြစ်၍ ကျွန်ုပ်၏ အလိုဆန္ဒသည် လူရူးတစ်ယောက်၏ အိပ်မက်သဖွယ် ရှိလေတော့သည်ဟု အောက်မေ့မိလေ၏။

သို့ရာတွင် စိတ်ပျက်အားလျော့ခြင်း ဖြစ်သည်ဟုကား မဆိုနိုင်ချေ။





အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏ လိုအင်ဆန္ဒအတိုင်း ပြည့်စုံခြင်း၊ မပြည့်စုံခြင်းကို အပထား၍ လောက၌ ကျွန်ုပ် ချစ်ခင် မြတ်နိုးရမည့် မိန်းမတစ်ယောက် ရှိနေခြင်းသည်ပင်လျှင် ကျွန်ုပ်အဖို့ မျှော်လင့်ချက်တစ်ခု ဖြစ်နေချေပြီဟု မှတ်ယူမိသောကြောင့် ဖြစ်ပေ၏။

ၚင်းတေးချင်း ဆုံးသောအခါ တေးထပ်တစ်ပုဒ်နှင့် ဘောလယ် တစ်ပုဒ်ကိုလည်း သီဆိုသေး၏။

တေးထပ်မှာ ဦးပုည ရေးသည့် "ကောင်းခြောက်ဆယ် လေးရပ်" အစချီသော တေးထပ်ဖြစ်လေရာ "မြင်ရသူ့ ဖေသက်သာတယ်၊ ရွှေမျက်နှာ ကြည်လွန်းလို့လေး...." ဟု အဆုံးသတ်လိုက်သော အခါတွင် စလေဦးပုညသည် ကျွန်ုပ်၏စိတ် ဖြစ်ပျက်ပုံကို သိမြင်လေရော့သလား ဟူ၍ စဉ်းစားမိသေး၏။

တေးချင်းပြီးဆုံး၍ သီဆိုသူနှင့် စောင်းကောက်တီးသူတို့ ချီးမွမ်းပြောဆို ပြီးကြသောအခါ လူကြီးနှစ်ယောက်နှင့် တေးချင်းဆိုသူတို့သည် ထိုင်ရာမှ ထ၍ လျှောက်လာကြလေရာ၊ ကော်ဇောအစွန်း၌ ထိုင်လျက်ရှိသော ကျွန်ုပ်ကို မြင်သဖြင့် လူကြီးတစ်ယောက်က ကျွန်ုပ်အား နှုတ်ဆက်လေ၏။

ထိုလူကြီးမှာ ဇန်းမော်မြို့ဝန်ပင် ဖြစ်လေရာ မြို့ဝန်သည် ကျွန်ုပ်၏ တိုင်တန်းချက်များကို မကြာခဏ ကြားခဲ့ရသည်ဖြစ်၍ ကျွန်ုပ်ကို အတော်အတန် သိကျွမ်းလျက် ရှိခဲ့လေသည်။

(မြို့ဝန်က) 'မောင်ထွန်းချွန်ပါကလား၊ ဘယ်ကလှည့်ပြီး ဝင်လာခဲ့တာလဲ'

ဟု မေးလိုက်ရာ ထိုကဲ့သို့ မေးခြင်းမှာ ကျွန်ုပ် ဝတ်ဆင်ထားသော အဝတ်မျိုးသည် ထိုပရိသတ်နှင့် မသင့်လျော်သောကြောင့် မေးလိုက်ခြင်းဖြစ်ဟန်တူပေ၏။

ခင်ခင်ထားကမူ ကျွန်ုပ်ကို မြင်သည်နှင့် တစ်ပြိုင်နက် မှတ်မိဟန် လက္ခဏာနှင့် အနည်းငယ် ပြုံးလိုက်လေရာ ကြွင်းကျန်သော ပရိသတ်တို့ကမူ

www.burmeseclassic.com



“ဒီနေရာနဲ့ မင်းနဲ့ တန်သလား” ဟူသော မျက်နှာထားမျိုးနှင့် ကျွန်ုပ်ကို ဝိုင်း၍ ကြည့်ကြလေ၏။

ဧည့်သည်များမှာ များသောအားဖြင့် အရာရှိပိုင်းက လူများဖြစ်ကြ၍ ကျွန်ုပ်ကို မထိမဲ့မြင် ပြုလိုကြသူများ ဖြစ်ကြလေသည်။

သို့ရာတွင် ကျွန်ုပ်သည် ထိုသူတို့၏ မထိမဲ့မြင် ပြုခြင်းကို အမှုမထားဘဲ ခင်ခင်ထားက ကျွန်ုပ်အား မှတ်မိခြင်းကိုသာ ဝမ်းသာလျက် ရှိလေ၏။

ခင်ခင်ထားသည် အဝါကြီးထဘီ၊ မိန်းမဝတ် အင်္ကျီနှင့် ပဝါကို ရင်တွင် စည်းလျက်ရှိရာ ဆံပင်မှာမူ ထိုခေတ်က နည်းထွင်သူတို့ အလေ့အတိုင်း ထိပ်ဆံဖြတ်၍ ထားသဖြင့် မခို့တရို့နှင့် အလွန်ယဉ်လှပါပေသည်။

၎င်း၏ မျက်နှာမှာမူကား ယခင်က အပျိုပေါက်စ သူငယ်မကလေး၏ လှပခြင်းမှသည် အတောင်အလက်စုံသော အပျိုကြီး၏ ခံ့ညားသိုက်မြိုက်နစ်ခြိုက်ဖွယ်ရာ တင့်တယ်လှစွာသော ရုပ်ဆင်းလက္ခဏာသို့ ပြောင်းလဲခဲ့ပြီဖြစ်၍၊ ကျွန်ုပ်၏မျက်စိ၌ ရှေးကထက် အဆများစွာ တိုး၍ ချစ်ခင်ဖွယ်ကောင်းဘိ၏ဟု မှတ်ထင်မိလေ၏။

ကျွန်ုပ်သည် မြို့ဝန်မင်း၏ အမေးစကားကို ဖြေဆိုရန် ကိစ္စတစ်ခုနှင့် ဗန်းမော်သို့ ပြန်အလာတွင် အချိန်ကြာသင့်သည်ထက် ကြန့်ကြာသွားသောကြောင့် ရိက္ခာပြတ်လပ်သည်နှင့် ရွာသို့တက်၍ စုံစမ်းမည်အပြုတွင် ဗိုလ်ကြီး၏ အိမ်သို့ ရောက်လာခဲ့မိခြင်း ဖြစ်ကြောင်းနှင့် ပြန်ပြောလိုက်လေ၏။ ထိုအခါ-

‘သစ်သော့သီးကလေးများ ရောင်းစရာ ပါသေးသလား’

ဟု မကြားတကြား မေးလိုက်လေရာ၊ တစ်ယောက်က-

‘သစ်သော့သီးတော့ မပါဘူး၊ ငပြာရည်ကောင်းကောင်း ကြိုက်လျှင်တော့ ပါဟန် တူတယ်’

ဟု ပြန်ပြောလိုက်သည်နှင့် ၎င်းတို့အချင်းချင်း တခစ်ခစ် ရယ်မောနေကြလေ၏။





၎င်းတို့အနက်တွင် စောင်းကောက်ကို တီးသည့် စပ်ပုဆိုးနှင့် လူငယ်တစ်ယောက်သည် သူတစ်ပါးတို့ထက် ကျယ်လောင်စွာ ရယ်မောရင်း-

‘ငပြာရည်ဆိုတာ အခေါ်သာ ဆိုးတယ်၊ အင်မတန် နံတာမျိုးပဲ’

ဟု ပြက်လုံးထုတ်လိုက်လေရာ၊ လူအများလည်း တိုး၍ ရယ်မောကြလေ၏။

ထိုအခါ ကျွန်ုပ်မှာ သူတစ်ပါးတို့ ပြက်ရယ်လှောင်ပြောင်ခြင်းကို ဘယ်အခါမျှ ခံတတ်သူတစ်ယောက် မဟုတ်ပေရာ၊ ခင်ခင်ထား၏ ရှေ့တွင် ထိုကဲ့သို့ ပြောင်လှောင်ခြင်းကိုမူကား တိုး၍ သည်းမခံနိုင်သည် ဖြစ်သောကြောင့်-

‘ငပြာရည် ရောင်းတိုင်းလည်း လူနံ့တာ မဟုတ်ဘူး၊ စပ်ပုဆိုး ဝတ်တိုင်းလည်း လူမွှေးတာ မဟုတ်ပါဘူး’

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်၏ စကားမှာ ထိုပရိသတ်အဖို့၌ ယဉ်ကျေးဖွယ်ရာ မရှိလှသည် မှန်ပေရာ ကျွန်ုပ် ဝတ်ထားသော အဝတ်ကြမ်းတို့နှင့် မျက်မှောင်ကြုတ်လျက်ရှိသော ကျွန်ုပ်၏ မျက်နှာထားတို့ အတွက်ကြောင့် တိုး၍ မဖွယ်ရာအောင် ရှိလှပေ၏။

ထိုအခါ စပ်ပုဆိုးနှင့် လူက-

‘ခင်ဗျားက ကျုပ်ကို ရန်စတာလား’

၎င်းက ရုတ်တရက် ထ၍ မေးလိုက်သောအခါ ၎င်းအနီးရှိ လူကြီးတစ်ယောက်က-

‘တန်ပါ တင်မောင်ညွှန့်ရယ်၊ ဧည့်သည်တစ်ယောက်နဲ့ တုပြိုင်ပြီး စကားများမနေချင်ပါနဲ့’

ဟု ပြောလိုက်လေရကား၊ တင်မောင်ညွှန့်ဆိုသူက-

‘ခင်ဗျား သတိပေးတာ မှန်ပါပေတယ်’

ဟု ပြောပြီးလျှင် ကျွန်ုပ်ကို လူဖက်မတန် တစ်ယောက် အနေဖြင့်ကြည့်ကာ လှည့်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်မှာ သူတစ်ပါးတို့ တိုက်ခိုက် ရန်ဖြစ်ပွားစေရအောင် တို့ပေးတတ်သော ဝါသနာရှိသူ တစ်ယောက် ဖြစ်လေရကား ပရိသတ်အားလုံးကို လှမ်းကြည့်၍–

'တောင်သူပဲ ဖြစ်ဖြစ်၊ ကုန်သည်ပဲ ဖြစ်ဖြစ်၊ မင်းမှုထမ်းပဲ ဖြစ်ဖြစ် လက်ရုံးရည်နဲ့ နှလုံးရည်သာ လိုရင်းဖြစ်ပါတယ်။ တတ်နိုင်လို့ သူတောင်းစား ဖြစ်ပါစေ၊ နှလုံးရည်နဲ့ လက်ရုံးရည်ရှိလျှင် ကျုပ်တို့ကတော့ လူဖက်မတန်ဘူးလို့ မအောက်မေ့နိုင်ဘူး'

ဟု ပြောလိုက်လေ၏။

ထိုစကားကို ကြားရသောအခါ အိမ်ရှင်နှင့်တကွ ဧည့်သည် အားလုံးတို့သည် မကျေနပ်သော မျက်နှာထားနှင့် ကျွန်ုပ်ကို ကြည့်နေကြလေရာ မြို့ဝန်မင်း၏စကား ဖြစ်သောကြောင့် တုံ့ပြန် ချေပခြင်းကား မပြုကြချေ။ စင်စစ်မှာ မြို့ဝန်မင်းလည်း ကျွန်ုပ်ဘက်မှ လိုက်၍ ခုခံကာကွယ်လိုသော အနေမျိုးဖြင့် ထိုစကားကို ဆိုလိုက်ခြင်း ဖြစ်သော်လည်း ကျွန်ုပ်ကိုယ်တိုင်ကပင် မကျေနပ်နိုင်ချေ။

အကြောင်းကိုဆိုသော် ကျွန်ုပ်၏ စိတ်ထဲတွင်လည်း "လူမှာ အမျိုး၊ ကြက်မှာ အရိုး" ဟူသော စကားအရ အမျိုး မြင့်မြတ်ခြင်းသည် ဂုဏ်ထူးတစ်ခု ဖြစ်သည်ဟု မှတ်ယူခဲ့သည့်အပြင် ၎င်း၏စကားအရ ဆိုလျှင် ကျွန်ုပ်ကို မျိုးရိုး ညံ့ဖျင်းသည်ဟု ဝန်ခံထားရာ ရောက်နေချေ၏။

အမှန်ကို ဆိုရသော် ကျွန်ုပ်မှာ မန်ကျည်းတုံရွာဒွဲ ရွှေကျောင်းကြီး ဒါယကာ သုံးပါးမင်းကြီး၏ အဆက်အနွယ်တစ်ဦး ဖြစ်ပေရကား ၎င်းပရိသတ် အနက် သာမက မည်သည့် ပရိသတ်၌ဖြစ်စေ၊ အမျိုးအနွယ်အားဖြင့် မိမိကိုယ်ကို ယုတ်ညံ့သည်ဟု မမှတ်ယူနိုင်သောကြောင့် ဖြစ်ချေ၏။

ထိုအခါ ခင်ခင်ထား အနီး၌ ရပ်လျက်ရှိသော လူကြီးက ကျွန်ုပ်ဘက်သို့ လှည့်၍–





'မောင့် စကားပြောပုံ ကြားရတာ ကျုပ်တို့ ရွှေဘိုနယ်ကနဲ့ တူတယ်၊ ဟုတ်ကဲ့လား မောင်'

'မှန်ပါတယ် ဦး ခင်ဗျား'

'ဘယ်သူ့အနွယ်ထဲကလဲ'

'ရွှေကျောင်းကြီး ဒါယကာ သုံးပါးမင်းကြီးရဲ့မြေးပါ ခင်ဗျာ'

'ဩော်၊ မောင်က ဦးဆုံရဲ့သားလား'

'မှန်ပါတယ် ခင်ဗျာ'

'ကိုင်း.... ဒါဖြင့် ပရိသတ်ကို ကျုပ်က ရှင်းပြောရပေမယ်၊ မျိုးရိုးဇာတိအကြောင်း ပြောကြလျှင် ဒီသူငယ်ဟာ ဒီလူတစ်စုတွင်သာမက မြန်မာတစ်ပြည်လုံးမှာ မင်းညီ မင်းသားက လွဲလျှင် ဒီသူငယ်ထက် မျိုးရိုးဇာတိ မြင့်မြတ်တဲ့ လူတစ်ယောက်မှ မရှိကြောင်း ကျုပ်က ရဲရဲကြီး တာဝန်ခံလိုက်ပါတယ်ဗျာ'

ဟု မျက်နှာထား တင်းတင်းနှင့် ပြောလိုက်လေ၏။

ထိုလူကြီးမှာ ခင်ခင်ထား၏ဖခင် ဦးသိဒ္ဓိဖြစ်၍ သီပေါဘုရင် လက်ထက်တော်တွင် အကောက်ဝန်အဖြစ်နှင့် ဗန်းမော်သို့ ခန့်ထားခြင်း ခံရကြောင်းကို နောင်အခါမှ ကျွန်ုပ် သိရှိရလေသည်။

အကောက်ဝန်မင်း၏ စကားအတွက်ကြောင့် ပရိသတ်တို့သည် ကျွန်ုပ်အပေါ်၌ ရုတ်တရက် ချက်ချင်း အထင်အမြင် ကြီးသွားသည်ဟု မဆိုနိုင်စေကာမူ၊ ကျွန်ုပ်၏စိတ်ကို များစွာ သက်သာခွင့် ရစေသည်ဖြစ်၍ ထိုလူကြီးအား ကျွန်ုပ်သည် များစွာ ကျေးဇူးတင်မိပေ၏။

ထိုလူကြီးသည် ခင်ခင်ထား၏ဖခင် ဖြစ်ကြောင်းကို နောင်အခါတွင် သိရှိရရာ၌ကား တိုး၍ပင် အရသာ ရှိလှပါပေ၏။

ထိုလူကြီးက ကျွန်ုပ်အပေါ်၌ အထင်အမြင် မသေးသိမ်ခဲ့ပါလျှင် မည်သူက မည်ကဲ့သို့ ထင်မြင်စေကာမူ ဂရုစိုက်ဖွယ်ရာ မရှိဟု အောက်မေ့ကာ အမျက်ပြေပျောက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းကဲ့သို့ သက်ာရှင်းပြီးသည့်နောက် ကျွန်ုပ်သည် သွားရန် အချိန်တန်ပြီဟု အောက်မေ့သည်နှင့် အိမ်ရှင်နှင့်တကွ ခင်ခင်ထားတို့ကို နှုတ်ဆက်၍ သွားတော့မည် ပြုလေရာ အကောက်ဝန်မင်းက–

'နေပါဦး မောင်ရဲ့၊ တစ်ရပ်တစ်ကျေး ရောက်နေတဲ့အခါမှာ ကိုယ့်နယ်သူနယ်သား တစ်ယောက်နဲ့ တွေ့ရတာ သိပ်ပြီး ဝမ်းသာတာပဲ။ ယောဒါက ကျုပ်သမီးကလေး ခင်ခင်ထားပါတဲ့'

ဟု ပြောပြကာ တားဆီးရာတွင်မူကား ကျွန်ုပ်မှာ ငြင်းဆန်ရန် မတတ်နိုင်ဘဲ ဆက်လက်နေရလေ၏။

ခင်ခင်ထားကမူကား ကျွန်ုပ်၏ မျိုးရိုးဇာတိကို သိရခြင်းအားဖြင့် ကျွန်ုပ်အပေါ်၌ အနည်းငယ်မျှ သဘောထား ပြောင်းလဲဟန် လက္ခဏာ မရှိခဲ့ချေ။

၎င်းနောက် လူကြီးတစ်စုတို့သည် ကော်ဇောကြီးများ၏ ထိပ်၌ ဝိုင်းဖွဲ့ကာ မြင်ကွန်းမင်းသား အကြောင်းမှစ၍ ခေတ်ကာလဆိုင်ရာ တိုင်းရေးပြည်ရေးများကို ပြောလျက်ရှိကြရာ၊ လူငယ်တစ်စုတို့ကမူ ခင်ခင်ထားကို အလယ်တွင် ထားလျက် ကိုပု၊ ကိုဖုးညို စသော ရုပ်သေးသမားများ အကြောင်း၊ ဖာရစီဇာတ်ပွဲများ အကြောင်း စသည်တို့ကို ရယ်ကာမောကာနှင့် ပြောဆိုလျက် ရှိကြလေ၏။

လူငယ်များသည် ခင်ခင်ထားကို ဝိုင်း၍ ပိုးပန်းနေကြဟန် တူပေရာ ၎င်းတို့အနက်တွင် တင်မောင်ညွန့်သည် လူရည်အချွန်ဆုံး ဖြစ်ဟန်တူ၏။

ခင်ခင်ထားကမူ ခပ်စိမ်းစိမ်း ဖြစ်နေသော ကျွန်ုပ်အား အနည်းငယ် မျက်နှာလိုက်ဟန်နှင့် အရေးတယူ ခေါ်ငင် ပြောဆိုလေရာ၊ တင်မောင်ညွန့်သည် ထိုသို့သော အပြုအမူအတွက် ကျွန်ုပ်ကို မနာလိုဟန် လက္ခဏာ ရှိပေ၏။

သို့ရာတွင် ကျွန်ုပ်ကမူ ရန်လုပ်ရန်ဆန္ဒ မရှိခဲ့ချေ။ အကောက်ဝန်မင်း၏ စကားကြောင့် ထိုညဉ့်အဖို့၌ စိတ်ကျေနပ်လျက်သာ ရှိနေပေ၏။





နောက်ဆုံး၌ ကျွန်ုပ်သည် ပြန်ချိန်တော်လောက်ပြီဖြစ်၍ အိမ်ရှင်နှင့် အကောက်ဝန်မင်းတို့ကို နှုတ်ဆက်ပြီးလျှင် ပြန်တော့မည်ဟု လှေကားမှ ဆင်းလာခဲ့သောအခါ၊ ကျွန်ုပ်၏ပခုံးကို တိုက်လိုက်သဖြင့် လှည့်ကြည့်လိုက်ရာတွင် တင်မောင်ညွန့်ကို မြင်ရလေ၏။

ညွန့်။ ။ 'ခင်ဗျားဟာ လူကြီးလူကောင်း သားသမီး မှန်သော်လည်း ခင်ဗျားအမူအရာက ကြမ်းတမ်းလွန်းလို့ နားရင်းအုပ်ဖို့ ကောင်းတယ်။ သို့သော်လည်း ကျုပ် မလုပ်တော့ပါဘူး၊ ချမ်းသာပေးလိုက်ပါတယ်။ သို့သော် နောက်နောင် ဒီလို လုပ်ခဲ့လို့ရှိလျှင် ကျုပ် ချမ်းသာမပေးနိုင်ဘူး၊ ကြားရဲ့လား'

ကျွန်ုပ်။ ။ 'ကြားပါတယ်၊ သို့သော် ခင်ဗျားနဲ့ ကျုပ်နဲ့ဟာ တစ်ယောက်အကြောင်းကို တစ်ယောက် နည်းနည်းပါးပါး သိကြရလျှင် ကောင်းလိမ့်မယ် ထင်တယ်။ သို့သော် ဒီကနေ့ညတော့ ထားလိုက်ပါဦးတော့၊ နောက်နောင်ကို ....'

ညွန့်။ ။ 'နောက်နောင်ကို ခင့်ခင်ထားနဲ့ အရောတဝင် ခေါ်လားပြောလား လုပ်ခဲ့လို့ရှိရင် ခင်ဗျားနဲ့ ကျုပ်နဲ့ တွေ့ကြလိမ့်မယ်'

ဟု ပြောပြီးလျှင် လှည့်၍ ပြန်သွားလေရာ ကျွန်ုပ်မှာ ကျွန်ုပ်ကို မနာလို ဝန်တိုလောက်သော အခြေအနေ၌ ရှိသည်ဟု တင်မောင်ညွန့်က မှတ်ထင်လိုက်ခြင်းသည်ပင် စိတ်ကြီးဝင်ဖွယ် အခြင်းအရာတစ်ခု ဟူ၍ ယူဆမိသည် ဖြစ်သောကြောင့် အလွန်အူရွှင်လာပြီးလျှင် တဟားဟားနှင့် ကျယ်လောင်စွာ ရယ်မောနေရစ်လေ၏။

## အခန်း [ ၁၀ ]

ဗိုလ်ထိန်ဝင်း ထံမှ ပြန်ရောက်သည့်နောက် ရက်သတ္တတစ်ပတ်ခန့် ကြာသောအခါ ဦးတောက်ထိန်သည် ကျွန်ုပ်ထံ လာရောက်၍ ဗိုလ်ထိန်ဝင်း ကတိထားလိုက်သော ငွေတစ်သောင်းထုပ်ကို ထုတ်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဗန်းမော်မြို့ပေါ်၌ ယုံကြည်စိတ်ချရမည့် လူများ၏ နာမည်စာရင်းကိုလည်း ဖြည့်စွက်၍ ပေးလိုက်ပြန်ရာ ၎င်းစာရင်းထဲတွင် ကျွန်ုပ်ကို မလိုမုန်းထားသူများ၏ အမည်များလည်း ပါရှိပေ၏။

ကျွန်ုပ်၏ အလုပ်မှာ ထိုလူများထံသို့ တစ်ယောက်စီ သွားရောက်တွေ့ဆုံ၍ ဗန်းမော်မြို့ကို ရှမ်းတရုတ်တို့ ဝင်စီးမည့် ဘေးအန္တရာယ်မှ စိုးရိမ်ဖွယ်ရာ ရှိသည့်အကြောင်းကို ဗိုလ်ထိန်ဝင်း၏ အမည်ဖြင့် ပြောပြပြီးလျှင် အရေးရှိလျှင် စုဆောင်းဖို့အတွက် အချက်ပေးရန် နည်းလမ်းကိုလည်း ပြောပြရန် ဖြစ်လေသည်။

ထို့ပြင် ဗိုလ်ထိန်ဝင်းသည် သေနတ်များနှင့် ခဲယမ်းမီးကျောက်များကို လျှို့ဝှက်စွာ တင်ပို့မည်ဖြစ်ရာ ကျွန်ုပ်နှင့် ဦးတောက်ထိန်တို့က လှေမှ တိတ်တဆိတ် ချ၍ ကျွန်ုပ်၏ကုန်လှောင်တိုက်ထဲတွင် ဝှက်ထားရန် ဖြစ်လေသည်။

ဗိုလ်ထိန်ဝင်းက ပေးပို့လိုက်သော စာရင်းတွင် ပါရှိသော လူများမှာ ဗိုလ်ထိန်ဝင်းကိုယ်တိုင် စမ်းသပ်ပြီး ပုဂ္ဂိုလ်များ ဖြစ်လေရကား ကျွန်ုပ်က ဗိုလ်ထိန်ဝင်း၏ စာကိုပြ၍ အဖြစ်အပျက်ကို ပြောပြလိုက်လျှင်ပင် ၎င်း၏ စိမ်ကိန်းအတိုင်း သွက်လက်စွာ လိုက်နာသူများသာလျှင် ဖြစ်ကြလေ၏။

ရှီလန်သည် ဗိုလ်ထိန်ဝင်းထံမှ ပြန်လာသည့် နေ့မှ စ၍ ကျွန်ုပ်နှင့် အတူ နေထိုင်လျက်ရှိပေရာ ကာကွယ်ရေးကိစ္စတွင် ၎င်းအား ဗိုလ်ထိန်ဝင်းက လက်ရုံးတစ်ဖက်ကဲ့သို့ အားကိုးဟန် တူပေ၏။

ထိုသူသည် မြန်မာလူမျိုးတစ်ယောက် မဟုတ်ပါဘဲလျက် မြန်မာတို့၏ ခုခံကာကွယ်ရေးတွင် ပါဝင် စွက်ဖက်လျက် ရှိနေခြင်းမှာလည်း ကျွန်ုပ်နားမလည်နိုင်အောင် ရှိပေ၏။

ရှီလန်အား ၎င်းအကြောင်းကို မေးမြန်း စုံစမ်းကြည့်သည့်အခါ ၎င်းက ကျွန်ုပ်အား ကျေးဇူးတင်ဖို့အရေး တစ်ကြိမ် ကြုံကြိုက်ခဲ့ဖူးသည့်နည်းတူ ဗိုလ်ထိန်ဝင်းကိုလည်း ကျေးဇူးတင်ဖို့တစ်ကြိမ် ဖြစ်ပေါ်ခဲ့ဖူးကြောင်းနှင့် ပြောပြလေ၏။





မည်သို့ပင်ဖြစ်စေ ကျွန်ုပ် အကဲခတ်၍ ရသလောက်မှာ ရှီလန်သည် ကျေးဇူးရှင်တစ်ဦးကို ကျေးဇူးစွပ်မည့် လူတစ်ယောက် မဟုတ်ကြောင်းကို ကျွန်ုပ်ကိုယ်တိုင် ရဲဝံ့စွာ တာဝန်ခံနိုင်လောက်လေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ကာကွယ်ရေးကိစ္စနှင့် ပတ်သက်၍ မြို့နှင့် ၅ မိုင်ခန့်ဝေးသော ရွာတစ်ရွာ၌ နေထိုင်လျက်ရှိသူ ကျွန်ုပ်တို့၏ အသင်းသားတစ်ယောက်ထံ စာတစ်စောင်နှင့် လွှတ်လိုက်ရာ ၃ ရက် ကြာသော်လည်း ပြန်မရောက်လာသည်နှင့် ရှီလန်အား ထောက်လှမ်းစုံစမ်းရန် စေလွှတ်လိုက်၏။

ထိုနေ့ညနေတွင် ရှီလန်သည် မသာယာသော မျက်နှာနှင့် ပြန်လာပြီးလျှင် ကျွန်ုပ် စေလွှတ်လိုက်သော သူ၏ အလောင်းကို တွေ့ခဲ့ရကြောင်း၊ အလောင်းကို ကြည့်ခြင်းအားဖြင့် ထိုသူမှာ ရှမ်းတရုတ်တို့၏ လက်ချက်ဖြစ်သည်ဟု သိနိုင်ကြောင်းနှင့် ပြောပြရာတွင် ကျွန်ုပ်တို့ စိုးရိမ်ကြောင့်ကြမိသော ဘေးရန်သည် နီးကပ်၍ လာလေပြီဟု တွေးဆ ပူပန်မိကြလေ၏။

ကျွန်ုပ် ထွက်လာခါနီးတွင် ဗိုလ်ထိန်ဝင်းက မကြာမီအတွင်း ၎င်းကိုယ်တိုင် လာရောက်ပါဦးမည်ဟု မှာထားလိုက်ဖူးရာ၊ ထိုအခြင်းအရာတို့ကို ကြုံတွေ့ရသော အခါ၌ ကျွန်ုပ်သည် ဗိုလ်ထိန်ဝင်း လာပါစေတော့ဟု အောက်မေ့လျက် နေ့တိုင်းပင် စောင့်မျှော်မိလေ၏။

ထိုရက်များအတွင်း၌ ကျွန်ုပ်သည် ခင်ခင်ထားကို နေ့တိုင်းပင် သတိရ၍ ၎င်းတို့၏နေအိမ်ကို သိပါသော်လည်း မအားမလပ်သည် တစ်ကြောင်း၊ ဖိတ်ခေါ်ခြင်း မရှိဖူးသည် တစ်ကြောင်းကြောင့် မသွားရောက်ခဲ့ချေ။

ဝါဆို လပြည့်နေ့တွင် နေ့ကြီးရက်ကြီးများ၌ ဥပုသ်သီတင်း ဆောက်တည်ကြသော ထုံးစံအတိုင်း ကျွန်ုပ်သည် ဘုန်းကြီးကျောင်းသို့ သီလယူရန် ထွက်လာခဲ့ရာ ခင်ခင်ထားကို တွေ့ကောင်းတွေ့လိမ့်မည်ဟု မှတ်ထင်မိသည် ဖြစ်၍ စပ်ပုဆိုးနှင့် ပဒုမ္မာအင်္ကျီတို့ကို ဝတ်ဆင်ကာ သျှောင်ချောထုံးလျက် ထွက်လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့သူမြို့သားများအနက် အချို့တို့သည် ကျွန်ုပ်အပေါ် မျက်မုန်းကျိုးနေကြသော်လည်း ယခု တလောတွင်မူကား အကောက်ဝန်မင်း၏ စကားကြောင့်ပေလော မသိ၊ လူကြီးပိုင်းမှ ကျွန်ုပ်ကို ပျူပျူငှာငှာ စကားလက်ခံပြောကြသည်ကို တွေ့ရလေ၏။

သို့ရာတွင် လူငယ်ပိုင်းကမူကား ကျွန်ုပ်အပေါ်၌ စိတ်သဘောပြောင်းလဲကြသေးဟန် လက္ခဏာမရှိချေ။ ထိုနေ့တွင် ကျွန်ုပ် တွေးထင်သည့်အတိုင်း ခင်ခင်ထားတို့ သားအဖသည် ဘုန်းကြီးကျောင်းသို့ သီလယူရန် ရောက်လာလေရကား၊ မြို့ပေါ်မှ ကာလသား ပေါင်းစုံတို့သည် ၎င်းကျောင်းတိုက်သို့ သစ်လွင်သော အဝတ်အစားတို့နှင့် လာရောက်ကြလေ၏။

သီလခံယူကြသော အချိန်၌ ကျွန်ုပ်သည် ခင်ခင်ထားကို မြင်မိသော်လည်း အနည်းငယ် ကွာလှမ်းနေသောကြောင့် နှုတ်ဆက်ခွင့် မရချေ။ ကာလသား စုံလင်လှသော ထိုနေရာမျိုး၌ ကျွန်ုပ်သည် လူချွန်လုပ်လိုသော ဆန္ဒမရှိသဖြင့်လည်း နှုတ်ခွန်းဆက်ဖို့ အခွင့်ရရန် မကြိုးစားခဲ့ချေ။

သီလခံယူပြီးနောက် ကျွန်ုပ်သည် အကောက်ဝန်မင်း သားအဖတို့နှင့် တွေ့ရန် မကြံစည်တော့ဘဲ ကျောင်းထဲမှ ထွက်လာမည်ပြုရာ ဝင်းပေါက်သို့ ရောက်သောအခါ ကာလသားတစ်စုတို့သည် လမ်းတစ်ဖက်တစ်ချက်၌ ရပ်ကာ အပျိုကလေးများကို ရှုစားလျက် ရှိကြလေ၏။ ကျွန်ုပ်သည် ၎င်းတို့အကြားမှ ဣန္ဒြေနှင့် လျှောက်လာရာ–

တစ်ယောက်။ ။ 'ကုန်စုံသည်ကြီး.... ကြည့်လိုက်ကြ မောင်တို့'

အခြားတစ်ယောက်။ ။ 'ငနဲက စပ်ပုဆိုးတွေနဲ့၊ လူပါးဝလိုက်လေကွာ'

အခြားတစ်ယောက်။ ။ 'ပုဆိုးဝတ်ထားပေမဲ့ ပေါင်လှန်ကြည့်စမ်းပါကွာ....သေးကြောင်းတွေနဲ့ပါ'

အခြားတစ်ယောက်။ ။ 'ထွီ.... ငပြာရည်စော် နံလိုက်လေကွာ'

အခြားတစ်ယောက်။ ။ 'လူနေ ချုံကြား၊ စိတ်နေ ဝတ်ပါကလား'





အခြားတစ်ယောက်။ ။ 'မင်းက အနှိုလို မပြောပါနဲ့ကွ၊ အနှာမျိုးငါက မကြိုက်ဘူး'

စသည်ဖြင့် တစ်ယောက်တစ်ခွန်း ပြောကြသော်လည်း ကျွန်ုပ်သည် ထိုမျှလောက်သော ပြက်ရယ်ပြောင်ခြင်းမျိုးကို ကလေးကလား ဆန်လှသည်ဟု အောက်မေ့သည်နှင့် စိတ်မဆိုးလှဘဲ ရင်ကိုကော့ကာ လျှောက်လာခဲ့လေ၏။

ကျွန်ုပ်က စိတ်မဆိုးသည်ကို တွေ့မြင်ရသောအခါ အချို့တို့သည် ကျွန်ုပ်အပေါ်တွင် စိတ်ဆိုးလာသည့် လက္ခဏာနှင့် တစ်ယောက်သော ကာလသားသည် ကျွန်ုပ်ကို ကိုယ်စောင်းတိုက်မည်ဟု ထွက်လာလေရာ တင်မောင်ညွန့်က ထိုသူကို ဆွဲထား၍–

'ကျောင်းထဲမှာ ရန်ဖြစ်လို့ မတော်ပါဘူးကွာ'

ဟု ပြောကာ ဖယ်ရှားလိုက်လေ၏။ သို့ရာတွင် တစ်ယောက်သော ကာလသားသည် ရန်ဖြစ်အောင် စမည်ဟု ကြံစည်ထားဟန် လက္ခဏာနှင့် ၎င်း၏လက်၌ ကိုင်ထားသော ကြိမ်တုတ်ကလေးကို ကျွန်ုပ်၏ ခြေထောက်ကြားထဲသို့ ပစ်သွင်းလိုက်လေရာ၊ ကျွန်ုပ်သည် မျက်စိလျင်၍ လက်မြန်သူဖြစ်သောကြောင့် ကြိမ်တုတ်ကို ခြေထောက်ကြားသို့ မရောက်မီ ကိုင်ဖမ်း၍ ချိုးပစ်ခဲ့လေ၏။

ထိုအခါ ကြိမ်တုတ်ရှင်သည် တုတ်ကျိုးကို ကောက်ယူ၍ ကျွန်ုပ်၏ မျက်နှာကို ပေါက်လိုက်ရာ တုတ်စွန်းသည် ကျွန်ုပ်၏ပါးကို ခြစ်မိသွားလေ၏။

ကျွန်ုပ်က ရုတ်တရက် လှည့်ကြည့်လိုက်သောအခါ ကာလသားတစ်စုသည် သွားများကိုဖြဲကာ ကျွန်ုပ်ကို ဝိုင်း၍ ရယ်မောလိုက်ကြလေ၏။

ထိုအခါ ကျွန်ုပ်မှာ စိတ်ကို ချုပ်တည်းခြင်းငှာ မတတ်နိုင်တော့ပြီဖြစ်၍ ဖြစ်လိုရာဖြစ်စေ ဟူသော စိတ်ထားနှင့် အရမ်းမဲ့ ပြုကျင့်တော့မည် ကြံစည်လိုက်သည်တွင်–



www.burmeseclassic.com

www.burmeseclassic.com



'ကိုထွန်းချွန်၊ ကျွန်မတို့ကို အိမ်လိုက်ပို့ပါဦး'

ဟု ပြောသံကြားသည်နှင့် လှည့်၍ ကြည့်လိုက်ရာတွင် ခင်ခင်ထားတို့ သားအဖနှစ်ယောက် လမ်းလျှောက်လာကြသည်ကို တွေ့ရလေ၏။

ထိုအခါ ကျွန်ုပ်မှာ အမျက် လုံးလုံးပြေပျောက်၍ ခင်ခင်ထားတို့ သားအဖ နှစ်ယောက်တို့နှင့်အတူ လျှောက်လာခဲ့လေ၏။

အကောက်ဝန်မင်း၏ နေအိမ်သို့ ရောက်၍ သားအဖနှစ်ယောက် တို့ကို ပို့ခဲ့ပြီးသဖြင့် ဆက်လက်၍ လျှောက်လာခဲ့သောအခါ ကျွန်ုပ်သည် ကျွန်ုပ်အား ရန်စသော ကာလသားတစ်စုနှင့် တွေ့စမ်းချင်လှ၏။

ထိုအခါ၌ကား ကျွန်ုပ်သည် ၎င်းတို့ကို တစ်ယောက်ချင်း မဟုတ်ဘဲ နှစ်ယောက်တစ်ပြူး၊ သုံးယောက်တစ်ပြူး ကိုင်၍ မြစ်ထဲသို့ ပစ်ချနိုင်သည်ဟု မှတ်ထင်မိလေ၏။

သို့ရာတွင် ကျွန်ုပ်သည် မည်သူ့ကိုမျှ မတွေ့ရချေ။ သို့သော် ကျွန်ုပ် သည် ဤမျှလောက် အရေးကြီးနေသော အချိန်အခါတွင် မည်သူနှင့်မျှ ခိုက်ရန်ဖြစ်ပွားရန် အလိုမရှိသော်လည်း တစ်နေ့နေ့၌ ကျွန်ုပ်ကို ရန်စလျက် ရှိသော ကာလသားများအား မှတ်လောက် သားလောက်အောင် ဆုံးမပေးမှ သာလျှင် ဖြစ်နိုင်တော့မည့် အကြောင်းကို စဉ်းစားမိလေ၏။

နောက်တစ်နေ့ ညနေ၌ ကျွန်ုပ်သည် ဦးတောက်ထိန်နှင့် တိုင်ပင်ရန် ကိစ္စရှိသောကြောင့် သွားရောက်တွေ့ဆုံခဲ့၍ အိမ်သို့အပြန်တွင် ဝတ်ဖြူ စင်ကြယ်နှင့် လူကြီးတစ်ယောက်သည် စိပ်ပုတီးကို ကိုင်ကာ လျှောက်လာ သည်နှင့် တွေ့၍ ကျွန်ုပ်၏ နေအိမ်ကို မေးသည်တွင် ကျွန်ုပ်က–

'မောင်ထွန်းချွန်ဆိုတာ ကျွန်တော်ပါပဲ'

ဟု ပြန်ပြောလေ၏။ ထိုလူကြီးသည် စိပ်ပုတီးကို စိပ်ရင်း–

'ဒါဖြင့် ကျုပ် လိုက်ခဲ့ပါရစေ'

ဟု ပြောသည်နှင့် ကျွန်ုပ်သည် ထိုလူကြီးကို အိမ်သို့ ခေါ်သွားလေရာ လမ်းခရီးတွင် လူကြီးသည် "သဗ္ဗေသခါရာ အနိစ္စာ" အစရှိသော ပါဠိမျိုး





တို့ကို ရွတ်လျက် ကျွန်ုပ်နောက်မှ ကုပ်ကုပ် ကုပ်ကုပ်နှင့် လိုက်လာလေ ၏။

နေအိမ်သို့ရောက်၍ ရှီလန်နှင့် တွေ့လေလျှင် ရှီလန်သည် ကျွန်ုပ်ကို ကြည့်လျက် မပြုံးစဖူး ပြုံးလေရာ ကျွန်ုပ်က–

'ရှီလန် ပြုံးတယ်.... မိုးရွာလိမ့်မယ်' ဟု ပြောမိလေ၏။

ထိုနောက် ကျွန်ုပ်သည် လူကြီးကိုခေါ်၍ နေရာထိုင်ခင်း ပေးပြီးလျှင် ကိစ္စကိုမေးရာ လူကြီးသည် ကုန်းနေသော ခါးကိုဆန့်တန်း၍ ဖြူဖွေးသော ဆံပင်တို့ကို လက်ဖြင့် ပွတ်ဖျက်ပြီးနောက်–

'ရုပ်ပြောင်းရုပ်လွဲ ဘယ့်နှယ်နေသလဲ'

ဟု မေးလိုက်သည်တွင်မှ ဗိုလ်ထိန်ဝင်းမှန်း သိရလေ၏။

ဗိုလ်ထိန်ဝင်းသည် ကျွန်ုပ်နှင့်အတူ ညစာ စားသောက်၍ အရပ်ရပ် ကိစ္စတို့ကို စိမ်လျက်ရှိကြရာ၊ မီးခွက်ထွန်းချိန်တိုင် ရောက်သော်လည်း မပြန် သေးချေ။ ကျွန်ုပ်တို့အိမ်၌ အိပ်ဖို့ ပြောသောအခါ၌မူ 'ပြန်ဦးမှ ဖြစ်မည်'ဟု ပြောကာ ငြင်းဆန်လေ၏။

၎င်းနောက် ဗိုလ်ထိန်ဝင်းသည် ခဲယမ်းမီးကျောက်နှင့် သေနတ်များ ထားပုံ၊ အချင်းချင်း အချက်ပေးဖို့ စီမံထားပုံ စသည်တို့ကို ကျွန်ုပ်နှင့် တိုင်ပင် ဆွေးနွေးကြသည်ဖြစ်၍ ည ၁၀ နာရီကျော် အချိန်ခန့်ရှိလေလျှင် လူ ၆ ယောက်ခန့်တို့သည် ရှမ်းတရုတ်များအသွင် ဝတ်ဆင်ကြလျက် အရက် မူးလှသော ဟန်ပန်ဖြင့် တည်းအိမ်သို့ ဝင်လာကြလေ၏။

ထိုလူများသည် ရုပ်ဖျက်၍ လာကြသော်လည်း ၎င်းတို့၏ ဟန်ပန်ကို ကြည့်၍ အကဲခတ်လိုက်ရာ တင်မောင်ညွှန့် မပါသည်ကို တွေ့ရ၍ ဝမ်း မြောက်မိ၏။ အဘယ်ကြောင့်ဆိုသော် တင်မောင်ညွှန့်နှင့် ကျွန်ုပ်တို့ကိစ္စမှာ လေးနက်သောကိစ္စ ဖြစ်သောကြောင့် ထိုကဲ့သို့ တော်စွာ လျော်စွာ မူးယစ်ကာ ရန်ဖြစ်ရုံမျှနှင့် ကျွန်ုပ်က မကျေနပ်နိုင်ချေ။

ထိုသူများသည် အိမ်တွင်းသို့ ဆူညံစွာ ဝင်လာကြ၍၊ အထူးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မှုးနေဟန်တူသော လူတစ်ယောက်က 'ကိုထွန်းချွန် မရှိဘူးလား' ဟု မေးကာ သေတ္တာကြီးတစ်လုံး အပေါ်၌ ခပ်အေးအေး ထိုင်လျက်ရှိသော ဗိုလ်ထိန်ဝင်း အပေါ်သို့ ဒယီးဒယိုင်နှင့် ထိုးလဲသွားလေ၏။

ဗိုလ်ထိန်ဝင်းက လက်ဖြင့် တွန်းဖယ်လိုက်သောအခါ ထိုလူက–

'ခင်ဗျားက ဝတ်ဖြူစင်ကြယ်နဲ့.... ဘယ်သူလဲ' ဟု မေးလိုက်ရာ ဗိုလ်ထိန်ဝင်းက–

'မိတ်ဆွေကြည့်ရတာ သိပ်မူးနေပုံ ပေါ်ပါတယ်၊ အိမ်ပြန်လျှင် ကောင်းလိမ့်မယ် ထင်တယ်' ဟု ခပ်အေးအေး ပြောလိုက်လေ၏။

ထိုလူ။ ။ 'ဘာပြုလို့ အိမ်ပြန်အိပ်ရမှာလဲ....ဒီကနေ့ည တစ်ညလုံး မအိပ်ဘူး၊ ရွှေဘိုသား ဈေးသည် ဘယ်မှာလဲ....ဘယ်ပုန်းနေသလဲ'

ကျွန်ုပ်။ ။ 'မပုန်းပါဘူးဗျာ.... ရှိပါတယ်၊ ဘာကိစ္စရှိလို့လဲ....'

ထိုအခါ လူ တစ်ယောက်၊ နှစ်ယောက်တို့သည် ကျွန်ုပ်တို့၏ အေးစက်သော အမူအရာကို မြင်သည်နှင့် ခပ်ဆိုင်းဆိုင်း ရှိနေကြလေရာ ခေါင်းဆောင်လုပ်လာသူက သူတစ်ပါးတို့ထက် ရဲဝံ့ဟန်နှင့် ရင်ကိုကော့လျက်–

'ကျုပ်တို့ မြို့သူမြို့သားတစ်စုက ရွှေဘိုသားကို ဒီမှာနေဖို့ သဘောမတူဘူး.... ဒါကြောင့် သုံးရက်အတွင်း ဒီမြို့မှ ထွက်ခွာသွားရမယ်'

ကျွန်ုပ်။ ။ 'မသွားခဲ့လို့ ရှိလျှင်....'

ထိုလူ။ ။ 'ကုန်တိုက်ရော၊ လူရော.... မီးနဲ့ တိုက်ပစ်မယ်'

ဟု ပြောကာ တရုတ်ပြည်မှ ကျွန်ုပ် လက်ဆောင်ရထားသော ကြွေပန်းအိုးကြီးတစ်လုံးကို ရိုက်ခွဲလိုက်လေ၏။

ထိုအခါ ဗိုလ်ထိန်ဝင်းသည် ထိုင်ရာမှထ၍ ကျွန်ုပ်အား မည်သို့မျှ မပြောရန် လက်ပြပြီးလျှင် မျက်နှာထားတည်တည်နှင့် ခေါင်းဆောင်ဘက်သို့ လှည့်လျက်–

ဝင်း။ ။ 'ကျုပ်က ဝတ်ဖြူစင်ကြယ်နဲ့ ဥပုသ်ရက်ရှည် စောင့်နေတဲ့ လူတစ်ယောက် ဖြစ်ပါတယ်၊ သို့သော် ကျုပ်မိတ်ဆွေတစ်ယောက်ကို စော်





ကားတာတော့ ကြည့်မနေနိုင်ဘူး။ ဒါကြောင့် အားလုံးကို ကျုပ်က တောင်းပန်ပါတယ်၊ အေးအေးသာသာ ထွက်သွားကြပါ၊ မောင်တို့ သောက်ဖို့ အရက်ဖိုး ငါးကျပ်စီ ကျုပ်က ပေးလိုက်ပါမယ်'

ဗိုလ်ထိန်ဝင်းသည် ငွေပေးပါမည် ပြောရာ၌ ထိုလူများကို တိုး၍ စိတ်ဆိုးအောင် ပြောလိုက်ခြင်း ဖြစ်လေရာ ရည်ရွယ်သည့်အတိုင်း တိုး၍ စိတ်ဆိုးလာသည်နှင့် ခေါင်းဆောင်က–

'ဘာလုပ်ဖို့ရာလဲ ခင်ဗျားငွေ၊ ခင်ဗျားတို့ ဈေးသည်တွေသာ ငွေကို ဂရုစိုက်တယ်.... ကျုပ်တို့က လူကုံထံတွေ၊ ငွေကို ဘာလောက်မှ ဂရုမစိုက်ဘူး။ ငွေပေးမယ် ဆိုတာ ကျုပ်တို့ကို စော်ကားတာပဲ၊ ရော့....ခင်ဗျား စော်ကားချင်တဲ့ လူ'

ဟု ပြောကာ ဗိုလ်ထိန်ဝင်း၏ကျောကို ဓားလွတ်နှင့် အပြားလိုက်ရိုက်လေရာ ဗိုလ်ထိန်ဝင်းမှာ ထိုသို့ပြုလိမ့်မည်ဟု ပြင်ဆင်ထားပြီး ဖြစ်သောကြောင့် အလွယ်တကူ တိမ်းရှောင်လိုက်လေ၏။

ဝင်း။ ။ 'ကျုပ်က လူဆိုးတွေလားလို့.... လက်စသတ်တော့ လူကုံထံတွေ ဆိုပါကလား'

ခေါင်းဆောင်။ ။ 'ဘာတုံး သီလကြောင်.... ခင်ဗျား ဝင်မရှုပ်နဲ့.... ဖယ်စမ်း'

ဝင်း။ ။ 'မဖယ်နိုင်ဘူး.... ကျုပ်မိတ်ဆွေကို ကျုပ် ကာကွယ်ရလိမ့်မယ်၊ အသတ်အပုတ် ဝါသနာမပါပေမဲ့ သတ်ခွင့်ကြုံလျှင် သတ်ရလိမ့်မယ်'

ခေါင်းဆောင်။ ။ 'အဝတ်ဖြူ ဝတ်ပြီးတော့ အသာမနေချင်ဘူး၊ ဘာ ဝင်ရှုပ်နေတာလဲ'

ဝင်း။ ။ 'ရှုပ်တယ်လို့ မအောက်မေ့ပါနဲ့.... ဝတ္တရားအတိုင်း လုပ်ရပါလိမ့်မယ်၊ ကိုင်း လာ.... တစ်ယောက်ချင်း ထွက်ခဲ့'

ဟု ပြောပြီးလျှင် ကျွန်ုပ်ထံမှ ဓားတစ်ချောင်းကို တောင်း၍ ဝင့်နေလေရာ ခေါင်းဆောင်လုပ်သူလည်း သတ္တိကောင်းဟန်နှင့် နှောင့်နှေးခြင်းမရှိဘဲ ဗိုလ်ထိန်ဝင်း၏ ရှေ့တွင် ရပ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငင်းနောက် စတင်ထိုးခုတ်ကြလေရာ ခေါင်းဆောင်လုပ်သူသည် ငင်းနယ်သားတို့ ထုံးစံအတိုင်း ရှမ်းသိုင်းကို အတော်အတန် တတ်ခဲ့ဟန်ရှိ၏။

သို့ရာတွင် ဗိုလ်ထိန်ဝင်းမှာ "ရေချို ရေငန် နှစ်နိုင်ငံတွင် ပြိုင်စံရှားသော ဓားသမား" ဖြစ်လေရကား ငင်း၏ဓားသည် ထိုလူ၏ ဦးခေါင်း၊ ရင်ဘတ်၊ လည်ပင်း စသည်တို့ကို လျှပ်စစ်ပစ်သကဲ့သို့ တဖျတ်ဖျတ်ဝဲလျက်ရှိလေရကား ထိုလူသည် နောက်ဆုတ် နောက်ဆုတ်နှင့် တံခါးပေါက်ရှိရာသို့ ဆုတ်ခွာသွားရပြီးလျှင် နောက်ဆုံးတွင် မခံမရပ်နိုင်သည်နှင့် အပြင်သို့ လှည့်ကာ ထွက်ပြေးရလေ၏။

ဗိုလ်ထိန်ဝင်းမှာ ဤလူများ လာကြမည့်အကြောင်းကို သိရှိပြီးဖြစ်၍ ကျွန်ုပ်၏အိမ်မှ စောင့်နေခြင်း ဖြစ်သည့်ပြင် ရှိလန်နှင့်လည်း စီမံပြီးဖြစ်သောကြောင့် ထွက်ပြေးသွားသော လူသည် ရှိလန်တို့ လူစုလက်သို့ ရောက်သွားဟန် တူပေ၏။

ငင်းနောက် ဗိုလ်ထိန်ဝင်းက–

'ကိုင်း.... ဘယ်သူ လာမလဲ၊ နောက် တစ်ယောက်....'

ဟု ခေါ်လိုက်သည်နှင့် ဒုတိယ တစ်ယောက်သည် ခပ်ကြောက်ကြောက်နှင့် ထွက်လာရာတွင် တတိယ တစ်ယောက်ကလည်း ကူညီမည်ပြုလေ၏။

ထိုအခါ ကျွန်ုပ်က–

'တစ်ယောက်ချင်းလေ....'

ဟု ပြောကာ ထိုလူ၏ဓားကို ရိုက်ချလိုက်ရာ ထိုသူလည်း ပြန်၍ ဆုတ်သွားလေ၏။

ဒုတိယလူမှာ ပထမခေါင်းဆောင်လောက်ပင် ခုခံနိုင်လေရာ နောက်ဆုံးတွင် ဗိုလ်ထိန်ဝင်း၏ သွက်လက် လျင်မြန်သော ဓားချက်ကို မခံမရပ်နိုင်သည်နှင့် ရှေးနည်းအတူ ဆုတ်ခံ ခံပြီးနောက် တံခါးပေါက်မှ ထွက်ပြေးရလေ၏။





တတိယလူမှာ ရှေ့လူနှစ်ယောက်လောက်မှ ကြာအောင် မခုခံနိုင်ဘဲ တည်မိသည်နှင့် တစ်ပြိုင်နက် ဆုတ်ခွာ ထွက်ပြေးလေတော့၏။

ကျန်သော လူသုံးယောက်တို့အနက် တစ်ယောက်သည် မတိုက်လိုကြောင်း ပြောလေရာ၊ ကျန်နှစ်ယောက်တို့မှာ မူးလှပြီ ဖြစ်သောကြောင့် တစ်စုံတစ်ရာမျှ မတတ်နိုင်ကြချေ။ ငင်းတို့သည် ကြမ်းပေါ်တွင်ထိုင်လျက် တေးချင်းတစ်ပုဒ်ကို သံပြိုင်ဆို၍ နေကြလေသေး၏။

ထိုနောက် ကျွန်ုပ်တို့သည် ထိုလူသုံးယောက်တို့ကို အိမ်ပြင်သို့ ခေါ်ထုတ်သွားကြ၍ တဲတစ်တဲတွင် ရှိလန်နှင့် ကျွန်ုပ်၏တပည့်များ ဖမ်းချုပ်ထားသော ပထမလူ သုံးယောက်တို့ကိုပါ ပူးပေါင်းပြီးလျှင် ကောင်းမွန်ငြိမ်သက်စွာ ပြန်သွားကြဖို့ သြဝါဒပေးပြီး လွှတ်လိုက်ကြလေ၏။

ဝင်းပြင်သို့ ရောက်ကြသောအခါ လူသုံးယောက်တို့သည် ပြန်၍ လာကြဦးမည့်ဟန်နှင့် တိုင်ပင်ကာ ရပ်နေကြသေးရာ၊ နောက်ဆုံးတွင်မှ လက်လျှော့ကြဟန်နှင့် ထွက်သွားကြလေသတည်း။

## အခန်း [ ၁၁ ]

ကျွန်ုပ်ကို စော်ကားရန် လာရောက်ကြသူများမှာ လူကုံထံများ၏ သားများဖြစ်လေရာ ကျွန်ုပ်က ထိုအကြောင်းကို မည်သူ့အားမျှ ပြောပြခြင်း မပြုသော်လည်း တစ်နည်းနည်းအားဖြင့် သတင်းပျံ့နှံ့သွားသည် ဖြစ်သောကြောင့် ဈေးသည်တစ်ယောက် လက်တွင် အညှဉ့်ခံရချေသလောဟု ထိုသူတို့မှာ ပြက်ရယ် ပြောင်လှောင်ခြင်း ခံကြရဟန် တူပေ၏။

ကျွန်ုပ်မှာလည်း ကာလသားများနှင့် ကိစ္စသည် ဤမျှနှင့် မပြီးဆုံးသေး။ တစ်နေ့နေ့၌ ကြီးကြီးကျယ်ကျယ် ဖြစ်ရပြီးမှာသာ အေးလိမ့်မည်ဟူ၍ မှတ်ထင်မိလေ၏။ စင်စစ်မှာ ကျွန်ုပ်သည် ခိုက်ရန်ဖြစ်ရခြင်းကို အလိုမရှိသော်လည်း ဖြစ်ရမည် ဆိုလျှင်လည်း ကြောက်လှအောင် မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ အခြင်းအရာတို့ ဖြစ်ပျက်ပြီးသည့်နောက် ရက်သတ္တတစ်ပတ်ခန့် ကြာရှိသောအခါ မြို့ဝန်မင်းသည် ရွှေမြို့တော်မှ ဧည့်သည်တော်တစ်ယောက် ရောက်လာသည်ဖြစ်၍ ပွဲလမ်းသဘင်တို့ဖြင့် ဧည့်ခံသည့်ပြင် လူငယ်များအဖို့ မြင်းပြိုင်ပွဲ၊ လုံ့ထိုးပွဲ၊ ဓားခုတ်ပွဲ၊ စက်ပစ်ပွဲ စသည်တို့ကိုလည်း ကျင်းပလေ၏။

လုံ့ထိုးပွဲ ဆိုသည်မှာ လူနှင့်လူချင်း ထိုးသတ်ရသည် မဟုတ်။ မြင်းပေါ်မှ စီးလျက် စက်ကွင်းကို ထိုးရခြင်းဖြစ်ပေရာ ဓားခုတ်ပွဲမှာလည်း ထိုနည်းအတူ ဓားဖြင့် တစ်စုံတစ်ခုကို ကျင်လည်စွာ ခုတ်ပိုင်းပြရုံမျှသာ ဖြစ်လေသည်။ မြင်းပွဲမှာမူ ယခုခေတ်ကဲ့သို့ ဒုန်းပြိုင်ပွဲ မဟုတ်၊ အသားကျ ပွဲမျှသာ ဖြစ်၍ အငြင်းအခုံ အလွန်များသော ပွဲမျိုး ဖြစ်လေသည်။

ပွဲနေ့၌ ပရိသတ်တို့သည် ထမင်းစားပြီး အချိန်မှစ၍ ကွင်းကြီးထဲသို့ ရောက်လာကြလေရာ လူသာမန်တို့သည် သစ်ပင်အောက်၊ ကနားဖျင်းအောက် စသည်တို့တွင် စုရုံးကာ စောင့်မျှော်နေကြ၍ မြို့ဝန်မင်းနှင့်တကွ အရာရှိပိုင်းမှ လူစုမူကား ကွင်းကြီး၏ ထိပ်တည့်တည့်တွင် မဏ္ဍပ်ကြီးထိုး၍ ဖျာ၊ ရိုင်၊ သင်ဖြူး စသည်တို့ဖြင့် ခင်းကျင်း စီမံထားလေ၏။

ကျွန်ုပ်သည် ကုန်သည်တစ်ယောက်ပီပီ သစ်ပင်တစ်ပင်အောက်တွင် ထိုင်လျက် မဏ္ဍပ်ရှိရာသို့ မျှော်ကြည့်လိုက်ရာတွင် အခြားသော မင်းစိုးရာဇာတို့၏ သားသမီးများနှင့်အတူ ခင်ခင်ထားကိုလည်း တွေ့မြင်ရလေ၏။

ခင်ခင်ထားမှာ ထိုနေ့အဖို့၌ ပွဲနေ ပွဲထိုင်အတွက် အဝတ်အစားမျိုး မဟုတ်ဘဲ ခပ်သွက်သွက် လှုပ်ရှား သွားလာနိုင်မည့် အဝတ်မျိုးမျှလောက်ဖြင့် သပ်ရပ်စွာ ဝတ်ဆင်ထားပေရာ အရာရှိ အရာခံတို့၏ သားသမီးများ အနက်တွင် အကြော့ရှင်းဆုံး၊ အဖျတ်လတ်ဆုံး ဖြစ်သည်ဟု လူတိုင်းက ဝန်ခံကြရပေ၏။

မြို့ပေါ်ရှိ လူကုံထံများ၏ သားများသည် မြင်းပြိုင်ပွဲ၊ လုံ့ထိုးပွဲ၊ ဓားခုတ်ပွဲ စသည်တို့တွင် ပါဝင် ယှဉ်ပြိုင်ကြသော်လည်း ကျွန်ုပ်မှာမူ ပွဲဝင်လောက်အောင် မတတ်မြောက်သောကြောင့် မပါဝင်ခဲ့ပေ။





မြင်းစီးခြင်းအလုပ်၌ ကျွန်ုပ်သည် အကြမ်းဆုံးသော မြင်းကို နိုင်အောင် ကိုင်၍ စီးနိုင်သော်လည်း "အသားကျ" ပွဲတွင် အလှ၊ အယဉ် စီးခြင်း အတတ်ကိုကား မတတ်ကျွမ်းခဲ့ချေ။ ထို့ကြောင့် ထိုနေ့အဖို့တွင် ပွဲကြည့်လောက်မျှသာ လာရောက်ခဲ့ခြင်း ဖြစ်လေသည်။

ထိုနေ့၌ တင်မောင်ညွှန့်သည် ဓားခုတ်ပွဲ ၊ လုံ့ထိုးပွဲတို့အပြင် "အသားကျ" ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်သူ တစ်ယောက်ဖြစ်လေရာ ၎င်း၏ မြင်းစီးပုံမှာ ကြည့်၍ မငြီးနိုင်လောက်အောင် သပ်ရပ်ခြင်း ရှိပေ၏။

အလွန်ကြမ်းတမ်းပုံ ပေါ်သော ဖောင်းဝတ်ဖြူကြီးတစ်စီးကို စိုင်းလျက် တင်မောင်ညွှန့်သည် ကုန်းနှီးပေါ်တွင် အနည်းငယ်ကလေးမျှ လှုပ်ခါ တိမ်းစောင်းခြင်း မရှိဘဲ လက်တစ်ဖက်ဖြင့် ဇက်ကိုကိုင်ကာ၊ လက်တစ်ဖက်ဖြင့် လုံ့ကိုထမ်းလျက် လွှားခနဲ လွှားခနဲ ခုန်လာပြီးလျှင် ကြိုးဖြင့် တန်းလန်းဆွဲထားသည့် စက်ဝိုင်းတို့ကို တည့်တည့်ကြီး ထိုးဖောက်နိုင်လေရကား ပရိသတ်တို့သည် သြဘာပေး၍ မဆုံးနိုင်အောင် ရှိလေ၏။

ထိုကဲ့သို့ သြဘာပေးသူတို့ အနက်တွင် ခင်ခင်ထားသည် အရှင်ပျဆုံး ဖြစ်လေရကား မင်းတဲဘက်သို့ မကြည့်ရက်နိုင်အောင် ရှိနေလေတော့၏။ တင်မောင်ညွှန့်၏အစွမ်းကို ကျွန်ုပ်သည် မချီးမွမ်းဘဲ မနေနိုင်သော်လည်း စိတ်ထဲ၌ မချမ်းသာလှချေ။ ခင်ခင်ထားက ပျော်ရွှင်စွာ သြဘာပေးသည်ကို မြင်ရသော အခါ၌ကား တိုး၍ စိတ်မသက်မသာခြင်း ဖြစ်ရလေ၏။

မြို့ဝန်မင်းသည် အင်္ဂလိပ်အစိုးရက လက်ဆောင်ပေးသော မှန်ပြောင်းဖြင့် ကွင်းကို လှည့်ကြည့်လိုက်သောအခါ သစ်ပင်အောက်တွင် ထိုင်နေသော ကျွန်ုပ်ကို မြင်လိုက်သည်နှင့် လူတစ်ယောက်ကို စေလွှတ်ကာ ခေါ်နိုင်းလိုက်ရကား ကျွန်ုပ်သည် မလိုက်ချင် လိုက်ချင်နှင့် လိုက်သွားရလေ၏။

မြို့ဝန်မင်း၏ ဝါသနာတစ်ခုမှာ ယခင်က ကျွန်ုပ် ဖော်ပြခဲ့ဖူးသည့်အတိုင်း လူအချင်းချင်းကို ရန်တိုက်ပေးတတ်လေရကား ကျွန်ုပ်ကို မတွေ့လို၊ မမြင်လိုသူတွေ ပေါများကြောင်း သိသည်နှင့် တမင် ခေါ်ငင်လိုက်ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍပ်သို့ ရောက်သွားသောအခါ မြို့ဝန်မင်းက–

'ဘယ့်နှယ်လဲ မောင်ထွန်းချွန်ရဲ့၊ ဘယ်ချောင်သွားပြီး ကုပ်နေရတာလဲ။ မောင့်ကို တွေ့ချင်တဲ့ လူတွေ အပုံပဲ၊ ဟောဒီမှာ။ လာပါ လာပါ၊ ဒီရှေ့ကို လာပါ'

ဟု ခေါ်ကာ နေရာထိုင်ခင်း ပေးလေလျှင် ပရိသတ်အများတို့လည်း နှာခေါင်းရှုံ့နေကြလေ၏။ မြို့ဝန်မင်းကမူ ထိုအခြင်းအရာကို မြင်သဖြင့် သာ၍ ကြည်ရွှင်ဟန် ရှိ၏။ ကျွန်ုပ်လည်း မြို့ဝန်မင်း ပေးသော နေရာတွင် ဝင်၍ ထိုင်လေ၏။

ဧည့်ပရိသတ် အများတို့သည် ကျွန်ုပ်ကို မျက်စောင်းတထိုးထိုးနှင့် ကြည့်နေကြလေရာ ခင်ခင်ထားကမူ ကျွန်ုပ်ကို မြင်သောအခါ ပြုံးရယ်နှုတ်ဆက်ပြီးနောက် အခြားသူများနှင့် လှည့်၍ စကားပြောနေလေ၏။ ထိုအခါ၌မူကား ကျွန်ုပ်သည် ထိုပွဲသို့ လာခဲ့မိခြင်းကား မှားနေချေပြီဟု နောင်တရမိလေ၏။ ပရိသတ် ဗိုလ်ထု၏ အလယ်တွင် ထိုင်လျက်ရှိသော်လည်း ကျွန်ုပ်မှာ တစ်ယောက်တည်းကဲ့သို့ ဖြစ်နေချေပြီ။

ထိုခဏ၌ တင်မောင်ညွန့်သည် မြင်းပြိုင်ပွဲ၌ အနိုင်ရခဲ့ပြီးဖြစ်၍ မဏ္ဍပ်သို့ ရောက်ပြီးလျှင် ခင်ခင်ထား အနီး၌ ထိုင်ကာ မိမိ စီးနင်းခဲ့ရပုံ အခက်အခဲများ အကြောင်းကို ပရိသတ်တို့အား ပြောပြသဖြင့် ခင်ခင်ထားသည် အလွန်တရာ စိတ်အားထက်သန်သော မျက်နှာထားနှင့် နားထောင်နေသည်ကို တွေ့မြင်လေရာ ကျွန်ုပ်မှာ အလွန်တရာ အနေရခက်လျက် ရှိနေလေ၏။

ခင်ခင်ထားမှာ ၎င်းကိုယ်တိုင် မြင်းစီးဝါသနာပါသူ တစ်ယောက်ဖြစ်၍ အပျိုပေါက်ကလေး အရွယ်တိုင်အောင် မြင်းစီးလာခဲ့ပေရကား မြင်းပြိုင်ပွဲဆိုလျှင် အလွန် စိတ်ပါဝင်စားလှဟန် တူ၏။ မြင်းစီးကောင်းသူ တစ်ယောက်ကိုလည်း စိတ်ထဲက မကြည်ညိုဘဲ မနေနိုင်အောင် ရှိနေဟန် တူပေ၏။

တင်မောင်ညွန့်က စိတ်ပါလက်ပါ ပြောပြ၍ ခင်ခင်ထားက စိတ်





အားထက်သန်စွာ နားထောင်နေသဖြင့် ၎င်းတို့၏ ကြည်ရွှင်သော မျက်နှာများကို မြင်သည့်အခါ၊ ထိုလူနှစ်ယောက်တို့မှာ လူချောနှင့် မိန်းမချောဖြစ်ကြသောကြောင့် ရွှေနှင့်မြကဲ့သို့ အလွန် လိုက်လှပါပေသည်ဟု စိတ်ထဲက မချိမဆံ့ ချီးမွမ်းမိပေ၏။

ထိုအတောအတွင်း အသားကျ မြင်းနှစ်ကောင်တို့ ယှဉ်ပြိုင်ကာ စီးလာကြရာ တင်မောင်ညွန့်က 'မြင်းနီက နိုင်လိမ့်မည်' ပြော၍ ခင်ခင်ထားက 'မြင်းဖြူ နိုင်လိမ့်မည်' ပြော၏။

ယင်းသို့ ကြည့်နေကြစဉ် ခင်ခင်ထားက 'မြင်းနီ ဖောက်ပြီ' ဟု ပြောလိုက်ရာ၊ တင်မောင်ညွန့်က မဖောက်ကြောင်း ငြင်းဆန်၏။ ထိုအခါ ခင်ခင်ထားသည် ကျွန်ုပ်ကို လက်ယပ်ခေါ်၍–

'ကိုထွန်းချွန် မြင်လိုက်တယ် ဟုတ်လား.....မြင်းနီကြီးက ဖောက်သွားတယ် မဟုတ်လားရှင်'

ဟု မေးလိုက်ရာ တင်မောင်ညွန့်က ကျွန်ုပ်အား တိုင်ပင်ခြင်းကို မခံချင်ဟန် လက္ခဏာနှင့်–

'ကိုထွန်းချွန်ကလည်း ဖောက်တယ် ထင်လျှင် ငွေ ၁၀၀ လောင်းမလား။ ဟာ မဖြစ်ပါဘူးလေ၊ ခင်ဗျားတို့ ကုန်သည်ဆိုတာ ငွေကို မလောင်းရက်ပါဘူး၊ သိပ် နှမြောတတ်တာပဲ'

ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ တင်မောင်ညွန့်၏ နားရွက်ကို ဆွဲ၍ ယမ်းချင်လှ၏။

ထို့နောက် ပွဲများ ပြီးစီးသောအခါ အကောက်ဝန်မင်းသည် ဧည့်သည်များနှင့် စကားပြောနေရာမှ ထ လာ၍ ခင်ခင်ထားအား အိမ်သို့ ပြန်ကြရန် ခေါ်ပြီးလျှင် လှည်းယဉ်ကလေးဆီသို့ ထ သွားကြရာ ခင်ခင်ထား၏ တို့ဖတ်ပဝါသည် မြေပေါ်၌ ကျနေရစ်လေ၏။

ကျွန်ုပ်သည် ခင်ခင်ထားထံသို့ လိုက်ပေးမည်ဟု တို့ဖတ်ပဝါကို ကောက်ယူလေရာ တင်မောင်ညွန့်သည် တို့ဖတ်ပဝါကို လုယူကာ ကျွန်ုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



အမှတ်မဲ့ တွန်းလိုက်ရကား ကျွန်ုပ်မှာ မြက်ပေါ်၌ ခြေချော်ကာ မြေပေါ်သို့ မှောက်လျက် လဲကျသွားလေ၏။

ကျွန်ုပ်သည် အလွန်ရှက်လှစွာနှင့် ဖုတ်ဖက်ခါ၍ ထနေစဉ် တင်မောင်ညွှန့် တို့ဖတ်ပဝါနှင့် ခင်ခင်ထားနောက်သို့ လိုက်ကာ ပေးအပ်လျက် ရှိနေလေ၏။

ကျွန်ုပ်သည် တင်မောင်ညွှန့်အပေါ်၌ စိတ်ဆိုးလိုက်ပုံမှာ ပြောရန် မရှိတော့ချေ။ လွန်ခဲ့သော နေ့ရက်များအတွင်း ပြက်ရယ်ပြုခြင်း၊ ပြောင်လှောင်ခြင်း၊ ရန်စခြင်း စသည်တို့သည် ကျွန်ုပ်၏စိတ်ထဲတွင် တစ်စုတစ်ရုံးကြီး ပေါ်ထွက်လာ၍ ဦးခေါင်းထဲ၌ ဝီခေါမတတ် မြည်လျက် ရှိကြ၏။

ထိုခဏ၌ ကျွန်ုပ်သည် အလွန်အမင်း စိတ်ဆိုးလှ၏။ သို့ရာတွင် သွက်သွက်ခါအောင် ချောက်ချားခြင်း မရှိဘဲ ကျွန်ုပ်၏စိတ်သည် အလွန် တည်ငြိမ်လျက် ရှိ၏။ ငါသည်ကား ဇန်းမော်မြို့၌ရှိစဉ် မြို့သူမြို့သားတို့၏ ပြက်ချော်ချော် ပြုမူခြင်းကို မခံလိုလျှင် ယောကျ်ားစင်စစ် မှန်ကြောင်းကို ထင်ရှားအောင် ပြရချေအံ့ တကားဟု သန္နိဋ္ဌာန် ချထားလိုက်လေ၏။

ကျွန်ုပ်သည် အဝတ်တို့မှ မြူမှုန်များကို သေချာစွာ ခါပြီးနောက် တင်မောင်ညွှန့်ကို လှမ်းကြည့်လိုက်ရာ တင်မောင်ညွှန့်မှာ ကာလသား သူငယ်ချင်း တစ်စုနှင့် ရပ်ကာ စကားပြောလျက် ရှိလေ၏။

ကျွန်ုပ် လျှောက်လာသည်ကို တင်မောင်ညွှန့်က မြင်သောအခါ ၎င်း၏ သူငယ်ချင်းများအား တစ်စုံတစ်ရာ ပြောလိုက်သည်နှင့် ကာလသားများသည် ရှဲဖယ်၍ ပေးကြလေရာ ကျွန်ုပ်သည် ၎င်းတို့၏ အကြားမှ ဝင်၍ သွားလေ၏။

တင်မောင်ညွှန့်သည် တွန့်ဆုတ်ဟန် လက္ခဏာမရှိဘဲ ရဲတင်းသော မျက်နှာထားနှင့် ကျွန်ုပ်ကို စောင့်ကြည့်နေလေရာ၊ ကျွန်ုပ်သည် ၎င်း၏ရှေ့ တည့်တည့်တွင် ရပ်လျက်–

'ခင်ဗျားကို ကျုပ်က သည်းခံလာခဲ့ရတာ များလှပြီ၊ သည်းခံတိုင်း တိုးပြီး စော်ကားချင်တဲ့ လူပဲ။ ရော့.... ဒီတစ်ခါ စော်ကားဦး....'





ဟု ပြောကာ ၎င်း၏ပါးကို တစ်ချက် ချလိုက်လေ၏။

ကာလသားများသည်လည်း အံ့သြလှသည့် လက္ခဏာနှင့် တိတ်ဆိတ်စွာ ကြည့်နေကြလေရာ၊ တင်မောင်ညွှန့်မှာမူ မျက်နှာ၌ သွေးမရှိသကဲ့သို့ ဖြူဖွေး၍ သွားရာမှ ရဲခနဲ နီတွတ်လာလေ၏။

တင်မောင်ညွှန့်မှာ မန္တလေးမြို့ သူဌေးဦးဖဲ၏ တူ ဖြစ်၍ ရန်ကုန်သား ဖြစ်လေရာ ၎င်း၏ဖခင်မှာ အောက်မြန်မာပြည် အင်္ဂလိပ်အစိုးရ လက်အောက် တွင် အရာရှိတစ်ယောက်ဖြစ်၍ အင်္ဂလိပ်စာတတ်တစ်ယောက် ဖြစ်လေသည်။

ထိုစဉ်အခါက အထက်မြန်မာပြည်သည် သီပေါဘုရင်လက်အောက် တွင် ရှိနေသော်လည်း အောက်မြန်မာပြည်မှာ အင်္ဂလိပ်အစိုးရတို့ အုပ်ချုပ် လျက် ရှိလေရာ ရန်ကုန်မြို့တွင် အင်္ဂလိပ်ကျောင်းဖွင့်၍ အင်္ဂလိပ်စာ သင်ကြား ကြသော မြန်မာများလည်း အတော်ပင် များခဲ့လေပြီ။

တင်မောင်ညွှန့်မှာ အင်္ဂလိပ်ကျောင်းထွက်တစ်ယောက် ဖြစ်၍ ဝတ်ပုံ စားပုံနှင့်တကွ စိတ်နေသဘောထားတို့မှာ ကျွန်ုပ်တို့ အထက်သူ အထက်သား များနှင့် နှိုင်းစာလျှင် အလွန်တရာ ဘိုဆန်လှပေ၏။

ကျွန်ုပ်တို့ကဲ့သို့ ပုဆိုးရှည်ကို ဝတ်သော်လည်း ရှူးဖိနပ်နှင့် ရှပ်အင်္ကျီ တို့ကို ဝတ်ဆင်တတ်သူဖြစ်၍ သူတစ်ပါးတို့နှင့် ခြားနားခြင်းရှိ၍ တစ်နည်း အားဖြင့် ကြည့်ကောင်းလှသည်ဟု မိန်းကလေးများက မှတ်ထင်ကြဟန် တူပေသည်။

ကျွန်ုပ်က ပါးကို ရိုက်လိုက်သောအခါ တင်မောင်ညွှန့်သည် ရုတ်တရက် တုံ့ပြန်မည် ပြုပြီးမှ စိတ်ကို ချုပ်တည်းထားလိုက်ဟန် လက္ခဏာနှင့်–

'ကိုထွန်းချွန် .... ခင်ဗျား သေဝံ့ရဲ့လား'

ဟု မေးလိုက်ရာ–

'ခင်ဗျားနဲ့ သတ်ရလျှင် ဆယ်ပြန် သေဝံ့သေးတယ်'

ဟု ပြန်ပြောလိုက်လေ၏။

ထိုအခါ တင်မောင်ညွှန့်က ကျွန်ုပ်တို့နှစ်ယောက်၏ အရှေ့မှာ ပါး



www.burmeseclassic.com

www.burmeseclassic.com



နား ချုံ၊ လက်သီးနှင့် ထိုးရုံလောက်နှင့် ကိစ္စပြီးနိုင်မည့် အရေးမျိုး မဟုတ်ကြောင်း၊ အင်္ဂလိပ် အစရှိသော ဥရောပတိုက်သား မျက်နှာဖြူ လူမျိုးများသည် တစ်ယောက်နှင့်တစ်ယောက် အကြီးအကျယ် အချင်းများကြသည့်အခါ ဓားချင်း ယှဉ်၍ဖြစ်စေ၊ သေနတ်ချင်း ဆိုင်၍ဖြစ်စေ တိုက်ခိုက်တတ်ကြသည်ဟု ကြားရဖူးကြောင်း၊ ကျွန်ုပ်သည်လည်း သတ္တိကောင်းသူတစ်ယောက် မှန်ခဲ့ပါလျှင် ၎င်းနှင့် ကြိုက်ရာလက်နက်ဖြင့် ဆိုင်ပြိုင်ကာ သေအောင် တိုက်ခိုက်ဝံ့ပါ၏လောဟု မေးရာ ကြိုက်ရာ လက်နက်နှင့် တိုက်ရလျှင် တိုက်ဝံ့ကြောင်း ပြန်ပြောလိုက်လေ၏။

ထိုအခါ တင်မောင်ညွန့်က ၎င်း၌ ခြောက်လုံးပြူးသေနတ် နှစ်လက်ရှိကြောင်း၊ ဓားလည်း ရှိကြောင်း၊ ကြိုက်ရာကို ရွေးရန်ပြောရာ ကျွန်ုပ်မှာ လက်တဲ့တိုသူဖြစ်၍ ဓားချင်းယှဉ်ရလျှင် အရေးမလှကြောင်း သိသည်နှင့်–

'ခင်ဗျားက သေနတ်နှင့်ပစ်၊ ကျုပ်က မြားနှင့်ပစ်မယ်'

ဟု ပြန်ပြောလိုက်သောအခါ တင်မောင်ညွန့်သည် ဝမ်းမြောက်စွာ သဘောတူညီလေ၏။

အခြားသော ကာလသားများသည် ကျွန်ုပ်တို့ပြောသော စကားများကို ဝိုင်းဝန်းကာ နားထောင်လျက်ရှိကြရာ နောက်ဆုံး၌ တစ်ယောက်သောသူက–

'ကျုပ် တစ်ခု ပြောပါရစေ၊ ခင်ဗျားက ခြောက်လုံးပြူးသေနတ် ကိုင်ပေမဲ့ ကျည်ဆန်တစ်ခုတည်း ထည့်ခဲ့ရမယ်၊ ခင်ဗျားကလည်း မြားတစ်ချောင်းတည်း ယူခဲ့ရမယ်။ မှန်လျှင်မှန်၊ မမှန်လျှင်လည်း တော်ကြပါတော့....' ဟု ပြောလေရာ ကျွန်ုပ်တို့ နှစ်ယောက်က သဘောတူညီကြလေ၏။

၎င်းနောက် နက်ဖြန် လင်းသည်နှင့် တစ်ပြိုင်နက် လူပြတ်သော နေရာတစ်ခုတွင် တွေ့ဆုံကြရန် ချိန်းဆိုကြပြီးလျှင် လူစုခွဲသွားကြလေ၏။

အိမ်သို့ ရောက်သောအခါ ကျွန်ုပ်သည် ရှီလန်ကို ခေါ်၍၊ အဖြစ်





အပျက်ကို ပြောပြ၍ ကျွန်ုပ်နှင့်အတူ လိုက်ခဲ့ရန် မှာထားလေရာ ရှီလန်သည် ကျွန်ုပ်ကို အပြစ်လည်း မတင်၊ ထောက်ခံခြင်းလည်း မပြုဘဲ ကောင်းပါပြီဟု ဝန်ခံကာ ဦးခေါင်းညိတ်လေ၏။

ထိုည၌ ကျွန်ုပ်သည် အိပ်ရာထဲတွင် လှဲလျက် အကြံအိုက်နေသော အချက်တစ်ခုကို အပြန်အလှန် စဉ်းစားပြီးလျှင် နောက်ဆုံးတွင် ဆုံးဖြတ်ချက်ချ၍ အိပ်လိုက်လေ၏။

အရုဏ်တက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ရှီလန်ကို နိုး၍ လေးမြားတို့ကို ယူကာ ထွက်လာခဲ့ကြလေရာ၊ ချိန်းဆိုထားသော နေရာသို့ ရောက်၍ အတန်ငယ် စောင့်နေမိကြလေလျှင် တင်မောင်ညွန့်နှင့် ကာလသားလေး ငါးယောက်တို့ ရောက်လာကြလေ၏။

၎င်းနောက် တစ်ယောက်နှင့်တစ်ယောက် ခြေလှမ်း ၂၀ မျှ ဝေးသော နေရာမှ ပစ်ကြရန် သဘောတူကြသဖြင့် ရှီလန်နှင့် ကာလသားများသည် မြေကြီးပေါ်တွင် ခြေဖြင့်လှမ်းကာ တိုင်းထွာလျက် ရှိကြရာ ကျွန်ုပ်နှင့် တင်မောင်ညွန့်တို့မှာ တစ်ယောက်မျက်နှာကို တစ်ယောက် မကြည့်ဘဲ ရပ်နေကြလေ၏။

ထိုနောက် ရှီလန်သည် တင်မောင်ညွန့်၏ သေနတ်တွင် ကျည်ဆန်တစ်ခုတည်း ဟုတ်ပါ၏လောဟု ကြည့်ရှုလေရာ၊ ကျွန်ုပ်ကလည်း မြားတံတစ်ချောင်းတည်း ပါလာကြောင်း ထုတ်၍ ပြရလေ၏။

၎င်းနောက် ကျွန်ုပ်တို့သည် တိုင်းထွာသောနေရာ၌ မျက်နှာချင်းဆိုင်ကာ ရပ်နေကြလေရာ ဒိုင်လုပ်သူ ကာလသားက 'တစ်....နှစ်....သုံး'ဟု ဆိုပြီး၍ ပဝါကို လက်မှ ချလိုက်လျှင် ပစ်ကြဖို့ သဘောတူညီထားကြသည့်အတိုင်း ကျွန်ုပ်က လေးမြားကို လည်းကောင်း၊ တင်မောင်ညွန့်က သေနတ်ကို လည်းကောင်း ကိုင်ကာ ရပ်နေကြလေ၏။

၎င်းထုံးစံမှာ ဥရောပတိုက်သားများ၏ ထုံးစံဖြစ်သည်ဟု တင်မောင်ညွန့်က ပြောပြထားရာ ကျွန်ုပ်ကမူ မည်သည့်လူမျိုး၏ ထုံးစံဖြစ်စေ၊ အရေးမကြီးဟု အောက်မေ့ကာ ခပ်အေးအေး ရပ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ဒိုင်လုပ်သူ ကာလသားသည် ပဝါကိုင်ထားသော လက်ကို မြှောက်လျက် 'တစ်.... နှစ်' ဟု အသံထုတ်ကာ ရွတ်ဆိုနေစဉ် ကျွန်ုပ်တို့သည် ထိုလူကို စိုက်ကာကြည့်နေရာမှ ကျွန်ုပ်မှာ ကျွန်ုပ်အဖို့ အရေးမကြီးဟု အောက်မေ့ကာ တင်မောင်ညွှန့်ကို လှမ်းကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် တင်မောင်ညွှန့်သည် ကျွန်ုပ်ကို စူးစိုက်ကာ ကြည့်ပြီးနောက် ချိန်ထားသော သေနတ်နှင့် "ဒိုင်း...."ခနဲ ပစ်လိုက်သဖြင့် ကျွန်ုပ်၏ နား နားတွင် "ဝှီ...." ခနဲ ဖြတ်သွားသော ကျည်ဆန်ကို ကြားလိုက်ရလေ၏။

ကျွန်ုပ်မှာမူကား မြားနှင့်ချိန်ရွယ်ခြင်း မပြုသေးဘဲ ငေးကြည့်နေသည်ကို တင်မောင်ညွှန့် မြင်လေလျှင် ပစ်တော့မည်ကို စောင့်နေဖို့ လက္ခဏာနှင့် မျက်လုံးမျက်ဆန်ပြူးကာ လှမ်းကြည့်နေရာတွင် ကျွန်ုပ်သည် လေးကို အပေါ်သို့ ထောင်၍ လေထဲသို့ ပစ်လွှတ်လိုက်လေ၏။

ထိုနောက်မှ ကျွန်ုပ်သည် ရှိလန်ထံမှ မြားတစ်ချောင်းကို တောင်းယူ၍-

'ကိုတင်မောင်ညွှန့်.... ကျုပ်ကို လေးပစ်မတတ်ဘူး အောက်မေ့မနေနဲ့'

ဟု ပြောပြီးလျှင် ၎င်း၏ဦးခေါင်းထက်ရှိ သစ်ပင်ပေါ်မှ ချောင်းကြည့်နေသော ရှဉ့်တစ်ကောင်ကို ချိန်လျက် ပစ်လိုက်ရာ ရှဉ့်သည် မြားတန်းလန်းနှင့် သစ်ပင်ပေါ်မှ ကျလာလေ၏။

ထိုအခါ တင်မောင်ညွှန့်သည် ကျွန်ုပ်ရှိရာသို့ လျှောက်လာ၍-

ညွှန့်။ ။ 'ခင်ဗျားနဲ့ ကျွန်တော်နဲ့ ရန်ငြိုးပြေလိုက်ကြပါစို့ဗျာ'

ကျွန်ုပ်။ ။ 'ကျွန်တော်က ဒေါသအလျောက် ပြုသော်လည်း နဂိုကတည်းက ရန်ငြိုးမထားပါဘူးဗျာ'

ညွှန့်။ ။ 'တော်ပါပေတယ်ဗျာ၊ ခင်ဗျားကို ကျွန်တော်က တောသားလူနုံတစ်ယောက်လို့ အောက်မေ့ခဲ့မိတာ၊ ယခုတော့ တကယ် စိတ်သဘောထား ကြီးကြောင်း ထင်ရှားပါပေတယ်။ ယနေ့က စပြီး အပြုအမူနဲ့ ပတ်သက်လို့ ကျွန်တော့်ကို အနွေ့ဝါသီက တပည့်ရင်းလို့ မှတ်ပါတော့ဗျာ'





ဟု ပြောကာ ကျွန်ုပ်၏ပခုံးကို ဖက်ယမ်းလေလျှင် ကျွန်ုပ်မှာ ကလေးသူငယ်တစ်ယောက်ကဲ့သို့ မျက်ရည်မဆည်နိုင်အောင် ဖြစ်ကာ ငိုယိုမိလေသတည်း။

## အခန်း [ ၁၂ ]

ထိုနေ့မှ စ၍ မြို့ပေါ်ရှိ ကာလသားများသည် ကျွန်ုပ်ကို ရန်စဖို့ မကြိုးစားကြသည့်ပြင် ခေါ်ချင် ငင်ချင် မိတ်ဆွေဖွဲ့ချင်သူတွေ ပေါများလျက် ရှိလေတော့၏။ အချို့ကလည်း ကျွန်ုပ်၏ လေးပစ်ကောင်းခြင်းကို ချီးမွမ်းပြောဆို၍ ကျွန်ုပ်ထံ၌ ၎င်းအတတ်ကို တပည့်ခံ၍ သင်ကြားပေးပါမည့် အကြောင်းနှင့် ပြောကြသေးရာ ကျွန်ုပ်က ဤအတတ်မှာ မျက်စိကောင်းခြင်း၊ လက်ငြိမ်ခြင်းနှင့် အလေ့အကျင့်တို့သည်သာလျှင် လိုရင်းဖြစ်ကြောင်းနှင့် ရှင်းလင်း ပြောပြရသေး၏။

ကျွန်ုပ်မှာ တစ်ဖက်မှ သက်သာခွင့် ရသော်လည်း တစ်ဖက်မှ စိတ်မသက်သာစရာ အကြောင်းတစ်ခု ဖြစ်ပေါ်လာရပုံမှာ ခင်ခင်ထားသည် တင်မောင်ညွှန့်နှင့် ကျွန်ုပ်တို့၏ အဖြစ်အပျက်ကို ကြားရသည့်နေ့မှ စ၍ ကျွန်ုပ်အပေါ်တွင် အေးစက်စက် အမူအရာမျိုး ပြလျက် ရှိခဲ့လေ၏။

အခြားသူတို့က ကျွန်ုပ်ကို မထီမဲ့မြင် ပြုကြစဉ်အခါက ခင်ခင်ထားသည် ကျွန်ုပ်ကို ကာကွယ်သည့်အနေဖြင့် အရောတဝင် ခေါ်ငင်ပြောဆိုလေ့ရှိရာ၊ လူအများတို့က ကျွန်ုပ်အပေါ်တွင် အထင်အမြင် ကြီးလာကြကြောင်း တွေ့ရှိရသော အခါတွင်မူကား ကျွန်ုပ်အပေါ်တွင် ခပ်မှန်မှန် အမူအရာမျိုး ပြလျက် ရှိလေ၏။

တစ်ကြောင်းမှာလည်း တင်မောင်ညွှန့်နှင့် ကျွန်ုပ်တို့ ဖြစ်ပွားရခြင်းကိစ္စမှာ ခင်ခင်ထားကို အကြောင်းပြု၍ ဖြစ်ကြသည်ဟု ယူဆဟန် တူပေရာ သူ၏အကြောင်းကို မြို့သူမြို့သားတို့က မလေးမစား ထည့်သွင်း ပြောဆို



www.burmeseclassic.com

www.burmeseclassic.com



ကြစေရန် ကျွန်ုပ်တို့က ပြုလုပ်ကြသည်ဟု ယူဆဟန် လက္ခဏာနှင့် ရံဖန်ရံခါ မြို့ထဲတွင် တွေ့ဆုံမိသော အခါများတွင် မပြုံးချင် ပြုံးချင်နှင့် နှုတ်ဆက်လေ၏။

ကျွန်ုပ်မှာ ထိုအခါ၌ ခင်ခင်ထားကို စိတ်ထဲတွင် အတော်ပင် စွဲလမ်းလျက် ရှိနေပြီဖြစ်ရကား ခင်ခင်ထားမျက်နှာ မသာခဲ့လျှင် လောက၌ ကြီးပွားမှု၊ ချမ်းသာမှု၊ ကြွယ်ဝမှုတို့သည် အချည်းနှီးပင် ရှိတော့သည်ဟု အောက်မေ့မိလေ၏။

ယင်းသို့ရှိစဉ် တစ်နေ့သ၌ အကောက်ဝန်မင်းသည် ကျွန်ုပ်ကို ၎င်း၏နေအိမ်သို့ လက်ဖက်ရည်သောက် ဖိတ်ကြားလေရာ ကျွန်ုပ်မှာ ကြောက်ကြောက် လန့်လန့်နှင့် သွားရောက်ရလေ၏။ လက်ဖက်ရည်ပွဲတွင် အခြားဧည့်သည်များ မရှိဘဲ မြို့ဝန်မင်း တစ်ယောက်တည်း လာရောက်လေရာ လူကြီးနှစ်ယောက်တို့သည် ထုံးစံအတိုင်း မြင်းကွန်း မြင်းခုံတိုင် စသည်တို့အကြောင်းကို ပြောဆိုလျက်ရှိကြစဉ်၊ ခင်ခင်ထားနှင့် ကျွန်ုပ်တို့မှာ ပျင်းရိသည်နှင့် လူကြီးများ အနားမှ ထ လာခဲ့ပြီးလျှင် ခင်ခင်ထားသည် စောင်းကောက်တီးခြင်း အတတ်ကို သင်လျက် ရှိသည့်အလျောက် စောင်းကောက်ကို ကောက်ယူ လေ့ကျင့်နေလေ၏။

ကျွန်ုပ်သည် ၎င်းအနီးတွင် မရဲတရဲနှင့် ထိုင်နေပြီးနောက် ပြောရန်ရှိသော စကားကို တိုက်ရိုက် ပြောတတ်သော ဝါသနာအတိုင်း–

'ကျွန်ုပ်အပေါ်၌ အဘယ်အပြစ်ကြောင့် စိတ်နာနေရပါသနည်း'

ဟု မေးလိုက်မိလေ၏။

ထား။ ။ (မျက်ခုံး ချိုလျက်) 'ရှင့်ကို ကျွန်မက စိတ်နာတယ်တဲ့၊ လုပ်ပုံက တော်လှတယ်၊ ရှင်နဲ့ကျွန်မနဲ့ တစ်လနေလို့ တစ်ခါမတွေ့ကြဘဲနဲ့ ဘာကြောင့် ရှင့်ကို ကျွန်မက စိတ်နာနေရမှာလဲ။ တော်လှတယ်၊ ကျွန်မက စိတ်နာနေတယ် ဆိုတော့ ရှင့်ကို တွေ့ခဏ သတိရနေသလိုလို ကိုယ့်ကိုယ်ကိုယ် တော်တော် အထင်ကြီးတဲ့ လူတစ်ယောက်ပါကလား'





ကျွန်ုပ်။ ။ 'ခင်က သတိမရပေမဲ့ ဒီကဖြင့် နေ့တိုင်း ညတိုင်း တစ်ခဏကလေးမှ မလစ်ပါဘူး၊ သတိရပါတယ် ဗျာ'

ထိုအခါ ခင်ခင်ထားသည် ရှေးက ရယ်မောဖူးသည့် နည်းအတိုင်း ပြောင်လှောင်ကာ ရယ်မောလျက်–

'ငပြာရည် ရောင်းရင်း ကျွန်မကိုပါ ရောပြီး သတိရတယ် ဆိုပါတော့။ တော်ပါရှင်၊ ကျွန်မပါ ငပြာရည်စော် နံကုန်ပါ့မယ်၊ တော်တော် အဆင်ပြေအောင် စကားပြောတတ်တဲ့ လူပဲ'

ကျွန်ုပ်။ ။ 'အဆင်ပြေအောင် မပြောတတ်တာတော့ မှန်ပါတယ်ဗျာ၊ ပြောများ ပြောတတ်လျှင်....ဟိုနေ့က မိုးရွာထဲမှာ တောမြိုင်စွန်းသီချင်းကလေး ဆိုလိုက်သံ ကြားရကတည်းက နားထဲမှာ ဒီအသံ စွဲလာခဲ့တာ။ တစ်နေ့က ဗိုလ်သူရရဲ့အိမ်မှာ ဒီတေးချင်း ထပ်ပြီး ကြားလိုက်ရပြန်တော့ ရင်ထဲမှာ ဘယ်လိုဖြစ်သွားတယ် မပြောတတ်ဘူး။ ချစ်တဲ့သူရယ်၊ ကြိုက်တဲ့သူရယ် ဆိုတဲ့ အပိုဒ်ကလေးကို နား နားမှာ ကပ်ပြီး တီးတိုးကလေးများ ဆိုသံကြားရလျှင် နတ်ပြည်က အရှင်လတ်လတ် ခေါ်လို့တောင် လိုက်ချင်မယ် မဟုတ်ဘူးလို့ ပြောလိုက်ချင်ပါတယ် ခင်ရယ်'

ဟု ပြောလိုက်မိလေ၏။

ထား။ ။ (စိတ်လည်း မဆိုး၊ သဘောလည်း ကျဟန် လက္ခဏာမရှိဘဲ) 'ဒီလိုတော့ တော်တော် အလာကြီးပါကလား၊ ဒါထက်.... ဟိုတစ်နေ့က ကျွန်မအတွက်နဲ့ ပတ်သက်ပြီး ကိုတင်မောင်ညွန့်နဲ့.... ပစ်လား၊ ခတ်လား လုပ်ကြတယ်ဆို....'

ကျွန်ုပ်။ ။ 'သူတို့က မခံနိုင်အောင် စပြီး လုပ်ကြလို့ပါ ခင်ရယ်၊ သို့သော်လည်း ခင့်နာမည်ကို ကျုပ်တို့က တစ်ခွန်းကလေးမှ ထည့်ပြီး မပြောမိပါဘူး.... ယုံပါတော့'

ထား။ ။ 'ရှင်က တော်တော်ရန်များတဲ့ လူတစ်ယောက်နဲ့ တူတယ်၊ ရောက်ရာ အရပ်မှာ လူတွေ ဆူကုန်ကြရတယ် ထင်ပါရဲ့'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။ 'ကျုပ်က ဆူအောင်လုပ်ရခြင်း မဟုတ်ပါဘူး၊ ဓော်ကားလျှင် မခံတတ်ရုံလောက် ရှိတာပါ' ဟု ပြောခြင်းကို ခင်ခင်ထားသည် တုံ့ပြန်၍ မပြောတော့ဘဲ ခေါင်းကို ကြိုးညှိပြီးပြီ ဖြစ်၍ တောမြိုင်စွန်းသီချင်းကို တီးတိုးသီဆိုရင်း တီးလိုက်လေရာ ကျွန်ုပ်မှာ တာဝတိံသာ နတ်ပြည်သို့ မရောက်တရောက် ရှိနေမိသည်ဟု မှတ်ထင်မိလေ၏။

ထိုနောက် နှစ်ရက်လောက် ကြာသောအခါ မြို့ဝန်မင်းသည် ၎င်း၏ ဧည့်သည်တော် ပြန်မည့်နေ့ဖြစ်၍ မြို့ပေါ်မှ လူကြီးလူကောင်းများကို ဖိတ်ခေါ်ပြီးလျှင် ဧည့်ခံကျွေးမွေးလေရာ ကျွန်ုပ်လည်း ဧည့်သည်တစ်ယောက် အဖြစ်နှင့် ရောက်သွားလေ၏။

၎င်းနှုတ်ဆက်ပွဲသို့ အကောက်ဝန်မင်း သားအဖနှင့် တင်မောင်ညွှန့်တို့လည်း လာရောက်ကြလေရာ၊ တင်မောင်ညွှန့်သည် ယဉ်ကျေးဖွယ်ရာ လှစွာသော အမူအရာနှင့် ကျွန်ုပ်ကို နှုတ်ဆက်၍ ကျွန်ုပ်နှင့် မခွဲခွာတော့ဘဲ အတူတကွ ထိုင်ကာ စားသောက်ဖွယ်ရာတို့ကို စားသောက်လေ၏။ ခင်ခင်ထားကမူ ကျွန်ုပ်တို့ နှစ်ယောက်လုံးကို များစွာ ဂရုစိုက်ဟန် လက္ခဏာမရှိဘဲ မင်းစိုးရာဇာတို့၏ သားသမီးများနှင့် ရယ်ကာမောကာ စကားပြောလျက် ရှိနေလေ၏။

မြို့ဝန်မင်းသည် ရွှေမြို့တော်မှ ဆိုက်ရောက်သော ဧည့်သည်တော်အား အများပရိသတ်တို့နှင့် မိတ်ဆက်ပေး၍ စကားရွှင်ပျစွာ ပြောဆိုနေရာမှ အကောက်ဝန်မင်းနှင့် စကားတီးတိုး တိုင်ပင်ကြပြီးလျှင် အားလုံးသော ဧည့်ပရိသတ်တို့အား စကားအထူးပြောရန် ရှိပါကြောင်းနှင့် ပြောလျက် ထိုင်ရာမှ ထ လေ၏။

ထိုအခါ ခပ်သိမ်းသော ဧည့်ပရိသတ်တို့သည် မိမိတို့အချင်းချင်း စကားပြောလျက် ရှိကြရာမှ မြို့ဝန်မင်းဘက်သို့ လှည့်ကာ နားစိုက်နေကြလေ၏။

ထိုအခါ မြို့ဝန်မင်းက–





'အကောက်ဝန်မင်း၏ ကွယ်လွန်သူမင်းကတော်မှာ မိမိ၏နှမအရင်း ဖြစ်သောကြောင့် ခင်ခင်ထားမှာ မိမိ၏တူမအရင်း ဖြစ်ကြောင်း၊ ၎င်းတို့ သားအဖနှစ်ယောက် ရောက်လာကတည်းက မိမိသည် ခင်ခင်ထားကို မည်ကဲ့သို့သောနည်းဖြင့် ချီးမြှင့်ရပါမည်နည်းဟု စဉ်းစား ဆင်ခြင်လာခဲ့ရာ ယနေ့မှာ ရွှေမြို့တော်မှ ဧည့်သည်တော်ကို နှုတ်ခွန်းဆက်ကြရန် ကိစ္စရှိသည် တစ်ကြောင်း၊ ခင်ခင်ထား၏ မွေးနေ့လည်း ဖြစ်သည်တစ်ကြောင်းကြောင့် မြို့ပေါ်မှ လူကြီးလူကောင်းများကို ပင့်ဖိတ်ထားခဲ့ခြင်း ဖြစ်ကြောင်း၊ ခင်ခင်ထားကို ချီးမြှင့်ရန်ကိစ္စမှာ လွန်ခဲ့သော ၁၀ နှစ်ခန့်လောက်က မြို့ဝန်မင်းသည် ဗန်းမော်နယ်၌ လယ်မြေအမြောက်အမြားရှိသည့် သူဌေးကြီး ဦးစံကျော်နှင့် ရွှေမြို့တော်၌ စစ်တုရင်ကစားကြရာ မြေဧက ၃၀၀ ကျော်ကို ဦးစံကျော်ထံမှ အနိုင်ရခဲ့ဖူးကြောင်း၊ ၎င်းမြေဧက ၃၀၀ ကျော်ကို မိမိက ခင်ခင်ထား မွေးနေ့ လက်ဆောင်အဖြစ်နှင့် လက်ဖွဲ့လိုကြောင်း' နှင့် ပြောပြလေရာ ပရိသတ်တို့လည်း သောင်းသောင်းဖြဖြ သြဘာပေးကြ လေကုန်၏။

၎င်းနောက် မြို့ဝန်မင်းက ဆက်လက်၍ ပြောပြန်သည်မှာ 'တူမကြီး ခင်ခင်ထားမှာ အမျိုး၏မြတ်ခြင်း၊ ရုပ်ဆင်းအင်္ဂါ၏ တင့်တယ်ခြင်း၊ အရွယ်၏ ပျိုမြစ်ခြင်း စသော ဂုဏ်အခြင်းအရာတို့ကြောင့် ၎င်းအတွက်ဆိုလျှင် မည်မျှ ခက်ခဲသောအလုပ် ဖြစ်စေကာမူ အသက်ကိုစွန့်လွှတ်၍ ဆောင်ရွက်ပေးလိုသူများ ထွက်ပေါ်လိမ့်မည်ဟူ၍ မိမိမျှော်လင့်ကြောင်း' များနှင့် ပြောပြသောအခါ လူငယ်ပိုင်းမှ ဆောင်ရွက်ပါမည် ဟူသော အသံများသည် တစ်ခဲနက် ထွက်ပေါ်လာလေ၏။

ထိုနောက် မြို့ဝန်မင်းက ဆက်လက်၍–

'မိမိမှာ အင်္ဂရိတ် ဝါသနာပါသူဖြစ်၍ အသက်တစ်ထောင်ကျော် နေနိုင်သည့် အာယုဝဍ္ဍနလမ်းကို စုံစမ်း၍ လိုက်နေသဖြင့် ဂမုန်းမျိုးပေါင်း ၉၉ တို့ကို ရှာဖွေစုဆောင်း လာခဲ့ကြောင်း၊ ၉၈ မျိုးကို ရရှိပြီးနောက် ဂမုန်းထိပ်တင် ခေါ် ဂမုန်းတစ်မျိုး ကျန်လျက်ရှိရာ လွန်ခဲ့သော ၅ နှစ်ခန့်လောက်က



www.burmeseclassic.com

www.burmeseclassic.com



မိမိနှင့် ကြံဖော်စည်ဖက်ဖြစ်သော အင်္ဂရိတ်ဆရာကြီး တစ်ဦးသည် ဗန်းမော်မြို့မှ အရှေ့မိုင် ၅၀ ခန့်ဝေးသော အရပ်ရှိ အသားမြတ် ပုံသဏ္ဌာန်ရှိသော တောင်ကြီး၏ထိပ်၌ လူ၏ဦးခွံတစ်ခုအတွင်း မိုးကြိုးပြားကို အင်းချ၍ ထည့်သွင်းပြီးလျှင် ဂမုန်းထိပ်တင် ဆိုသော အပင်ကို ပျိုးထားခဲ့မှုကြောင်း၊ ၎င်းအပင်မှာ ၅ နှစ်ကြာသော အခါမှ ဥကျလာသည်ဟု သိရှိရလေရာ ယခုအခါ ဥကျလောက်ပြီ ဖြစ်သော်လည်း အင်္ဂရိတ်ဆရာကြီး ကွယ်လွန်သွားခဲ့ပြီ ဖြစ်၍ ထိုဂမုန်းဥကို ဆောင်ကြဉ်းမည့်လူ မရှိဘဲ ဖြစ်နေကြောင်း၊ ၎င်းဂမုန်းဥကို ဆောင်ကြဉ်းပေးမည့်လူ ထွက်ပေါ်ခဲ့ပါလျှင် မိမိက မြေဇကေ ၃၀၀ ကို ခင်ခင်ထားသို့ လက်ဖွဲ့မည် ဖြစ်ကြောင်း၊ သို့သော် အသားမြတ်တောင်သို့ သွားရမည့် လမ်းခရီးမှာ တောအတန်တန် တောင်အထပ်ထပ် ဆီးကာလျက် ရှိသည့်ပြင် ယခုတလောတွင် ရှမ်းတရုတ်တို့ ထကြွ သောင်းကျန်း နေကြသည် ဟု ကြားသိရသောကြောင့် ဘေးအန္တရာယ် အမျိုးမျိုးတို့နှင့် တွေ့ကြုံဖွယ်ရာ ရှိကြောင်း' များနှင့် ပြောဆိုပြီးလျှင် မြို့ဝန်ကြီးသည် လူငယ်များ၏ဘက်သို့ လှည့်လျက်–

'ဘေးရန်တွေက အင်မတန် များတယ်နော်၊ တော်ရုံတန်ရုံ သတ္တိလောက်နဲ့ အာမ မခံကြလေနဲ့။ ကိုင်း...ဘယ်သူ သွားဝံ့သလဲ'

ဟု မေးလိုက်သဖြင့် ပရိသတ်အားလုံးတို့သည် ငြိမ်လျက်ရှိနေကြစဉ် ကျွန်ုပ်သည် ထိုင်ရာမှ ရုတ်တရက် ထ ၍–

'ကျွန်တော် သွားပါ့မယ်'

ဟု ပြော၍မှ မဆုံးခင် တင်မောင်ညွှန့်ကလည်း–

'ကျွန်တော် သွားမယ်'

ဟု ထ ၍ ပြောလိုက်လေ၏။

ပရိသတ်တို့လည်း တိတ်ဆိတ်စွာနှင့် ငေးကြည့်နေကြလေရာ ခင်ခင်ထားမှာမူ မည်သူ့ကိုမျှ မကြည့်ဘဲ မျက်နှာကို အောက်ချကာ နှင်းဆီပန်းတစ်ပွင့်ကို ပွတ်ခြေလျက် ရှိလေ၏။





ထိုအခါ မြို့ဝန်ကြီးက–

'သတ္တိကောင်းတဲ့ လူနှစ်ယောက်ပါပေပဲ၊ ဒါဖြင့် မောင်တို့နှစ်ယောက် အတူတူ သွားကြမှာလား'

ဟု မေးလိုက်သောအခါ တင်မောင်ညွှန့်က–

'ဒီလိုတော့ ဘယ်ဖြစ်မလဲ'

ဟု ပြောလိုက်လေ၏။

ဝန်။ ။'ကိုင်း ဒါဖြင့်.... ဘယ်သူ သွားထိုက်သလဲ ရွေးရအောင် ဒင်္ဂါးကို လှည့်မယ်။ ခေါင်းဘက်က ကျလျှင်.... မောင်ထွန်းချွန် သွား၊ ပန်းဘက်က ကျလျှင်....တင်မောင်ညွှန့် သွား။ ကိုင်း ဘယ်သူ သွားရမလဲ'

ဟု ပြောကာ ဒေါင်းဒင်္ဂါးတစ်ပြားကို ထုတ်၍ မြှောက်လိုက်ရာ၊ ခေါင်းဘက်မှ လန်လျက် ကျနေသဖြင့် တင်မောင်ညွှန့်သည် လက်လျှော့ကာ ထိုင်လိုက်လေ၏။ ထိုနောက် မြို့ဝန်မင်းက–

'ကျုပ်တို့ရဲ့ သူရဲကောင်း မောင်ထွန်းချွန် အောင်ပါစေ၊ ခလုတ်မထိဆူးမငြိပါစေနဲ့'

စသည်ဖြင့် ဆုမွန်ကောင်း တောင်းလေရာ ပရိသတ်တို့လည်း ရောယောင်ကာ လိုက်၍ ဆုတောင်းကြလေ၏။

ကျွန်ုပ်သည် ခင်ခင်ထားဆီသို့ လှည့်ကြည့်လိုက်ရာတွင် ခင်ခင်ထားမှာ မျက်လွှာချလျက် မလှုပ်မရှား ထိုင်နေသည်ကို တွေ့မြင်ရလေ၏။

လူစုကွဲ၍ မြို့ဝန်မင်း၏အိမ်မှ ဆင်းလာကြသောအခါ ကျွန်ုပ်သည် တင်မောင်ညွှန့်နှင့် လှေကားရင်းတွင် တွေ့၍ လက်ယပ်ခေါ်ငင်ပြီးလျှင်–

'ခင်ဗျားလည်း ကျုပ်နဲ့ လိုက်ခဲ့ဗျာ၊ နေပါဦး.... ခေါင်းမယမ်းပါနဲ့၊ အကျိုးအကြောင်းကို အကုန်သိရလျှင် ခင်ဗျား ဧကန္တ လိုက်မယ့် သူပါ'

ဟု ပြော၍ နောက်တစ်နေ့၌ ဦးတောက်ထိန်ဆိုင်တွင် တွေ့ဖို့ရန် ချိန်းချက်ပြီးလျှင် ကျွန်ုပ်သည် အိမ်သို့ ပြန်လာခဲ့လေ၏။

ထိုနေ့ နေဝင်ရီတရော အချိန်တွင် ကျွန်ုပ်သည် အိမ်ရှေ့ဝရန်တာတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လျက် သွားရမည့်ခရီးနှင့် ပတ်သက်၍ ထွေရာလေးပါး စဉ်းစားလျက်ရှိစဉ် ဗိုလ်ထိန်ဝင်းသည် ရှမ်းခမောက်ကြီးကို မျက်နှာသို့ ဖုံးအုပ်လုမတတ်ရှိအောင် ဆောင်းကာ အိမ်ပေါ်သို့ တက်လာ၍ နလုံးမသာယာဖွယ်ရှိသော သတင်းတစ်ခုကို ပြောပြလေ၏။

ဖြစ်ပျက်ပုံမှာ ဗန်းမော်မြို့၏ အရှေ့ဘက် ၁၀ မိုင်ခန့် ကွာဝေးသော အရပ်တွင် ဦးထွန်းပေါ် အမည်ရှိ လူကြီးတစ်ယောက်သည် လွန်ခဲ့သော ၁၀ နှစ်လောက်မှ စ၍ ယာခင်းတည်လျက် အသီးအနှံ အမျိုးမျိုးတို့ကို စိုက်ပျိုးရောင်းချ စားသောက်လျက်ရှိရာ ထိုနေ့ နံနက်စောစော အချိန်တွင် ရှမ်းတရုတ်တစ်စု တိုးဝင်လာ၍ ဦးထွန်းပေါ် လင်မယားနှင့် တကွ သားသမီးသုံးယောက်တို့ကို သတ်ဖြတ်ပြီးလျှင် တဲကလေးကိုပါ မီးရှို့သွားကြကြောင်း၊ ၎င်းမိသားစုတစ်စုတို့မှာ ရန်ငြိုးဖွဲ့လောက်မည့်သူ မရှိသောကြောင့် ရှမ်းတရုတ်တို့၏ လက်ချက်ဖြစ်ရမည့်ပြင် ထိုကဲ့သို့ ရက်စက် ရဲတင်းစွာ ပြုခြင်းကို ထောက်ချင့်ခြင်းအားဖြင့် ရှမ်းတရုတ်တို့သည် ဤမျှနှင့် ကိစ္စမပြီးသေးဘဲ ဗန်းမော်မြို့ကိုပါ ဝင်၍စီးရန် အကြံအစည် ရှိကြဟန် တူကြောင်းများနှင့် ပြောပြလေ၏။

ထိုအခါ ကျွန်ုပ်က ကျွန်ုပ်ကိုယ်တိုင် ထိုလမ်းအတိုင်း သွားရန်ကိစ္စရှိသောကြောင့် စုံစမ်းခဲ့မည် ဖြစ်ကြောင်းနှင့် ပြောပြီးလျှင် ဂမုန်းထိပ်တင်ဥကို အသားမြတ်တောင်ထိပ်မှ တူးဖော် ဆောင်ကြဉ်းခဲ့ရန် တာဝန်ခံထားခဲ့သည့် အကြောင်းများကို ဗိုလ်ထိန်ဝင်းအား ပြောပြလေ၏။

ထိုအခါ ဗိုလ်ထိန်ဝင်းက–

'နေရာကျပြီ၊ ကျုပ်လည်း လိုက်ခဲ့မယ်။ သို့သော် ကျုပ်တို့ထံမှ သတင်းတစ်စုံတစ်ရာ မရသေးမီ ရှမ်းတရုတ်တွေကို စစ်တပ်နဲ့ ဘာနဲ့ တိုက်လား ခိုက်လား မလုပ်သေးဖို့ အကြောင်းကို မြို့ဝန်မင်းထံ သွားပြီး ပြောထားခဲ့ဦး'

ကျွန်ုပ်။ ။'ကောင်းပါပြီ၊ ကျွန်တော် ပြောသလို မြို့ဝန်မင်းက နားယူကောင်းပါရဲ့၊ ဘယ်နေ့လောက် ထွက်ကြမလဲ'





ဝင်း။ ။'နက်ဖြန်ခါ ထွက်ကြစို့၊ ဒါထက် ဘယ်သူများ ခေါ်ခဲ့ဦးမလဲ'

ကျွန်ုပ်။ ။'ခင်ဗျားရယ်၊ ကျွန်တော်ရယ်၊ ရှီလန်ရယ်၊ ကျွန်တော့်မိတ်ဆွေ မုန်ဆိုးတစ်ယောက်ရယ်၊ ရန်ကုန်သား တင်မောင်ညွှန့် ဆိုတဲ့ လူရယ်'

ဝင်း။ ။'ရန်ကုန်သားနဲ့ တောကြီး တောင်ကြီးတွေနဲ့ ဟန်ရပါမလား'

ကျွန်ုပ်။ ။'ကျွန်တော့်လူက အနုလည်း ရ၊ အကြမ်းလည်း ရမယ့် လူပါ၊ ခေါ်ခဲ့ပါရစေ'

ဝင်း။ ။'ဒါတော့ မောင့်သဘောပေါ့၊ ကိုင်း ကျုပ်မှာ ကိစ္စကလေးတွေ ရှိသေးတယ်။ သန်ဘက်ခါ နံနက်စောစော မြင်းနဲ့ ထွက်ခဲ့ပေတော့၊ မြို့အရှေ့ဘက်က ကျုပ် စောင့်နေမယ်'

ဟု ပြောပြီးလျှင် ဗိုလ်ထိန်ဝင်းသည် ခမောက်ကြီးကို ဆောင်းကာ ဆင်းသွားလေ၏။

## အခန်း [ ၁၃ ]

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်သည် မြို့ဝန်ကြီး၏အိမ်သို့ သွားရောက်လေရာ မြို့ဝန်မင်းသည် ကျွန်ုပ်ကို ရယ်မောကာ နှုတ်ဆက်လျက်–

'ဘယ့်နှယ်လဲ မောင်ရဲ့၊ မသွားဝံ့တော့ဘူးလို့ လာပြောတာလား၊ ဒီခေတ်မှာတော့ လမ်းကလည်း ကြမ်းပေတယ်လေ၊ မသွားဝံ့တဲ့ လူကို ကျုပ်က အပြစ်မဆိုချင်ပါဘူး'

ဟု ပြောသောအခါ ကျွန်ုပ်က ရှမ်းတရုတ်လူမျိုးများ ထကြွ သောင်းကျန်း လိမ့်မည်ဟု သတင်း ရထားသောကြောင့် ကျွန်ုပ်တို့က လျှို့ဝှက်စွာ လက်နက်များ စုဆောင်း သိမ်းထားကြောင်းများကို ဟုတ်တိုင်းမှန်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



အကုန်ဖွင့်ဟ ပြောပြလေ၏။ မြို့ဝန်မင်းသည် မျက်မှောင်ကြုတ်ကာ ဣန္ဒြေကြီးနှင့် နားထောင်နေပြီးနောက်–

ဝန်။ ။ 'တော်လှတယ် မောင်ရယ်၊ မောင်က မြို့ဝန်ဖြစ်နေပြီကော။ ကျုပ်အခွင့်မရဘဲ လက်နက်စုဆောင်းခြင်းဟာ သူပုန်နဲ့ အတူတူပဲဆိုတာ မောင် မသိဘူးလား'

ကျွန်ုပ်။ ။ 'တစ်ဆိတ်လောက် နားထောင်ပါဦး မြို့ဝန်မင်းခင်ဗျား၊ ရွှေမြို့တော်မှာ မင်းပြောင်း မင်းလဲ ဖြစ်နေလေတော့ ဒီအခါကြီးမှာ မြို့ဝန်မင်းက စစ်တပ်များ၊ လက်နက်များ တောင်းမယ်ဆိုလျှင် ခဲယဉ်းမယ့်အကြောင်းကို ကျွန်တော်တို့ သိလေတော့ အရေးရှိလျှင် မြို့ဝန်မင်းကို ကူညီဖို့ အဆင်သင့် လူစုထားခြင်းမျှ ဖြစ်ပါတယ် ဝန်မင်းခင်ဗျား'

ဝန်။ ။ (စိတ်ကျေနပ်ဟန် မရှိသေးဘဲ) 'နေပါဦး မောင်ရဲ့၊ တကယ်လို့ဆိုလျှင် ကျုပ်ကို ဘာပြုလို့ မတိုင်ပင်ကြသလဲ'

ကျွန်ုပ်။ ။ 'တိုင်ပင်နေလျှင် လူသိသလောက် အရာ မရောက်မှာ စိုးလို့ပါ ခင်ဗျား'

ဝန်။ ။ 'တော်ကြပါပေ့ မောင်ရယ်'

ကျွန်ုပ်။ ။ 'ဒီကနေ့မနက် မြို့အရှေ့ဘက် ယာခင်းထဲက အကြောင်းကို ကြားပြီလား ဝန်မင်းခင်ဗျား'

ဝန်။ ။ 'ဘာအကြောင်းလဲ'

ကျွန်ုပ်။ ။ 'ဦးထွန်းပေါ်တို့ မိသားဖသားတစ်စုကို ရှမ်းတရုတ်တွေက သတ်သွားပြီ ဝန်မင်း'

ဝန်။ ။ (မျက်လုံးပြူးလျက်) 'ဟော့၊ တကယ်ပဲလား မောင်ရဲ့'

ကျွန်ုပ်။ ။ 'တကယ်ပါ ဝန်မင်းခင်ဗျား၊ ရှမ်းတရုတ်တွေက မြို့ကိုဝင်ပြီး မကြာခင် စီးပါလိမ့်မယ်'

ဝန်။ ။ 'ဒါဖြင့် ဘယ့်နှယ်လုပ်ပါ့မယ်'

ကျွန်ုပ်။ ။ 'ကျွန်တော်တို့က ဂမုန်းထိပ်တင်ဥ ယူရင်း သွားပြီး





စုံစမ်းလိုက်ပါဦးမယ်၊ ကျွန်တော်တို့ ပြန်မလာမီ ဝန်မင်းက ရှိသမျှတပ်နဲ့ ကျွန်တော်တို့ လူတစ်စုကို ဦးစီးပြီး မြို့ထဲကသာ စောင့်နေရစ်စေလိုပါတယ်'

ဝန်။ ။ 'ခိုင်းပါတော့ မောင်ရယ်၊ မောင် ခိုင်းသမျှ ကျုပ်က လိုက်နာရပုံ ပေါ်နေပါပြီ။ သို့သော် မောင်တော့ ပြန်လာနိုင်မှာ မဟုတ်ဘူး၊ ကေန္တ သေရမယ့် လူပဲ'

ကျွန်ုပ်။ ။ 'ဒါကတော့ ကံတစ်ခုပါ ဝန်မင်း၊ ၁၀ ရက်အတွင်း ကျွန်တော်တို့ ပြန်မရောက်ခဲ့လို့ ရှိလျှင်လည်း ဝန်မင်း သဘောအတိုင်း စီမံရစ်နိုင်ပါတယ်'

ဝန်။ ။ 'မောင်က ခွင့်ပြုတယ်ပေါ့လေ၊ ဒါထက် မောင့်လူစုက ဘယ်မှာလဲ'

ကျွန်ုပ်။ ။ 'အရေးကြီးလျှင် ပေါ်လာကြဖို့ ကျွန်တော် စီမံထားခဲ့ပါမယ်'

ဝန်။ ။ 'လူသာ ငယ်တယ်၊ တကယ့် လူကလေး ပါကလားဟော့'

ၡင်းနောက် ကျွန်ုပ်သည် အရေးကြီးသော အဆစ်အပိုင်းတို့ကို မြို့ဝန်အား ရှင်းလင်း ပြောပြ၍ မြို့ဝန်၏ အိမ်မှ ဆင်းလာခဲ့လေ၏။

နေအိမ်သို့ ရောက်သောအခါ အစေခံတစ်ယောက်က စာတစ်စောင် ပေးထားခဲ့ကြောင်း ပြော၍ ရှိလန်သည် စာကို ထုတ်ပေးလေရာ အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

စာရေးလိုက်ပါသည် ကိုထွန်းချွန်။

"ကျွန်မအတွက် အသက်ကို စွန့်၍ ရင် ဆောင်ရွက်မည် ကြံစည်နေသော အလုပ်အတွက် ကျွန်မ ကျေးဇူးမတင်နိုင်ပါ။ ဘာမဟုတ်သော မြေကေ ၃၀၀ မျှလောက်အတွက် လူတစ်ယောက်၏ အသက်နှင့် လဲစေသည်ဟု ကျွန်မအား လူအများတို့က ကဲ့ရဲ့သင်္ကြိုဟ်ခြင်း ပြုကြသည်ကိုလည်း ကျွန်မ မခံလိုပါသည်ဖြစ်၍ မြို့ဝန်မင်းထံ သွားပြီးလျှင် ကျွန်မ၏ အမိန့်ကြောင့် ထိုကိစ္စကို လက်လျှော့လိုက်ပါပြီဟု မြို့ဝန်မင်းအား ပြောပါ



www.burmeseclassic.com

www.burmeseclassic.com



လေ။ ကျွန်မစကားကို နားမထောင်ခဲ့လျှင် ရှင့်မျက်နှာကို ဘယ်တော့မှ ကြည့်တော့မည် မဟုတ်ဟု မှတ်ပါလေ။"

ခင်ခင်ထား

ထိုစာကို ဖတ်ရှုရသောအခါ ကျွန်ုပ်မှာ စိတ်ထဲ၌ အနှောင့်အယှက် ဖြစ်သင့်သလောက် မဖြစ်ခဲ့ချေ။ ကျွန်ုပ် သွားရန် စီမံထားသော ကိစ္စမှာ ခင်ခင်ထား တစ်ယောက်တည်း အတွက်မျှသာ မဟုတ်။ မြို့ရွာမှ ကိစ္စနှင့်လည်း ဆက်သွယ်လျက် ရှိလေရကား သွားမြဲတိုင်း သွားရအံ့ဟု ဆုံးဖြတ်ချက် ချလိုက်လေ၏။

သို့ရာတွင် မသွားမီအတွင်း ခင်ခင်ထားနှင့် ရှင်းလင်း ပြောပြလိုသေးသည် ဖြစ်၍ အကောက်ဝန်မင်း အကြောင်းကို စုံစမ်းပါသော်လည်း ၎င်းတို့သားအဖ နှစ်ယောက်တို့မှာ ထိုနေ့ကပင် တောသို့ ထွက်သွားကြကြောင်း ကြားသိရသည်နှင့် လက်လျှော့လိုက်ရလေတော့၏။

သို့ရာတွင် ယခုကဲ့သို့ မြို့နယ်မငြိမ်မသက် ဖြစ်နေသည့်အတွင်း တောသို့ ထွက်ကြခြင်းကိုမူ ကျွန်ုပ်၏စိတ်ထဲတွင် စိုးရိမ်မကင်း ဖြစ်မိလေ၏။

ကျွန်ုပ်သည် ချိန်းဆိုထားသည့်အတိုင်း တင်မောင်ညွန့်နှင့် တွေ့ဆုံမိကြသောအခါ ထိုသူမှာ ရှေးယခင်က ကဲ့သို့ ရွှင်ပျသော မျက်နှာထားမရှိဘဲ ဣန္ဒြေကြီးစွာ ရှိနေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်အားလည်း ရန်ငြိုးထားဟန် မရှိဘဲလျက် ရှူးရှူးစိုက်စိုက် ကြည့်နေတတ်လေ၏။

နှုတ်ဆက်ကြပြီးနောက် ကျွန်ုပ်က တစ်ယောက်နှင့် တစ်ယောက် ရန်သူကဲ့သို့ သဘောထားခဲ့ဖူးကြသော်လည်း ယခုမှာ မိတ်ဆွေအမှတ်နှင့် သဘော မထားနိုင်ကြသေးစေကာမူ ရန်ပြေငြိမ်းဖို့ အချိန်တန်ပြီဖြစ်ကြောင်း၊ ကျွန်ုပ် သွားရမည့်ကိစ္စမှာ မြို့ဝန်ကြီး စေခိုင်းခဲ့သော ကိစ္စတစ်ခုတည်းအတွက်သာ မဟုတ်၊ မြို့သူမြို့သားတို့၏ အသက်ဘေး အန္တရာယ်မှ ကာကွယ်ဖို့ ကိစ္စလည်း တွဲဖက်လျက်ရှိကြောင်း၊ တင်မောင်ညွန့်မှာလည်း အမျိုးသားကို





ချစ်ခင်တတ်သော စိတ်ဓာတ်မျိုးရှိသည်ဟု ယုံကြည်သည့်အလျောက် အတူလိုက်ခဲ့ဖို့ ခေါ်ငင်ခြင်းကို ငြင်းပယ်လိမ့်မည် မထင်ကြောင်းနှင့် ပြောပြ၍ ရှမ်းတရုတ်များ ထကြွမည် ထင်ရသည့် အကြောင်းကိုပါ ရှင်းလင်း ပြောပြလေ၏။

တင်မောင်ညွန့်သည် မြေပေါ်သို့ မျက်လုံးစိုက်ကာ ဦးခေါင်းငုံ့လျက် နားထောင်နေပြီးနောက်–

ညွန့်။" ။(ကျွန်ုပ်၏ ပခုံးကို ပုတ်လျက်) 'တော်ပါပေ့ ကိုထွန်းချွန်၊ သဘောထား ကြီးပါပေတယ်။ ကျုပ်က ကလေးလို စိတ်ကောက်ပြီး နေတုန်းမှာ ဒီလို မြင့်မြတ်တဲ့ လုပ်ငန်းတစ်ခုအတွက် ကျုပ်ကို ပါအောင် သွေးဆောင်ခြင်းဟာ အမှန် သဘောကြီးပါပေတယ်။ လိုက်မယ်ဗျာ၊ စိန်လိုက်၊ ခင်ဗျားနဲ့ ဆိုလျှင် ရှမ်းတရုတ်တော မကလို့ အဝိစိ ဆင်းလိုက်ရပေစေ၊ ကျုပ် လိုက်ခဲ့မယ်'

ဟု ပြောလျက် အောင့်အည်းခြင်းငှာ မတတ်နိုင်ဘဲ တစ်ယောက်၏ ပခုံးကို တစ်ယောက် ကိုင်၍ လှုပ်ခါကြလေ၏။

## အခန်း [ ၁၄ ]

နောက်တစ်နေ့ မိုးသောက်သည်နှင့် တစ်ပြိုင်နက် ရှိလန်နှင့် ကျွန်ုပ်သည် မြင်းတစ်စီးစီနှင့် ထွက်လာကြသောအခါ မြို့၏ အရှေ့ဘက်တွင် မြင်းနှင့် စောင့်လျက်ရှိသော တင်မောင်ညွန့်နှင့် တွေ့၍ အတန်ငယ် သွားမိကြရာတွင် ဗိုလ်ထိန်ဝင်းနှင့် တွေ့ဆုံကြလေ၏။

ကျွန်ုပ်သည် ထိုသူနှစ်ယောက်တို့ကို မိတ်ဆက်ပေး၍ ၎င်းတို့ အချင်းချင်း အတန်ငယ် စကားပြောမိကြလေလျှင် တစ်ယောက်ကို တစ်ယောက် ခင်မင်နှစ်သက်ခြင်း ရှိကြ၍၊ တင်မောင်ညွန့်က မေးသော မေးခွန်းများကို



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ထိန်ဝင်းက ပြေဆိုသည့်အခါ တင်မောင်ညွန့်မှာ အလွန် နှစ်သက်အားရခြင်း ရှိဟန်နှင့် ရယ်မောကာ လိုက်လာလေ၏။

ကျွန်ပ်မှာ စကားနည်းသူ တစ်ယောက်ဖြစ်၍ တောတောင်တို့၏ အခြေအနေကို ကြည့်ရှုရင်း မြင်းပေါ်၌ ခပ်ဆိတ်ဆိတ် လိုက်လာခဲ့ရာ သူတို့နှစ်ယောက်မှာမူ သိပေါင်း ကျွမ်းပေါင်းများသဖွယ် စကားပြော၍ မကုန်နိုင်ဘဲ တဟားဟား တဝါးဝါး ရယ်မောကာ ရှိနေကြလေ၏။

၅ မိုင်ခန့် ရောက်လာကြ၍ တင်မောင်ညွန့်သည် ကိုယ်လက်သုတ်သင်ရန် ခပ်ဆိုင်းဆိုင်းချန်လျက် နေရစ်စဉ် ဗိုလ်ထိန်ဝင်းသည် ကျွန်ပ်အနီးသို့ ချဉ်းကပ်၍–

'ဒီသူငယ်ကို ကျုပ် ကြိုက်တယ်၊ တကယ့် မျိုးကြီးဆွေကြီး အထက်တန်းစား ပီပါပေတယ်။ သိပ်ချစ်ဖို့ကောင်းတဲ့ လူကလေး တစ်ယောက်ပဲ။ မောင်ကတော့ အသက်ငယ်ပေမဲ့ တကယ့် အဘိုးကြီးလို ဣန္ဒြေကြီးလွန်းတယ်၊ ကျုပ်တို့က လူငယ်ဆိုလျှင် ရွှင်ရွှင်ပျပျမှ သဘောကျတယ်။ ကျုပ်ကိုကြည့်စမ်း..... မောင်တို့ထက် မနည်း အသက်ကြီးပေမဲ့ ကိုယ့်ကိုယ်ကိုယ် လုံးလုံးကြီးတယ် မထင်ဘူး။ "ပျော်ပျော်နေ သေခဲ" ဆိုတဲ့ စကားကို ကျုပ်က သိပ်ပြီး သဘောကျတယ်'

စသည်ဖြင့် တင်မောင်ညွန့်နှင့် ကျွန်ပ်ကို နှိုင်းယှဉ်ကာ ထုတ်ဖော်ပြောပြသွားလေ၏။

ကျွန်ပ်ကမူ ဗိုလ်ထိန်ဝင်းက တင်မောင်ညွန့်အား ကျွန်ပ်ထက် ပိုမို၍ နှစ်သက်ဟန်ရှိခြင်းကို အလျှင်း မနာလို ဝန်တိုခြင်းမရှိဘဲ ၎င်းတို့နှစ်ယောက် ခင်ခင်မင်မင် ရှိကြခြင်းကိုပင် များစွာ နှစ်သက်အားရခြင်း ဖြစ်မိလေ၏။

၆ မိုင်ခန့် ခရီးပေါက်ခဲ့ကြလေလျှင် ကျွန်ပ်တို့သည် ကိုပေါက်ဆိန်ဆိုသူ မုဆိုးကြီး နေထိုင်ရာ စခန်းသို့ ဆိုက်ရောက်ခဲ့ကြလေရာ ကျွန်ပ်သည် ထိုမုဆိုး၏ တောကျင်လည်ခြင်းကို လည်းကောင်း၊ ကျွန်ပ်ကို တစ်ခါက ကျေးဇူးပြုခဲ့ဖူးခြင်းကို လည်းကောင်း ထောက်ထားခြင်းအားဖြင့် ကျွန်ပ်တို့နှင့်အတူ ခေါ်ငင်ရန် စီမံထားခြင်း ဖြစ်ပေ၏။





ကျွန်ပ်က ကိစ္စတစ်ခုနှင့် လိုက်ခဲ့ရန် ပြောသည်နှင့် တစ်ပြိုင်နက် ကိုပေါက်ဆိန်သည် တစ်စုံတစ်ရာမျှ မေးမြန်းခြင်း မပြုဘဲ မြို့ထဲသို့ အမဲသားများ သွားရောက် ရောင်းချရန်အတွက် မွေးထားသော ရှမ်းမြင်းကလေးကို ဖမ်းပြီးလျှင် ကျွန်ပ်တို့အတွက် နံနက်စာကိုလည်း ချက်ပြုတ် ပြင်ဆင်လေ၏။

ကျွန်ပ်တို့သည် ကိုပေါက်ဆိန်၏ အမဲဟင်းလျာတို့ဖြင့် နံနက်စာ စားသောက်ကြ၍ အမဲကျပ်တင်ခြောက် အချို့ကို ရိက္ခာအတွက် ဆောင်ကြဉ်းခဲ့ပြီးလျှင် ဆက်လက်၍ ထွက်လာကြရာ ခပ်စောစောပင် ဦးထွန်းပေါ်၏ စခန်းသို့ ဆိုက်ရောက်လာကြလေ၏။

တင်မောင်ညွန့်သည် ဗိုလ်ထိန်ဝင်း၏ ပုံတိုပတ်စကလေးများကို နှစ်သက်စွာနှင့် နားထောင်ရင်း တခစ်ခစ် တဟားဟား ရယ်မောကာ လိုက်လာရာမှ ထိုစခန်းသို့ ချဉ်းကပ်သည်နှင့် တစ်ပြိုင်နက် မျက်နှာထားတစ်မျိုး ပြင်၍ နှုတ်ဆိတ်စွာ ရှိနေလေ၏။

ကျွန်ပ်တို့သည် မသာယာသော မျက်နှာထားဖြင့် မြင်းကို ဖြည်းညင်းစွာ စီးကြလျက် သုံးဧကခန့် ကျယ်ဝန်းသော အခင်းကြီးတွင် ဖရုံ၊ ဖရဲ စသည့် ရာသီအလိုက် စိုက်ပျိုးထားသည့် အပင်ကလေးများ၏ အလယ်တွင် မီးသွေးနှင့် ပြာတို့သာ စုပုံလျက်ရှိသည့် တဲနေရာကို မြင်ကြရသောအခါ ယခင်က မိသားဖသား အလျောက် နေထိုင်ခဲ့ကြရာသည့် အခြင်းအရာကို စိတ်ကူးတွင် ထင်ယောင်မြင်ယောင် ရှိလာသည်နှင့် မျက်ရည်များ ဝိုင်းကာ မြင်းများပေါ်မှ ဆင်းသက်ကြလေ၏။

ပြာပုံထဲတွင် ကျွမ်းအောင် မလောင်နိုင်သဖြင့် မည်းလျက်ရှိသော လူရိုးများကို ဤနေရာ၊ ထိုနေရာ စသည်တို့၌ တွေ့မြင်ကြရသည့်ပြင် ယာခင်း လုပ်ကိုင်သည့် တူးရွင်း၊ ပေါက်ပြား စသည့် လက်နက် ကိရိယာများ၊ အထူးသဖြင့် ကလေးများ ကစားကြသည့် လှည်းကလေးတစ်စီး၊ အိုးပုတ်ကလေး နှစ်လုံး သုံးလုံး၊ ခုံဖိနပ်ကလေး တစ်ဖက်၊ ဖန်ပုတီးကလေး တစ်သိုး စသည့် တိုလီမိုလီ ပစ္စည်းကလေးများကို တွေ့မြင်ကြရပြန်သောအခါ များ



www.burmeseclassic.com

www.burmeseclassic.com



မကြာမီကပင် ပျော်ရွှင်စွာ ကစားရှာကြသည့် မောင်နှမ တစ်စုတို့ကို စိတ်ထဲတွင် ထင်မြင်မိကြသည် ဖြစ်၍ ရင်ထဲ၌ ဆို့တက်လာပြီးလျှင် မျက်ရည်များ မဆည်နိုင်အောင် ဖြစ်မိကြလေ၏။

ဗိုလ်ထိန်ဝင်းမှာ တိုက်ပွဲပေါင်းများစွာ ကြုံတွေ့ခဲ့ဖူးဟန် လက္ခဏာ ရှိ၍ ၎င်းကိုယ်တိုင် လူ အမြောက်အမြားကို ယှဉ်ပြိုင် တိုက်ခိုက် သတ်ဖြတ်ခဲ့ဖူးသူ တစ်ယောက် ဖြစ်သော်ငြားလည်း နိုကိုးရာမဲ့ ရှိသူများနှင့် ကလေးသူငယ်များအား ထိုကဲ့သို့ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်သွားကြသည့် အခြင်းအရာ ကြုံတွေ့ရသောအခါတွင် သူတစ်ပါးတို့ထက်ပင် စိတ်ထဲတွင် ပိုမို၍ ထိခိုက်ဟန် လက္ခဏာ ရှိပေရကား၊ မိမိ၏ ဓားကိုမြှောက်လျက် 'မိမိကိုယ်၌ အသက်ငွေ့ငွေ့ ကျန်ရှိသမျှ ကာလပတ်လုံး ဤအမှုကို ကျူးလွန်သော လူစုအား ဤဓားဖြင့် မခုတ်မပိုင်းဘဲ နေခဲ့ပါလျှင် မိမိကိုယ်တိုင် ဓားအဆေါင်း၊ ရန်အဆေါင်း သင့်ပါစေသား' ဟု ကျိန်ဆိုလိုက်လေရာ ကျွန်ုပ်တို့ လူစုကလည်း ထိုနည်းအတိုင်း ကျမ်းသစ္စာ ပြုကြလေ၏။

၎င်းနောက် ကျွန်ုပ်က ရှမ်းတရုတ်တစ်မျိုးလုံး ရှိသည့်အနက် ဤလူစုကို ခွဲခြား၍ ဘယ်ကဲ့သို့ ရှာနိုင်ပါမည်နည်းဟု မေးလေရာ၊ ရှီလန်သည် တောကျင်လည်သူဖြစ်၍ ခြေရာကောက်ကောင်းလှသည် ဖြစ်သောကြောင့် ဤလူတစ်စု ဤနေရာမှ ထွက်ခွာသွားကြသည်မှာ လေးငါးရက်ထက် မကြာသေးသည် ဖြစ်သောကြောင့် မိမိ တွေ့အောင် ရှာနိုင်ကြောင်း ပြောလေ၏။

ထိုအခါ ကျွန်ုပ်က လက်စားချေသော အလုပ်သည် အရေးကြီးလှသည် မှန်သော်လည်း အလုပ်ဝတ္တရားကို ရှေးဦးစွာပြီးအောင် ဆောင်ရွက်ပြီးခါမှ ပြုလုပ်ထိုက်ကြောင်း ပြောပြရာတွင် အားလုံး သဘောတူညီကြလေ၏။ ရှီလန်ကမူ–

'ခင်ဗျားလူတွေ ခြေထောက်ကို ခေါင်းပေါ် ရွက်မသွားနိုင်ပါဘူး၊ ကျုပ် တွေ့အောင် ရှာနိုင်ပါတယ်'

ဟု ပြောလေရာ၊ ကိုပေါက်ဆိန်ကလည်း ထောက်ခံလေ၏။





ကျွန်ုပ်တို့သည် ၎င်းစခန်းမှ ထွက်လာခဲ့ကြ၍ အရှေ့စူးစူးသို့ ဆက်လက် ခရီးသွားကြလေရာ ထိုအရပ်မှာ ရှမ်းတရုတ်များ၏ ဘေးရန်မှ စိုးရိမ်ရပြီဖြစ်၍ ခပ်ဖြည်းဖြည်းသာလျှင် သတိနှင့် သွားကြလေ၏။

ထိုညဉ့်၌ ကျွန်ုပ်တို့သည် စမ်းချောင်းကလေး တစ်ချောင်း၏ ကမ်းပါးတွင် ကျောက်တောင်ကြီး တစ်တောင်ကို ကျောခိုင်းလျက် စခန်းချကြလေရာ၊ ညဉ့်အခါတွင် ရန်သူများ ရုတ်တရက် တိုက်ခိုက်မည့်အရေးကို စိုးရိမ်ရသည် ဖြစ်၍ တစ်လှည့်စီ ကင်းစောင့်ကာ အိပ်ကြရလေ၏။

ကျွန်ုပ်မှာ ကြက်ဦးတွန်ချိန်မှ မိုးလင်းသည်အထိ စောင့်ဖို့ အလှည့်ကျလေရာ ကျွန်ုပ်သည် အရဏ်တက်သဖြင့် လေကလေး တသုတ်သုတ် တိုက်ခတ်စ ပြုလာသည့်အချိန်တွင် မီးပုံအနီးတွင် ထိုင်ရင်း၊ ကျွန်ုပ်တို့ လာခဲ့သော ခရီးမှာ နေရင်းဌာနသို့ ပြန်ရောက်ဖို့ ဧကန်အမှန် ခဲယဉ်းသောခရီး ဖြစ်ပါပေသည် တကားဟု စဉ်းစားမိလေ၏။

## အခန်း [ ၁၅ ]

နံနက်စောစော၌ ကျွန်ုပ်တို့သည် ၎င်းစခန်းမှ ထွက်ခွာလာခဲ့ကြလေရာ မွန်းတည့်လုနီးအချိန်တွင် မြက်ခင်းကလေးရှိသော တစ်နေရာ၌ စခန်းချ၍ ပေါက်ပေါက်ဆုပ်နှင့် အမဲကျပ်တင်ခြောက်တို့ဖြင့် နံနက်စာ စားပြီးနောက် ဒန်တိုများကိုသောက်ကာ အပန်းဖြေလျက် ရှိကြလေ၏။

ရှီလန်နှင့် ကိုပေါက်ဆိန်တို့မှာမူ နွမ်းနယ်ကြဟန် လက္ခဏာမရှိဘဲ ရှေ့ခရီးကို စုံစမ်းရန်အတွက် ခြေကျင်ထွက်သွားကြလေရာ တစ်နာရီကျော်ခန့် ကြာသောအခါတွင် ကတိုက်ကရိုက်နှင့် ပြန်လာကြ၍ ရှမ်းတရုတ်တပ်တစ်တပ် ချီတက်လာကြောင်း ပြောပြလေ၏။

ထိုအခါ ကျွန်ုပ်တို့သည် လမ်းမှ ချက်ချင်းဖယ်ရှားကြ၍ မြင်းများကို



www.burmeseclassic.com

www.burmeseclassic.com



မဟီစေခြင်းငှာ မျက်စိကို အဝတ်များဖြင့် ပိတ်၍ ချည်ပေးပြီးနောက် ကုန်းကလေးတစ်ခု၏ အခြားတစ်ဖက်တွင် ဝှက်ထားပြီးမှ မြေပေါ်၌ အလျားမှောက်ကာ စောင့်ဆိုင်း ကြည့်ရှုနေကြလေ၏။

၁၅ မိနစ်ခန့် ကြာလတ်သော် ရှမ်းတရုတ်တပ် တစ်တပ်သည် ဒူးလေးနှင့်ဓား စသော လက်နက်များကို ကိုင်စွဲလျက် ဗန်းမော်မြို့ဘက်သို့ ချီတက်သွားကြသည်ကို ချုံကြားမှ ချောင်းကြည့်ကြသဖြင့် တွေ့မြင်လိုက်ရလေ၏။ ထိုတပ်မှာ အရေအတွက်အားဖြင့် ၁၀၀ ထက်နည်းမည် မထင်ချေ။

၎င်းတို့ ထွက်သွားပြီးလတ်သော် ရှိုလန်က ဗန်းမော်မြို့စွန်းမှ စောင့်နေသော ကျွန်ုပ်တို့၏ စစ်တပ်ကလေးအား ရန်သူများ ချီတက်လာနေသည့်အကြောင်းကို ကျွန်ုပ်တို့က ကြိုတင်၍ သွားရောက်သတိပေးဖို့ လိုကြောင်း ပြောပြ၍ ကျွန်ုပ်အား ၎င်းနှင့်အတူ အဖော်အဖြစ်နှင့် လိုက်ခဲ့ရန် ခေါ်လေရာ ၎င်း၏ စိမ်ချက်ကို မည်သူမျှ ကန့်ကွက်ရန် မတတ်နိုင်သည်နှင့် ကျွန်ုပ်က လိုက်ပါရန် သဘောတူညီရလေတော့၏။

သို့ဖြစ်၍ ဗိုလ်ထိန်ဝင်းတို့ လူစုအား မြင်းများနှင့် တဖြည်းဖြည်း ရှေ့သို့ သွားနှင့်ရန် မှာထားခဲ့ပြီးလျှင် ကျွန်ုပ်နှင့် ရှိုလန်တို့သည် ထန်းလျက်အနည်းငယ်မျှစီ ထည့်လျက် ညနေစောင်းအချိန်တွင် ဗန်းမော်မြို့ဘက်သို့ ခြေကျင်လှည့်၍ ပြန်ခဲ့ကြရပြန်လေ၏။

ကျွန်ုပ်သည် ဗိုလ်ထိန်ဝင်း၏စခန်းသို့ ရှိုလန်နှင့်အတူ သွားရောက်ခဲ့စဉ်က ရှိုလန်၏ လျင်မြန်ပုံကို ရိပ်မိခဲ့ရဖူးသည်ဖြစ်ရာ ထိုနေ့က လျင်မြန်ခြင်းသည် ယခုနှင့်နှိုင်းစာလျှင် ကလေးကစားသလောက်မျှသာ ရှိချေသေး၏။

ကျွန်ုပ်တို့သည် လာခဲ့သည့်လမ်းအတိုင်း မလိုက်ကြဘဲ ရှမ်းတရုတ်တပ်ကို ရှောင်ကွင်းကာ ရှေ့သို့တက်ရမည် ဖြစ်သောကြောင့် ရှိုလန်သည် နံဘေးသို့ထောင်၍ တက်ပြီးလျှင် ချိုင့်များ၊ ကမူများ၊ ကျောက်တုံးများကို ပဓာန မထားဘဲ တရကွန်း ပြေးလွှား ခုန်ကျော်ကာ သွားကြလေ၏။

တစ်ခါတစ်ရံ ရန်သူများနှင့် နီးကပ်သည် ထင်သည်နှင့် ရှိုလန်သည်





မြေပေါ်တွင်တွားလျက် အလျားမှောက်ကာ သွားလေရာ ကျွန်ုပ်၏နဖူးသည် ရှိုလန်၏ခြေထောက်နှင့် ထိလုမတတ် နောက်မှကပ်ကာ လိုက်ပါရလေ၏။

ထိုည၌ လပြည့်ကျော် ၅ ရက်နေ့ဖြစ်သဖြင့် လမင်းသည် တစ်ဝက်ကျော်ကျော်ပြည့်လျက် ထွက်ပေါ်လာလေရာ ကျွန်ုပ်တို့သည် ဆူးပင်၊ ချုံပင်တို့၏ အကြားမှ တိုးဝှေ့ကာ သွားကြရသည် ဖြစ်၍ တစ်ကိုယ်လုံးတွင် ဆူးကြောင့်ခလုတ်တို့ ခြစ်မိ တိုက်မိသော ဒဏ်ရာတို့မှ သွေးများ ယိုစီးလျက် ထွက်နေလေတော့၏။

တပေါင်းလ ဖြစ်သဖြင့် ထိုအရပ်တွင် ညဦးအချိန်၌ အတော်အတန်ချမ်းအေးလာသော်လည်း ကျွန်ုပ်၏ တစ်ကိုယ်လုံးမှာ ချွေးနှင့်သွေးဖြင့် စေးကပ်လျက် ရှိနေလေ၏။ တစ်ခါတစ်ရံ ရွံ့ညွန်ဗွက်ကြီးများနှင့် တွေ့ရာ ရှောင်ကွင်းရန် မတတ်နိုင်သည်ဖြစ်၍ ပေါင်လယ်မှ ခါးသို့တိုင်အောင် နစ်မြုပ်ကာ ရန်းကြရ၏။ ရွံ့ညွန်ဗွက်မှ တက်၍ မြေပေါ်သို့ ရောက်သောအခါ ကျွန်ုပ်မှာ ခွေးများလိုက်သော သမင်ကဲ့သို့ မောဟိုက်လျက် ရှိခဲ့လေပြီ။

သို့ရာတွင် ရှိုလန်သည် ကျွန်ုပ်ကို ညှာတာရန် သတိမရနိုင်ဘဲ လျင်မြန်မြဲတိုင်း လျင်မြန်စွာ သွားပြန်လေရာ ၎င်း၏သွက်လက်သော ကိုယ်သည် သစ်တစ်ပင်မှ သစ်တစ်ပင်သို့ လှစ်ခနဲ လှစ်ခနဲနေအောင် ဖြတ်ကူးလိုက်သဖြင့် ကျွန်ုပ်မှာ မချိမဆံ့နှင့် မီအောင် လိုက်ခဲ့ရလေ၏။

ကျွန်ုပ်မှာ ပင်ပန်းခြင်းကို သတိမရစေခြင်းငှာ မိမိရခဲ့ဖူးသော ပါဠိများ၊ တေးချင်းများ စသည်တို့ကို စိတ်ထဲတွင် ရွတ်ဆိုရင်း လိုက်ခဲ့လေရာ ၎င်းတို့ ကုန်ဆုံးသောအခါ၌ ၁၊ ၂၊ ၃၊ ၄၊ ၅ စသည်ဖြင့် မဆုံးနိုင်သော ဂဏန်းအရေအတွက်ကို ရွတ်ရလေတော့၏။

ကျွန်ုပ်၏ ရုပ်တည်းဟူသော ခွန်အားသည် ကုန်ခဲ့သည်မှာ ကြာလှပြီဖြစ်ရာ စိတ်တည်းဟူသော ခွန်အားသက်သက်ဖြင့်သာ လိုက်နေရခြင်း ဖြစ်လေတော့၏။

ကျွန်ုပ်၏ခံတွင်းမှာ ခြောက်လှပြီ ဖြစ်၍ လည်ချောင်းသည် ပြာနှင့်



www.burmeseclassic.com

www.burmeseclassic.com



လူးထားသကဲ့သို့ စပ်လောင်လျက်ရှိရာ မျက်ရည်တို့မှာလည်း ပါးပြင်တစ်ဖက်တစ်ချက်တို့မှ ယိုစီးလျက် ကျနေလေ၏။

တောအုပ်မှ ထွက်လာခဲ့၍ ကွင်းပြောင်ပြောင်သို့ ရောက်သောအခါ ရှိလန်သည် ရပ်တန့်လျက် လမင်းကို မော့၍ ကြည့်လိုက်လေရာ ကျွန်ုပ်သည် ရှိလန်ကို ဝင်၍ တိုက်မိသည်နှင့် မြေပေါ်သို့ အလျားမှောက် ထိုးလဲသွားပြီးလျှင် မထနိုင်ဘဲ နေလေတော့၏။

ထိုအခါ ရှိလန်သည် မြေပေါ်၌ ဒူးထောက်လျက် ကျွန်ုပ်၏ ခြေသလုံးနှင့် ပေါင်တို့ကို လက်ဖြင့် နှိပ်နယ်၍ပေးလေရာ မည်သည့်အကြောကို နှိပ်လိုက်သည် မသိ၊ ကျွန်ုပ်၏ တစ်ကိုယ်လုံးသည် တစ်ခဏထက် တစ်ခဏ လတ်ဆတ်လာ၍ အင်အား ပြည့်တင်းလာပြီးလျှင် ၅ မိနစ်ခန့် အတွင်းတွင် လူသစ်တစ်ယောက် ဖြစ်လာ၍ လဲရာမှ ထ နိုင်လေတော့၏။ ထိုအခါ၌ ကျွန်ုပ်မှာ မူလ ထွက်လာစ အခါကထက်ပင် လတ်ဆတ်အားပြည့်လျက် ရှိသည်ဟု မှတ်ထင်မိသေး၏။

သို့ဖြစ်၍ ကျွန်ုပ်တို့ တစ်ဖန် ဆက်လက် ထွက်လာကြသောအခါတွင် ကျွန်ုပ်သည် ရှိလန်ရှေ့မှပင် သွားချင်သလိုလို ဖြစ်ချေသေးတော့၏။ အံ့ဩဖွယ်ကောင်းလှသော နှိပ်နယ်နည်း ပါပေတကား....။

လမွန်းတည့် အချိန်တိုင် ရောက်လေလျှင် ရှိလန်သည် ရှမ်းတရုတ်တို့ကို ကွင်းရှောင်ကာ ကျော်တက်မိပြီဟု အောက်မေ့ဟန် လက္ခဏာနှင့် မူလလမ်း ရှိရာသို့ တစ်ဖန် ချိုးလှည့်ပြီးလျှင် ခပ်မှန်မှန်မျှသာ လျှောက်လာပေတော့၏။

ရံဖန်ရံခါ ရပ်တန့်၍ အထက်သို့ မော့ကာ ရှုရှိုက်ပြီးနောက် ရှိလန်က–

'ကိုင်း တစ်ခါ လွတ်ပါပြီ၊ ရှမ်းတရုတ်တပ်က ဒီညအတွက် စခန်းချသွားပြီ၊ စိုးရိမ်ဖို့ မရှိတော့ပါဘူး'

ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ စိတ်သက်သာရာ ရသည် မှန်သော်လည်း မည်သို့နည်းဖြင့် ရှိလန် သိသည် ဟူ၍မူကား မပြောနိုင်ချေ။





ကျွန်ုပ်တို့မှာ ဘေးအန္တရာယ်မှ လွတ်ပြီဆိုသဖြင့် ခပ်မှန်မှန် လျှောက်လာကြရသော အခါတွင်မူကား ကျွန်ုပ်၏ ခြေထောက်များသည် တစ်လှမ်းမှ တစ်လှမ်းသို့ မသယ်ချင်လောက်အောင် ခြေပန်းကြလျက် ဦးခေါင်းထဲမှလည်း တဝီဝီမြည်သော အသံများကို ကြားလျက် ရှိနေရကား ရှိလန်သည် ကျွန်ုပ်ကို တွဲ၍ ခေါ်ရလေ၏။

ထိုနောက် ချောင်းတစ်ချောင်းကို တွေ့ကြပြန်ရာ ကျွန်ုပ်သည် ၎င်းကို ဖြတ်ကူးရသည်တွင် အေးမြသောရေနှင့် ထိတွေ့ရသည့် အတွက်ကြောင့် အနည်းငယ် အပန်းပြေသလို မှတ်ထင်ရ၏။

တစ်ဖက်ကမ်းသို့ တက်မိကြသောအခါ မီးရောင်တစ်ခုကို မနီးမဝေးတွင် မြင်ရပြီးနောက် လူတစ်ယောက်သည် မှောင်ရိပ်မှ ထွက်၍ ကျွန်ုပ်တို့ကို သေနတ်နှင့် ချိန်လျက် မေးလေရာ ကျွန်ုပ်က ဖြေဆိုသဖြင့် ကျွန်ုပ်၏အသံကို ကြားလိုက်ရသည်တွင် ထိုသူက–

'အလို.... ကိုထွန်းချွန် ပါကလား'

ဟု ပြောသဖြင့် ကျွန်ုပ်တို့လူများ ဖြစ်ကြောင်း သိရှိရလေ၏။

ထိုလူများသည်ကား ယခင်က ကျွန်ုပ်တို့ လှို့ဝှက်စွာ စုဆောင်းထားခဲ့သော လူများဖြစ်ကြလေရာ ၎င်းတို့သည် မြို့ဝန်၏အမိန့်အရ မြို့၏အရှေ့ဘက်မှ လာ၍ စောင့်ကြရသော တပ်ဦးဖြစ်လေသည်။ ၎င်းတို့၏ နောက်တွင်လည်း မြို့ဝန်၏ စစ်သည်တော်များ ရှိနေကြလေ၏။

ကျွန်ုပ်တို့သည် ၎င်းတို့ တည်ခင်းကျွေးမွေးသော စားစရာများကို စားသောက်ရင်း ကျွန်ုပ်က ရှမ်းတရုတ်တပ် တစ်တပ် ချီတက်လာသည့် အကြောင်း၊ နောက်ကလည်း တပ်များ ပါသေးသည်ဟု ထင်ရကြောင်းနှင့် ပြောပြသောအခါ ၎င်းတို့က–

'လာကြပါစေ.... ပစ်ချလိုက်ပါ့မယ်၊ မနေ့က သေတဲ့ အကောင်တွေလို အားလုံး သေအောင် ပစ်လိုက်ပါမယ်'

ဟု ပြောပြီးလျှင် ဦးထွန်းပေါ်တို့ မိသားဖသား တစ်စုတို့ကို သတ်



www.burmeseclassic.com

www.burmeseclassic.com



သွားသော ရှမ်းတရုတ် ခြောက်ယောက်တို့ကို တောနင်းရှာ၍ တွေ့သဖြင့် အားလုံး သတ်ပစ်လိုက်ကြပြီး ဖြစ်ကြောင်းနှင့် ပြောပြသောအခါ၊ ကျွန်ုပ်တို့ ကျမ်းသစ္စာ ကျိန်ဆိုထားသော လုပ်ငန်းကို သူတစ်ပါးတို့ လုပ်သွားနှင့်ချေပြီ တကားဟု အောက်မေ့မိလေ၏။

၎င်းနောက် ကျွန်ုပ်က မြို့ဝန်မင်းထံသို့ မြင်းတစ်စီးနှင့် အမြန် စေလွှတ်ပြီးလျှင် ရှိသမျှ စစ်သည်တော်တို့ကို စုဆောင်း၍ အဆင်သင့် စောင့်နေကြဖို့ ပြောစေရန် စေခိုင်းလိုက်လေ၏။

ထိုနောက် ကျွန်ုပ်တို့သည် ရှိလန်၏ စိမ်ချက်အတိုင်း မိုးမလင်းမီ အိပ်ကြဖို့အချိန် ရသေးသည်ဟု ပြောသည်နှင့် မီးပုံတစ်ခုအနီးတွင် အိပ်မည် ပြုရာတွင် ကျွန်ုပ်နှင့် သိကျွမ်းဖူးသော လူတစ်ယောက်က အကောက်ဝန်မင်း၏ ရဲတင်းပုံ အကြောင်းကို ပြောပြလေ၏။

ကျွန်ုပ်။ ။ 'ဘယ်လို ရဲတင်းပုံလဲဗျာ.... ပြောပါဦး'

ထိုလူ။ ။ 'ကြည့်စမ်းပါဦးတော့ဗျာ၊ ရှမ်းတရုတ်တွေ အတွက်ကြောင့် လူအပေါင်းမှာ လှုပ်လှုပ်ရွရွ ဖြစ်နေကြတုန်းမှာ သူက သူကိုးကွယ်တဲ့ ဘုန်းကြီးဦးစန္ဒိမာကို မြို့ကျောင်းပြောင်းထိုင်ဖို့ သွားပင့်ချေသတဲ့ဗျာ။ သူ တစ်ယောက်တည်း သွားလျှင် သွားပါဦးတော့၊ ယခုတော့ သမီးပျိုကလေး ကိုပါ ခေါ်သွားသတဲ့ဗျာ။ တော်နိုင်ရောလား'

ကျွန်ုပ်။ ။ (အိပ်ရာမှ လူးထ၍) 'ဘယ်ဘက်ဆီ သွားသတဲ့လဲ'

ထိုလူ။ ။ 'မြို့အရှေ့ဘက်က ရွာကိုတဲ့၊ ရွာနာမည်ကိုတော့ ကျုပ် မေ့သွားပါပြီ'

မြို့အရှေ့ဘက် ဆိုလျှင် ဘေးအန္တရာယ် မကင်းသောနယ်နိမိတ် ဖြစ်သည့်အတွက် ကျွန်ုပ်မှာ ၎င်းတို့ သားအဖနှစ်ယောက်အတွက် စိတ်ပူမိသော်လည်း ခရီးပန်းလွန်းလှသည် ဖြစ်သောကြောင့် ဦးခေါင်းကိုမှ မထူနိုင်ဘဲ အိပ်ပျော်ခြင်းသို့တိုင် ရောက်ခဲ့လေတော့သတည်း။

## အခန်း [ ၁၆ ]

အရုဏ်တက်သည်နှင့် တစ်ပြိုင်နက် ရှိလန်သည် ကျွန်ုပ်ကို နှိုး၍ မီးပုံ၌ ဖုတ်ထားသော ပြောင်းဖူး လေးငါးဖူးတို့ကို ယူ၍ ကျွေးလေရာ၊ ကျွန်ုပ်သည် တချို့ကို စား၍၊ တချို့ကို လမ်းခရီးအတွက် ဆောင်ကြဉ်းကာ ထွက်လာခဲ့ကြလေ၏။

အပြန်ခရီးမှာမူ အသွားခရီးကဲ့သို့ သဲပြေးရှင်ပြေး သွားရန် မလိုတော့ဘဲ ဘေးရန်ကို ရှောင်ကွင်းကာ သတိနှင့်သွားကြရန် လိုပေရာ ကျွန်ုပ်မှာ ညည်းတွားလောက်အောင် ပင်ပန်းကြီးစွာနှင့် မကြုံတွေ့ခဲ့ရပေ။ သို့သော် ရှိလန်၏ နားနှင့်မျက်စိတို့ကို အားပြု၍ ရဲဖန်ရံခါ ဝပ်နေရခြင်း၊ ရံဖန်ရံခါ တုံ့ပြန်၍ ကွင်းရခြင်း စသော အလုပ်တို့ကိုမူကား မကြာခဏ တွေ့ကြရလေသည်။

မွန်းတည့်လု နီးသဖြင့် နေမင်းသည် အတော် ပူပြင်းလျက်ရှိသော အချိန်တွင် ရှိလန်သည် ခပ်မှန်မှန် လျှောက်လာခဲ့ရာမှ ရံဖန် ရပ်ကာ၊ ရံဖန် တုံ့ကာ လျှောက်လာခဲ့ကြစဉ် ကျွန်ုပ်တို့သည် တောင်နှစ်လုံး၏အကြား တသွင်သွင် စီးလျက်ရှိသော ချောင်းကလေးတစ်ချောင်း ရှိရာသို့ ရောက်လာကြလေ၏။

ချောင်း၏ကမ်းပါး တစ်နေရာ၌ ရှိလန်သည် မြေပေါ်တွင် ဒူးထောက်လျက်–

'ကြည့်စမ်း....မြင်းခွာရာပါတကား၊ အရှေ့ဘက်ကို သွားတဲ့ ခြေရာပဲ၊ တစ်နာရီထက် ကြာသေးဟန် မတူဘူး'

ဟု ပြောလေရာ ကျွန်ုပ်မှာ ခြေရာကို မြင်ရသော်လည်း ဘယ်အတွက် ကြောင့် တစ်နာရီထက် မကြာသေး ဟူ၍ ပြောနိုင်ခြင်းကို နားမလည် နိုင်အောင် ရှိနေပေ၏။

အခြားတစ်နေရာ၌ ချုံတစ်ခုပေါ်တွင် ငြိနေသော သားမွေးစကလေး တစ်ခုကို တွေ့ကြပြန်ရာ ကျွန်ုပ်က–

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'သားမွေးအင်္ကျီနဲ့ လူဆိုတော့ သာမန်လူထဲက မဟုတ်ဘူး၊ အထက်တန်းစားထဲက လူ ဖြစ်လိမ့်မယ်'

ဟု ပြောသောအခါ ရှီလန်က–

'လူတော့ လူပဲ၊ နို့ပေမဲ့ မိန်းမဗျာ၊ ယောကျ်ား မဟုတ်ဘူး၊ သားမွေးတဘက်စက ငြိကျန်နေရစ်တာနဲ့ တူတယ်'

ဟု ပြောလေ၏။

၎င်းနောက် ကျွန်ုပ်တို့သည် မြင်းခြေရာကို ခံလျက် ဆက်လက်လျှောက်သွားကြပြန်ရာ ကုန်းကလေးတစ်ခုသို့ ရောက်သောအခါ အလွန်သေးငယ်လှသော လူခြေရာများကို တွေ့ကြရသဖြင့် ကလေးသော်လည်းကောင်း၊ မိန်းမသော်လည်းကောင်း ဖြစ်ဟန်တူပေရာ ထိုသူမှာ မြင်းပေါ်မှ ဆင်း၍ မြင်းကို မြက်စားရန် လွှတ်ထားပြီးလျှင် ခြေကျင်လျှောက်လာခဲ့ဟန်တူပေ၏။

ကျွန်ုပ်တို့သည် မြင်းခြေရာကို လွှတ်လိုက်၍ လူခြေရာခံပြီး လိုက်ကြရာတွင် ကုန်းမြင့်ကလေး၏ထိပ်၌ ချုံတစ်ခုအနီးတွင် ရှမ်းဘောင်းဘီအနက်ကို ဝတ်ထားသော မိန်းကလေးတစ်ယောက်ကို သားမွေးတဘက်တစ်ထည်ကို အနီးတွင် ပုံကာ စိတ်ပျက်သော အမူအရာနှင့် ထိုင်လျက်ရှိသည်ကို တွေ့ရလေ၏။

ကျွန်ုပ်မှာ ထိုသူငယ်မကို မြင်ကတည်းက ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွား၍ တန့်ရပ်ကာ ငေးနေမိလေရာ သူငယ်မမှာ အခြားသူမဟုတ်၊ ခင်ခင်ထားပင် ဖြစ်နေလေတော့၏။

ခင်ခင်ထားသည် ရှေ့မှလျှောက်လာသော ရှီလန်ကို ရှေးဦးစွာ မြင်လိုက်သည်နှင့် လွှတ်ခနဲ အော်လိုက်တော့မည် ပြုပြီးမှ ကျွန်ုပ်ကို မြင်သည်နှင့် ထွက်တော့မည့် အသံကို မျို၍ ချလိုက်သကဲ့သို့ ရုတ်တရက် ရပ်သွားလေတော့၏။

ဟစ်အော်ခြင်း မပြုလိုက်သည့် အတွက်လည်း ကျွန်ုပ်တို့အားလုံး





အသက်ချမ်းသာရာ ရကြဟန် တူပေရာ၊ အကယ်၍ အသံကျယ်လောင်စွာ ထွက်ခဲ့ပါမူ ရှမ်းတရုတ်တို့ ကြား၍ အသက်ဆုံးရှုံးဖွယ် ရှိကြပေ၏။

အကြောင်းကိုဆိုသော် ခင်ခင်ထားကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ရှီလန်သည် မြေပေါ်တွင် ပစ်လှဲလျက် ချုံတစ်ခုထဲသို့ လိမ့်ဝင်ပြေးလေရာ၊ ကျွန်ုပ်သည် ခင်ခင်ထားနှင့် တဘက်ကို ဆွဲ၍ ရှီလန်ရှိရာ ချုံထဲသို့ ချက်ချင်းပင် လိမ့်ဝင်လိုက်ရလေ၏။

နောက်တစ်ခဏ၌ ရှမ်းတရုတ်တပ် တစ်တပ်သည် အရှေ့အရပ်မှ အနောက်အရပ်သို့ ချီတက်လာကြလေရာ ၎င်းတို့သည် ကျွန်ုပ်တို့ ပုန်းနေသော ချုံအနီးမှ ကပ်လျက် လျှောက်သွားကြလေရကား ကျွန်ုပ်တို့သည် ၎င်းတို့၏ ခြေထောက်များနှင့် နီးပတ်ထားသော ခြေသလုံးများကို ကျွန်ုပ်တို့၏ မျက်နှာအနီးတွင် ပွတ်ကာ ကပ်ကာ မြင်လိုက်ရပေ၏။

ထိုလူစုမှာ ၂၀၀ ထက်မနည်း ရှိမည် ဖြစ်သောကြောင့် ယမန်နေ့က မြင်လိုက်ရသော တပ် မဟုတ်၊ ဒုတိယ ချီတက်လာသောတပ် ဖြစ်ဟန်တူပေ၏။

အမှန်ကို ပြောရမည် ဆိုလျှင် ကျွန်ုပ်သည် ထိုအချိန်၌ ကျွန်ုပ်၏ အသက်အောအတွက် စိုးရိမ်ခြင်းထက် ခင်ခင်ထားအတွက် ပို၍ စိုးရိမ်မိ၏။ ကျွန်ုပ်အတွက်မှာမူ သေရုံမျှထက် ပို၍ ကြောက်ဖွယ်ရာ မရှိပေရာ ခင်ခင်ထားမှာမူ အကယ်၍ မိသွားခဲ့ပါက အရိုင်းအစိုင်းတို့၏ သားမယားပြုခြင်းကို ခံရပေလိမ့်မည်။

သို့ဖြစ်ရကား မတော်တဆ မိသွားခဲ့ပါလျှင် တင်မောင်ညွှန့်ထံမှ ငှား၍ ယူလာခဲ့သော ခြောက်လုံးပြူးသေနတ်နှင့် ခင်ခင်ထားကို တစ်ချက်ပစ်ပြီးနောက် မိမိကိုယ်ကို တစ်ချက်ပစ်၍ ဘဝတုံးစေရန် ကြံစည်ထားပြီးဖြစ်၏။ အကယ် အရေးကြုံသော အခါတွင် ထိုကဲ့သို့ ပြုရက်နိုင်ပါမည်လော မပြောတတ်ပေ။

ထိုအတောအတွင်း၌ ခင်ခင်ထားမှာ ကျွန်ုပ်၏ကျောကို ရင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကပ်ကာ ကျွန်ုပ်၏လက်မောင်းကို ဆုပ်ကိုင်ထားလေရာ လွန်စွာ ထိတ်လန့်တုပ်လှုပ်ဟန် လက္ခဏာနှင့် ရင်ထဲတွင် တဒိန်းဒိန်း လှုပ်ခါလျက် ရှိနေရှာ၏။

ယင်းသို့ ရှိနေကြစဉ် ကျွန်ုပ်သည် ခင်ခင်ထား၏မြင်းကို သတိရ၍ စိုးရိမ်ခြင်းပြင်းစွာ ဖြစ်နေရရှာ၏။ အကြောင်းကိုဆိုသော် ရှမ်းတရုတ်များသည် မြင်းကိုတွေ့ခဲ့လျှင် လူကို တွေ့အောင် လိုက်လံ ရှာဖွေကြမည် မလွဲဖြစ်ပေသောကြောင့်တည်း။

နောက်ဆုံး၌ ခြေသံများ ရပ်စဲသွား၍ ကျွန်ုပ်တို့သည် ချုံထဲမှ လှမ်းကြည့်လိုက်သောအခါ ရှမ်းတရုတ်စစ်တပ်သည် ကျော်လွန်၍ သွားကြလေကုန်ပြီ။ သို့သော် စိတ်ချရစေခြင်းငှာ အတန်ကြာအောင် စောင့်နေကြပြီးသောအခါမှ ကျွန်ုပ်တို့ ချုံထဲမှ ထွက်လာကြ၍ ရှိလန့်သည် ခင်ခင်ထား၏ မြင်းကို ရှာ၍ ဆွဲလာခဲ့လေ၏။

ကျွန်ုပ်မှာမူ လမ်းခရီးအတွက် ဆောင်ကြဉ်းလာခဲ့သည့် ပြောင်းဖူးများကို အိတ်ထဲမှ ထုတ်၍ ခင်ခင်ထားအား ကျွေးမွေးလေရာ၊ ခင်ခင်ထားသည် မွတ်သိပ်လှသော လက္ခဏာနှင့် မြိန်ရှက်စွာ စားလေ၏။

ငင်းနောက် ကျွန်ုပ်တို့သည် အရိပ်ကောင်းသော သစ်ပင်ကြီး တစ်ပင်အောက်တွင် နားနေကြ၍ ခင်ခင်ထားအား မည်သို့နည်းနှင့် ဤနေရာသို့ ရောက်နေသည် အကြောင်းကို မေးမြန်းလေရာ ခင်ခင်ထားသည် ငင်း၏အမိန့်ကို ဖီဆန်၍ ကျွန်ုပ် ထွက်လာခဲ့ခြင်းကို လည်းကောင်း၊ ကျွန်ုပ်ကို စိတ်ဆိုးခဲ့ဖူးခြင်းကို လည်းကောင်း အလျှင်း မေ့လျော့ဟန် တူနေသည့်ပြင် အလွန်ဆော့သော ကျောင်းသားကို ကျောင်းဆရာက မိသွားသောအခါတွင် ရွံ့ကြောက်နေခြင်းမျိုးကဲ့သို့ ကျွန်ုပ်ကို ရွံ့ကြောက်နေဟန် လက္ခဏာနှင့် ငင်း၏ အဖြစ်အပျက်ကို ပြောပြလေ၏။

ဖြစ်ပျက်ပုံမှာ အကောက်ဝန်မင်းသည် တောကျောင်းတွင် သီတင်းသုံးလျက်ရှိသော ဘုန်းကြီးဦးစန္ဒိမာကို ပင့်ရန်အတွက် တောကျောင်းသို့ ထွက်သွားသောအခါ ခင်ခင်ထားသည် မိမိအား မြို့ဝန်မင်းက လက်ဖွဲ့မည်





ဆိုသော "လက်ဝဲစားတော်" အမည်ရှိ ဧကသုံးရာခန့် ရှိသော လယ်တောကို ကြည့်မြင်လိုသောဆန္ဒ ပြင်းစွာ ဖြစ်ပေါ်လာခဲ့ကြောင်း၊ လယ်တောမှာ ငင်းတို့ တည်းခိုလျက်ရှိသော ရွာနှင့် အတော်ကွာလှမ်းသည် ဖြစ်၍ ခြေကျင်လျှောက်သွားခဲ့လျှင် မိုးမချုပ်မီ ပြန်ရောက်ဖို့ ခဲယဉ်းသည်နှင့် ရွာသူကြီးထံမှ မြင်းတစ်စီးကို ငှားပြီးလျှင် ငယ်စဉ်က မြင်းစီးဖူးသူ ဖြစ်သည့်အတိုင်း ဘောင်းဘီကို ဝတ်၍ မြင်းနှင့် ထွက်လာခဲ့ကြောင်း၊ နွားကျောင်းသား တစ်ယောက်အား လမ်းတွင် မေးမြန်းသောအခါ တောင်ကုန်းကလေးပေါ်မှ လှမ်းကြည့်လျှင် မြင်နိုင်သည်ဟု ပြောသောကြောင့် တောင်ကုန်းသို့ ရောက်အောင် သွားခဲ့ကြောင်း။

တောင်ကုန်းထက်မှ ရပ်၍ ကြည့်ပြီးနောက် အိမ်သို့အပြန်တွင် လူသူပြတ်သောနေရာ ဖြစ်သောကြောင့် မြင်းစိုင်းလိုသောစိတ် ဖြစ်ပေါ်လာသည်နှင့် မြင်းရှင်၏ စကားကို နားမထောင်ဘဲ စိုင်းမိကြောင်း။

မြင်းရှင်က ငင်း၏မြင်းမှာ ခပ်မှန်မှန်စီးခဲ့လျှင် သဘောကောင်းသော်လည်း အပြေးစီးသည့်အခါ၌ စိတ်ကြမ်းသည်ဖြစ်၍ ယူမိ ယူရာ ယူပြေးတတ်သည်ဟု မှာလိုက်ကြောင်း၊ ခင်ခင်ထားသည် ထိုစကားကို ယုံကြည်သော်လည်း မိမိ၏အစွမ်းကို အားကိုးသည်နှင့် နိုင်နင်းအောင် ကိုင်နိုင်သည်ဟု မှတ်ထင်၍ စိုင်းကြည့်ခဲ့ကြောင်း။

အတော်အတန် မှန်ကန်စွာ ပြေးပြီးနောက် မြင်းကြီးသည် ဖောက်လာခဲ့၍ လမ်းအတိုင်း မပြေးတော့ဘဲ ကဆုန်ချကာ ပြေးပြီးလျှင် တောထဲသို့ ယူပြေးခဲ့ကြောင်း၊ ခင်ခင်ထားမှာ စုတ်သပ်၍လည်း မရ၊ ရွာဘက်သို့ လှည့်၍လည်း မရတော့ဘဲ မြင်းပြေးရာသို့ လိုက်ခဲ့ရလေရာ မြင်းပေါ်မှ မကျစေရန် ခဲယဉ်းစွာနှင့် လိုက်ခဲ့ရကြောင်း။

နောက်ဆုံးတွင် တောနက်ကြီးထဲသို့ ရောက်၍ မျက်စိလည်ပြီးလျှင် အိမ်သို့ မပြန်တတ်ဘဲ ရှိသည်နှင့် တောထဲတွင် တစ်ညလုံး အိပ်ခဲ့ရကြောင်း၊ ယမန်ညဦးက ခင်ခင်ထားမှာ မြင်းကို သစ်တစ်ပင်၌ ချည်ထားပြီးလျှင် သစ်ပင်ပေါ်သို့ တက်၍ ငုတ်တုတ် လင်းခဲ့ရကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



နံနက်လင်း၍ မြင်းပေါ်သို့ တက်ပြီးလျှင် လမ်းကို ရှာပါသော်လည်း မတွေ့သည်နှင့် တောကြီးထဲတွင် တဝဲလည်လည်နှင့် နေခဲ့ရကြောင်းများနှင့် ပြန်ပြောင်း ပြောပြပြီးလျှင် ရှိုက်ကြီးတငင် ငိုကြွေးလေ၏။

ထိုအခါ ကျွန်ပ်က–

'ကိုင်း.... တစ်ခါတော့ အခက်အခဲမှ လွတ်ခဲ့ပါပြီ၊ မိတ်ဆွေတွေနဲ့ တွေ့ရမှတော့ ဘာမှ အားငယ်စရာ မရှိတော့ပါဘူး'

ဟု အားပေးစကား ပြောရသော်လည်း အမှန်စင်စစ်မှာ အခက်အခဲများမှ မလွတ်သေးရုံမျှမက ယခုမှ အစလောက်သာ ရှိသေးသည်ဟု အောက်မေ့မိလေ၏။

ပထမဦး ကျွန်ပ်သည် ခင်ခင်ထားကို ဇန်းမော်သို့ ပြန်ပို့မည်ဟု စိတ်ကူးမိသည်နှင့် ရှီလန်အား တိုင်ပင်ကြည့်ရာ ရှီလန်က–

'မြန်မြန် သေချင်ကြလျှင် ဇန်းမော်ဘက်ကို သွားလို့ ပြောချင်တော့တာပဲ။ မဖြစ်ဘူး.... ဆရာ၊ အကောင်းဆုံး နည်းမှာတော့ ကျုပ်တို့နဲ့ အတူ လိုက်ပြီး သေအတူ ရှင်အတူ သဘောထားကြရုံ ရှိတော့တာပဲ'

ကျွန်ပ်သည် ထိုအကြောင်းကို ခင်ခင်ထားအား ပြောပြသောအခါ–

ထား။ ။ (အလွန် တုန်လှုပ်ဟန်နှင့်) 'ဒီလိုဆိုလျှင် ကျွန်မကို ဖေဖေက သိပ်ပြီး စိတ်ပူနေတော့မှာပဲ'

ကျွန်ပ်။ ။ 'ခင့်ကို လုံးလုံး တစ်ခါတည်း မတွေ့ရတဲ့ အဖြစ်ရောက်သွားလျှင် သာပြီး စိတ်မပူပေဘူးလား၊ ယခုနေအခါမှာ ဇန်းမော်ကို သွားဖို့ဟာက နို့စို့ကလေးတစ်ယောက်က မြစ်ကို လက်ပစ်ကူးဖို့လောက် ခဲယဉ်းတယ်လို့ ရှီလန်က ပြောနေတယ်.... ခင်ရဲ့။ ရှေ့ကိုသွားလျှင် သာရန် ကင်းတယ်လို့တော့ မဆိုလိုဘူး၊ သို့သော်လည်း သေချာပေါက် သေရမည့် လမ်းထက်တော့ တော်သေးတာပေါ့ ခင်ရယ်'

ခင်ခင်ထားသည် အတန်ကြာအောင် ဦးခေါင်းချကာ စဉ်းစားနေပြီးနောက်–





ထား။ ။ 'ကျွန်မတော့ ရှင်တို့ စီမံရာ အတိုင်းပါပဲ ကိုထွန်းချွန်။ ကျွန်မကိုယ်က မိုက်တာပါ၊ ကျွန်မအတွက် ရှင်တို့ အားလုံးမှာ ဝန်ထုပ်ကြီး တစ်ခု ပိုဆင့်လိုက်သလို ဖြစ်ကုန်တော့မှာပဲ ရှင်'

ကျွန်ပ်။ ။ 'ဒီဝန်မျိုးကိုတော့ မကြောက်ပါဘူး....ခင်ရယ်၊ ခင့်ကို ကယ်ဆယ်မှုအတွက် ဝန်ထမ်းရမယ်ဆိုလျှင် ကျုပ်ကဖြင့် သီပေါဘုရင်နဲ့ တောင် နေရာချင်း မလဲနိုင်ပါဘူး'

ဟု ပြောလိုက်သော်လည်း ခင်ခင်ထားသည် ကျွန်ပ်၏စကားကို ကြားတော့ဟန် လက္ခဏာမရှိဘဲ နှလုံးပူပန်စွာ စောင့်မျှော်နေမည့် ဖခင်ကြီး အကြောင်းကို သာလျှင် စိတ်ကူးနေဟန် တူပေ၏။

ငင်းနောက် ခင်ခင်ထားသည် ချောင်းကလေးသို့ ဆင်း၍ မျက်နှာများ သစ်ပြီးလျှင် ဖရိုဖရဲရှိနေသော ဆံပင်တို့ကို သပ်ရပ်အောင် ပွတ်သပ်ပြီးနောက် ပြုံးရွှင်သော မျက်နှာထားနှင့်–

'ကိုင်း....တစ်ခါတော့ ယောကျ်ားတွေနဲ့ အဖော်လုပ်ပြီး ယောကျ်ားများလို စိတ်တင်းတင်း ထားလိုက်ပါတော့မယ်။ ကိုင်း...သွားကြစို့ ရှင်'

ဟု ပြောပြီးလျှင် မြင်းပေါ်သို့ လွှားခနဲ ခုန်၍ တက်လိုက်လေ၏။ ကျွန်ပ်နှင့် ရှီလန်တို့မှာ အားရသော မျက်နှာနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးမိကြလေ၏။

ကျွန်ပ်တို့သည် ရှီလန်ကို ရှေ့ဆောင်ပြုလျက် ဆက်လက် ခရီးသွားကြလေရာ မွန်းလွဲကျော်ကျော် အချိန်တွင် ဗိုလ်ထိန်ဝင်းတို့ လူစုနှင့် ခွဲခွာလာကြသော နေရာသို့ ဆိုက်ရောက်လာကြလေ၏။

ရှေ့အဖို့မှာမူ ၎င်းတို့၏ ခြေရာကို ခံလျက် လိုက်ရခြင်း ဖြစ်သောကြောင့် များစွာ မခဲယဉ်းလှပေရာ ညနေစောင်းအချိန်တွင် ၎င်းတို့ စခန်းချရာ နေရာသို့ ဆိုက်ရောက် လာကြလေ၏။

ထိုလူစုသည် ခင်ခင်ထားကို မြင်ကြသောအခါ အံ့သြစွာနှင့် ငေးကြည့်နေကြလေရာ တင်မောင်ညွန့်ကမူ နီမြန်းသော မျက်နှာထားနှင့် ထိုင်ရာမှ ရုတ်တရက် ထ လာ၍–



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဘယ့်နှယ်လုပ်ခဲ့တာလဲ'

ဟု ကျွန်ုပ်အား မေးလေ၏။

ကျွန်ုပ်က အဖြစ်အပျက်ကို ပြောပြသောအခါ တင်မောင်ညွှန့်သည် နှုတ်ခမ်းကိုကိုက်ကာ ငေးကြည့်နေပြီးနောက်–

'ဒီလိုဆိုလျှင် ခင်ခင်ထားကို ဗန်းမော်ပြန်ပို့ကြရုံ ရှိတာပေါ့။ မဖြစ်ဘူးဗျာ၊ ကျုပ်တို့ ပို့မှဖြစ်မယ်။ ဒီပြင်လူ မလိုက်ချင် နေ၊ ကျွန်တော် သွားပို့မယ်။ ကျွန်တော်တို့ ဘေးရန်တွေ များနေတဲ့ အထဲမှာ သူ ဝင်ပါနေလို့ ဘာဖြစ်မလဲ'

ဟု မျက်နှာထားတင်းတင်းနှင့် ပြောလိုက်သောအခါ ကျွန်ုပ်မှာ တင်မောင်ညွှန့်အပေါ်၌ စိတ်မဆိုးသည့်ပြင် ခင်ခင်ထား၌ ထိုကဲ့သို့ အားထားလောက်သည့် လူတစ်ယောက် ရှိပေသည့်အတွက် ဝမ်းသာမိသေး၏။

ထိုနောက်မှ ကျွန်ုပ်က ရှိလန်အား–

'ခင်ဗျား ပြောလိုက်ပါတော့ဗျာ'

ဟု ပြောလိုက်သည်နှင့် ရှိလန်သည် အဖြစ်အပျက် အခြေအနေကို ပြောပြလေရာ တင်မောင်ညွှန့်မှာ အတန်ကြာအောင် နားမဝင်နိုင်ဘဲ ရှိနေသေး၏။ နောက်ဆုံးတွင်မှ တင်မောင်ညွှန့်သည် ခင်ခင်ထားအနီးသို့ ချဉ်းကပ်၍ ခင်ခင်ထား၏ သဘောထားကို စုံစမ်းမေးမြန်းလေရာ ခင်ခင်ထားသည် မပြန်ရသော်လည်း အရေးမကြီးလေဟန်နှင့် ရယ်ကာမောကာ ပြောလိုက်ရာတွင်မှ တင်မောင်ညွှန့်မှာ စိတ်ကျေနပ်ဟန် ရှိလေတော့၏။

ထိုည၌ ကျွန်ုပ်တို့သည် ခင်ခင်ထားအတွက် သစ်ခက်တဲတစ်ခု ဆောက်လုပ်ပေးကြလေရာ ခင်ခင်ထားသည် ညစာအတွက် စားစရာတို့ကို ကျွန်ုပ်တို့အတွက် ခွဲဝေ ပေးကမ်းလျက်ရှိစဉ် တစ်သက်ပတ်လုံး ထိုကဲ့သို့ နေထိုင်လာဘိသကဲ့သို့ ခပ်အေးအေးနှင့် ခပ်ရွှင်ရွှင် မျက်နှာထားမျိုး ရှိသည် ဖြစ်၍ ကျွန်ုပ်တို့ အားလုံးမှာ အတော်အတန် စိတ်သက်သာရာ ရကြလေတော့သတည်း။

## အခန်း [ ၁၇ ]

နောက်တစ်နေ့၌ ကျွန်ုပ်တို့သည် အသားမြတ်တောင်ခြေရင်းတွင် စခန်းချမည် ပြုကြလေ၏။ ပတ်ဝန်းကျင် တစ်လျှောက်တွင် ထိုတောင်ကြီးသည် အမြင့်ဆုံး ဖြစ်ပေရာ ခပ်လှမ်းလှမ်းမှ မျှော်ကြည့်လိုက်သော အခါတွင် ကောင်းမှုတော်ဘုရားကြီး၏ ပုံသဏ္ဌာန်ကဲ့သို့ ဝိုင်းဝိုင်းစက်စက် ရှိနေသည့်ပြင် ထီးတော်နေရာ၌ တောင်ကြီးမှာ အလိုအလျောက် မြင့်မောက်ကာ စူလျက် ထွက်နေသည် ဖြစ်သောကြောင့် နာမည်နှင့် လိုက်လျောလှပါပေ၏။

ကျွန်ုပ်တို့သည် နေရာထိုင်ခင်းပြင်ဆင်မည် ပြုနေကြဆဲတွင် ရှိလန်သည် ထုံးစံအတိုင်း ပတ်ဝန်းကျင်အရပ်တို့ကို လှည့်လည် စုံစမ်းရာမှ ပျာယီးပျာယာနှင့် ပြန်လာ၍ ဤတစ်ဝိုက်တွင် လူအမြောက်အမြား စခန်းချနေဟန် လက္ခဏာရှိသောကြောင့် ဘေးအန္တရာယ် မကင်းကြောင်း၊ သူ၏သဘောမှာ တောင်ခြေရင်းတွင် စခန်းချခြင်းထက် တောင်ခုလတ်မှာ စခန်းချရလျှင် သာ၍ လုံခြုံဖွယ် ရှိကြောင်းနှင့် ပြောရာတွင် မည်သူကမျှ ငြင်းဆန်ခြင်း မပြုဘဲ ကျွန်ုပ်တို့ လူစုသည် တောင်ထိပ်သို့ တက်နိုင်သမျှ ရောက်အောင် တက်ကြဖို့ ပြင်ဆင်ကြလေ၏။

တောင်ကြီးမှာ အနည်းဆုံး ပေ ၂,၀၀၀ ကျော်ထက် မနည်း မြင့်လေရာ ကျွန်ုပ်တို့သည် တောင်ထိပ်သို့ ရောက်အောင် မတက်နိုင်စေကာမူ ရှိလန်၏ စကားအတိုင်း ခုလတ်သို့ရောက်အောင် တက်ကြမည်ဟု အောက်မေ့ကြ၏။

ကျွန်ုပ်တို့ တက်လာကြစဉ် မြူနှင်းတို့သည် တောင်ခြေမှ စ၍ တရွေ့ရွေ့ မြင့်တက်လာခဲ့လေရာ ကျွန်ုပ်တို့ရှေ့၌ ကြည်လင်စွာ ရှိသော်လည်း နောက်သို့ မျှော်ကြည့်လိုက်သော အခါတွင် မြူနှင်းတို့ကြောင့် ဝေးစွာ မမြင်နိုင်ဘဲ ရှိကြလေ၏။

ရှိလန်၏ ထင်မြင်ချက်မှာ ဘေးရန် ပေါ်ပေါက်ခဲ့လျှင် နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



လာလိမ့်မည်ဟု ပြော၍ ၎င်းကိုယ်တိုင် နောက်ဆုံးမှ လိုက်ခဲ့လေရာ၊ ကျွန်ုပ်သည်လည်း လူအများကို ကာကွယ်လိုသော သဘောနှင့် ရှိလန်နှင့်အတူ နောက်ဆုံးမှ လိုက်ခဲ့လေ၏။

အတော်အတန် တက်မိကြလေလျှင် မြားတစ်စင်းသည် ရှေ့ဆုံးမှ တက်နေသော ခင်ခင်ထား၏ မြင်းရှေ့မှ အတောင် ၂၀ ခန့်လောက်တွင် မြေပေါ်၌ စိုက်လျက် ကျလာလေ၏။

လူစုလည်း တုံ့ပြန်ကြမည် ပြုလေရာ ရှိလန်က–

'နောက်မဆုတ်ဘဲ ရှေ့ကို မြန်မြန်တက်ကြ'

ဟု ဟစ်အော်ပြောသည်နှင့် ခပ်သုတ်သုတ် တက်ကြလေ၏။ အတန်ငယ် တက်မိကြပြန်လေလျှင် ဒုတိယ မြားတစ်စင်းသည် ထိုနည်းအတူ ခင်ခင်ထား၏ မြင်းရှေ့မှ ၁၀ တောင် လောက်တွင် ကျလာပြန်လေရာ၊ တတိယမြားမှာ ခင်ခင်ထား ရှေ့မှ ကပ်လျက် ကျလာသည်တွင် မြင်းလန့်မည် ပြုသည်နှင့် တင်မောင်ညွှန့်က လည်ကုပ်ကို ကိုင်ထားရသေး၏။

ထိုအခါ ကျွန်ုပ်က ရှိလန်အား–

'ဘယ့်နှယ်လဲ.... မှန်ကုန်တော့မယ် ထင်တယ်၊ ပြန်ပစ်ရလျှင် မကောင်းဘူးလား'

ဟု မေးရာ၊ ရှိလန်က–

'မပစ်ပါနဲ့၊ မှန်အောင် ပစ်တာ မဟုတ်ပါ၊ သတိပေးရုံ ပေးခြင်းဖြစ်ဟန်တူပါတယ်'

ဟု ပြောလေ၏။ ယင်းကဲ့သို့ ပြောနေစဉ် ကျွန်ုပ်သည် နောက်သို့လှည့်၍ ကြည့်လိုက်ရာတွင် ကျွန်ုပ်တို့၏နောက်မှ ကိုက် ၂၀၀ ခန့်လောက်တွင် လူတစ်ကျိပ်ခန့်လောက်သည် လေး မြားများကို ကိုင်ကာ ကျွန်ုပ်တို့အား မျှော်ကြည့်နေကြသည်ကို တွေ့မြင်ရလေရာ၊ ထိုသူတို့မှာ ယခင်က ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသည့် ရှမ်းတရုတ် လူမျိုးများကဲ့သို့ တုပ်တုပ်ကွကွ မဟုတ်ဘဲ ခပ်သွယ်သွယ်ရှိ၍ မျက်နှာတွင် ဆေးများထိုးနှံခြင်း မရှိသဖြင့် ဖြူဖြူစင်စင်





ရှိနေကြသည်ကို တွေ့မြင်ရလေ၏။ ကျွန်ုပ်သည် ရှိလန်ကို ပြသောအခါ ရှိလန်က ၎င်းတို့သည် တောင်ကုန်းတွင် နေထိုင်သည့် လူများ မဟုတ်ကြသဖြင့် မြင့်သော တောင်ကြီးများကို ကြောက်ရွံ့တတ်ကြောင်းနှင့် ပြောပြလေ၏။

ထိုအတောအတွင်း မြူနှိုးတို့သည် တစ်ဆိတ်ထက် တစ်ဆိတ် မြင့်တက်လာလေရာ ထိုလူများ ရပ်ကြည့်နေသော နေရာကို ဖုံးအုပ်၍ ကျွန်ုပ်တို့ကိုလည်း ဖုံးအုပ်ပြန်လေရာ နောက်ဆုံးတွင် ရှေ့ဆုံးမှ သွားကြသော ခင်ခင်ထားတို့ကိုပါ ဖုံးအုပ်သွားသဖြင့် တစ်ယောက်နှင့်တစ်ယောက် လှမ်း၍ မမြင်နိုင်အောင် ရှိကြလေ၏။ တောင်သည်လည်း မတ်စောက်လာသဖြင့် မြင်းများနှင့် ရှေ့သို့တက်ရန် ခဲယဉ်းလှပေရာ ရှိလန်သည် ထိုအခါမှ ရှေ့က လူများကို ရပ်တန့်ရန် ဟစ်အော်ပြောလိုက်လေ၏။

ကျွန်ုပ်တို့သည် တောင်ခုလတ်တွင် စုရုံးကြ၍ ရှေ့အဖို့ တိုင်ပင်ကြရာ ယခု ရွေးချယ်ရမည့် နေရာမှာ တစ်ညအတွက် တည်းခိုရန်မျှသာ မဟုတ်၊ ရန်သူများ ဝိုင်းရံလျက်ရှိသည် ဖြစ်၍ အတော်အတန် တာရှည်စွာ တန့်ရပ်ခုခံရမည် ဖြစ်သောကြောင့် ခုခံရေးအတွက် ခိုင်လုံသောနေရာကို ရွေးချယ်ရမည် ဖြစ်လေသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် ခင်ခင်ထားနှင့် တင်မောင်ညွှန့်တို့ကို မြင်းများနှင့် စောင့်နေရစ်စေ၍၊ ကျန်လူများသည် တောင်ကမ်းပါးယံတွင် လှည့်လည်ကြည့်ရှုကြရာ တစ်ခုသောနေရာ၌ အတော်အတန် ကျယ်ဝန်းသော တောင်ခေါင်းကြီးတစ်ခုကို တွေ့ကြရလေ၏။

ဗိုလ်ထိန်ဝင်းသည် ထိုနေရာကို မြင်သည်နှင့် တစ်ပြိုင်နက် ခုခံရေးအတွက် အကောင်းဆုံးဟူ၍ ရွေးချယ် ဆုံးဖြတ်ပြီးလျှင် ခင်ခင်ထားတို့ လူစုကို ခေါ်၍ တောင်ခေါင်းရှေ့မှ သစ်တပ်တစ်ခု ဆောက်လုပ်ရေးအတွက် သစ်တုံးများ ခုတ်ကြစေရန် စီမံလေ၏။

သို့ဖြစ်၍ မှဆိုးကိုပေါက်ဆိန် ဆောင်ယူခဲ့သော ရဲတင်းနှင့် ဆေါင်လုံး



www.burmeseclassic.com

www.burmeseclassic.com



ခန့်ရှိသော သစ်ပင်ကိုင်းများကို တစ်လံသာသာမျှလောက် အလျားရှိအောင် တိုင်းထွာပြီးလျှင် တစ်ယောက်တစ်လှည့်စီ ခုတ်ဖြတ်ကြလေ၏။

ထိုအတောအတွင်းတွင် ခင်ခင်ထားသည် မုဆိုးကိုပေါက်ဆိန် ဆောင်ကြဉ်းခဲ့သော ကြေးအိုးတစ်လုံးထဲတွင် ဆန်အနည်းငယ်နှင့် အမဲသားခြောက်တို့ကို ထည့်၍ ညစာအတွက် ပြုတ်နေလေ၏။ ရေအတွက်မှာမူ မနီးမဝေးတွင် စမ်းချောင်းကလေး တစ်ချောင်းရှိသဖြင့် စိုးရိမ်ဖွယ်ရာ မရှိချေ။

သစ်တုံးပိုင်းများ ခုတ်ပိုင်းခြင်း အလုပ်ကို လုပ်ကိုင်လျက်ရှိကြစဉ် ဗိုလ်ထိန်ဝင်းသည် ကျွန်ုပ်ကိုခေါ်၍ ဂမုန်းထိပ်တင်ဥ တူးဖော်ရေး ကိစ္စအတွက် ထွက်ကြရန် ပြောလေရာ ကျွန်ုပ်မှာ ခရီးပန်းလှသော်လည်း အလျှော့မပေးလိုသော ဝါသနာအလျောက် ၎င်းနှင့်အတူ ထွက်လာခဲ့ကြလေ၏။

ထိုအချိန်မှာ ညနေ ၄ နာရီခန့် ရှိပြီဖြစ်၍ နေဝင်ရန် အတော်လိုသေးသည်နှင့် ကျွန်ုပ်တို့နှစ်ယောက်သည် အသားမြတ်တောင်၏ထိပ်သို့ တက်ရန်ထွက်လာကြရာ လမ်းခရီးတွင် ကြုံတွေ့ရသော အခက်အခဲများ အကြောင်းကို ရှည်မည်စိုးသဖြင့် မဖော်ပြလိုတော့ပေ။

ချပ်ကြီးအတန်တန်၊ ကမ်းပါးစောက် အမျိုးမျိုးတို့ကို ကျော့ရှောင်တိမ်းဖယ်၍ အလွန်ခဲယဉ်းစွာနှင့် နှစ်နာရီခန့်မျှ တက်ကြပြီးသည့်နောက် ကျွန်ုပ်တို့သည် အသားမြတ်တောင်၏ ထိပ်သို့ ဆိုက်ရောက်လာကြလေရာ စုစုကလေး ချွန်လျက် ထွက်နေသော နေရာ၏ ဗဟိုချက်တွင် နွယ်ပင်တစ်မျိုး ပေါက်ရောက်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။

ဤနေရာသည်ကား အသားမြတ်တောင်၏ ထိပ်တည့်တည့် ဖြစ်တန်ရာ၏ဟု ခန့်မှန်း၍ ကျွန်ုပ်တို့သည် နွယ်ပင်၏ အမြစ်ရင်းကို တူးကြလေရာ တစ်မိုက်ခန့် တူးမိလျှင် လူ၏ဦးခွံတစ်ခုကို တွေ့ရလေ၏။ နွယ်ပင်သည် ထိုဦးခွံထဲမှ ပေါက်လျက်ရှိရာ ကျွန်ုပ်တို့သည် ဦးခွံထဲ၌ရှိသော မြေကြီးများကို ယက်ထုတ်လိုက်သောအခါ လေးသစ်ခန့် ပတ်လည်ရှိသော မိုးကြိုးပြားတစ်ခုကို တွေ့ရလေ၏။ မိုးကြိုးပြားမှာ ဗျည်း ၃၃ လုံး အင်းဖြင့် ချထားလေရာ





နွယ်ပင်၏ အရင်းတွင်လည်း ချိုးဥပမာခန့်ရှိသော ဥကလေးသုံးခုကို တွေ့ရလေ၏။ ၎င်းသည်ကား ဂမုန်းထိပ်တင်ဥ ဖြစ်ရမည်ဟု မိုးကြိုးပြားနှင့်တကွ ယူခဲ့ကြပြီးလျှင် ကျွန်ုပ်တို့သည် တောင်အောက်သို့ ပြန်ဆင်းလာခဲ့ကြလေ၏။

စခန်းသို့ ရောက်သောအခါ မှောင်မိုက်လှပြီဖြစ်၍ ခင်ခင်ထားသည် အမဲခြောက် ဆန်ပြုတ်ကို မီးရောင်တွင် မြေခွက်တစ်လုံးစီနှင့် ထည့်လျက်ရှိစဉ် ဗိုလ်ထိန်ဝင်းသည် မိုးကြိုးပြားနှင့် ဂမုန်းဥများကို ခင်ခင်ထားလက်သို့ ပေးအပ်လျက်–

‘ကိုင်း.... မြေလယ်ပေါင်း ၃၀၀ ယူချေပေတော့ဗျား’

ဟု ပြောလေ၏။

## အခန်း [ ၁၈ ]

နောက်တစ်နေ့၌ ကျွန်ုပ်တို့သည် အပြင်းအထန် အလုပ်လုပ်ကြလေရာ တောင်ခေါင်းဝတွင် သစ်တိုင်များ စီတန်းကာ စိုက်ထူပြီးသော အခြေသို့ ရောက်ကြသဖြင့် အတန်ငယ် အသက်ရှူနိုင်ခွင့် ရကြလေ၏။

တိုင်များ၏အကြားမှ သေနတ်ပစ်နိုင်ရန်အတွက် အပေါက်ငယ်များလည်း ဖောက်ထားကြလေရာ ကျွန်ုပ်တို့သည် အတော်အတန် ရန်သူမျှလောက်ကို ရိုက္ခာလုံလောက်စွာ ရှိပါက ခုခံနိုင်လိမ့်မည်ဟု ခန့်မှန်းမိကြလေ၏။

အကယ်၍ ရန်သူများသည် အချိန်ကြာရှည်စွာ ဝိုင်း၍ ထားကြပါလျှင်လည်း ရေအတွက် အခက်အခဲ မတွေ့ရစေရန် တောင်ခေါင်းထဲတွင် ချိုင့်ကလေးတစ်ခု တူး၍ စမ်းချောင်းမှ ရေကိုသယ်ယူကာ လောင်းထည့်ထားကြလေရာ မြေကြီးမှာ ကျောက်ကဲ့သို့ မာကျောလှသောကြောင့် ရေစိမ့်၍ မခန်းဘဲ အိုးတစ်လုံးသဖွယ် ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြင်းများမှာမူ ကမ္ဘသကာဟု အောက်မေ့ကာ စမ်းချောင်းနံဘေးရှိ မြက်ခင်းပေါ်တွင် လွှတ်ထား၍ ညနေအချိန်တွင်မှ ဖမ်းပြီးလျှင် ခံတပ်အနီးတွင် ချည်နှောင်ထားကြလေ၏။

ခင်ခင်ထားအတွက်မူကား တောင်ခေါင်း၏ တစ်ထောင့်တွင် သီးသန့် နေရာတစ်ခု ပြင်ဆင်ထား၍ ၎င်းအတွင်း အိပ်စက်စေရလေ၏။ ချက်ပြုတ်သော အခါတွင်မူကား ဂူဝ၏ရှေ့၌ သစ်တပ်အတွင်းတွင် မီးဖိုထားသည် ဖြစ်၍ မီးခိုးများသည် ဂူထဲသို့ မဝင်နိုင်ချေ။

ကျွန်ုပ်တို့အဖို့ အခက်အခဲဆုံးသော ပြဿနာသည်ကား စားနပ်ရိက္ခာ အရေးပင် ဖြစ်ချေ၏။

ကျွန်ုပ်တို့ ဆောင်ကြဉ်းခဲ့သော ဆန်ကလေး တစ်စိတ်လောက်မှာ ကုန်လုပြီဖြစ်၍ ဆန်ပြုတ်မျှလောက်နှင့် တင်းတိမ်ကြရသည်ဖြစ်ရာ၊ အမဲသားခြောက်မှာလည်း ၅၀ သားခန့်ထက် မများတော့ချေ။ ထန်းလျက်၊ ပေါက်ပေါက်ဆုပ် စသော မုန့်ချိုများမှာလည်း အနည်းငယ်မျှလောက်သာ ကျန်လေတော့၏။

သို့ဖြစ်၍ အာဟာရပြတ်သော ဘေးနှင့် မသေလိုကြလျှင် တောကောင်များ ရှာဖွေ ပစ်ခတ်ကြရမည် ဖြစ်ရာ ထိုကိစ္စ အတွက်မှာ မုဆိုးကိုပေါက်ဆိန်ကို အားကိုးကြရ၏။

ကျွန်ုပ်တို့၏ အကြံအစည်မှာ ဤခံတပ်ကို စခန်းတစ်ခု ပြုလုပ်၍ ရန်သူတို့၏ အခြေအနေကို ထောက်လှမ်းစုံစမ်းရန် ဖြစ်လေရာ၊ အရေးကြီးသော သတင်းများ စုဆောင်း ရရှိသည်နှင့် တစ်ပြိုင်နက် မြို့ဝန်မင်းတို့ စစ်တပ်သို့ သတင်းပို့၍ ၎င်းတို့က ရန်သူများကို နှိမ်နင်းပြီးသော အခါတွင် ခင်ခင်ထားကို ပြန်ပို့ကြရန် ဖြစ်လေသည်။

နောက်တစ်နေ့၌ ဗိုလ်ထိန်ဝင်းနှင့် တင်မောင်ညွှန့်တို့အား ရှိလန်နှင့် အတူ ခံတပ်ကို တိုးတက်ခိုင်ခံ့အောင် ပြုပြင်ရေးအတွက် နေရစ်စေ၍ ကျွန်ုပ်





နှင့် မုဆိုးကိုပေါက်ဆိန်တို့သည် သေနတ်တစ်လက်စီနှင့် သားကောင်ရှာဖွေရန် တစ်ယောက် တစ်လမ်းစီ ထွက်လာခဲ့ကြလေ၏။

ကိုပေါက်ဆိန်အား လက်ယာဘက်သို့ သွားစေ၍ ကျွန်ုပ်သည် လက်ဝဲဘက်မှ ပတ်ကာ လျှောက်လာခဲ့ရာ တစ်နာရီလောက် လျှောက်မိလေလျှင် ဝက်ဝံတစ်ကောင်ကို တွေ့ရလေ၏။

သို့သော် ခင်ခင်ထားသည် ဝက်ဝံသားကို စားလိမ့်မည် မထင်သောကြောင့် ကျွန်ုပ်သည် ဝက်ဝံကို မပစ်ဘဲ လွှတ်လိုက်ရာ ဝက်ဝံကလည်း ကျွန်ုပ်ကို ရန်မမူဘဲ ချောက်တစ်ခုထဲသို့ ဆင်းသွားလေ၏။

မွန်းလွဲချိန်ရောက်လတ်သော် ကျွန်ုပ်သည် တောဆိတ်တစ်ကောင်၏ လတ်ဆတ်သော ခြေရာကို တွေ့ရလေရာ ၎င်းခြေရာကို ခံ၍ နှစ်နာရီခန့်လောက် သွားသောအခါတွင် ကျောက်စွန်းတစ်ခုပေါ်၌ အောက်သို့ မျှော်ကြည့်ကာ ရပ်လျက်ရှိသော တောဆိတ်ထီးတစ်ကောင်ကို တွေ့ရလေ၏။

ထိုအခါ၌ ဆိတ်သည် ကျွန်ုပ်နှင့် ကိုက် ၂၀၀ ခန့် ဝေးကွာလေရာ ကျွန်ုပ်သည် လေးပစ်ခြင်း၌ ကိုယ့်အစွမ်းကို ယုံသော်လည်း သေနတ်မှုကား အလေ့အကျင့် နည်းသောကြောင့် စိတ်မချနိုင်ချေ။ သို့ဖြစ်၍ ထို့ထက် နီးအောင် ချဉ်းကပ်ဖို့ လမ်းကို ကြည့်မိရာ ဆိတ်သည် ကျွန်ုပ်ကို တိုက်ရိုက် မမြင်သော်လည်း မသင်္ကာဟန် လက္ခဏာနှင့် ဦးခေါင်းမော့ကာ အနံ့ခံလျက် ရှိလေ၏။

ထိုအခါ ကျွန်ုပ်သည် ယခု မပစ်ခဲ့လျှင် ပစ်ရတော့မည် မဟုတ်သည်ကို သိသည်နှင့် သေနတ်ကို ကျောက်စွန်းတွင် ထောက်၍ လက်ပြင်နောက်တွင် ကောင်းစွာ ချိန်ပြီးမှ ခလုတ်ကို ဆွဲလိုက်လေ၏။

ဆိတ်သည် လေထဲသို့ ငါးပေလောက် မြောက်အောင် ခုန်တက်သွားပြီးလျှင် တစ်ခါတည်း ပျောက်ကွယ်သွားသဖြင့် ကျွန်ုပ်မှာ မှန်မှ မှန်ပါ၏လောဟု ရင်ဖိုလှိုက်စွာနှင့် သွားကြည့်သည်တွင် ကျောက်စွန်းအောက်တွင် စင်းစင်းကြီး သေလျက် ရှိလေ၏။



www.burmeseclassic.com

ကျွန်ုပ်သည် အလွန် ဝမ်းမြောက်စွာနှင့် ပေါင်တစ်ပေါင်ကို လှီးယူ၍ ကျန်သော အသားများကို ကျောက်စွန်းအောက်၌ ဝှက်ထားခဲ့ပြီးလျှင် စခန်းသို့ ပြန်လာခဲ့ရာ ကိုပေါက်ဆိန်ကလည်း တောဝက်တစ်ကောင်ကို ရထားနှင့်လေပြီ။

ထိုညဌ် ကျွန်ုပ်တို့သည် တောဝက်သားနှင့် ဆိတ်သားတို့ကို မီးတွင် ကင်လျက် ဆန်ပြုတ်နှင့် သောက်ကြလေရာ လွန်စွာ အနံ့အရသာနှင့် ပြည့်စုံလှသည်ဟု အောက်မေ့မိကြလေ၏။ ကျန်သော ဆိတ်ကောင်နှင့် ဝက်ကောင်တို့ကိုလည်း သွားရောက်ထမ်းယူကာ ကျပ်တင်ခြောက် ပြုလုပ်ထားကြလေ၏။

ထိုအချိန်အခါ၌ ကျွန်ုပ်သည် ကျွန်ုပ်တို့၏ ဘေးအန္တရာယ်တို့ အကြောင်းကို သတိမရဘဲ ပျော်ပွဲစား ထွက်လာကြသော လူတစ်စုကဲ့သို့သာ အောက်မေ့၍ စားသောက်ဖွယ်တို့ကို ကြည့်ပြီးလျှင် စိတ်ကြည်ရွှင်စွာ ရှိနေမိလေတော့၏။

ကျွန်ုပ်တို့သည် အသားများကို တုံးသူက တုံး၊ ညှင်းသူက ညှင်း၊ ဆေးသူက ဆေး၊ မီးပုံတွင် ကျပ်တိုက်သူက တိုက်လျက် ကိုယ့်အလုပ်နှင့် ကိုယ် မအားလပ်အောင် အသီးသီး လုပ်ကိုင်လျက် ရှိကြသောအခါ အိမ်မှာ နေရခြင်းထက်ပင် ပျော်ရွှင်ဖွယ်ရာ ကောင်းလှသည်ဟု မှတ်ထင်မိလေ၏။

စားသောက် လုပ်ကိုင်ခြင်းကိစ္စ ပြီးစီးလတ်သော် ကျွန်ုပ်တို့သည် ဒန်တိုများကို အသီးအသီး ခဲလျက် ခင်ခင်ထား သီဆိုသော တေးချင်းများကို စည်းစိမ်နှင့် နားထောင်လျက် ရှိကြလေရာ တေးချင်းများ ဆုံးသောအခါ၌ ဗိုလ်ထိန်ဝင်းက စွန့်စားခြင်းနှင့်ဆိုင်ရာ ပုံဝတ္ထုများကို တစ်ခုပြီးတစ်ခု ပြောပြသည်ကို မီးပုံနားမှာ လျောင်းကာ နားထောင်နေကြရလေရကား၊ ကျွန်ုပ်မှာ မြို့ထဲ၌ ကုန်ရောင်းကုန်ဝယ် ပြုလုပ်သဖြင့် မြတ်စွန်းသောငွေများကို ရေတွက်နေရသော အရသာနှင့်ပင် မလဲနိုင်အောင် ရှိသည်ဟု အောက်မေ့မိလေ၏။





နောက်တစ်နေ့ နေ့လယ်၌ မုဆိုးကိုပေါက်ဆိန်သည် သေနတ်တစ်လက်နှင့် ထွက်ပြန်၍ ကျွန်ုပ်နှင့် ရှီလန်တို့သည် တောင်၏ အခြေအနေကို ကြည့်ရှုရန် ထွက်လာခဲ့ကြလေရာ၊ ရှီလန်သည် တောင်ထိပ်သို့ တက်၍ အရပ်လေးမျက်နှာတို့သို့ မျှော်ကြည့်လိုသော ဆန္ဒရှိသည်နှင့် ကျွန်ုပ်နှင့်အတူ တက်ကြလေ၏။

ကျွန်ုပ်မှာမူ အသားမြတ်တောင်ထိပ်သို့ တစ်ကြိမ်ရောက်ခဲ့ဖူးပြီ ဖြစ်၍ ရှီလန်ကို ပြလိုသောစိတ်ဖြင့်သာ လိုက်လာခဲ့ခြင်း ဖြစ်လေရာ တောင်ထိပ်သို့ ရောက်ကြသောအခါ စနေထောင့်ဆီမှ မိုးတိမ်တို့သည် နက်မှောင်လျက် တက်လာကြ၍ လျှပ်စီးတို့သည်လည်း တဝင်းဝင်း တလက်လက် ရှိနေကြလေ၏။

ရှီလန်သည် တောင်ထိပ်တွင် ရပ်လျက် အရှေ့စူးစူးသို့ မျှော်ကြည့်လိုက်ရာမှ ကျွန်ုပ်ကို လက်ကုတ်၍ ခေါ်ပြသဖြင့် မျှော်ကြည့်လိုက်သောအခါ မြောက်မြားလှစွာသော လူတစ်စုသည် တောင်ခြေရင်းဆီသို့ တရွေ့ရွေ့ လျှောက်လာကြသည်ကို တွေ့မြင်ရလေ၏။

တောင်ကြီးမှာ အလွန်တရာ မြင့်လှသောကြောင့် တရွေ့ရွေ့ ချီတက်လာကြသော လူများမှာ ပုရွက်ဆိတ်များ ပမာဏ ကဲ့သို့ အလွန်သေးငယ်နေးကွေးလှသည်ဟု မှတ်ထင်ရပေ၏။

ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ ရှီလန်သည် နဖူးကိုသပ်ကာ စဉ်းစားနေပြီးနောက် ဘေးအန္တရာယ် စိုးရိမ်ဖွယ်ရှိဟန်နှင့် ကျွန်ုပ်ကို စခန်းသို့ ပြန်ကြဖို့ ပြောသည်နှင့် ကျွန်ုပ်တို့သည် အပြေးအလွှား ဆင်းလာခဲ့ကြလေ၏။

ထိုအတောအတွင်း မိုးတိမ်တို့သည် အနောက်တောင်ထောင့်ဆီမှ အပြင်လိုက်၊ အခဲလိုက် တက်လာကြသည်ဖြစ်၍ တစ်မိုးလုံး မှောင်မည်းစပြုလာလေရာ လျှပ်စီးတို့မှာလည်း တိမ်တိုက်၏ အစွန်အဖျားဆီမှ ကွေ့ကွေ့ကောက်ကောက် ထွန်းတောက် ပေါ်ထွက်လျက် ရှိလေ၏။

www.burmeseclassic.com



ကျွန်ုပ်တို့သည် မောကြီးပန်းကြီးနှင့် ပြေးဆင်းလာကြ၍ လူအရေအတွက် စေ့ငပါ၏လောဟု တွက်စစ်ကြည့်ရာ မုဆိုးကိုပေါက်ဆိန်မှာ ပြန်လာခဲ့ပြီ ဖြစ်သော်လည်း တင်မောင်ညွှန့်သည် သေနတ်တစ်လက်နှင့် ထွက်သွားပြန်သဖြင့် ပြန်မလာသေးကြောင်း တွေ့ရှိရလေ၏။

ထိုအခါ ရှီလန်မှာ စိုးရိမ်ကြောင့်ကြသော မျက်နှာထားဖြစ်ပေါ်လာ၍ ဗိုလ်ထိန်ဝင်းအား လူအမြောက်အမြား တောင်ခြေသို့ ချီတက်လာကြသည်ကို တွေ့မြင်ရကြောင်းနှင့် ပြောပြီးလျှင် လက်နက်များကို အသင့် ပြင်ဆင်ထားကြဖို့ သတိပေးလေ၏။

ကျွန်ုပ်တို့သည် ခင်ခင်ထား ကြောက်လန့်မည် စိုးရိမ်သည်နှင့် တောင်ခြေသို့ လူအမြောက်အမြား လာကြသော်လည်း ရန်သူ ဟုတ်ကောင်းမှ ဟုတ်မည့်အကြောင်း၊ အကယ်၍ ဟုတ်စေကာမူလည်း ဤနေရာ၌ ကျွန်ုပ်တို့ ရှိကြောင်းကို သိကောင်းမှ သိမည့်အကြောင်းများနှင့် ကြံဖန်ကာ ပြောကြသောအခါ ခင်ခင်ထားက ဗိုလ်ထိန်ဝင်းအား–

'သေတစ်နေ့ မွေးတစ်နေ့ပါ....ဦးရယ်။ ယောကျ်ားလည်း တစ်သက်၊ မိန်းမလည်း တစ်သက်ပါပဲ။ မိန်းမသား ဖြစ်လေမဲ့ ယောကျ်ားများထက် ပိုပြီး ကြောက်စရာအကြောင်း ဘာမျှ မရှိပါဘူး။ သေနေ့စေ့လျှင် သေရုံပေါ့'

ဟု တင်းမာသော မျက်နှာထားနှင့် ပြန်ပြောလေ၏။

ခင်ခင်ထားမှာ စိတ်ထဲ၌ အမှန်ကြောက်လန့်သည် ဖြစ်သော်လည်း မိမိ ရွံ့ကြောက်ခြင်းကို ကျွန်ုပ်တို့ မမြင်စေရအောင် ဖုံးဖိထားဖို့ ကြိုးစားရာခြင်းကိုပင် ဗိုလ်ထိန်ဝင်းက အလွန် သဘောကျလှသဖြင့် ချီးကျူး မဆုံးနိုင်အောင် ရှိလေတော့၏။

မိုးတိမ်တို့သည် ထိုအချိန်တွင် တစ်ကောင်းကင်လုံး ပိတ်ဖုံးလုမတတ်ရှိ၍ လျှပ်စီးတို့သည် မနားမရပ် တရစပ် ပစ်နေသဖြင့် မွန်းတည့်အချိန်ကဲ့သို့ ဝင်းဝင်းတောက် ထိန်လင်းလျက်ရှိစဉ်၊ မိုးချုန်းသံတို့သည်လည်း တစ်ခဏကလေးမျှ ပြတ်စဲခြင်းမရှိဘဲ ဂိုမ်းဂိုမ်းချင်း စပ်လျက် ရှိလေရကား ကျွန်ုပ်





တို့မှာ တင်မောင်ညွှန့်အတွက် များစွာ စိုးရိမ်သောကရောက်လျက် ရှိကြလေ၏။

ခင်ခင်ထားမှာ တောင်ခေါင်းထဲတွင် ကုပ်လျက်ရှိ၍ ကျွန်ုပ်တို့သည် ဂူဝတွင် ရပ်လျက် တောင်အောက်တစ်လျှောက်သို့ လှမ်းမျှော်ကြည့်ရှု နေကြစဉ် တစ်နေရာ၌ ချေတစ်ကောင်၏ ဟောက်သံကို လည်းကောင်း၊ အခြားတစ်နေရာ၌ ဧးကွက်မြည်သံကို လည်းကောင်း ကြားကြရပြီးနောက် ချေဟောက်သံနှင့် ဧးကွက်မြည်သံတို့သည် ဤနေရာ၊ ထိုနေရာ စသည်တို့၌ တစ်ဆင့် တစ်ဆင့် ဆက်လက် ဖြစ်ပေါ်သွားလေရကား ရှီလန်က–

'ချေတွေက ဦးချို မပါဘူး၊ ဧးကွက်တွေကလည်း အတောင်မပါဘူး'

ဟု ပြောလေ၏။ ဆိုလိုရင်းမှာ ရန်သူများ၏ အချက်ပေးခြင်း ဖြစ်သည်ဟု ပြောခြင်း ဖြစ်လေသည်။

နောက်တစ်ခဏ၌ ယခင်က ကြားခဲ့ရသည့် မိုးချုန်းသံတို့ထက် အဆပေါင်းများစွာ ကျယ်လောင်လှသည့် ထစ်ချုန်းသံကြီးသည် ဂူကြီးကိုပါ သိမ့်သိမ့်တုန်အောင် ပြင်းထန်လှစွာသော အသံဖြင့် မြည်ဟိန်းသွားပြီးနောက် တောင်ကမ်းပါးယံ၌ ရှိသော သစ်ပင်ကြီးများသည် သွက်သွက်ခါအောင် လှုပ်ရှားသွားသဖြင့် မိုးပြို၍ ကျခြင်းပေလော ဟူ၍ မှတ်ထင်လောက်ပေ၏။

ထိုအချိန်မှာ နေဝင်ပြီ ဖြစ်သော်လည်း မပြတ်အောင် ပစ်နေသော လျှပ်စီးရောင်တို့ကြောင့် တောင်ကမ်းပါးယံ တစ်ခုလုံး ထိန်ထိန်လင်းလျက်ရှိရာ ကျွန်ုပ်အနီးမှ ရပ်နေသော ရှီလန်သည် လက်ညှိုးဖြင့် ညွှန်ပြသည်နှင့် လှမ်းကြည့်လိုက်သောအခါ တင်မောင်ညွှန့်သည် ကျွန်ုပ်တို့ ရှိရာသို့ ပြေးတက်လာ၍ ၎င်း၏နောက်မှ လူရိုင်းတစ်ယောက် ပြေးလိုက်လာသည်ကို တွေ့မြင်ရလေ၏။

ကျွန်ုပ်သည် သေနတ်တစ်လက်ကို ယူ၍ သစ်တပ်အကြားမှ ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



သွင်းကာ ပစ်မည် ကြံစည်ပါသော်လည်း တင်မောင်ညွန့်က လူရိုင်းကို တည့်တည့်ကြီး ပိတ်ဆီးလျက် ရှိနေသောကြောင့် မပစ်နိုင်ဘဲ ကြည့်နေရလေ၏။

တင်မောင်ညွန့်မှာ အလွန်တရာ မောဟိုက်ပင်ပန်းနေသည့် အဟန်နှင့် နောက်သို့ လှည့်ကာ လှည့်ကာ ကြည့်ရင်း ပြေးတက်လာလေရာ နောက်မှ လိုက်ပါလာသော လူရိုင်းသည် တဖြည်းဖြည်း မီလိုက်လာသည်နှင့် တစ်ခဏ ထက် တစ်ခဏ နီး၍ နီး၍ ကပ်လာလေ၏။

ထိုသူ၏ လက်၌ကား ဓားကြီးကို ကိုင်လျက် ပါလာလေရာ ကျွန်ုပ်တို့မှာ သေနတ်နှင့် ပစ်ရန် အချက်ရှာ၍ မတွေ့ဘဲ စောင့်ကြည့်နေရလေ၏။

ထိုအခါ ကျွန်ုပ်တို့က နံဘေးသို့ရှောင်ပေးရန် လှမ်း၍ အော်ပြောလိုက်ကြလေရာ တင်မောင်ညွန့်မှာ ကျွန်ုပ်တို့၏အသံကို ကြားသည်နှင့် အားတက်လာသည့် လက္ခဏာနှင့် နှစ်၍ ပြေးလိုက်သည်တွင် လူရိုင်းနှင့် အတော်ကလေး ပြတ်၍ ထွက်လာလေ၏။ သို့ရာတွင် နောက်တစ်ခဏ၌ တင်မောင်ညွန့်မှာ သစ်ငုတ်တစ်ခုကို ခြေဖြင့် တိုက်မိ၍ လဲသွားလေရကား လူရိုင်းသည် လဲနေသော တင်မောင်ညွန့် အပေါ်သို့ ဓားနှင့်မိုးလျက် ရောက်လာလေတော့၏။

ထိုအခါ ကျွန်ုပ်နှင့် ဗိုလ်ထိန်ဝင်းတို့သည် သေနတ်များနှင့် ချိန်ကာ စောင့်နေရာမှ အချက်ရသည်ကို မြင်သည်နှင့် တစ်ပြိုင်နက်တည်း ခလုတ်ကို ဖြုတ်လိုက်ကြရာ သေနတ်သံသည် တစ်ချက်တည်းကဲ့သို့ ထွက်သွား၍ လူရိုင်းလည်း တင်မောင်ညွန့်၏ခြေရင်းတွင် ဦးခေါင်းစိုက်ကာ ထိုးလဲသွားလေ၏။

နောက်တစ်ခဏ၌ ရှီလန်သည် သစ်တပ်ပြင်ဘက်သို့ ခုန်လွှားကျော်ထွက်၍ လဲနေသော တင်မောင်ညွန့်ကို ပခုံးပေါ်၌ထမ်းကာ ပြေးလာခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ အကူအညီဖြင့် သစ်တပ်တွင်းသို့ ချက်ချင်းပင် ပြန်ရောက်လာလေ၏။





ထိုအခါ၌ မိုးကြိုးပစ်သည့် အချက်ကြောင့် နွယ်ပင်များသည် လောင်မီးကျကာ တဟုန်းဟုန်း တောက်လောင်လျက် ရှိလေရာ တစ်တောလုံးမှာ ထိန်ထိန်လင်းလျက် ရှိလေ၏။

သစ်တပ်တွင်းသို့ ရှီလန်နှင့် တင်မောင်ညွန့်တို့ ပြန်ရောက်ကြသည်နှင့် တစ်ပြိုင်နက် ယခင်က တင်မောင်ညွန့် လဲနေသော နေရာသို့ မြားများ ကျလာသည်ကို တွေ့မြင်ရလေရာ၊ နောက်တစ်ခဏ၌တွင်မူကား လေးငါးယောက်မျှသော လူရိုင်းတို့သည် လေး မြားတို့ကို ကိုင်ဆွဲကာ တောစွန်သို့ ရောက်လာကြ၍ ကျွန်ုပ်တို့ ရှိရာသို့ မျှော်ကြည့်နေကြလေ၏။

ကျွန်ုပ်သည် ထိုလူများအား လူရိုင်းဟူ၍ ရေးသားရခြင်းမှာ ကျွန်ုပ် တွေ့မြင်ရဖူးသော ရှမ်းတရုတ်များနှင့်လည်း မတူသဖြင့် မည်သည့်လူမျိုး ဖြစ်သည်ဟု မပြောနိုင်သည့်အတွက် ထိုကဲ့သို့ ရေးရခြင်း ဖြစ်ပေသည်။

အဝတ်အစားမှာမူ အထက်ပိုင်းတွင် ကိုယ်တုံးလုံးရှိ၍ အောက်ပိုင်းတွင်ကား အတော်ချောမွေ့သော ချည်ထည်အဝတ်ကို "လန်ကွတ်တိ" သဖွယ် ဝတ်ဆင်ထားကြလေသည်။

လူရိုင်းများသည် တောစွန်မှရပ်လျက် ကျွန်ုပ်တို့ရှိရာသို့ မျှော်ကြည့်ရင်း ရှေ့သို့ တက်ရမည်၊ နောက်သို့ ဆုတ်ရမည်ကို မဝေခွဲနိုင်အောင် ဖြစ်နေစဉ် မှဆိုးကိုပေါက်ဆိန်က ရှေ့ဆုံးမှ လူရိုင်းတစ်ယောက်ကို ပစ်ချလိုက်သည်တွင် ကျန်လူများလည်း ထွက်ပြေးကြလေ၏။

ထိုအခါ၌ ဆီးကင်းခန့် ပမာဏရှိသော မိုးပေါက်ကြီးများသည် ကောင်းကင်မှ ကျစ ပြုလာလေရာ နောက်တစ်ခဏတွင် ရေအိုးကို မှောက်သွန်လိုက်ဘိ သကဲ့သို့ တဗျန်းဗျန်းမြည်အောင် အလွန်အမင်း သည်းထန်စွာ ရွာသွန်းလိုက်ပေရကား .... တောမီးများ ငြိမ်းသွားသဖြင့် တောင်ကမ်းပါးယံ တစ်ခုလုံး မှောင်ကြီးဖုံးလျက် ရှိပေတော့၏။

မျှားမကြာမီအတွင်း မိုးရေများသည် တောင်ထိပ်မှ လိမ့်ဆင်းလာလေ



www.burmeseclassic.com

www.burmeseclassic.com



ရာ ချောင်းကြီး ချောင်းငယ် အသွယ်သွယ် ဖြစ်လာ၍ တောင်ကမ်းပါးယံတစ်ခုလုံး ရေစီးသံတို့ဖြင့် ဆူညံစွာ ရှိနေလေ၏။

၁၅ မိနစ်ခန့် ကြာရှိသောအခါ မိုးသည် ရုတ်တရက် ရပ်စဲသွား၍ ကြယ်များပင် ကောင်းကင်မှ ထွက်ပေါ်စ ပြုလာလေရာ ဗိုလ်ထိန်ဝင်းက ရန်သူများ တိုက်ခဲ့လျှင် ယခုသည်ကား အသင့်လျော်ဆုံးအချိန် ဖြစ်သည်ဟု အောက်မေ့သည်နှင့် ကျွန်ုပ်တို့အား သေနတ်တစ်လက်စီ ထုတ်ပေးကာ အပေါက်တစ်ခုစီမှ စောင့်နေစေ၏။

တင်မောင်ညွန့်၏ သေနတ်မှာ တောထဲတွင် ကျန်နေရစ်ပြီ ဖြစ်၍ ခြောက်လုံးပြူးနှင့်ပင် စောင့်ရလေတော့၏။

ခင်ခင်ထားသည် တင်မောင်ညွန့်၏ အခြေအနေကို တွေ့မြင်ရသောအခါ များစွာ ကြင်နာဟန် လက္ခဏာနှင့် စားစရာများ ကိုယ်တိုင် ခူးခပ်၍ ကျွေးမွေးလေရာ ယခုအချိန်မှာ သေရေး ရှင်ရေးအတွက် အရေးကြီးနေသောအချိန် ဖြစ်သောကြောင့် ကျွန်ုပ်၏ စိတ်ထဲတွင် မနာလို ဝန်တိုခြင်း အလျှင်းမရှိခဲ့ချေ။

သန်းခေါင်တိုင်ရောက်၍ လထွက်လာသောအခါ ရန်သူများမှာ အစအနမျှ မပေါ်လာသေး၍ ရှိလန်အား မေးကြည့်ရာ ရှိလန်မှာ ဦးခေါင်းကို ထောင်ကာ အနံ့ခံလျက်–

'ရှိတယ်၊ တောင်အောက်မှာ ရှိကြသေးတယ်'

ဟု ပြောလေ၏။

လ ကလေး အတော်အတန် မြင့်လတ်သော် မီးရှူးကြီးတစ်ခုသည် တောင်အောက်မှ ကောင်းကင်သို့ တက်လာ၍ စစ်တပ်ပြင်ဘက်တွင် ချည်ထားသော မြင်းများအနီး၌ ကျကာ တရှဲရှဲလောင်လျက် ရှိရကား ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တစ်လျှောက်မှာ ထိန်ထိန်လင်းလျက် ရှိလေ၏။

နောက်တစ်ခဏ၌ မြားများသည် ကောင်းကင်မှ ကျလာလေရာ





ကျွန်ုပ်တို့မှာ ဂူ၏အကွယ်အကာကြောင့် ထိမှန်ခြင်း မရှိသော်လည်း မြင်းတစ်ကောင်၏ လည်ပင်းကို ထိမှန်သွားသဖြင့် တုံးလုံးလဲလျက် ရှိလေ၏။

ပထမ လွှတ်လိုက်သော မီးရှူးမှာ တရှဲရှဲ တရှူးရှူး လောင်ကျွမ်းနေသဖြင့် ကုန်တော့မည် ပြုသည်တွင် ဒုတိယ မီးရှူးတစ်ချောင်းသည် ကောင်းကင်မှ ကျလာပြန်လေရာ ၎င်းမှာမူ မြင်းများ၏ အလယ်တည့်တည့်တွင် ကျနေသောကြောင့် မြင်းများမှာ ထိတ်လန့်လျက် တဗိုးဗိုး အော်မြည် ရုန်းကန်လျက် ရှိကြလေ၏။

နောက်တစ်ခဏ၌တွင် လူရိုင်းလေးယောက်တို့သည် မြင်းများ၏ အလယ်သို့ ပြေးဝင်လာကြ၍ မြင်းများကို တစ်ကောင်စီ ဝမ်းဗိုက်ကို ထိုးသတ်လျက် ရှိကြရာ ကျွန်ုပ်တို့မှာမူ ထိုသူတို့ကို ဂရုမစိုက်နိုင်တော့ပေ။ အဘယ့်ကြောင့်ဆိုသော် အခြားသော လူရိုင်းတစ်စုသည် သစ်တပ်ဆီသို့ တည့်တည့်ကြီး ပြေးဝင်လာကြ၍ လူတစ်ရပ်ခန့်ရှိသော သစ်ကိုင်းများကို ခုန်ကျော်ရန် ကြိုးစားနေကြရာ ကျွန်ုပ်တို့သည် အပေါ်သို့ရောက်အောင် ခုန်လွှားနိုင်သော လူရိုင်းတို့ကို တစ်ယောက်စီ တစ်ယောက်စီ ပစ်၍ ချကြလေ၏။

ကျွန်ုပ်တို့မှာ နောက်ထပ်၍ ယမ်းထိုးရန် အချိန်မရသောကြောင့် သေနတ်များ ပစ်ပြီးသည်နှင့် တစ်ပြိုင်နက် ဓားကို ကောက်ယူကာ ရှေ့သို့ တက်၍ ခုခံကြလေရာ ကျွန်ုပ် တစ်ယောက်တည်းသာလျှင် လေးမြားပါသည့် အတွက်ကြောင့် ဓားကို မသုံးသေးဘဲ ပစ်ခတ်မြဲတိုင်း ပစ်ခတ်နေနိုင်တော့၏။

တစ်ယောက်စီ ကျော်တက်လာသော လူတို့ကိုမူ ကျွန်ုပ်၏မြားသည် တစ်ချက်စီ ပစ်ချနိုင်လေရာ တစ်ခါတစ်ရံ နှစ်ယောက်တစ်ပြူး၊ သုံးယောက်ပြူး တစ်ပြိုင်နက် ကျော်လွှားနိုင်သော အခါတို့၌မူ ကျန်သောလူများကို အများအားဖြင့် ဗိုလ်ထိန်ဝင်း၏ဓားက သုတ်သင်လိုက်နိုင်ပေ၏။

လူပေါင်း ၁၀ ယောက်ခန့် ကျဆုံးလတ်သော် နောက်ထပ်ခုန်ကျော်ခြင်း မပြုဘဲ ကျန်သောလူများသည် လှည့်၍ ပြန်သွားကြရာ ကျွန်ုပ်တို့အနက်



www.burmeseclassic.com

www.burmeseclassic.com



မှာမူကား ကိုပေါက်ဆိန် တစ်ယောက်တည်းသာလျှင် ပခုံးတွင် ဒဏ်ရာ အနည်းငယ်ရ၍ ကျန်လူများမှာ ခြစ်မိရုံမျှလောက်သာ ရှိကြလေ၏။

နောက်ဆုံး၌ ရန်သူများသည် ဆုတ်ခွာသွားကြပြန် ရှိ၍ ကျွန်ုပ်တို့သည် သေနတ်များကို ယမ်းထိုးကာ စောင့်နေကြသေးလေရာ မကြာမီ အတွင်း မိုးလင်း၍ လာလေတော့သတည်း။

## အခန်း [ ၁၉ ]

ခင်ခင်ထားသည် ရန်သူများ ပြန်လာပုံ မပေါ်သောအခါ၌ နံနက်စာဆန်ပြုတ် နှင့် အသားကင်တို့ကို လူအားလုံးအတွက် တည်ခင်းပြီးလျှင် ၎င်းကိုယ်တိုင် လည်း ပန်းကန်မှ စောင်းကာ စားသောက်လျက် ရှိစဉ်၊ ကျွန်ုပ်တို့သည် ထိုမိန်းကလေး၏ သတ္တိကို မချီးမွမ်းဘဲ မနေနိုင်ကြသည့်ပြင် ဆံပင်ကလေးကို နောက်တွဲထုံးလျက် ကြည်လင်သော မျက်လုံးတို့ဖြင့် ကျောက်တုံးပေါ်တွင် ခပ်ပြုံးပြုံး ထိုင်နေသည်ကို တွေ့မြင်ရသောအခါ မြို့သူတို့အလယ်တွင် ပိုးဖဲ တို့ကို ဝတ်ဆင်လျက် ပုတီး၊ နားတောင်းတို့ကို ဝတ်ဆင်ကာ ဧည့်ခံနေစဉ် က မြင်ခဲ့ရခြင်းထက်ပင် ကျွန်ုပ်၏မျက်စိ၌ ကြည့်၍ ကောင်းသေးသည်ဟု မှတ်ထင်မိလေ၏။

သို့ရာတွင် နောင်ရေးကို ဆင်ခြင်မိရာတွင်မူကား ကျွန်ုပ်မှာ အလွန် တရာ ရင်လေးလှ၏။ တောင်ထိပ်မှ ရှိုလန်နှင့် ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသော လူစုလူဝေးမှာ ထောင်ပေါင်းများစွာ ရှိချေမည်ဖြစ်ရာ ထိုသူတို့သည် ယခုအခါ ၌ ကျွန်ုပ်တို့ကို ကျီစားနေခြင်း ဖြစ်စေ၊ သို့တည်းမဟုတ် ကင်းထောက် တပ်ကလေးမျှလောက်သာ ကျွန်ုပ်တို့ကို တိုက်ခိုက်ကြခြင်းဖြစ်စေ ဖြစ်တန် ချေ၏။

အကယ်၍ အလုံးအရင်းနှင့် တိုက်ခိုက်လာကြပါမူကား ဆင်အုပ်ကြီး





ကို ဆိတ်ကလေးတစ်စုတို့က ခုခံရန် မတတ်နိုင်သကဲ့သို့ ကျွန်ုပ်တို့ ကေန်မုချ ရှုံးကြရမည် ဖြစ်လေသည်။

ထို့ပြင် တစ်ချက်မှာလည်း ဤလူများသည် ရှမ်းတရုတ်များ မဟုတ် ကြချေ။ အကယ်၍ မြို့ဝန်မင်းတို့လူစုသည် ရှမ်းတရုတ်တပ်များကို တွန်းလှန် ဖြိုဖျက်နိုင်သည် ထားဘိဦး၊ ဤတပ်ကြီး ရောက်လာသောအခါတွင် မုန့်မုန့် ညက်ညက် ကြေကြရမည် မလွဲ ဖြစ်ချေ၏။ ထို့ကြောင့် ကျွန်ုပ်တို့အတွက် လက်ငင်း စိုးရိမ်ရန် ရှိနေသည့်ပြင် မြို့ဝန်မင်းတို့ ထံမှလည်း အကူအညီ ရောက်လာဖို့ မျှော်လင့်ရန် မရှိချေ။

သို့ရာတွင် အကြံတစ်ခု ဖြစ်ပေါ်လာသည်ကား ကျွန်ုပ်သည် ရန်သူ များ၏ အခြေအနေကို စုံစမ်းရန် ကင်းထောက်အဖြစ်နှင့် မူလက ထွက်လာ ခဲ့ခြင်း ဖြစ်လေရာ ယခုမှာ ၎င်းတို့၏ အခြေအနေကို သိရှိရပြီး ဖြစ်သော ကြောင့် ကျွန်ုပ် သိရသော သတင်းကို မြို့ဝန်ကြီးတို့ထံ သွားရောက်ပြောကြား ရန် ဝတ္တရားရှိနေ၏။ သို့ရာတွင် ကျွန်ုပ် သွားရောက်၍ ဖြစ်နိုင်ပါမည် လော....။

ကျွန်ုပ်သည် ထိုအကြောင်းကို တစ်နေ့ပတ်လုံး စဉ်းစားဆင်ခြင်လျက် ရှိရာ ထိုနေ့အဖို့မှာ ရန်သူများလည်း မလာရောက်ကြချေ။ ကျွန်ုပ်တို့သည် ကျဆုံးသော ရန်သူများ၏ အလောင်းများကို လွတ်ရာသို့ ဆောင်ကြဉ်း၍ စွန့်ပစ်ကြရ၏။ မြင်းသေကောင်များကိုမူ ကောင်းသော အသားများကို ရိက္ခာအတွက် လှီးဖြတ်၍ ယူကြလေ၏။ သို့ဖြစ်၍ ဆန်မရှိစေကာမူ ကျွန်ုပ် တို့မှာ ရက်အတော်အတန် ကြာအောင် အစာငတ်၍သေနိုင်ရန် မရှိတော့ ပေ။

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်သည် အလုပ်ဝတ္တရားအတိုင်း ကျေပွန် အောင် ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချပြီး ဖြစ်လေရကား လူအားလုံးကို ခေါ်၍ တိုင်ပင်ဆွေးနွေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်။ ။ 'ကိုင်း.... ကျွန်တော်တော့ ဗန်းမော်မြို့သွားပြီး ကျွန်တော် သိရသမျှ သတင်းကို မြို့ဝန်မင်းကို ပြောချေဦးမှ တော်မယ်'

ဟု ပြောလိုက်သောအခါ ရှိလန်တစ်ယောက်တည်း မော့်ကြည့်၍ ကျန်လူများမှာ နှုတ်ဆိတ်လျက် ရှိကြ၏။ ထိုအခါ ဆက်လက်၍–

ကျွန်ပ်။ ။ 'ကန့်ကွက်မည့်သူများ ရှိသလား'

ဟု မေးသောအခါ ဦးပေါက်ဆိန်က–

ဆိန်။ ။ 'မောင် သွားလျှင် တောင်ခြေရင်း ရောက်အောင် အသက်ပါလိမ့်မယ် မထင်ဘူး'

ညွှန့်။ ။ 'ခင်ဗျားက ဘာသတင်း သွားပြောမှာလဲ'

ကျွန်ပ်။ ။ 'ရှိလန်နဲ့ ကျုပ်နဲ့ အင်မတန်ကြီးတဲ့ စစ်တပ်ကြီးကို တွေ့ခဲ့ရတဲ့အကြောင်း သွားပြောချင်တယ်'

ညွှန့်။ ။ 'ပြောတော့ ဘာလုပ်နိုင်သလဲ'

ကျွန်ပ်။ ။ 'ဆုတ်တန် ဆုတ်ကြဖို့၊ ကလေးတွေ၊ မိန်းမတွေကို မြစ်ကြောင်းက စုန်ပြီး ပို့တန် ပို့ကြဖို့ပေါ့။ ဗိုလ်ထိန်ဝင်း ဘယ့်နှယ်လဲ'

ဝင်း။ ။ 'ကျုပ်တော့ အကြံမပေးလိုဘူး....မောင့်သဘောပဲ'

ညွှန့်။ ။ 'မတော်ပါဘူး ထင်တယ်....ကိုထွန်းချွန်၊ ကျုပ်တို့ လူတစ်စုကို ပစ်ထားခဲ့တော့မလားဗျာ'

ကျွန်ပ်။ ။ 'ပစ်ထားချင်လို့ မဟုတ်ဘူး မိတ်ဆွေ၊ အမျိုးသားတွေ အတွက် တတ်နိုင်သမျှ ဆောင်ရွက်ပေးဖို့ ဝတ္တရားက ရှိနေတယ်။ တကယ် ဆိုတော့ ကျုပ်တစ်ယောက် ဒီမှာနေလို့ မထူးပါဘူး၊ ကံကောင်းလို့ ဟိုရောက် သွားလျှင် ခင်ဗျားတို့လူစုကို လာပြီး ကယ်နိုင်မယ် မဟုတ်ဘူးလားဗျ'

ညွှန့်။ ။ 'ဒါဖြင့် ရှိလန် သွားပါစေဗျာ'

ကျွန်ပ်။ ။ 'မဖြစ်ဘူးဗျ.... သူကမှ တောကျင်လည်လေတော့ သူတစ်ယောက် မရှိလျှင် ကျုပ်တို့လူစု ခက်ကုန်ကြလိမ့်မယ်'

ဝင်း။ ။ 'ဒါ.... မှန်တယ်'





ကျွန်ပ်။ ။ 'ကိုင်း ဒီတော့ ကျွန်တော် သွားဦးမယ်၊ ငါးရက် အတောအတွင်း ကျွန်တော် ပြန်မရောက်လာလျှင် ဗိုလ်ထိန်ဝင်းကို ထပ်ပြီး လွှတ်ကြဗျာ'

ဝင်း။ ။ 'ဒီအကြံတော့ မဖြစ်နိုင်ဘူး၊ ဘာကြောင့်ဆိုတော့ ကျုပ်က မောင်နဲ့အတူ လိုက်မှာမို့'

ထိုအခါ ကျွန်ပ်သည် ဗိုလ်ထိန်ဝင်းကို ငေး၍ ကြည့်နေမိလေတော့ ၏။

ဝင်း။ ။ 'ဒီကိစ္စမျိုး ဆိုတာ တစ်ယောက်ထက် နှစ်ယောက်က သာပြီး ကောင်းတာပေါ့ မောင်ရဲ့။ ကျုပ်ကြောင့် မောင်လာခဲ့ရတဲ့ ဥစ္စာ၊ မောင် သွားလျှင် ကျုပ်မလိုက်ဘဲ ဘာတော်လိမ့်မလဲ။ ဒီအကြောင်း ထပ် မပြောကြစို့နဲ့တော့၊ ကျုပ် လိုက်ဖို့ ဆုံးဖြတ်ပြီးပြီ'

ဗိုလ်ထိန်ဝင်းမှာ တစ်စုံတစ်ခုကို ဆုံးဖြတ်ပြီးခဲ့လျှင် မည်သူ ဖျက်၍ မျှ ရမည့် လူတစ်ယောက် မဟုတ်ကြောင်း သိကြပြီးဖြစ်ရကား တိတ်ဆိတ်စွာ ရှိနေကြလေ၏။

ကျွန်ပ်အဖို့မှာမူ ဗိုလ်ထိန်ဝင်း လိုက်သည့်အတွက် မည်မျှလောက် အားရှိသွားသည်ကို မပြောနိုင်ချေ။ တစ်ယောက်တည်း ဆိုပါမူ ဖြစ်လိုရာ ဖြစ်စေဟု သဘောထား၍ နှုတ်မိုတ်ကာ သွားရမည်ဖြစ်ရာ ဗိုလ်ထိန်ဝင်းနှင့် ဆိုပါက ထမြောက်အောင်မြင်ဖို့ များစွာ မျှော်လင့်ရန် ရှိလာလေ၏။

ကျွန်ပ်သည် ခင်ခင်ထားကို လှမ်းကြည့်လိုက်သော အခါတွင်မူကား လွန်စွာ နှလုံးမသာယာသည့် မျက်နှာထားကို တွေ့မြင်ရသည်နှင့် စိတ်ထဲ၌ လေးလံခြင်း ဖြစ်မိ၏။ ၎င်းနှင့် နှစ်ယောက်ထဲ တွေ့သောအခါ၌ ကျွန်ပ်က–

'ဝတ္တရားအတိုင်း ကျုပ် ဆောင်ရွက်မည် ကြံခြင်းဟာ နည်းလမ်း မှန်တယ်လို့ ခင်က ထောက်ခံချက် ပေးလိုက်စမ်းပါ ခင်ရယ်။ ခင့်ကို ထား ခဲ့ပြီး သွားရမည့် အရေးဟာ ရင်ထဲမှာ ဘယ်လောက်နာတယ်ဆိုတာ ပြောလို့ တောင် မပြနိုင်ပါဘူး။ နို့ပေမဲ့ ခင်က ဒီပြင်မိန်းကလေးတွေနဲ့ မတူလို့



www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်းမှန်တာကို ထောက်ခံချက်ပေးတဲ့ သဘောနဲ့ သွားသာ သွားချေလို့ ပြောလိုက်စမ်းပါ .... ခင်ရယ်'

ဟု ပြောသောအခါ ခင်ခင်ထားသည် မျက်ရည်ဝိုင်းလျက် ရှိသော်လည်း စိတ်ကို တင်းလျက်သာ–

'သွားချေပါ ကိုထွန်းချွန်၊ ရှင့်အဖို့ ခလုတ်မငြိ ဘေးမထိပါစေနဲ့ ဆိုတာ နေ့စဉ်နှင့်အမျှ ကျွန်မက ဆုတောင်းမေတ္တာ ပို့လိုက်ပါမယ်'

ဟု ပြောလေ၏။ ထိုအခါ၌မူကား မာနကြီးလှသော ခင်ခင်ထားသည် ကျွန်ုပ်ကို လုံးလုံး အရေးမထား ဂရုမစိုက်သူ မဟုတ်ကြောင်းကို ကျွန်ုပ်၏စိတ်၌ ပထမအကြိမ် ရိပ်မိလေ၏။ မုချ ဆတ်ဆတ်လောက် သေရမည့် ခရီးသို့ ထွက်ခါနီးဆဲဆဲတွင်မှ ထိုအခြင်းအရာကို ရိပ်မိခြင်းမှာ နစ်နာလှချေသည်တကား ဟူ၍လည်း စဉ်းစားမိသေး၏။

သို့ရာတွင် ထိုအချိန်သည်ကား ချစ်ခြင်း၊ ကြိုက်ခြင်း အကြောင်းတို့ကို စဉ်းစားရမည့်အချိန် မဟုတ်ဟူ၍ စိတ်ကို ဆုံးဖြတ်ချက် ချလိုက်လေ၏။

ငင်းနောက် ကျွန်ုပ်သည် နေရစ်မည့်လူများကို တစ်ယောက်စီခေါ်၍–

'အသက်ရှင်နေသမျှ ကာလပတ်လုံး ခင်ခင်ထားကို ကာကွယ် စောင့်ရှောက်ရစ်ပါမည်'

ဟူ၍ ကျမ်းသစ္စာ ကျိန်ဆိုစေသေး၏။ တင်မောင်ညွှန့်အားမူ စိတ်ထဲ၌ ရှိသမျှကို ထုတ်ဖော် ပြောဆိုခဲ့လိုသည်နှင့်–

ကျွန်ုပ်။ ။ 'ကိုတင်မောင်ညွှန့်၊ ခင်ဗျားနဲ့ ကျုပ်နဲ့ဟာ မိန်းမတစ်ယောက်ကို နှစ်ယောက်ပြိုင်ပြီး ချစ်ကြိုက်နေမိကြလို့ ပြိုင်ဖက်ချင်းတော့ဖြင့် ဖြစ်နေကြပြီ။ ရှေ့ကို ဘယ်သူနဲ့ နဖူးစာပါလို့ ဘယ်လိုဖြစ်ကြမယ်တော့ မပြောနိုင်ကြသေးဘူး။ သို့သော် ဘယ်သူနဲ့ ရေစက်ဆုံတာ မဆုံတာ အပထားပြီး ယခု ကျုပ် သွားရမည့်ခရီးမှာ ခင်ခင်ထားကို ကျုပ်လိုပဲ စောင့်ရှောက် ကာကွယ်ရစ်လိမ့်မယ်လို့ စိတ်ချရတဲ့ လူတစ်ယောက်နဲ့ ထားခဲ့ရခြင်း ဖြစ်သည့်အတွက် ကျုပ် အများကြီး အားရှိပါတယ်။ ခင်ဗျားနဲ့ ကျုပ်နဲ့ဟာ





ရန်သူဖြစ်ခဲ့ကြဖူးသော်လည်း ယခုမှာတော့ ကျုပ် အလွန်တရာ မြတ်နိုးတဲ့ ပစ္စည်းတစ်ခုကို ခင်ဗျားထံ အပ်နှံထားခဲ့ရသည့်အတွက် ခင်ဗျားကိုပါ ဒီကနေ့က စပြီး မိတ်ဆွေကြီးတစ်ယောက်ရယ်လို့ ကျုပ်က အသိအမှတ် ပြုပါတော့မယ်'

ဟု ပြောလိုက်သောအခါ တင်မောင်ညွှန့်သည် တုန်ယင်သော အမူအရာနှင့် ကျွန်ုပ်၏ ပခုံးကို ပုတ်လျက်–

'စိတ်ချသွားပါ ကိုထွန်းချွန်၊ ကျုပ်မှာ အသက်ထွက်ခါနီးဖို့ ခြေတစ်လှမ်းတည်း လှမ်းနိုင်လောက်တဲ့ ခွန်အားလောက်သာ ရှိတော့တယ် ဆိုပါတော့။ အဲဒီ ခြေတစ်လှမ်းကို ခင်ခင်ထား လွတ်မြောက်ချမ်းသာရေးအတွက် ကျုပ် အသုံးချရစ်ပါမယ်။ ခင်ဗျားဟာလည်း ကျုပ်နဲ့ ပြိုင်ဖက်တစ်ယောက် ဖြစ်သော်ငြားလည်း ခင်ဗျားရဲ့ သဘောထားကြီးကြောင်း ကျုပ်သိပြီး ဖြစ်သည့်အတွက် ပြိုင်ချင်းပြိုင်ရစေကာမူ ကျုပ်ကလည်း သဘောထားကြီးကြီးနဲ့ ပြိုင်မယ် ဖြစ်လေတော့ ခင်ဗျား ကျန်းကျန်းမာမာနဲ့ မြန်မြန်ကြီး ပြန်ရောက်ဖို့ ဆုတောင်းပါတယ်'

ဟု ပြန်ပြောလေ၏။ ငင်းနောက် ဗိုလ်ထိန်ဝင်းနှင့် ကျွန်ုပ်တို့သည် တင်မောင်ညွှန့်၏ ခြောက်လုံးပြူးသေနတ် တစ်လက်စီကို ခါးတွင်ထိုးကြလျက် ရိက္ခာအနည်းငယ်မျှစီ အိတ်တွင် ထည့်ပြီးလျှင် စစ်စခန်းမှ ထွက်လာခဲ့ကြလေသည်။

## အခန်း [ ၂၀ ]

ကျွန်ုပ်သည် အသားမြတ်တောင်သို့ ရောက်သည်မှစ၍ ငင်းတောင်ပေါ်တွင် တောလည်ခဲ့ဖူးလှပြီ ဖြစ်သောကြောင့် ထိုတောင်၏ အခြေအနေကို အကောင်းပင် သိကျွမ်းနေခဲ့ပြီဖြစ်ရာ ထွက်လာစ အခါတွင် ကျွန်ုပ်က ရှေ့ဆောင်ပြု၍



www.burmeseclassic.com

www.burmeseclassic.com



ရန်သူများနှင့် လွတ်နိုင်လောက်မည့် နေရာကိုမှ ကွင်းရှောင်လှည့်ပတ်ကာ ထွက်လာခဲ့ကြလေ၏။ တစ်နာရီကျော်ခန့် လာမိကြပြီးနောက် မွန်းတည့်ချိန်သို့ ရောက်ကြသောအခါ ကျွန်ုပ်တို့သည် ပတ်ဝန်းကျင် ရှိရန်သူတို့၏ ဘေးမှ လွတ်လာခဲ့ပြီဟု အောက်မေ့၍ စကားပြောစ ပြုကြသည်တွင် မိုလ်ထိန်ဝင်းသည် ခင်ခင်ထား၏ သတ္တိကောင်းပုံ အကြောင်းနှင့် သာမန် မိန်းကလေး တစ်ယောက် မဟုတ်ကြောင်းကို ပြောဆို ချီးမွမ်းလေရာ ကျွန်ုပ်မှာ ချစ်ကြိုက်သူတို့၏ ထုံးစံအတိုင်း အလွန် နားဝင်ချိုလှသော်လည်း ချစ်ကြိုက်သူတို့၏ အကြောင်းကို ဆွေးနွေးနေခဲ့လျှင် စိတ်အားပျော့တတ်သည်ဟု အယူရှိသည် ဖြစ်၍ ထိုအကြောင်းကို ဖြတ်ပြီးလျှင် ထွေရာလေးပါး စကားတို့ကို ပြောရလေ၏။

မိုလ်ထိန်ဝင်းသည် ကျွန်ုပ်၏ စိတ်အကြံကို ရိပ်မိဟန်နှင့် တိတ်ဆိတ်စွာ နေပြီးမှ–

ဝင်း။ ။ 'ကျုပ်က တော်တော် ချီးမွမ်းခဲ့တဲ့ လူပဲ၊ နို့ပေမဲ့ မောင့် သတ္တိမျိုးတော့ ရှာမှ ရှားပါပေတယ် မောင်ရယ်၊ ကျုပ်ဖြင့် အများကြီး ချီးမွမ်းပါတယ်'

ကျွန်ုပ်။ ။ 'တော်စမ်းပါ ဦးလေးရယ်၊ ဦးလေးလို သတ္တိကို ချီးမွမ်းရမည့်လူ ကျွန်တော်ဖြင့် တစ်ယောက်မှ မမြင်ပါဘူး။ ကျွန်တော်လို လူ မဆိုထားနဲ့၊ ဗန္ဓုလ စစ်သူကြီးတို့တောင် ....'

ဝင်း။ ။ 'မဟုတ်ဘူး မောင်ရဲ့၊ မောင်က ကျုပ်တို့ထက် သာပေတယ်'

ကျွန်ုပ်။ ။ 'မဟုတ်နိုင်တာဘဲ ဦးလေးရယ်'

ဝင်း။ ။ 'မဟုတ်ဘူး၊ ကျုပ်ပြောတာ နားထောင်ဦး။ ကျုပ်ကတော့ တိုက်တာခိုက်တာတွေ၊ စွန့်စွန့်စားစား လုပ်ရကိုင်ရတာတွေကို သဘာဝ အလျောက် ကြိုက်လာခဲ့တဲ့ လူဖြစ်တယ်။ ကျုပ်သွေးထဲမှာကိုက ဒီလိုလုပ်ချင်တဲ့ သဘောတွေက ပါလာပြီးသားပဲ။ မောင်ကတော့ ကုန်ရောင်းကုန်ဝယ်





အလုပ်နဲ့ စီးပွားရှာပြီး သားနဲ့မယားနဲ့ အေးအေးဆေးဆေး ငြိမ်းငြိမ်းချမ်းချမ်း နေလိုတဲ့ စိတ်ဓာတ်တွေ ပါလာပါလျက်နဲ့ ကိုယ့်ဝတ္တရားလို့ သဘောထားပြီး ယခုလို စွန့်စွန့်စားစား အသက်ဆံဖျား သွားလာနေခြင်းများကို ကျုပ်က သိပ်ပြီး ချီးမွမ်းတယ်။ ကျုပ်တို့ကတော့ ဒီဟာမျိုးကို ပျော်လို့ လုပ်တာ၊ မောင်ကတော့ ပျော်တာ မဟုတ်ပါဘဲနဲ့ စိတ်ကိုနှိပ်ကွပ်ပြီး ကိုယ့်ဝတ္တရား ရယ်လို့ ဆောင်ရွက်နေခြင်းဟာ အမှန် သတ္တိကောင်းလို့ပေပဲ။ ကျုပ်ဟာ ဘယ်သူ့ထက်မှ သတ္တိဘက်မှာ မညံ့ပါဘူး၊ သို့သော် မောင့်သတ္တိနဲ့တော့ မနိုင်းနိုင်ပေဘူး မောင်ရယ်'

ဟု ပြောသောအခါ ကျွန်ုပ်မှာ စိတ်ထဲတွင် မကျေနပ်သော်လည်း ပြန်လည်ချေပရန် မတတ်နိုင်သည်နှင့် ဆိတ်ဆိတ်နေလိုက်ရလေ၏။

ညနေ ၄ နာရီ အချိန်ခန့်တွင် ကျွန်ုပ်တို့သည် တောင်နှစ်လုံး၏ အကြား၌ တစ်မိုင်ခန့်လောက် ကျယ်ဝန်းသော မြက်ခင်းတစ်ခုကို ဖြတ်ကူးရမည်ဖြစ်ရာ မြက်ခင်းမှာ မြေပြင်ညီညာစွာ ရှိလှသောကြောင့် လူနှစ်ယောက်ကို မဆိုထားဘိ၊ ယုန်တစ်ကောင် ဖြတ်၍ ပြေးလျှင်ပင် ပတ်ဝန်းကျင် တောင်ကုန်းများ အထက်မှ မြင်နိုင်လောက်ပေ၏။

ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ အတွေ့အကြုံ များလှသော မိုလ်ထိန်ဝင်းက နေဝင်သည့်တိုင်အောင် စောင့်၍ အနည်းငယ် မှောင်မိုက်သော အချိန်တွင် ဖြတ်ကူးလိုပေရာ ကျွန်ုပ်ကမူ အချိန်နှောင့်နှေးမည် စိုးသောကြောင့် ချက်ချင်းပင် ဖြတ်ကျော်ဖို့ တိုက်တွန်းလေ၏။

'ကိုင်း .... ဒါဖြင့် ရှိစေ'

ဟု ပြောကာ မိုလ်ထိန်ဝင်းသည် ကျွန်ုပ်အလိုသို့ လိုက်၍ ဖြတ်ကူးလာခဲ့ကြရာ မြက်ခင်းဆုံး၍ တစ်ဖက်၌ရှိသော တောင်သို့ တက်မည် ပြုကြသောအခါ ချောင်းကလေးတစ်ချောင်းကို တွေ့သည်နှင့် ခါးသို့တိုင် ရေ၌ ဆင်းကာ ကူးခဲ့ကြရ၏။

ထိုနောက် ချောင်းမှ တက်ကြ၍ တောင်ကမ်းပါးယံသို့ ရောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ကျွန်ုပ်သည် နောက်သို့ လှည့်၍ ကြည့်လိုက်သည်တွင် ယခင်က လူရိုင်းမျိုး ၆ ယောက်တို့သည် ကျွန်ုပ်တို့အား စိန်းစိန်းကြည့်လျက် ရှိသည်ကို တွေ့မြင်ရသည်နှင့် ဗိုလ်ထိန်ဝင်းအား ပြလေ၏။

'ကိုင်း.... ဘယ့်နှယ်ရှိစ၊ နို့ပေမဲ့ သူတို့မှာ လေးမြား ပါဟန် မရှိဘူး။ ဓားချင်း ဓားလောက်တော့ ၆ ယောက်နဲ့ နှစ်ယောက် ကြောက်စရာ မရှိပါဘူး။ ကိုင်း.... ဒီနေရာက စောင့်ပြီး ခုခံကြစို့'

ဟု ပြောလျက် ဗိုလ်ထိန်ဝင်းသည် တောင်ကမ်းပါးယံတွင် တစ်ယောက်တည်း သွားလာနိုင်ရုံမျှရှိသော လမ်းကလေးကို ရွေးချယ်လေ၏။

လမ်း၏တစ်ဖက်၌ တောင်ကမ်းပါးယံ စောက်ကြီးရှိ၍ တစ်ဖက်ကား ချောက်ကြီး ရှိလေရာ ကျွန်ုပ်တို့ကို တိုက်လိုသော ရန်သူများသည် တစ်ယောက်ချင်းသာ ချဉ်းကပ်၍ တိုက်ခိုက်နိုင်ဖို့ ရှိလေ၏။

ကျွန်ုပ်တို့သည် သေနတ်ကို လည်းကောင်း၊ ဓားကို လည်းကောင်း အသီးသီးပြင်လျက် ရပ်တန့်ကာ ရှိနေကြစဉ် လူရိုင်း ၆ ယောက်တို့သည် ရုတ်တရက် ပျောက်ကွယ်သွားကြလေတော့၏။

ထိုအခါ ကျွန်ုပ်တို့မှာ ထိုသူတို့သည် အဖော်များကို သွား၍ ခေါ်လေသလော၊ သို့တည်းမဟုတ် ကျွန်ုပ်တို့ကို အလစ်တွင် ချောင်း၍ တိုက်မည်ဟု ကြံစည်ခြင်း ဖြစ်သလောဟု တွေးတောကာ စောင့်နေကြရာ နာရီဝက်ခန့် ကြာသော်လည်း မပေါ်လာကြသေးသဖြင့် အတော်ပင် အနေရခက်လျက် ရှိကြလေ၏။ ဗိုလ်ထိန်ဝင်းက–

'တိုက်မှာဖြင့် တိုက်.... သေမှာဖြင့် သေ....ပြီးရောပေါ့ဗျာ၊ ဒါမျိုး အခံရ အခက်ဆုံးပဲ'

ဟု ပြောသေး၏။

ကျွန်ုပ်တို့သည် လမ်းကလေးကို ရှေ့နောက် ပိုင်းခြား၍ တစ်ယောက် တစ်ဖက်စီ တာဝန်ခွဲဆောကာ စောင့်ကြည့်လျက် ရှိစဉ် ကျွန်ုပ်၏ဦးခေါင်းပေါ်မှ ငှက်တစ်ကောင် လန့်၍ ပျံသွားသည်နှင့် မတ်စောက်လှသော တောင်ကမ်းပါး





ပေါ်သို့ လှမ်းမျှော်ကြည့်လိုက်သည်တွင် တလှုပ်လှုပ် ရှိနေသော အရာဝတ္ထုတစ်ခုကို တွေ့ရလေ၏။

နောက်တစ်ခဏ၌ သက်သမကင်းသည်နှင့် ကျွန်ုပ်သည် လှုပ်နေသော အရာဝတ္ထုကို သေနတ်နှင့် ပစ်လိုက်ရာ လူရိုင်းတစ်ယောက်သည် တောင်ကမ်းပါးယံမှ ချောင်းထဲသို့ ထိုးကျသွားလေတော့၏။

( ဤနေရာ၌ ကျွန်ုပ်၏လက်စွမ်းကို အနည်းငယ် ရှင်းလင်းဖော်ပြလို၏။ ကျွန်ုပ်မှာ လေးမြား ပစ်ခြင်းအတတ်၌ အထူးလေ့လာခဲ့သဖြင့် လက်ဖြောင့်လှပေရာ ခြောက်လုံးပြူးသေနတ်ကို လေ့ကျင့်ရခြင်း အလွန်နည်းပါးလျက် သူတစ်ပါးတို့ထက် လက်ဖြောင့်နေခြင်းကို အံ့ဩဖွယ် ရှိပေလိမ့်မည်။ စင်စစ်မှာ လေးမြားသည် လည်းကောင်း၊ ခြောက်လုံးပြူးသေနတ်သည် လည်းကောင်း မျက်မှန်းနှင့် ပစ်ရခြင်းဖြစ်၍ လက်ငြိမ်မှုသည် အရေးကြီးလှပေရာ တစ်ခု၌ လက်ဖြောင့်ခဲ့လျှင် တစ်ခုတွင်လည်း အခြေခံရဟန် တူ၏။ မျက်မှန်းဖြင့် မဟုတ်ဘဲ သေချာစွာ ချိန်၍ ပစ်ရသော သေနတ်ကြီးမျိုးကိုမူ ကျွန်ုပ်သည် သူတစ်ပါးတို့ထက် ထူးကဲအောင် မရှိလှပေ။)

နောက်တစ်ခဏ၌ လူရိုင်းတစ်စုသည် ညာသံပေးလျက် ဗိုလ်ထိန်ဝင်းဘက်ရှိ လမ်းမှ ပြေးဝင်လာကြလေရာ၊ ကျွန်ုပ်ဘက်မှလည်း လူရိုင်းတစ်ယောက်သည် ကမ်းပါးစောက်မှ လျှောချ၍ ကျွန်ုပ်ထံ ပြေးဝင်လာလေ၏။ ထိုအချိန်မှ စ၍ ဖြစ်ပျက်ပုံတို့မှာ အလွန်လျင်မြန်လှသဖြင့် ကျွန်ုပ်၏ဦးခေါင်းတွင် ရှုပ်ထွေးနေခဲ့လေပြီ။

ကျွန်ုပ်သည် ပြေးဝင်လာသော လူရိုင်းကို ခြောက်လုံးပြူးနှင့် ပစ်လိုက်ရာ မီးမကူးဘဲ ရှိနေ၏။ ထိုသူက ပစ်လိုက်သော ဓားကိုမူ ဦးခေါင်းကို ငုံ့ကာ ရှောင်လိုက်သဖြင့် "ဗို...."ခနဲ ကပ်၍ ထွက်သွားလေ၏။ နောက်တစ်ခဏ၌ ကျွန်ုပ်နှင့် လူရိုင်းသည် ထွေးလုံးကာ သတ်ပုတ်နေကြလေရာ လူရိုင်းသည် ဒုတိယ ဓားတစ်ချောင်းကို ခါးမှ နုတ်၍ ကျွန်ုပ်ကို ထိုးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန့်ပ်လည်း ဓားကိုင်သောလက်ကို လက်တစ်ဖက်နှင့် ဖမ်းကာ အခြားလက်တစ်ဖက်မှ သေနတ်ဒင်နှင့် နဖူးကို ဆောင့်လေ၏။

သို့ပါသော်လည်း ကောင်းစွာ မထိချေ။ ကျွန့်ပ်သည် ထိုသူ၏ လက်ကောက်ဝတ်ကို စိစိပါအောင် ဆုပ်ကိုင်ထားပါသော်လည်း လူရိုင်းသည် တစ်ကိုယ်လုံး ကွေးကောက်ကာ ရုန်းဖယ်လျက်ရှိလေရာ ကျွန့်ပ်မှာ အိပ်ပျက်၍ ခရီးပန်းလာခဲ့သူ ဖြစ်သောကြောင့် ထိုသူ၏ဒဏ်ကို ကြာရှည်စွာ ခံနိုင်မည့် လက္ခဏာ မရှိချေ။ ထိုအတောအတွင်း၌ ဗိုလ်ထိန်ဝင်းသည် သူ့ဘက်မှလာသော လူလေးငါးယောက်တို့ကို ဓားနှင့်သက်သက် ခုခံလျက် ရှိနေရသောကြောင့် ကျွန့်ပ်ကို ကူညီရန် မတတ်နိုင်ဘဲ ရှိလေ၏။

ဗိုလ်ထိန်ဝင်းမှာ အသက်ချင်းလဲရမည့် တိုက်ပွဲမျိုး မဟုတ်ဘဲ အပျော်မျှလောက်သာ အစွမ်းပြရသော တိုက်ပွဲမျိုး ဖြစ်လေဟန်နှင့် လေကလေးတချွန်ချွန်နှင့် ခုတ်ထစ် ပိုင်းဖြတ်လျက်ရှိရာ လူရိုင်းတစ်ယောက်ယောက်ကို ဓားထိသွားသော အခါများ၌ ဟီးခနဲ၊ ဟားခနဲ သက်ပြင်းချကာ ညည်းညူလိုက်သော အသံများကို ကျွန့်ပ် ကြားလိုက်ရ၏။ လှည့်၍မူကား မကြည့်နိုင်ချေ။

လူရိုင်းသည် ကျွန့်ပ် ဆုပ်ကိုင်ထားသော လက်ကို လွတ်စေခြင်းငှာ လိမ်တွန့်ကာ ရုန်းလျက်ရှိရာ တဖြည်းဖြည်း တစ်စစ လွတ်တော့မည်ကဲ့သို့ ရှိနေလေ၏။ လွတ်ခဲ့ပါမူကား ကျွန့်ပ် သေရတော့မည် မချွတ်တည်း။ သို့ဖြစ်၍ ကျွန့်ပ်သည် လက်အားကိုသာ အားမကိုးဘဲ ပခုံးကိုလည်း အသုံးပြုပြီးလျှင် ထိုသူ၏ လက်မောင်းကို ပခုံးနှင့် ဖိထား၍ ဒူးကို နုတ်ပြီးမှ ထိုသူ၏ ခါးကို ထောက်ထားလိုက်၏။

ထိုအခါ လူရိုင်းသည် ကျွန့်ပ်၏ ပခုံးကို သွားနှင့် ကိုက်ဖဲ့လိုက်ရာ အတုံးလိုက် ပြတ်ပါသကဲ့သို့ အလွန်နာကျင်စွာနှင့် တွန့်လိုက်မိလေ၏။ နောက်တစ်ခဏ၌ လူရိုင်းသည် ကျွန့်ပ်ကို တွန်းလှန်လိုက်၍ ကျွန့်ပ်အပေါ်မှ ခွစီးပြီးလျှင် ဓားကိုမြှောက်ကာ ရင်ဝကို ထိုးစိုက်လိုက်မည့် အပြုတွင် တစ်စုံ





တစ်ခုသော အရာဝတ္ထုသည် ဓားဦးရှေ့မှ ရောက်လာ၍ လူရိုင်းသည် တဆတ်ဆတ် လူးပ်ခါလျက် ကျွန့်ပ်အပေါ်မှ လိမ့်ဆင်းသွားလေတော့၏။

ထိုအခါ ဗိုလ်ထိန်ဝင်း၏ အသံဖြင့်–

'မောင်ထွန်းချွန် ထိသွားသေးသလား'

ဟု မေးလိုက်ရာ ကျွန့်ပ်မှာ နမူးနထူးနှင့် မြေပေါ်မှ လူး၍ ထလိုက်လေ၏။

လူရိုင်းမှာမူ လည်ပင်းတွင် အပေါက်ကြီးဖြစ်လျက် သွေးထဲတွင် လူးနေလေ၏။ ဗိုလ်ထိန်ဝင်းဘက်ရှိ လမ်းပေါ်တွင်ကား လူရိုင်း ၃ ယောက်တို့၏ အလောင်းများသည် ပြန့်ကြဲလျက်ရှိနေရာ တစ်ယောက်မှာ ထွက်ပြေးဟန် လက္ခဏာရှိ၏။

ထိုနောက် ဗိုလ်ထိန်ဝင်းက–

'ဒီတစ်ခါ တိုက်ရတာ တော်တော် အားရပါးရ ရှိပေသားကပဲ'

ဟု ပြောရင်းဆိုရင်းပင် ဗိုလ်ထိန်ဝင်း၏ မျက်နှာသည် တစ်မျိုးပြောင်းလဲသွား၍ ဗိုလ်ထိန်ဝင်းသည် ယိမ်းယိုင်ကာ ကျွန့်ပ်လက်ပေါ်သို့ လဲကျသွားလေရာ ၎င်း၏အင်္ကျီမှာ သွေးကွက်ကြီး စိမ့်လျက် ထွက်နေလေ၏။

ကျွန့်ပ်သည် ဗိုလ်ထိန်ဝင်းကို မြေပေါ်သို့ ဖြည်းညင်းစွာချ၍ အင်္ကျီကို လှန်ကြည့်လိုက်ရာတွင် ရင်ဝ၌ ဓားဒဏ်ရာကြီးကို တွေ့ရလေ၏။

'ဖြစ်ရလေ.... ဦးလေးရယ်၊ ဘယ့်နှယ် ထိသွားပါလိမ့်'

ဟု ငိုသံပါနှင့် ပြောလျက် မျက်စိမှိတ်လျက်ရှိသော ဗိုလ်ထိန်ဝင်းကို လှမ်းကြည့်လိုက်ရာ ပါးစပ်မှ သွေးများ အန်ထွက်နေသည်ကို တွေ့ရလေ၏။

'အို.... ဦးလေးရဲ့၊ ကျွန်တော့် အပြစ်ပါပဲ ဦးလေးရယ်၊ ကျွန်တော့်ကြောင့် ဒီလို ဖြစ်ရတာပဲ'

ဟု ညည်းတွား ရေရွတ်မိသောအခါ ဗိုလ်ထိန်ဝင်းက–

'မငိုပါနဲ့ ငါ့တူရယ်၊ သူတစ်ပါးကို သတ်ဝံ့တဲ့လူဟာ ကိုယ်အလှည့်



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ သေဝံ့ပါမှပေါ့။ နို့ပေမဲ့ လူရိုင်းလက်ချက်နဲ့ အသက်သေရတာ အံ့သြတာပါပဲ။ မငိုပါနဲ့ ငါတူရယ်၊ ဦးလေးကို တစ်ခါတစ်ခါ သတိရနော်။ ငါ့တူကို ဦးလေးက သိပ်သဘောကျတယ်'

ဟု ပြောသောအခါ ကျွန်ုပ်မှာ မွေးသဖခင် ဆုံးစဉ်က မငိုယိုခဲ့မိပါဘဲလျက် မျက်ရည်များ အသွယ်သွယ်စီးလျက် ရှိုက်ကြီးတငင် ငိုကြွေးမိလေ၏။

ထိုနောက် ဗိုလ်ထိန်ဝင်းသည် လည်ပင်းတွင် စွပ်ထားသော လက်ဖွဲ့ကို ကျွန်ုပ်အား ဖြုတ်စေ၍ ခင်ခင်ထားအား နောက်ဆုံးလက်ဆောင် ပေးလိုက်ကြောင်း မှာထားပြီးလျှင် တစ်ချက်မျှ ပါးစပ်ဟကာ ဝိညာဉ်ချုပ်၍ သွားရှာလေ၏။

ထိုအခါ ကျွန်ုပ်သည် အလောင်းကို ရင်ခွင်မှချ၍ အနီး၌ ထိုင်ပြီးလျှင် အားရအောင် ဟစ်အော် ငိုကြွေးမိလေတော့သတည်း။

## အခန်း [ ၂၁ ]

ကျွန်ုပ်သည် ဗိုလ်ထိန်ဝင်း၏ အလောင်းအနီးမှ ထ လာသောအခါ၌ မှောင်မိုက်လျက် ရှိနေလေပြီ။ ကျွန်ုပ်၏လည်ပင်း၌ ၎င်းပေးလိုက်သော လက်ဖွဲ့ကို စွပ်ထားသည့်ပြင် ၎င်းကိုင်သော ဓားကိုလည်း မထားခဲ့ရက်သည် ဖြစ်သောကြောင့် ဆောင်ကြဉ်း၍ လာခဲ့၏။

ထိုအခါ၌မူကား ကျွန်ုပ်မှာ လာရောက်ခဲ့သည့် ကိစ္စကိုလည်း ဂရုမစိုက်၊ ခင်ခင်ထားကိုမျှလည်း ကောင်းစွာ သတိမရနိုင်တော့ဘဲ လျှောက်မိလျှောက်ရာ လျှောက်လာခဲ့လေရာ ချောက်ထဲသို့ ကျသေလျှင်လည်း အရေးမကြီး၊ လူရိုင်းတို့လက်ချက်ဖြင့် သေရလျှင်လည်း အရေးမကြီး၊ ဘာကိုမျှ





အရေးမကြီးဘဲ ဗိုလ်ထိန်ဝင်းကိုသာလျှင် မျက်စိထဲတွင် မြင်လျက်ရှိလေတော့၏။

တစ်ခါတစ်ခါ ကျွန်ုပ်၏ နားထဲတွင် လေချွန်သံ ကြားသလိုလို၊ ခြေသံ ကြားသလိုလို မှတ်ထင်မိသော်လည်း ကျွန်ုပ်မှာ ရွံ့ကြောက်ခြင်း မရှိသည့်ပြင် အကယ်၍ တစ္ဆေဖြစ်ပါမူလည်း ကျွန်ုပ်ကို အနှောင့်အယှက် ပြုမည့် လူတစ်ယောက် မဟုတ်၊ အကူအညီ ပေးနိုင်လျှင် ပေးလိမ့်မည် အထင်နှင့် တွေ့မြင်လိုသော စိတ်ပင် ဖြစ်ပေါ်လာမိလေ၏။

ကျွန်ုပ်သည် မည်သည့်အချိန်ရှိ၍ မည်သည့်နေရာသို့ ရောက်လာသည်ဟု မပြောနိုင်ဘဲ ကောင်းကင်ကို ကြည့်ကာ ကြယ်တာရာတို့ဖြင့်သာ မှန်းဆ၍ လျှောက်လာစဉ် ကျွန်ုပ်၏ ပတ်ဝန်းကျင်၌ ခြေသံများ ကြားလိုက်ရပြီးနောက် လူရိုင်းအမြောက်အမြား ထွက်ပေါ်လာကြ၍ ကျွန်ုပ်ကို ကြိုးတို့ဖြင့် တုပ်နှောင်ကြလေ၏။

၎င်းနောက် လူရိုင်းများသည် ကျွန်ုပ်ကို တွန်းထိုးကာ ခေါ်သွားကြ၍ တဲတစ်ခုသို့ ရောက်သောအခါ တဲထဲသို့ သွင်း၍ ပစ်ထားခဲ့ရာ ကျွန်ုပ်မည်သည့်အရာကိုမျှ စဉ်းစားရန် မတတ်နိုင်ဘဲ ချက်ချင်းပင် အိပ်ပျော်ခြင်းသို့တိုင် ရောက်သွားခဲ့လေ၏။

နံနက်လင်း၍ အိပ်ရာမှနိုးသောအခါ လူရိုင်းတစ်ယောက်သည် အမဲသားပြုတ် တစ်တုံးကို ကျွန်ုပ်အား ကျွေးပြီးနောက် ၎င်းနှင့်အတူ လိုက်ခဲ့ရန် ခေါ်သွားလေရာ သစ်တစ်ပင်အောက်တွင် လူရိုင်းတစ်စု၏ အလယ်၌ ခေါင်းမြီးကြီးကို ဦးခေါင်း၌ထိုးစိုက်ကာ ထိုင်လျက်ရှိသော လူရိုင်းကြီးတစ်ယောက်၏ ရှေ့သို့ ရောက်ကြလေ၏။

ထိုလူကြီးမှာ အသက် ၄၀ ကျော် အရွယ်ခန့်ရှိ၍ သူတစ်ပါးတို့ထက် အရပ်အမောင်း မြင့်မား ထွားကျိုင်းခြင်း ရှိသည့်ပြင် ခံ့ညားသော ဣန္ဒြေလည်း ရှိသည်ဖြစ်၍ ထိုသူတို့အနက်တွင် လူကြီးဖြစ်သည်ဟု မှတ်ထင်ဖွယ်ရာ ရှိပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်မှာ မည်သည့်နည်းနှင့် မဆို သေရတော့မည်ဟု တွက်ကိန်းချထားပြီး ဖြစ်ရကား လူယဉ်တို့ မည်သည် လူရိုင်းတို့ထက် တရား သဘာဝကို သိနားလည်သည်ဟု ယူဆအပ်သည့်အတိုင်း သေခြင်းသဘောတရားကို မလွန်ဆန်နိုင်သည့်အကြောင်း သိရှိပြီး ဖြစ်လေဟန်နှင့် အနည်းငယ်မျှ ရွံ့ကြောက်သော စိတ်မျိုး မရှိသည့် လက္ခဏာဖြင့် ခြေလှမ်းကို မှန်မှန်ကြီး လှမ်းလျက် မျက်နှာတင်းတင်းနှင့် ၎င်း၏ရှေ့တွင် ရပ်နေလေ၏။

လူကြီးသည် ကျွန်ပ်၏ အမူအရာကို မြင်လိုက်ရသည်တွင် စိတ်ထဲ၌ ကျေနပ်အားရခြင်း ဖြစ်ဟန်လက္ခဏာနှင့် အတန်ကြာအောင် ငေးလျက် ကြည့်နေလေသေး၏။

ထိုနောက် မြန်မာစကားတတ်သော စကားပြန်တစ်ယောက်ကို ခေါ်၍ ကျွန်ပ်အား မည်သည့်အရပ်မှ လာခဲ့ကြောင်း မေးလေရာ၊ ကျွန်ပ်မှာ မှဆိုးဖြစ်၍ တောလည်ထွက်လာရင်း မျက်စိလည် လမ်းမှားနေသူ တစ်ယောက် ဖြစ်သည်ဟု ပြောလေ၏။

လူကြီး။ ။'ဟို တစ်ယောက်ကော.... ဘယ်ရောက်သွားသလဲ'

ကျွန်ပ်။ ။'ခင်ဗျားတို့ လက်ချက်ကြောင့် သေရစ်ခဲ့ပြီ၊ နို့ပေမဲ့ ကျုပ်တို့ဘက်က တစ်ယောက် သေတဲ့နေရာမှာ ခင်ဗျားတို့ဘက်က ငါးယောက် သေတဲ့အတွက် ကျုပ်တို့ ကျေနပ်တယ်'

လူကြီး။ ။'မောင်မင်း ပြောတာ မှန်တယ်၊ သို့သော်လည်း ကျုပ်တို့နိုင်တဲ့ တစ်နေ့မှာ ကျုပ်တို့လူ တစ်ယောက် တစ်ယောက် သေတဲ့အတွက် မောင်မင်းတို့ဘက်က လူတစ်ရာ သေအောင်သတ်ပြီး စီရင်ရမယ်'

ကျွန်ပ်။ ။'မိအောင် ဖမ်းထားတဲ့ လူတစ်ရာကို သေအောင် သတ်ဖို့ဟာက လွယ်ပါတယ်၊ လွှတ်နေတဲ့ လူတစ်ယောက်ကို သေအောင် သတ်ဖို့တော့ ခင်ဗျားတို့ မတတ်နိုင်ပါဘူး'

လူကြီး။ ။'ဘာပြောတာလဲ'

ကျွန်ပ်။ ။'ကျုပ်ကို ယခု ခင်ဗျားတို့ မိထားလေတော့ သတ်ပစ်





မယ် ဆိုလျှင် လွယ်တာပေါ့။ ကျုပ်ကို လွှတ်ကြည့်စမ်းပါ၊ တစ်ယောက်ပြီး တစ်ယောက် သတ်ပြစမ်းချင်လှတယ်'

လူကြီး။ ။(မခံချင်ဟန် လက္ခဏာနှင့်) 'မောင့်ကို လွှတ်ထားလျှင် တစ်ယောက်နဲ့ တစ်ယောက်ချင်း သတ်ဝံ့တယ်လား'

ကျွန်ပ်။ ။'တစ်ယောက်ချင်း သတ်ရ သတ်ရ၊ ဆယ်ယောက်နဲ့ သတ်ရ သတ်ရ၊ ကျုပ် မကြောက်ပါဘူး။ စမ်းကြည့်စမ်းပါ'

လူကြီး။ ။'ကောင်းပြီ၊ စမ်းကြည့်မယ်'

၎င်းနောက် လူကြီးဖြစ်သော လူရိုင်းသည် မိမိ၏တပည့်များနှင့် တိုင်ပင်လေရာ လူလုံး လူဖန် အလွန်တရာ ထွားကျိုင်းလှသော လူရိုင်းတစ်ယောက်သည် ၎င်းတို့အနက်မှ ထွက်လာ၍ လူကြီးရှေ့တွင် ရပ်နေလေ၏။

လူကြီး။ ။'ကိုင်း.... ဒီလူက မောင်တို့ သတ်လိုက်တဲ့ လူတစ်ယောက်ရဲ့ ညီအရင်းတော်တယ်၊ သူက မောင်နဲ့ သတ်ချင်တယ် ပြောတယ်၊ သတ်ဝံ့ပါ့မလား'

ကျွန်ပ်။ ။( ရွှင်ပြုံးသော မျက်နှာမျိုး ထားလျက်) 'သတ်ဝံ့လှချေဗျာ၊ အခုလား၊ ဘယ်ပုံဘယ်နည်း သတ်ကြရမှာလဲ'

ထိုအခါ လူရိုင်းများ တိုင်ပင်၍ စီမံကြသည်ကား ကျွန်ပ်နှင့် ထိုလူကို တောထဲသို့ ခေါ်သွား၍ တစ်ဖက်သော တောစွန်မှ ထိုလူကို လွှတ်ပြီးလျှင် ကျွန်ပ်ကို အခြားတစ်ဖက်မှ လွှတ်လိုက်မည် ဖြစ်ကြောင်း၊ ကျွန်ပ်တို့သည် တစ်ယောက်ကိုတစ်ယောက် တွေ့အောင်ရှာ၍ ဦးရာလူက ပစ်သတ်ရမည် ဖြစ်ကြောင်း၊ လက်နက်မှာ အလိုရှိရာ ကိုင်ဆောင်နိုင်မည် ဖြစ်ရာ ထိုလူက လေးနှင့် ဓားတစ်ချောင်းကို ကိုင်ဆောင်မည် ဖြစ်ကြောင်း၊ ကျွန်ပ်မှာလည်း ကြိုက်နှစ်သက်ရာ လက်နက်မျိုးကို ကိုင်ဆောင်နိုင်ကြောင်းနှင့် ပြောလေ၏။

ထိုအခါ ကျွန်ပ်မှာ ကျွန်ပ်ကိုယ်တိုင် လုပ်ကိုင်ထားသော ခလေးမြားတို့ကို ကိုင်လိုလှသော်လည်း ၎င်းတို့ မပါခဲ့သည်ဖြစ်၍ တင်မောင်ညွန့်၏



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လုံးပြူး သေနတ်နှင့် ဗိုလ်ထိန်ဝင်း၏ မားကို ကိုင်ဆောင်ရန် သဘောတူညီရလေ၏။

ခြောက်လုံးပြူး သေနတ်မှာ ကျည်ဆန်နှစ်ခုထဲမျှသာ ကျန်ရှိတော့သည် ဖြစ်ရာ ကျွန်ုပ်နှင့် တိုက်ရမည့် လူရိုင်းသည် ထိုအခြင်းအရာကို သိရှိရသောအခါ သူတစ်မိ်း တစ်ယောက်အပေါ်တွင် အသာ မယူလိုကြောင်းနှင့် ပြော၍ ၎င်းကလည်း မြားတံနှစ်စင်းထဲသာ ယူခဲ့ပါမည်ဟု ပြောပြီးလျှင် ကျန်သော မြားတို့ကို မြားဘူးမှ ထုတ်၍ ပစ်ချလိုက်လေ၏။

ထိုအခါ ကျွန်ုပ်သည် လူရိုင်းပင် ဖြစ်သော်လည်း "အာဂလူ" တစ်ယောက်ပါပေ တကားဟု စိတ်ထဲတွင် ချီးမွမ်းမိလေ၏။

၎င်းနောက် လူရိုင်းတစ်စုတို့သည် ကျွန်ုပ်တို့ နှစ်ယောက်ကို သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသော တောကြီးသို့ ခေါ်သွားကြ၍ တစ်ယောက်နှင့်တစ်ယောက် ကိုက် ၅၀၀ ခန့် ကွာလှမ်းသော နေရာမှ လွှတ်လိုက်ကြပြီးလျှင် သင့်လျော်ရာ နေရာတို့မှ အသီးသီး စောင့်ကြည့်နေကြလေ၏။

တောထဲတွင် တစ်ယောက်ကို တစ်ယောက် တွေ့အောင်ရှာ၍ ပစ်ခတ်ရမည့် တိုက်ခိုက်နည်းမှာ တောကျင်လည်သော လူရိုင်းတို့၏ အကြိုက်ဖြစ်၍ ကျွန်ုပ်က အရေးနိမ့်ဖို့ လမ်းများသည် မှန်သော်လည်း၊ ကျွန်ုပ်မှာ သစ်ပင်၌ ကြိုးနှင့်တုပ်၍ အပစ်သတ်ခံရခြင်းထက် တော်သေးသည့်ပြင် အကယ်၍ပင် သေရစေကာမူလည်း သွေးပူပူနှင့် သေရခြင်းဖြစ်၍ ရှုံ့ကြောက်ခြင်း သက်သာသေးသည်ဟု အောက်မေ့မိ၏။

စင်စစ်မှာ ကျွန်ုပ်သည် ဗိုလ်ထိန်ဝင်း သေဆုံးခဲ့သည့် အချိန်မှ စ၍ လာခဲ့သည့် ကိစ္စကို ထမြောက်အောင် ဆောင်ရွက်ဖို့ များစွာ မျှော်လင့်ချက် မရှိတော့ဘဲ ပွဲထဲက လူပြက်များ ပြက်သည့်အတိုင်း "စောစော သေလျှင် စောစော အိပ်ရသည်" ဟူ၍သာလျှင် အောက်မေ့မိလေ၏။





လူရိုင်းများက အချက်ပေး၍ လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏အကြံမှာ တစ်ခုသောနေရာ၌ ပုန်းအောင်းနေပြီးလျှင် ထိုသူ၏ အလာကို စောင့်၍ ကျွန်ုပ်က လက်ချက်ဦးအောင် ပစ်ဖို့ စိတ်ကူးမိ၏။

သို့ရာတွင် စိတ်ထဲ၌ ကယောင်ချောက်ချား ဖြစ်နေသူ တစ်ယောက် အဖို့မှာ တစ်နေရာ၌ ငြိမ်ဝပ်စွာ ထိုင်၍ စောင့်နေသော အလုပ်သည် မလွယ်ကူလှချေ။ သို့ဖြစ်၍ လှုပ်လှုပ်ရှားရှား ပြေးရင်းလွှားရင်း သေရခြင်းက ခံသာသေးသည်ဟု အောက်မေ့၍ ကျွန်ုပ်သည် ရွေးချယ်ထားသော နေရာကို စွန့်လွှတ်ပြီးလျှင် သေနတ်ကိုကိုင်ကာ ထိုလူရှိရာဘက်သို့ လျှောက်လာခဲ့လေ၏။

ချောင်းကလေး တစ်ချောင်းသို့ ရောက်သောအခါ ကြည်လင်အေးမြသော ရေကို မြင်ရသဖြင့် ရေထဲ၌ စိမ်လိုက်ရလျှင် ကိုယ်၏သက်သာခြင်း ရ၍၊ စိတ်၏ သက်သာခြင်း ဖြစ်လိမ့်မည်ဟု အောက်မေ့လျက် ခြေလက်တို့နှင့် မျက်နှာတို့ကို ရေဖြင့် ပက်ဖျန်းပြီးနောက် တစ်ဖက်သောကမ်းသို့ တက်လာခဲ့လေ၏။

ကျွန်ုပ်သည် ရေဆွတ်လိုက်ရခြင်းအားဖြင့် ကျွန်ုပ် မျှော်လင့်သည့်အတိုင်း နွမ်းနယ်ခြင်း ပြေပျောက်၍ ကိုယ်ရောစိတ်ပါ လတ်ဆတ်ကြည်လင်ခြင်း ဖြစ်လာခဲ့ရာ တိုက်ခိုက်ရမည့် အလုပ်တွင် တိုး၍ စိတ်ပါဝင်စားခဲ့သည်နှင့် ရှေ့သို့ သတိနှင့် လှမ်းကြည့်ရင်း သစ်တစ်ပင်မှ တစ်ပင်သို့ တရွေ့ရွေ့ လှမ်းကူးကာ လျှောက်လာခဲ့လေ၏။

ကျွန်ုပ်သည် ချောင်းမှ တက်ခဲ့၍ ကိုက်ပေါင်း တစ်ရာခန့် လျှောက်လာမိသောအခါ ရှေ့သို့ လှမ်းမျှော်ကြည့်လိုက်သည်တွင် ကိုက်ပေါင်း ၂၀ ခန့် ကွာလှမ်းသောနေရာရှိ သစ်တစ်ပင်၏ အခြားတစ်ဖက်တွင် ကပ်လျက် ချောင်းကြည့်နေသော မျက်နှာတစ်ခုကို ရုတ်ခနဲ မြင်လိုက်ရသည်နှင့် သစ်တစ်ပင်သို့ ပြေး၍ ကပ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသော မျက်နှာသည် ရုတ်တရက် ပျောက်ကွယ်၍ သွားလေရာ ကျွန်ုပ်သည် သေနတ်နှင့်ချိန်ကာ စောင့်နေစဉ် နောက်တစ်ကြိမ် ပြူ၍ ကြည့်လိုက်သည်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် သေနတ်နှင့် တစ်ချက် ပစ်လိုက်လေ၏။

သေနတ်သံသည် တစ်တောလုံး ပဲ့တင်ထပ်ကာ ဆူညံသွားလေရာ ကျည်ဆန်သည် သစ်ပင် ပင်စည်ကို ပွတ်ကာ မှန်သွား၍ မျက်နှာလည်း ကွယ်ပျောက်သွားလေတော့၏။ အဘယ်သို့ ရောက်သွားလေသနည်း၊ သစ်ပင်၏ အခြားဘက်၌ သေလျက် ရှိလေသလော သို့တည်းမဟုတ် ဒဏ်ရာနှင့် ဝပ်လျက် ရှိလေသလော။

ကျွန်ုပ်သည် ကွမ်းတစ်ယာညက်ခန့် ကြာအောင် စောင့်နေပြီးနောက် သေနတ်ကို ကိုင်ကာ တဖြည်းဖြည်း တရွေ့ရွေ့ လျှောက်သွား၍ ထိုသစ်ပင်၏ နောက်သို့ လှမ်းကြည့်လိုက်သောအခါ လူကို မတွေ့ရဘဲ သစ်ခေါက် အနည်းငယ်မျှ ကွာလျက် ကျနေသည်ကိုသာ တွေ့ရလေ၏။

ကျွန်ုပ်မှာ မကြာသေးမီကပင် ရေသောက်၍ လာခဲ့သော်လည်း ထိုခဏ၌ သည်းမခံနိုင်လောက်အောင် ရေငတ်သော ဝေဒနာ ဖြစ်ပေါ်၍ လာခဲ့ရာ သေချင်လျှင် သေပေစေ၊ ရေဝအောင် သောက်လိုက်ရလျှင် ကျေနပ်ပြီ ဟူသော စိတ်မျိုး ဖြစ်လာခဲ့သည်နှင့် ကျွန်ုပ်သည် ချောင်းရှိရာဘက်သို့ တဖြည်းဖြည်း လျှောက်လာခဲ့လေ၏။

စမ်းချောင်းသို့ ရောက်၍ ရေဝအောင် သောက်ပြီးနောက် ကျွန်ုပ်သည် ကမ်းတစ်ဖက်သို့ မော့ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် လေးနှင့်ချိန်ရွယ်ကာ စောင့်နေသော လူရိုင်းသည် မြားကို ပစ်လွှတ်လိုက်လေရာ မြားတံသည် ကျွန်ုပ်၏ လက်ယာဘက် လက်မောင်းတွင် စူးဝင်လျက် စိုက်နေလေ၏။

ထိုအခါ ကျွန်ုပ်သည် ကမ်းပေါ်တွင် လဲချင်ပြုလျက် တွန့်လိမ်ကာ ရှိနေလေရာ လူရိုင်းကမူ သူပစ်ချင်သော အချိန်တွင် အလွယ်တကူ ပစ်သတ်





ရုံမျှသာ ရှိတော့သည်ဟု အောက်မေ့ဟန် လက္ခဏာနှင့် အရသာခံကာ ကြည့်နေလေ၏။

ကျွန်ုပ်၏သေနတ်မှာ လက်မှလွတ်ကျ၍ ကမ်းစပ်တွင် ရှိနေလေရကား မည်သို့မျှ ရန်တုံ့မှုရန် မဖြစ်နိုင်ဟူ၍ စိတ်ချလက်ချ ကြည့်နေဟန် တူပေ၏။ ထိုကဲ့သို့ ပြုမူခြင်းမှာ ကြောင်သည် ကြွက်ကို ခုတ်ဖမ်းပြီးနောက် မသေမရှင်နှင့် တွန့်လိမ့်နေခြင်းကို အရသာခံ၍ ကြည့်နေခြင်းမျိုးနှင့် တူလှပေသည်။

ထိုအခြင်းအရာကို ကျွန်ုပ် တွေ့မြင်ရသောအခါ ပရိယာယ်ဉာဏ် ထုတ်ရန် အကြံ ဖြစ်ပေါ်၍လာ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် အလွန်တရာ ကြောက်ရွံ့ တုန်လှုပ်လေဟန်နှင့် မြေပေါ်၌ ဒူးထောက်ကာ တောင်းပန်တိုးလျှိုးဘိ သကဲ့သို့ ဟန်လုပ်ရင်း ကျွန်ုပ်၏ လက်ဝဲဘက် လက်သည် သေနတ်ရှိရာသို့ နောက်ပြန် စမ်းသပ်နေလေရာ လူရိုင်းကမူ ကျွန်ုပ်၏ လက်ယာဘက် လက်ကို ဂရုစိုက်၍ ကြည့်နေတော့၏။ စင်စစ်မှာ လူရိုင်းသည် ကျွန်ုပ်၏ ဘယ်သန်ဖြစ်သော အဖြစ်ကို မသိခဲ့ချေ။

ထိုအတောအတွင်း၌ လူရိုင်းသည် ကျန်ရှိသော မြားတစ်စင်းကို မြားဘူးမှ ထုတ်၍ လေးတွင် တပ်ကာ အသင့် စောင့်ဆိုင်းလျက် ရှိရာ ကျွန်ုပ်၏ လက်ဝဲဘက်လက်သည် သေနတ်ကို စမ်းကိုင်မိသော အခါတွင် လက်ဝဲဘက် ပခုံးကို ၎င်း၏ဘက်သို့ လှည့်ကာ ဟန်ပြင်လျက်ရှိစဉ် လူရိုင်းသည် တော်လောက်ပြီဟု အောက်မေ့၍ လက်ကို မြှောက်လိုက်လေ၏။

သို့ရာတွင် နောက်ကျခဲ့လေပြီ။ မြှောက်လိုက်သော လက်သည် ပခုံးနှင့်တည့်အောင် မရောက်သေးမီ ကျွန်ုပ်၏ လက်ဝဲဘက် လက်သည် ဆန့်တန်းပြီး ဖြစ်နေ၍ ခလုတ်ကို ဆွဲလိုက်ရကား လူရိုင်းမှာ နဖူးတွင် အပေါက်ကလေးဖြစ်၍ ကျွမ်းပြန်ကာ ထိုးကျသွားလေ၏။

ထိုအခါမှ ကျွန်ုပ်သည် လက်မောင်းတွင် စူးဝင်လျက်ရှိသော မြားတံကို နုတ်ယူ ချိုးဖဲ့၍ အိတ်ထဲသို့ ထည့်ပြီးလျှင် ထွက်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၂ ]

ကျွန်ုပ်သည် တောထဲမှ ထွက်လာသောအခါ လူရိုင်းတစ်စု တွေ့၍ လက်မောင်းမှ ဒဏ်ရာနှင့် မြားတံကျိုးတို့ကို ပြပြီးလျှင် လူကြီးရှိရာ နေရာသို့ ခြေလှမ်းမှန်မှန်နှင့် လျှောက်သွားလေရာ မည်သူကမျှ တားဆီးခြင်း မပြုကြချေ။ ယခင်က သစ်ပင်ရိပ်သို့ ရောက်သောအခါ လူတစ်ယောက်သည် လူကြီးဖြစ်သူနှင့် စကားပြောလျက် ရှိလေရာ ကျွန်ုပ်မှာ ထိုလူကို မြင်ဖူးပါသည်ဟု အောက်မေ့နေဆဲတွင် ထိုလူသည် ကျွန်ုပ်ဘက်သို့ လှည့်ကာ ကြည့်လိုက်သည်နှင့် ရှီလန်ဖြစ်နေကြောင်း သိရှိရလေ၏။

ကျွန်ုပ်မှာ အလွန်တရာ အံ့သြစွာနှင့် ကြည့်နေပြီးနောက် ခင်ခင်ထားတို့ အကြောင်းကို မေးလိုလှသော်လည်း ရှီလန်က လက်ပြထားသည်နှင့် ဆိုင်းငံ့နေရလေရာ၊ ရှီလန်သည် လူကြီးလုပ်သူနှင့် လူရိုင်းဘာသာဖြင့် အတန်ကြာအောင် စကားပြောနေပြီးမှ ကျွန်ုပ်ဘက်သို့လှည့်၍ မြန်မာစကားဖြင့်–

'ခင်ခင်ထားတို့ ကျန်းမာပါတယ်.... ဒီလူစုတွေက ကျွန်တော်နဲ့ လူမျိုးအတူတူ ဖြစ်နေကြလေတော့ အကျိုးအကြောင်း ပြောပြပြီးလို့ ကျွန်တော်တို့နဲ့ တိုက်ခိုက်ဖို့ မရှိကြပါဘူး'

ဟု ပြောလေ၏။

ထိုနောက် ကျွန်ုပ်က လူကြီးဖြစ်သူအား တစ်ယောက်ချင်း တိုက်ခိုက်သောအလုပ် ပြီးစီးခဲ့ကြောင်း ပြောပြလေရာ လူကြီးသည် ကျွန်ုပ်၏ စွမ်းရည်သတ္တိကို ချီးမွမ်း ပြောဆိုပြီးနောက် ၎င်းထက်ကြီးသော ဂိုဏ်းချုပ်ကြီးနှင့် တွေ့၍ ၎င်း၏အမိန့်အတိုင်း နာခံရန်ရှိကြောင်းနှင့် ပြန်ပြောလေ၏။

ထိုနောက် ရှီလန်သည် လူကြီးလုပ်သူ လူရိုင်းနှင့် စကားပြောကြပြန်လေရာ ကျွန်ုပ်သည် ၎င်းတို့၏ အမူအရာကို အကဲခတ်ရခြင်းအားဖြင့် ရှီလန်က အထက်သံနှင့် ပြော၍ လူရိုင်းကြီးက ရိုသေကိုင်းညွတ်သော အမူအရာ ရှိသည်ဟု မှတ်ထင်မိလေ၏။





ယင်းသို့ စကားပြောဆိုနေကြစဉ် ရှီလန်သည် စိတ်မာန်ထွက်သော အမူအရာနှင့် မျက်နှာထားတင်းတင်း ပြောသောအခါ လူရိုင်းကြီးသည် နှိမ့်ချသောမျက်နှာနှင့် ဦးညွတ်ကာ နားထောင်နေလေ၏။ နောက်ဆုံး၌ ရှီလန်သည် ငေါက်ငမ်း၍ ပြောလိုက်ရာ.... လူရိုင်းကြီးလည်း ခေါင်းငုံ့ကာ ထ သွားလေ၏။

ထိုအခါ ရှီလန်သည် ကျွန်ုပ်ဘက်သို့ လှည့်၍ "ဆရာကြီး" အကြောင်း မေးလေရာ ကျွန်ုပ်က ဗိုလ်ထိန်ဝင်း အကြောင်းကို ဝမ်းနည်းစွာနှင့် ပြန်ပြောသည်တွင် လူရိုင်းများ၏ လက်ချက်ဖြင့် သေရကြောင်း သိသည်နှင့်–

'တယ်မိုက်တဲ့ အကောင်တွေ၊ ဒင်းတို့လိုလူတွေ တစ်ရာ တစ်ထောင်မက အဖိုးတန်တဲ့ ငါ့ဆရာကြီးကို သတ်ပစ်ကြတယ်။ နေနှင့်ဦး၊ ဒင်းတို့တော့'

ဟု ပြောကာ မြေကြီးကို ခြေဖနောင့်နှင့် ဆောင့်လိုက်လေရာ ကျွန်ုပ်၏ စိတ်ထဲ၌ ယခု ရှီလန်သည် ယခင်က ရှီလန်နှင့် များစွာ ခြားနားခြင်း ရှိဘိတကားဟု စဉ်းစားမိလေ၏။

၎င်းနောက် ရှီလန်သည် ကျွန်ုပ်တို့ ထွက်လာခဲ့ပြီးသည့်နောက်မှ အဖြစ်အပျက်များကို ပြန်ပြောင်း ပြောပြသည်မှာ– ထိုညက ကျဆုံးသော လူများ၏ အလောင်းများကို သေချာစွာ ကြည့်ရှုသောအခါ နဖူးတွင် ထိုးနှံထားသော ဆေးတို့ကို မြင်သဖြင့် မိမိ၏လူမျိုးများ ဖြစ်ကြသည်ဟု သိရှိရကြောင်း၊ သို့ဖြစ်၍ တစ်ယောက်တည်း တောထဲသို့ ထွက်လာ၍ ထိုလူစုကို တွေ့အောင် ရှာပြီးလျှင် မိမိအကြောင်းကို ပြောပြသောအခါ လူများသည် ၎င်းအား မှတ်မိကြကြောင်း၊ ထိုလူစုသည် မိမိ၏စကားကို မြေဝယ်မကျ နားထောင်လေ့ရှိကြကြောင်း၊ မိမိ၏ဖခင်သည် ထိုလူမျိုးတို့၏ ဘုရင်ဖြစ်၍ မိမိမှာ သားကြီးသြရသ ဖြစ်ကြောင်း၊ ဖခင်၏ ဒုတိယမယားသည် အလွန်ယုတ်မာလှ၍ သူ၏သားကို ဘုရင်ဖြစ်စေရန်အတွက် အမတ်ကြီးတစ်ယောက်နှင့် ပူးပေါင်းကြံစည်ခဲ့ကြောင်း၊ အမတ်ကြီးသည် ဗေဒင်ဆရာတော်ကို



www.burmeseclassic.com

www.burmeseclassic.com



တတ်၍ ပထမ မယားကြီးနှင့် သားကြီး ဩရသတို့သည် ဘုရင်၏ စည်းစိမ်ကို လုပ်ကြံလိမ့်မည်ဟု ယောပြောကြောင်း၊ ဘုရင်သည် အမတ်ယုတ်၏ စကားကို ယုံကြည်သည်နှင့် ရှိလန်နှင့် ၎င်း၏ မိခင်တို့ကို တစ်တိုင်းတစ်ပြည်သို့ နှင်ထုတ်လိုက်ကြောင်း၊ သို့ဖြစ်၍ သားအမိ နှစ်ယောက်တို့သည် မြန်မာပြည်သို့ ပြေးလာခဲ့ကြ၍ ပါသမျှသော ကျောက်သံပတ္တမြားတို့ကို ရောင်းချကာ စားသောက်နေထိုင်ခဲ့ရကြောင်း၊ လွန်ခဲ့သော သုံးနှစ်ခန့်လောက်က မိခင်သေဆုံးခဲ့ရာ ရှိလန်မှာ မာနရှိသူဖြစ်သောကြောင့် လူထဲသို့ အောက်ကျခံ၍ မဝင်ဘဲ တောမုဆိုးအလုပ်နှင့် အသက်မွေးမြူ နေထိုင်ခဲ့ကြောင်း။

ထိုအတောအတွင်း နေရင်း တိုင်းပြည်အကြောင်းကို ထောက်လှမ်းစုံစမ်းခဲ့ရာ ဘုရင်သည် ဒုတိယ မယား၏ ဆိုးညစ် ယုတ်မာကြောင်းကို သိရ၍ ၎င်းနှင့် မျောက်မထားသော ဗေဒင်ဆရာ အမတ်ယုတ်တို့ကိုပါ သတ်လိုက်သည်ဟု ကြားရကြောင်း၊ ဒုတိယသားကိုလည်း မိမိ၏ အရိုက်အရာကို မခံစေလိုသည်ဖြစ်၍ ပထမသားဖြစ်သော ရှိလန်ကိုပင် လိုက်လံရှာဖွေစေသေးသည်ဟု ကြားသိရကြောင်း၊ လွန်ခဲ့သော နှစ်နှစ်ခန့်လောက်ကမှ ၎င်းတိုင်းပြည်သို့ မြန်မာလူမျိုးတစ်ယောက် ရောက်လာ၍ ဆေးဝါးအတတ်၊ စန်းပယောဂ အတတ်၊ ဗေဒင်အတတ်၊ နက္ခတ်တာရာအတတ် အမျိုးမျိုးတို့ကို တတ်မြောက်သည်ဟု နာမည်ကြီးလာခဲ့ရာ ဖခင် ဘုရင်ကိုယ်တိုင်ကပင် ထိုမြန်မာဆရာကြီးကို ကိုးကွယ် မြှောက်စားထားခဲ့ကြောင်း၊ နောက်ဆုံး၌ ဘုရင်ကွယ်လွန်သောအခါ မှူးကြီးမတ်ရာတို့အား ထီးနန်းကို သားကြီး ဩရသ ပြန်လာသောနေ့တွင် အပ်ရန်မှာထား၍ ၎င်းမပြန်လာသေးမီ အတွင်း အဆိုပါ မြန်မာဆရာကြီးက ကိုယ်စားလှယ် ဂိုဏ်းချုပ်ကြီးအဖြစ်နှင့် အုပ်ချုပ် စိုးစံရစ်ရန် မှာထားခဲ့ကြောင်း၊ ၎င်းတိုင်းပြည်မှာ လူဦးရေ သုံးကုဋေခန့်ရှိရာ ၎င်းဆရာကြီးသည် စစ်သည်ရဲမက်များကို တိုက်ခိုက်ခြင်းအတတ်တွင် လေ့ကျင့်စေပြီးနောက် ဆရာကြီး၏ ဩဝါဒအတိုင်း အထက်မြန်မာပြည်ကို သိမ်းပိုက်ရန် ချီတက်လာကြခြင်း ဖြစ်ကြောင်း၊ ထိုဆရာကြီး





မှာ စစ်သည်ရဲမက်တို့နှင့်အတူ လိုက်ပါလာ၍ ကျွန်ုပ်အား ၎င်းဆရာကြီးထံသို့ ခေါ်သွားကြရန် ဆုံးဖြတ်ထားကြောင်းများနှင့် ရှိလန်က ပြန်ပြောလေ၏။

ထိုအခါ ကျွန်ုပ်က ရှိလန်တို့လူမျိုးသည် မည်သည့်လူမျိုး ဖြစ်ပါသနည်းဟု မေးလေရာ၊ ရှိလန်က တရုတ်ပြည်နှင့် မြန်မာပြည်အစပ်တွင် တည်ရှိသော်လည်း တရုတ်တစ်မျိုး ဟူ၍ အသိအမှတ် ပြုထားကြကြောင်း၊ အမှန်အတိုင်းမှာ မိမိတို့သည် မြန်မာတို့နှင့် ခြားနားခြင်းရှိသလောက် တရုတ်တို့နှင့်လည်း ကွဲလွဲခြင်းရှိကြောင်းနှင့် ပြန်ပြောလေ၏။ ရှိလန်၏ ရုပ်လက္ခဏာမှာ မြန်မာနှင့် သော်လည်းကောင်း၊ တရုတ်နှင့် သော်လည်းကောင်း၊ ရှမ်းနှင့် သော်လည်းကောင်း နီးစပ်လှပေရာ ချင်း၊ ကချင်တို့နှင့်မူကား များစွာ ကွာခြင်းခြင်း ရှိပေ၏။

ထိုနောက် ကျွန်ုပ်က ဤလူများသည် ရှမ်းတရုတ် လူမျိုးများနှင့် တိုင်ပင်ပြီးမှ အတူတကွ ချီတက်ကြသည် ကြားရလေသလောဟု မေးပြန်ရာ၊ ၎င်းတို့ ချီတက်ခြင်းနှင့် ရှမ်းတရုတ်တို့ ချီတက်ခြင်းသည် ဘာမျှမဆိုင်ကြောင်း၊ "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်" ဟူသော စကားကဲ့သို့ မတော်တဆ တိုက်ဆိုင်မိခြင်းမျှသာ ဖြစ်ကြောင်းနှင့် ပြန်ပြောလေ၏။

## အခန်း [၂၃]

၎င်းနေ့ ညနေခင်းအချိန်တွင် ကျွန်ုပ်သည် ရှိလန်နှင့် လူရိုင်းကြီးတို့၏ အလယ်မှ မြင်းကိုစီးလျက် ပယောဂဆရာကြီးထံသို့ လိုက်ပါသွားလေ၏။

တပ်မကြီးမှာ လူဦးရေ သုံးသောင်းထက်မနည်း ရှိ၍ တပ်စခန်းမှာ အတော်ပင် ကျယ်ဝန်းလှပေရာ ဆရာကြီးဆိုသူသည် တပ်မကြီး၏ဗဟိုချက်တွင် သားရေကို မိုးကာတဲပြုလုပ်လျက် နေထိုင်လေ၏။ ထိုတဲအရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



အလွန်တရာ ကျယ်ဝန်းလှသော ကွင်းပြင်ကြီးတစ်ခု ရှိလေရာ တစ်ထောင်မကသော စစ်သည်တို့သည် မြေပေါ်တွင် ပြားပြားဝပ်လျက် ရှိကြလေ၏။

ထိုအချိန်တွင်ကား နေဝင်စ ပြုနေပြီဖြစ်ရာ နတ်စင်နှင့်တူသော အဆောက်အအုံကလေး တစ်ခုရှေ့တွင် မီးပုံကြီးတစ်ပုံကို ဖိုထားကြလေ၏။ မီးပုံအနီး၌ကား လူတစ်စုတို့သည် ဗုံကလေးတစ်လုံးနှင့် လင်းကွင်းကလေးကို တီးလျက်ရှိရာ "ဂျိုးဂျိုးမေ့....ဂျိုးဂျိုးမေ့" ဟူသော တီးသံကိုလိုက်၍ သူတို့သည် မိမိတို့၏ကိုယ်ကို ယိမ်းထိုးကာ ဝပ်နေကြသဖြင့် အလွန်တရာ ညီညာလှပေ၏။

ကျွန်ုပ်တို့သည် မီးပုံနှင့် မနီးမဝေးတွင် မြင်းပေါ်မှ ဆင်း၍ ရပ်နေကြစဉ် အလွန်တရာ အရပ်မြင့်သော လူကြီးတစ်ယောက်သည် သားရေတဲဆီမှ ထွက်လာ၍ နတ်စင်ရှေ့၌ ရပ်ကာ ရွတ်ဆိုနေလေရာ "ဂျိုးဂျိုးမေ့....ဂျိုးဂျိုးမေ့" ဟူသော တီးသံသည်လည်း ရွတ်ဆိုခြင်းကို စည်းလိုက်သလို လိုက်၍ တီးလျက် ရှိလေ၏။

ရွတ်ဆို၍ ဆုံးလတ်သော် လူကြီးသည် လက်များကို မြှောက်ကာ အထက်သို့ မော့်ကြည့်နေစဉ် လူလေးယောက်တို့သည် တစ်စုံတစ်ခုကို ထမ်းယူခဲ့ကြပြီးလျှင် မီးပုံအနီးတွင် ချထားကြလေ၏။

ထိုအရာသည်ကား အခြားမဟုတ်၊ ကြိုးတို့ဖြင့် အထပ်ထပ် ရစ်ပတ်ချည်နှောင်ထားသည့် ကျားသစ်အရှင်တစ်ကောင် ဖြစ်လေရာ ကျားသစ်သည် ရန်းကန် ထွက်ပြေးရန် မတတ်နိုင်သော်လည်း ရပ်နားခြင်း မရှိအောင် မြည်ဟိန်းနေလေရကား တစ်တောလုံး ပဲ့တင်ထပ်မျှ ဆူညံသွားလေတော့၏။

နောက်တစ်ခဏ၌ ဆရာကြီးသည် ခါးတွင်ထိုးထားသော ဓားမြှောင်ကို နုတ်၍ ကျားသစ်အနီးသို့ ချဉ်းကပ်ပြီးလျှင် အနီး၌ ဒူးထောက်ကာ လည်ပင်းကို ထိုးစိုက်လိုက်လေ၏။

ကျားသစ်သည် ထွန့်ထွန့်လူး ဖြစ်သွား၍ ဆတ်ခနဲ ဆတ်ခနဲ လှုပ်





နေရာမှ ငြိမ်သွားသောအခါ ဆရာကြီးသည် လည်ပင်းမှ စီးကျသော သွေးတို့ကို ခွက်တစ်ခုဖြင့် ခံ၍ နတ်စင်၌ တင်ထားလိုက်လေ၏။

ထိုနောက် လူကြီးသည် ခွက်ကို တစ်ဖန်ပြန်ယူခဲ့၍ ကျားသွေးတို့ကို သောက်ချလိုက်ပြီးလျှင် ကြောက်မက်ဖွယ် စူးရှသောအသံဖြင့် သံချပ်ထိုးသကဲ့သို့ အသံတိုင်ပေးလိုက်ရာ တစ်ထောင် မကသော လူတို့၏ပါးစပ်မှ ညီညာစွာ လိုက်ဆိုကြသော အသံသည် တောဆင်ရိုင်းများကို လန့်ထွက်ပြေးစေလောက်အောင် ဆူညံစွာ ရှိနေပေ၏။

လူကြီးက ကိုယ်ကို ထိုမှ ဤမှ နွဲ့လျက် အသံတိုင်လေရာ၊ လူတို့ကလည်း ထိုမှ ဤမှ ယိမ်းထိုးလျက် လိုက်ဆိုကြလေ၏။

လူအများသည် ဆိုရင်း ဆိုရင်းပင် ကျယ်သည်ထက် ကျယ်လောင်စွာ လိုက်ဆိုကြလေရာ နောက်ဆုံးတွင် အသံကုန် ဟစ်ဆိုကြခြင်း ဖြစ်သောကြောင့် နားများ ကွဲတော့မတတ် ပွက်ပွက်ရိုက် ဆူညံလှပေတော့၏။

ဆယ်ခွန်းထက် မနည်း သံချပ်ထိုးသကဲ့သို့ ရွတ်ဆိုကြပြီးသည့်နောက် လူကြီးသည် ရပ်နေရာမှ လှည့်၍ ယခင်က သားရေတဲထဲသို့ ဝင်သွားလေရာ လူရိုင်းကြီးသည် ကျွန်ုပ်၏ပခုံးကို လက်နှင့်ထိတို့ကာ ခေါ်သွားသဖြင့် လိုက်သွားရလေ၏။

တဲဝသို့ ရောက်သောအခါ လူရိုင်းကြီးသည် နောက်သို့လှည့်ကာ ပြန်သွားလေရာ ကျွန်ုပ်မှာ တဲထဲသို့ ရဲဝံ့စွာ ဝင်သွားလေ၏။

ရဲဝံ့ခြင်းအကြောင်းမှာ ထိုလူကြီးသည် အခြားသူ မဟုတ်၊ ဆရာကြီး ဦးသာဂိပင် ဖြစ်သည်ဟု ရိပ်မိပြီး ဖြစ်ပေသောကြောင့်တည်း။

တဲတွင်း၌ ဆီမီးခွက်ကလေး တစ်ခွက် ထွန်းလျက်ရှိရာ ဦးသာဂိသည် သားရေတစ်ချပ်ပေါ်တွင် ထိုင်၍ စီပ်ပုတီးတစ်ကုံးကို စိပ်လျက် ရှိစဉ်–

ကျွန်ုပ်။ ။'ကျန်းမာပါစဗျာ....ဦးသာဂိ၊ မတွေ့ရတာ ကြာပြီနော်'

ဟု ပြောလိုက်သောအခါ ဦးသာဂိသည် ထိုင်ရာမှ ရုတ်တရက် ထ၍–



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲ၊ ဒီဟာ....မေ့ဖျောက်ထားတဲ့ နာမည်ဟောင်းကို ပြန်ဖော်တဲ့လူ ဘယ်သူလဲ'

ဟု ငေါက်၍ မေးလိုက်လေ၏။

ကျွန်ုပ်။ ။ 'ကျွန်တော်ပါလေ၊ ရွှေဘိုနယ်သားချင်း မမှတ်မိဘူးလား၊ ရွှေဘိုမြို့က အချုပ်ထောင်မှာ အတူတူ နေခဲ့ရတဲ့ လူဟာလေ'

ဂိ။ ။ (ကျွန်ုပ်ကို စေ့စေ့ ကြည့်ပြီးနောက်) 'မမှတ်မိဘူး.... မသိဘူး၊ ကျုပ်နာမည်က ရာဇာတိ ရာဇ ဂုရုနယ သိဟာသူ တဲ့'

ကျွန်ုပ်။ ။ 'ရှည်လှတယ်....ဦးသာဂိရယ်၊ တိုတိုတုတ်တုတ် ဦးသာဂိပဲ ခေါ်ပါရစေတော့'

ဟု ခပ်အေးအေး အမူအရာနှင့် ပြန်ပြောလေ၏။

ဂိ။ ။ 'မင်း လာမရှည်နဲ့၊ မင်းတို့မြန်မာတွေ အားလုံး ငါ့ခြေဖဝါးအောက် ရောက်ရတော့မယ်'

ကျွန်ုပ်။ ။ 'ခင်ဗျားက နင်းပေးမယ်လို့လား၊ ခင်ဗျား အနင်းသည် ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ'

ဂိ။ ။ 'မင်းက ငါ့ကို ရွတ်တွတ်တွတ် ပြောသလား'

ဟု မေးလျက် ဦးသာဂိသည် ယခင်က ကျားသစ် သတ်ခဲ့သော ဓားမြှောင်ကို ခါးမှထုတ်၍ ကျွန်ုပ်အား ထိုးမည် ပြုလေရာ ကျွန်ုပ်သည် အနည်းငယ်မျှ တွန့်ဆုတ် တိမ်းဖယ်ခြင်း မပြုဘဲ ၎င်း၏ မျက်လုံးများကို စေ့စေ့ကြည့်ကာ လက်ပိုက်လျက် ရပ်နေလိုက်သည်တွင် ဦးသာဂိသည် မျက်နှာကို အောက်သို့ချ၍ ဓားမြှောင်ကို ပြန်သိမ်းလိုက်လေ၏။

ထိုအခါမှ စ၍ ကျွန်ုပ်သည် ဦးသာဂိကို နိုင်ပြီဟု သိရလေပြီ။ စင်စစ်မှာ ထိုလူကြီးသည် မှော်ရူးကြီး ဖြစ်လေရကား စိတ်အားနည်းသောလူများကို မိမိအား ကြည်ညိုကိုးကွယ်သည်ထိအောင် ဖြားယောင်း သွေးဆောင်နိုင်သော်လည်း စိတ်တန်ခိုး ရှိသူတို့ကိုမူကား ထိုလူမျိုးသည် ကလေးသူငယ်တို့သဖွယ် လိုက်နာတတ်ကြောင်းကို ကျွန်ုပ် သိပြီး ဖြစ်၏။





ထို့ကြောင့် ဦးသာဂိကို မည်မျှလောက် အမျက်ဒေါသ ထွက်သည် ဖြစ်စေ၊ ကျွန်ုပ်က စေ့စေ့ကြည့်လိုက်သည့်အခါ မြွေဟောက်သည် အလမ္ပာယ်ဆရာ၏ လက်ဝါးအောက်တွင် ပါးပျဉ်းကို နှိမ့်ရခြင်းကဲ့သို့ နှိမ့်ရမည် ဖြစ်လေသည်။

ထိုနောက် ကျွန်ုပ်က ခပ်တင်းတင်း မျက်နှာထားနှင့်–

'ဦးသာဂိ'

ဟု ခေါ်လိုက်ရာ–

'ဘာလဲ.....'

ဟု ထူးဖော်ရလေ၏။

ကျွန်ုပ်။ ။ 'ဦးသာဂိ.... ခင်ဗျားကို ကျုပ် တစ်ခုပြောမယ်၊ ခင်ဗျားဟာ ကိုယ့်ကိုယ်ကိုယ် နတ်ယောင်ယောင် အောက်လမ်းဆရာယောင်ယောင် လုပ်နေပြီး မသိနားမလည်တဲ့ အရိုင်းအစိုင်းတွေရဲ့ ပူဇော် ပသခြင်းကို ခင်ဗျား ခံနေတယ်။ အပူဇော်ခံတာက ကိစ္စမရှိဘူး၊ ခင်ဗျား အဝီစိ ကျသွားမယ်၊ နားလည်ရဲ့လား။ ယခုလိုပဲ အဝီစိက ခင်ဗျားတစ်ယောက် လာခဲ့လို့လည်း ပွက်ပွက်ရိုက်နေပြီ။ သေတော့လည်း သူတစ်ပါးလို မဟုတ်ဘူး၊ ခင်ဗျား မြေမျိုမယ်၊ နို့ပြီးတော့လည်း အဝီစိ ကျမယ်။ ခင်ဗျား မကြောက်ဘူးလား'

ဟု မေးလိုက်သောအခါ ဦးသာဂိမှာ မတုန်မလှုပ် ငုတ်တုတ်ကြီး ရပ်လျက် နေလေ၏။

ထိုအခါ ကျွန်ုပ်သည် ကျွန်ုပ်၏စကားကို နားဝင်စ ပြုလာကြောင်း ရိပ်မိသည်နှင့် ရှေးအခါက တိတ္ထိတက္ကတွန်းများ လားရာသော ဂတိအကြောင်းများကို အကျယ်တဝင့် ပြောပြပြီးနောက် ယခုမှ သတိတရားရခဲ့ပါလျှင် အချိန်ရှိသေးကြောင်း၊ တစ်ခဏတာမျှ လူရိုင်းများကို လှည့်စား၍ ပူဇော်ကိုးကွယ်ခြင်း ခံရရုံ အတွက်မျှနှင့် ကမ္ဘာနှင့်ချီ၍ အဝီစိငရဲ၌ ခံစားရမည်ဆိုလျှင် ကျေးဇူးမများလှကြောင်း၊ အချိန်ရှိခိုက်တွင် နောင်တရ၍ မိမိ၏



www.burmeseclassic.com

www.burmeseclassic.com



အပြုအမူကို ပြင်ဆင်ပြောင်းလဲနိုင်ပါက ချမ်းသာရာရဖို့ ရှိကြောင်းများနှင့် ပြောပြသောအခါ ဦးသာဂိမှာ တုန့်တုန့်ယင်ယင် ဖြစ်၍ လာလေ၏။

ကျွန်ပ်။ ။ 'ကျုပ် ပြောတာ ကြားရဲ့လား ဦးသာဂိ'

ဂိ။ ။ 'ကြားပါတယ်'

ကျွန်ပ်။ ။ 'ဒါဖြင့် ဘယ့်နှယ်လဲ'

ဂိ။ ။ 'ဘယ်လို လုပ်ရမလဲ'

ကျွန်ပ်။ ။ 'အလွယ်ကလေးပဲ၊ ဒီတပ်တွေကို ခင်ဗျား ခေါ်လာခဲ့တယ် မဟုတ်လား'

ဂိ။ ။ 'ဟုတ်ပါတယ်'

ကျွန်ပ်။ ။ 'ဒါဖြင့် နက်ဖြန် မနက်မလင်းခင် ခင်ဗျားတပ်တွေကို ခင်ဗျား ပြန်ခေါ်ပြီး ခေါ်သွား'

ဂိ။ ။ 'ပြီးတော့ကော.....'

ကျွန်ပ်။ ။ 'ပြီးတော့ ဟိုရောက်တော့ တိုင်းရေးပြည်ရေးထဲမှာ ခင်ဗျား ဝင်မရှုပ်နဲ့၊ သူ့ဘုရင်နဲ့ သူ အုပ်ချုပ်ပေစေ'

ဂိ။ ။ 'ဘုရင် မရောက်လာသေးဘူး'

ကျွန်ပ်။ ။ 'ရောက်လာလိမ့်မယ်....ခင်ဗျား မပူနဲ့၊ ဟိုမှာ ခင်ဗျား နေလျှင်....ဟိုလူ ဒီလူကို ရန်တိုက်မပေးဘဲ ကောင်းကောင်းနေပါ။ နတ်တင်တာတွေ ဘာတွေ မလုပ်ပါနဲ့၊ သူ့အသက်နဲ့ နတ်မတင်ကောင်းဘူး'

ဂိ။ ။ 'ဒါပဲလား.....'

ကျွန်ပ်။ ။ 'ဒါပါပဲ.....'

ဂိ။ ။ 'ကောင်းပြီ၊ ဒါဖြင့် နက်ဖြန် မိုးမလင်းခင် ကျုပ်တို့ ပြန်မယ်'

ကျွန်ပ်။ ။ 'သာဓုဗျာ'

ကျွန်ပ်သည် တဲထဲမှ ထွက်လာ၍ အတန်ငယ် လျှောက်မိသောအခါ





ရှိလန်နှင့် တွေ့လေရာ ရှိလန်မှာ မတုန်လှုပ်ဖူးဘဲလျက် တုန်လှုပ်စွာ ရှိနေသည်ကို တွေ့ရလေ၏။

ကျွန်ပ်။ ။ 'ဘာဖြစ်တာလဲ ရှိလန်'

လန်။ ။ 'ကျုပ်က တဲပေါက်က ချောင်းပြီး နားထောင်ခဲ့လို့ အကုန်သိခဲ့ပြီ၊ တယ်စွမ်းတဲ့ လူတစ်ယောက်ပါပေဗျာ။ ဟိုလူကြီး မဆိုထားနဲ့၊ ကျုပ်တောင် ကြောက်တယ်'

ကျွန်ပ်။ ။ 'ခင်ဗျား ဘယ်လို အကြံရှိသလဲ'

လန်။ ။ 'ခင်ဗျား စီမံခဲ့တဲ့အတိုင်း ကျုပ်လူများနဲ့ ပြန်လိုက်သွားရုံပေါ့။ ခင်ဗျားလည်း လိုက်ခဲ့ပါလား....ခင်ဗျားကို ကျုပ်တို့က ရာထူးအကြီးဆုံး ခန့်ထားပြီး ကိုးကွယ်ထားကြမယ်'

ကျွန်ပ်။ ။ (စိတ်ပါသလို ရှိလာပြီးမှ ခင်ခင်ထားကို သတိရ၍) 'တော်ပါပြီ ရှိလန်၊ ကျေးဇူးတင်ပါတယ်'

လန်။ ။ 'လူထဲမှာ ကျုပ်တွေ့ဖူးတဲ့ အထဲမှာ သေသွားတဲ့ ဆရာကြီးရယ်၊ ခင်ဗျားရယ်၊ ကျုပ်က အားကြီး သဘောကျတယ်'

ကျွန်ပ်။ ။ 'ဦးလေးဝင်းနဲ့တော့ မနိုင်းပါနဲ့လေ'

လန်။ ။ 'မဟုတ်သေးဘူး၊ တစ်မျိုးစီ ကောင်းကြတာပဲ'

## အခန်း [၂၄]

ထိုညဉ့်၌ ကျွန်ပ်သည် ရှိလန်နှင့်အတူ အိပ်စက်လေရာ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ရှိလန်သည် ကျွန်ပ်ကို နှိုး၍ ဆန်းသော အခြင်းအရာကို ပြလေ၏။ ထူးဆန်းပုံကား စစ်တပ်ကြီးသည် အလုံးစုံ ပြင်ဆင်ပြီးစီးပြီဖြစ်၍ ချီတက်တော့မည့်ဆဲဆဲ ရှိနေလေရာ ဦးသာဂိက မြင်းပေါ်မှ အမိန့်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် တစ်ပြိုင်နက် နေဘက်သို့ မျက်နှာမူကာ ပြန်၍ ဆုတ်ခွာသွားကြခြင်း ပင် ဖြစ်လေသည်။

ဗန်းမော်မြို့သည် သာမည လူတစ်ယောက်၏ စွမ်းဆောင်ချက်ဖြင့် လူရိုင်းတို့၏ ဘေးရန်မှ လွတ်မြောက် ချမ်းသာရာ ရခဲ့ချေပြီ တကား။

ထိုနောက် ကျွန်ပ်သည် ရှိလန်အား ၎င်းတို့နှင့်အတူ အဘယ်ကြောင့် မလိုက်လေသနည်းဟု မေးရာ ကျွန်ပ်ကို အဖော်များရှိရာ အသားမြတ်တောင် သို့ ရောက်အောင် ပြန်ပို့ပြီးမှ လိုက်လျှင်လည်း မိနိုင်ကြောင်းနှင့် ပြန်ပြော လေ၏။

စစ်တပ်ကြီး ပြန်ဆုတ်သွားသည့်နောက် ကျွန်ပ်နှင့် ရှိလန်တို့သည် ၎င်းတို့နောက်မှ အသားမြတ်တောင်သို့ လျှောက်လာခဲ့ကြလေရာ ကျွန်ပ်မှာ ဆောင်ရွက်ရန်လုပ်ငန်း ပြီးစီးသွားသည်နှင့် တောင့်တင်း၍ ထားခဲ့သော စိတ်သည် ရုတ်တရက် လျှော့ချလိုက်သဖြင့် အရုပ်ကြိုးပြတ်ကဲ့သို့ ပျော့တော့ တော့ ဖြစ်သွားပြီးလျှင် ရှိလန်က တွဲထူပေးသောကြောင့်သာလျှင် စခန်းသို့ နားဝေတိမ်တောင်နှင့် ဆိုက်ရောက်လာလေ၏။

အပေါင်းအဖော်များက ဝမ်းမြောက်ရွှင်လန်းစွာ နှုတ်ဆက်ကြသော် လည်း ကျွန်ပ်မှာ ယီးတီးယောင်တောင် ဖြစ်နေလျက် ခင်ခင်ထား၏ ပြုံးရွှင် စွာ ခရီးဦးကြိုဆိုပြုသော မျက်နှာကိုပင် ရေးရေးမျှလောက်သာ မြင်ပြီးလျှင် မီးပုံအနီးတွင် အိပ်ပျော်သွားလေ၏။

ကျွန်ပ်မှာ ထိုကဲ့သို့ သုံးရက်တိုင်တိုင် မကျန်းမာသကဲ့သို့ ဖြစ်နေပြီး နောက် စတုတ္ထမြောက်သောနေ့တွင် အတော်အတန် လတ်ဆတ်လာသည်နှင့် အိပ်ရာမှ ထ သောအခါ ဗန်းမော်မြို့မှ လူတစ်စု ဆိုက်ရောက်လာကြ၍ အကောက်ဝန်မင်းလည်း ပါလာလေ၏။ မြို့ဝန်မင်း၏ စစ်သည်များသည် ရှမ်းတရုတ်တို့၏ အရေးကို နှိမ်နင်းလိုက်ပြီ ဟူ၍လည်း ကြားသိရ၏။

ထိုနေ့၌ အချို့လူများသည် ဗန်းမော်သို့ ပြန်ကြမည် ပြင်ဆင်နေကြ လေရာ တင်မောင်ညွန့်သည် ကျွန်ပ်ထံသို့ နှုတ်ဆက်ရန် ဝင်လာလေ၏။





ညွန့်။" ။ (ကျွန်ပ်၏ ပခုံးကို ကိုင်လျက်) 'ခင်ဗျားက နိုင်လို ကျွန်တော်က ရှုံးပါပြီဗျာ ကိုထွန်းချွန်၊ ခင်ဗျား ပြန်ရောက်လာတဲ့ နေ့ကတည်း က ခင်ခင်ထားရဲ့ စိတ်သဘောထားကို ကျွန်တော် ရိပ်မိလိုက်ပါတယ်။ ကျွန်တော်က ကိုယ့်မကြိုက်မှန်းသိတဲ့ မိန်းမတစ်ယောက်ကို အတင်းပိုးပန်း ပြီး နေချင်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ "မစားရတဲ့အမဲ သဲနဲ့ပက်" တဲ့ စကားမျိုး ပြောချင်တတ်တဲ့ ဝါသနာလည်း မရှိပါဘူး။ မိန်းကလေးကတော့ ဖြင့် တစ်ထောင်မှာ တစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက် ဆိုတာလို တကယ် တော်ပါပေတယ်ဗျာ။ ခင်ဗျားလိုလူနဲ့ ထိုက်လည်း ထိုက်တန်ပါပေ တယ်။ ရွယ်တူချင်း ဖြစ်သော်လည်း ခင်ဗျားဆီက ကျုပ်က သင်ခန်းစာတွေ အများကြီး ရခဲ့ပါပေတယ်။ ကြိုက်တဲ့ မိန်းမတစ်ယောက်ကို လက်လွှတ်ရ တယ်ဆိုတာ ရင်ထဲကတော့ မနာဘဲ မရှိဘူးပေါ့။ အဲဒီ အနာအဆာ ပျောက် တဲ့အခါမှာ ခင်ဗျားနဲ့ ကျုပ်နဲ့ဟာ မိတ်ဆွေရင်းအဖြစ်နဲ့ တွေ့ကြသေးတာပေါ့။ ကိုင်း....သွားသေးပြီ ကိုထွန်းချွန်'

ဟု နှုတ်ဆက်ကာ ထွက်သွားလေရာ ဤလူသည်ကား သဘောထား ကြီးသူ တစ်ယောက် အစစ်ဖြစ်ပါပေသည်ဟု အောက်မေ့ကာ ရှေးယခင်က အထင်လွဲခဲ့မိခြင်းများကိုပင် ဝမ်းနည်းမိချေသေး၏။

တစ်ခဏမျှ ကြာသောအခါ ခင်ခင်ထား ဝင်လာ၍ အနီးတွင် ထိုင်နေ လေရာ–

ကျွန်ပ်။ ။ 'ဟိုတစ်ခါတုန်းက ကျုပ်စိတ်ထဲမှာ ဖြစ်နေပုံ အကြောင်းကို ပြောပြဖူးတာ သတိရမိသေးသလား....ခင်'

ထား။ ။ (ရှာနွဲ့နှင့်) 'ကျွန်မစိတ်ထဲမှာ ဖြစ်နေပုံကော ရှင် ရိပ်မိပြီ မဟုတ်လား'

ကျွန်ပ်။ ။ 'ရိပ်မိသလိုလိုပါပဲ၊ နို့ပေမဲ့ တယ်ကြီး မသေချာသေးလို့'

ထား။ ။ 'ကျွန်မအသက်ကို ကယ်မှုအတွက် ဒီလောက်စွန့်စားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ထားတဲ့ လူတစ်ယောက်ကို ကျွန်မက ကျေးဇူးကန်းလို့ ဘယ်တော်ပါ့မလဲ'

ကျွန်ုပ်။ ။'ကျေးဇူးတင်တာကို ကျုပ် မလိုချင်ပါဘူး၊ ခင့်အတွက် ဆိုလျှင် ကျုပ်လို ဆောင်ရွက်ချင်တဲ့ လူတွေ ....ပြည့်လို့'

ထား။ ။(ပြုံးစိစိ မျက်နှာထားနှင့်) 'ကျေးဇူးတင်တာ မကြိုက်လျှင် ဘာကြိုက်တာတုံး'

ကျွန်ုပ်။ ။'အားလုံးမှ ကြိုက်တယ်'

ထား။ ။'အောင်မယ် တော်လှတယ်၊ ဒီကတော့ ကျေးဇူးတင်ရုံ လောက်နဲ့ ရှင့်ကို ချစ်ကြိုက်လိမ့်မယ် ထင်သလား'

ကျွန်ုပ်။ ။'မထင်ပါဘူး'

ထား။ ။'အစွမ်းကောင်းတာ ချီးမွမ်းရုံနဲ့ကော ချစ်ကြိုက်မယ်လို့ ထင်သလား'

ကျွန်ုပ်။ ။'မထင်ပါဘူး၊ နို့ ဘာကြောင့်တုံး.... ခင်ရယ်'

ထား။ ။'ရှင့်အထဲမှာ မောက်ပတ္တမြားကြီးလို အဖိုးမဖြတ်နိုင်တဲ့ စိတ်ဓာတ်ရှိတဲ့ အတွက်ကြောင့် ကျွန်မ ကြိုက်မိပါတယ်။ တင်မောင်ညွန့် ဟာ စိန်များလို ပြိုးပြိုးပြက်ပြက် အရောင်တောက်ပေမဲ့ ရှင်က တွင်းထွက် ပတ္တမြားလို အရည်ကောင်းတဲ့အတွက် ကျွန်မ သဘောကျမိပါတယ်'

ကျွန်ုပ်။ ။'သဘောကျရုံလား....'

ထား။ ။'အောင်မယ်....ကြိုက်မိပါတယ်၊ ချစ်မိပါတယ်၊ စုံမက် မိပါတယ်'

ကျွန်ုပ်။ ။'အနို့လို ပြောစမ်းပါ'

**ရွှေဥဒေါင်း**

www.burmeseclassic.com